www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## သုစုမစာပေတိုက် မှ –

## ထုတ်ဝေခဲ့ပြီး စာအုပ်များ

| | | | |
|---|---|---|---|
| ၁။ | တင်နွယ်မောင် | * | သမိုင်းကပြောသောသူလျှိုများ |
| ၂။ | လင်းယုန်မောင်မောင် | * | ဟစ်တလာ သေ-မသေ? |
| ၃။ | လင်းယုန်မောင်မောင် | * | ဒိုက်ခ်မန်း၏ငရဲခန်း |
| ၄။ | လင်းယုန်မောင်မောင် | * | သစ္စာဖောက်နှင့် တမ္ဘာကျော် စပိုင်ဇာတ်လမ်းများ |
| ၅။ | လင်းယုန်မောင်မောင် | * | အက်ဖ်ဘီအိုင်မှုခင်းများ |
| ၆။ | လင်းယုန်မောင်မောင် | * | ဟစ်တလာ၏သေတမ်းစာ |
| ၇။ | ကိုပိုက် | * | မပြတ်သောသံယောဇဉ်ကြောင့် |
| ၈။ | ကိုပိုက် | * | မုဆိုးရဲ့ အနာဂတ်တစ္ဆေ |
| ၉။ | ကိုပိုက် | * | မုဆိုး၏မုဆိုးများ |
| ၁၀။ | ကိုပိုက် | * | အားကိုးရာကျည်နှစ်တောင့် |
| ၁၁။ | ကိုပိုက် | * | သံသယသားကောင်ကြောင့်သာလျှင် |
| ၁၂။ | ကိုပိုက် | * | ဝေးရှေ့ဝေးကာ ဝေးနေဆဲပါ |
| ၁၃။ | လင်းယုန်မောင်မောင် | * | မှောင်မိုက်သောနေ့ရက်များ |
| ၁၄။ | ကိုပိုက် | * | ဇာတ်သိမ်းမလှအတ္တလူသား |
| ၁၅။ | လင်းယုန်မောင်မောင် | * | ကြီးသုံးကြီးကိုလုပ်ကြံရန်ဟစ်တလာ၏အကြံ |
| ၁၆။ | ကိုပိုက် | * | စိတ်ကြိုက်မုဆိုး (၂) |

## ယခုလ

ကိုပိုက် ❏ အိပ်မက္ခမ်းပြီးသည်မပေဒါ

## ဆက်လက်၍

- လင်းယုန်မောင်မောင် * ပျောက်ဆုံးနေသော စစ်ရှုံးခံ မာတင်ဘောမန်း
- ကိုပိုက် * ဖဲ့ဖွယ်လူသတ်ကောင်နှင့် မြွားစူးမျောက်
- လင်းယုန်မောင်မောင် * အက်ဖ်ဘီအိုင်အတွင်းရေး

www.burmeseclassic.com

www.burmeseclassic.com

မွေးမေ



မွေးမေ

ပြီးတော့ . . . .

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်
ဆရာသော်တာဆွေအား ဤစာအုပ်ဖြင့်
ဂါရဝပြုပါသည်။

ကိုပိုက်

# ကိုပိုက်

# သိုးမွှေးမျို့ သင်မေဒီ

သူစုမစာပေတိုက်
အမှတ်(၇)မြလွှာ၊ဗိုလ်မင်းခေါင်လမ်း၊
ဗိုလ်စိန်မှန်ရပ်ကွက်၊ပေါင်းမြို့နယ်၊ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ကိုပိုက် ❐ အိုမစွမ်းပြီသခင်မဒေဝီ

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၁၂၀၄/ ၂၀၀၄ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၀၁၉၁/ ၂၀၀၄ (၁၀)
ပုံနှိပ်ခြင်း
ပထမအကြိမ်
(ဒီဇင်ဘာလ- ၂၀၀၄)
အုပ်ရေ ( ၅၀၀ )
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)
အမှတ် (၁၇၃)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးဝင်းကျော်မိုး (သုခုမစာပေတိုက်)၊ ယာယီ (၃၅၅)
အမှတ် (၇) ၆-လွှာ၊ ဗိုလ်မင်းခေါင်လမ်း၊
ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပလင်
ကိုမြင့်သူ
မျက်နှာဖုံးပန်းချီ
ရန်နိုင်ဦး
ကွန်ပျူတာစာစီ
မမင်းမင်းစိုး

တန်ဖိုး – ၅၀၀ ကျပ်

သုခုမစာစဉ် ( ၁၄ )

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## ''အိုမနွမ်းပြီ သခင်မဒေဝီ''

ကိုပိုက်

လွန်စွာမှုကြီးမားပြီး အမွေးအမျှင်တို့ရွှေရောင်ကဲ့သို့ တောက်ပနေသည့် ဆတ်ဖိုကြီးတစ်ကောင်သည် "ယွန်းဇလင်း"ချောင်းရေကျကျောက်ချောင်းငယ်လေးမှ သာသာညင်းညင်း စီးဆင်းနေသော ရေကြည်ကို ငုံ့သောက်ပြီးသည်နှင့် ဦးခေါင်းကိုမတ်ထောင်လိုက်ပြီးဘယ်ညာယမ်းခါသိုက်သည်။ နွတ်ခမ်းတဝိုက် တွဲလွဲခိုကပ်နေသည့် ရေစက်၊ ရေမွှာတို့ဖျန်းသွင့်ထွက်သွားကြသည်။

"ပစ်လို့ရပြီ"

လင်းမြင့်လှိုင်နှုတ်ဖျားမှ ထိုအသံကြားလိုက်သည်တွင် [illegible]နတ်မောင်းထိန်းခလုတ်ပေါ် တင်ထားသည့် လက်ညှိုးလေးကို [illegible]ညွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ချောက်"

"ဟာ"

ပစ်မှတ်နှင့်ဝေးကွာခြင်းမရှိ၊ ကိုက် ၅၀ ပင်ရှိလိမ့်မည်မဟုတ်၊ သို့ကြောင့် သေနတ်မောင်းရိုက်သံကြားသွားသည်ဖြစ်၍ နားဆတ်သော ထိုဆတ်ကောင်သည် အန္တရာယ်အငွေ့အသက်ကို ရလိုက်သည်ကြောင့် ထိုနေရာမှ ရုတ်ချည်းလှည့်ပြေးထွက်သွားလေသည်၊

လင်းမြင့်လှိုင်သည် ကဗျာကသိ သူ့လက်တွင်းမှသေနတ်ဖြင့် လှမ်းပစ်လိုက်သည်၊

"ချောက်"

"ဟင်"

ဘယ်သို့ကြောင့် သို့နှယ်ဖြစ်ရပါလိမ့်၊ သေနတ်နှစ်လက်စလုံး ဂျမ်းဖြစ်နေတော့၏၊ သည်တော့ လေးအိမ်စုရွာသား မုဆိုးစော်ရွှီးထံမှ တူမီးသေနတ်ကိုယူ၍ မိုးပေါ်ထောင်ပစ်လိုက်သည်၊

"ဖောင်း"

ယမ်းပေါက်ထွက်သွားသည်၊ တူမီးသေနတ်ကတော့ အဟုတ် သားပါကလား။

ကျွန်တော်သည် သံသယဝင်လာသည်ဖြစ်၍ လက်တွင်းမှ သေနတ်ဖြင့် သစ်ကိုင်းခက်တစ်ခုကို ချိန်ရွယ်ပစ်လိုက်သည်၊

"ဒိန်း"

ခုတော့လည်း သေနတ်က ကောင်းလို့ပါကလား၊ လင်းမြင့်လှိုင် သေနတ်ကို စမ်းသပ်လိုက်ပြန်တော့လည်း အကောင်းပကတိ၊ သေနတ် ဆိုတာလည်း ရခါဒီလိုဖြစ်တတ်တာပဲလေဟု သဘောထားကာ ထိုနေရာ-





ထွက်ခဲ့ကြပြန်၏။ ကျောက်ချောင်းကလေး ရေစုန်အတိုင်း ဆင်းလာကြခြင်းဖြစ်သည်။ ယွန်းဇလင်းချောင်းသို့ ပေါက်ထွက်လာ၏၊ ယွန်းဇလင်း ချောင်းတွင်လည်း ရေခပ်တိမ်တိမ်သာရှိသည်၊ သို့ကြောင့် ချောင်းနံဘေး တမ်းစပ်မှ ဆန်တက်ခဲ့ကြပြန်သည်၊

ယွန်းဇလင်းချောင်းကွေ့လေးကိုပမ်းတက်လိုက်သည်နှင့် မြောင် ပေါက်တစ်ခုမှ ဆတ်ဖိုကြီးတစ်ကောင်ထွက်လာသည်၊

"ဟာ. . . ကိုလင်း စောစောကအကောင်ပေပဲ မဟုတ်လား"

"ဟုတ်နိုင်တယ်၊ ဒီတစ်ချီတော့ အလွတ်ပေးလို့မဖြစ်ဘူးဗျ"ဟု ဆိုကာ သူ့လက်တွင်းရှိ 'ဝင်ချက်စတာ'ရိုင်ဖယ်ဖြင့် ထိုးချိန်ပစ်လိုက်သည်၊

"ချောက်"

ကျည်မထွက်ပြန်၊ သေနတ်ဂျမ်းဖြစ်ပြန်သည်၊ သို့ကြောင့် ကျွန်တော်က လက်တွင်းရှိ ပွိုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ဖြင့် ထိုးချိန်ပစ်လိုက် ပြန်သည်၊

"ချောက်"

"ဟာ"

သို့ဖြစ်၍ ကျွန်တော်သည် စော်ရွှီးကို မျက်ရိပ်ပြလိုက်၏။ ချက်နှာရိပ် မျက်နှာကဲကိုနားလည်သောစော်ရွှီးက သူ့လက်တွင်းရှိ 'တူမီး' သေနတ်ဖြင့် ဆတ်ဖိုကြီးကို လှမ်းပစ်လိုက်သည်။

"ဖတ်"

"ဟာ"

"အလိုလေးဗျာ"

"ဘယ့်နှယ်ဖြစ်ရပြန်ပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ကျွန်တော်သည် ခါးကြားမှဓါးမြှောင်ကိုထုတ်၍ လှမ်းပစ်ပေါက်လိုက်သည်၊ ဓါးမြှောင်သည် ဆတ်ကောင်၏ဦးချိုကို သွားမှန်ပြီး မြေပေါ်သို့ပြုတ်ကျသွား၏။ ဦးချိုများပဲ့ကျန်ခဲ့သည်ကိုမြင်လိုက်သည်။ သို့ပြား ဆတ်ဖိုကြီးသည် ဘာမှမဖြစ်သလို ဣန္ဒြေရရလျှောက်လှမ်းသွားရင်း မြောင်ပေါက်တစ်ခုအတွင်းသို့ ချိုးဝင်ပျောက်ကွယ် သွားတော့သည်။

"ထူးဆန်းလှချည်လားဗျာ"

ဓားမြှောင်ဖြင့်လှမ်းပစ်လိုက်သည်တွင် ပဲ့ကျခဲ့သောဦးချိုများ အပိုင်းအစကိုကိုင်ကြည့်ရင်း သို့နှယ် ကျွန်တော်က လင်းမြင့်လှိုင်ကို ပြောလိုက်၏။

"ဘာဖြစ်လို့တုန်းဗျ"ဆိုကာ လင်းမြင့်လှိုင်သည် ကျွန်တော့်လက်တွင်းရှိ ဦးချိုများအပိုင်းအစကို ယူ၍ကြည့်သည်။

"ဟာ. . . . ဆတ်ချိုများမှာ ရွှေမှုန်ရွှေစတွေကပ်လို့ပါကလား၊ ကဲ ကိုပိုက်ရေ ကျွန်တော်တို့တော့ စိုင်ကော်လို့ချုပေါ် ရောက်ကိန်းပေပဲ၊ ဒီကောင်ကြီးနောက် ခြေရာကောက်လိုက်နိုင်လျှင်ဖြင့် ရွှေကျောကို တွေ့နိုင်သဗျ"

"ဗျာ. . . . ဘယ်လိုတုန်းဆရာလင်းရဲ့၊ ဒီတောထဲမှာ ရွှေကျောရှိတယ်လား"

စောရွှီးက အံ့သြစွာဖြင့်မေးလေသည်။

လင်းမြင့်လှိုင်က "ထင်တာပြောရတာပဲလေ၊ ဆတ်ချိုမှာ ရွှေမှုံရွှေစတွေကပ်နေတယ်ဆိုတော့ကာ ရွှေကျောရှိတဲ့နေရာသွားရင်းလာရင်း ချိုသွေးမိလို့ သူ့ဦးချိုမှာ ရွှေမှုံရွှေစကပ်နေတာဖြစ်လိမ့်မပေါ့"





"အင်း. . . . ကိုလင်းပြောတာဖြစ်နိုင်တယ်၊ ဒီကောင်ကြီးနောက်ခြေရာခံလိုက်ကြစို့ဗျာ"

သို့နှယ် ကျွန်တော်ကပြောရင်း ဆတ်ဖိုကြီးဝင်သွားသော မြောင်ပေါက်တွင်းသို့ တိုးဝင်သွားလိုက်သည်။

မြောင်သည် ကျဉ်းသည်လည်းမဟုတ်၊ ကျယ်သည်လည်းမဟုတ်၊ သို့ပြား မြောင်ပြတ်၊ မြောင်တိုမဟုတ်၊ အတွေ့အကောက်များလွန်းလှ၏။ ဒူးဆစ်ခန့်ရေများရှိ၏၊ သို့ကြောင့် ဆတ်ခြေရာကို ရှာမရဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ထိုဆတ်ဖိုကြီးသည် ထိုမြောင်တွင်းဝင်သွားသည်မှာ သုံးယောက်သားမျက်မြင်ဖြစ်ခဲ့ခြင်းကြောင့် မြောင်အတိုင်းဆက်လျှောက်ခဲ့ကြသည်။

မြောင်သည် ရှည်လျားလွန်းလှသည်။ တဖြည်းဖြည်း မြောင်အတွင်းလျှောက်လိုက်ခဲ့ရာမှ မြောင်ဖျားရောက်လုတွင် ကျယ်ဝန်းသောမြောင်ခွဲတစ်ခုကိုတွေ့လိုက်သည်။

ဆတ်ဖိုကြီးသည် ထိုမြောင်တွင်း ဝင်သွားလေသည်လား။ မြောင်ကျဉ်းအတိုင်း ဆက်သွားလေသည်လားမသိ၊ ထိုမြောင်ပေါက်ဝထိပ်တွင် ခြေရာကိုရှာဖွေကြည့်ကြသည်။ ရေများရှိနေခြင်းကြောင့် ခြေရာရှာ၍မလွယ်။ မည်သည့်လမ်းလိုက်ရမည် ဝေခွဲမရဖြစ်နေဆဲတွင် "ဘူးအွဲလ် ဘူးအွဲလ်" ရယ်လို့ ဆတ်ကောင်အော်သံကြောင့် မြောင်ကျယ်ဘက်ဆက်လိုက်သွားကြ၏။

ကျွန်တော်တို့သုံးယောက်သား ထိုမြောင်ကျယ်အတွင်း ရေညှိတက်နေသော ကျောက်တုံးကျောက်ခဲများပေါ် ခက်ခဲစွာနင်းဖြတ် လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြ၏။ ထိုမြောင်ကျယ်အဆုံးလောက်တွင် ရေအိုင်ကြီးတစ်ခုကို လှမ်းတွေ့လိုက်ကြသည်။ ရေအိုင်ကြီးနားတွင် ကျွန်တော်တို့လိုက်ရှာနေသော ဆတ်ဖိုကြီးကို ဝပ်တွားလျက်တွေ့ရ၏။ ထူးဆန်းအံ့ဖွယ်မြင်ကွင်းသည် ကား . . . . .

ဆတ်ဖိုကြီး၏ဦးချိုကို ကိုင်တွယ်ကြည့်နေသော ကရင်သင်တိုင်းအင်္ကျီဝတ် မိန်းမပျိုတစ်ဦးရှိနေခြင်းပင်ဖြစ်သည်။

အံ့ဩလွန်း၍ သုံးယောက်သား လှမ်းနေသောခြေလှမ်းများ ရပ်တန့်သွားကာ မြင်ကွင်းဆန်းကို ငေးကြည့်နေမိကြသည်။

လူသူမရှိသော တောကြီးမျက်မည်းအတွင်း မိန်းမပျိုလေး တစ်ယောက်ရှိနေခြင်းသည် မထူးဆန်းပေဘူးလား။

မိန်းမပျိုနှင့်ဆတ်ဖိုကြီးသည် ကျွန်တော်တို့ကို မြင်တွေ့ပုံ မပေါ်ချေ။ ကျွန်တော်တို့ကိုမြင်လိုက်သည်နှင့် လန့်ဖျပ်ပြေးထွက်သွားမည်စိုးသဖြင့် သုံးယောက်သား မြောင်တွင်းရှိ ကျောက်တုံးကြီးနောက်ကွယ်တွင် ပုန်းလျှိုးနေလိုက်ကြသည်။

"ဘယ်လိုထင်တုန်း ကိုလင်း"

တိုးညင်းစွာမေးလိုက်၏။ လင်းမြင့်လှိုင်က စောရွှီးကို "ဒီနားတဝိုက်မှာ တောင်ပေါ်ကရင်ရွာ ရှိနိုင်လား" ရယ်လို့ မေးလိုက်ပြန်၏။

စောရွှီးက ခေါင်းခါပြရင်း "မရှိနိုင်ပါဘူး။ ရွာလည်းမရှိဘူး တောင်ယာတဲလည်းမရှိဘူး၊ ဆင်စခန်းလည်းမရှိဘူး၊ ဒီထိအောင်လည်း ဝါးခုတ်၊ သစ်ခုတ်သမားတွေရောက်မလာနိုင်ပါဘူး၊ ဥစ္စာစောင့်မများလေလား၊ သည်တောပိုင်သခင်မများလေလားမသိဘူးနော်. . ."

စောရွှီးစကားကြောင့် ကျွန်တော် ပြုံးမိသည်။





"စောရွှီးပြောစကားအရဆိုလျှင်ဖြင့် ဒီလိုနေရာမှာ အမျိုးသမီးတစ်ယောက်ကိုတွေ့ရတာ အံ့ဩစရာတော့အမှန်ပေပဲ၊ လူသားစင်စစ်ဖြစ်နိုင်ပါ့မလား။ မြို့သူလေးကျနေတာပဲဗျာ၊ အသားကဖြူဖြူ ဆံပင်ရှည်ရှည်၊ အရပ်အမောင်းကလည်းကောင်းကောင်း၊ ပြီးတော့ မျက်နှာသွယ်သွယ်လေးရယ်၊ ချစ်စရာကလေးဗျာ၊ ကျွန်တော်တို့ သူ့အနားသွားပြီး လေ့လာအကဲခတ်ရအောင်"

"ဖြစ်နိုင်မယ်မထင်ဘူး ကိုလင်းရဲ့၊ ကျွန်တော်တို့ကိုမြင်တာနဲ့ ထွက်ပြေးသွားလောက်တယ်၊ ကျွန်တော့်သဘောပြောရလျှင်ဖြင့် ဒီကနေပဲ ချောင်းမြောင်းပြီး သူတို့ ဘယ်ကိုသွားလဲစောင့်ကြည့်ပြီး ခြေရာခံလိုက်သွားချင်တယ်. . ."

"အဲဒီအကြံကောင်းတယ်ဗျာ. . . "

သို့နှယ် လင်းမြင့်လှိုင်ကထောက်ခံလိုက်သည်နှင့် ထိုအိုင်ရှိရာသို့ မမိုတ်မသုန် စောင့်ကြည့်နေလိုက်ကြသည်။

ထိုမိန်းမပျိုသည် ကရင်သင်တိုင်းအင်္ကျီရှည်ကြီးကို ဝတ်ထားလေပြား သူမအရပ်အမောင်း အသားအရေနှင့် လိုက်ဖက်လွန်းသည်ကြောင့် လှလွန်းနေတော့သည်။

ကျွန်တော့် မားမြောင်နှင့်ပစ်လိုက်၍ ပဲ့သွားသောဦးချိုကို ကိုင်တွယ်ကြည့်ရင်း စိတ်မချမ်းမသာဖြစ်နေပုံရ၏။ နှုတ်မှလည်းတတွတ်တွတ်ပြောရင်း ဆတ်ဖိုကြီး၏ဦးခေါင်းကို လက်ဖဝါးနုနုလေးဖြင့် ပွတ်သပ်ပေးနေ၏။ ယခုတိုင် ကျွန်တော်တို့ရောက်ရှိနေသည်ကို သိဟန်မတူချေ။ အတန်ကြာတွင် သူမနှင့် ဆတ်ဖိုကြီးသည် ထိုအိုင်မှ ထွက်ခွာသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထွက်သွားရာ ငှက်ပျောရိုင်းတောအတွင်း ကျွန်တော်တို့ ဆိုက်သွားကြ၏၊ ငှက်ပျောရိုင်းတောအတွင်း ဖြတ်သွားသည့်လမ်းကြောင် လေးတွင် သူတို့၏ခြေရာများ ထင်းထင်းကြီးကျန်ရစ်ခဲ့၏၊ သို့ကြောင့် ခြေရာခံလိုက်ရသည်မှာ အခက်အခဲမရှိလှချေ။

ထိုတိုင်နေရာမှ ငှက်ပျောတောအတွင်း ၁၅မိနစ်ခန့်လျှောက်ခဲ့ ကြရာ ငှက်ပျောရိုင်းတောအစပ်ရောက်သည်တွင် ချုံနွယ်ပိတ်ပေါင်းများ ဖြင့် အောက်ပေါင်းရှုတ်သောတောအုပ်ကလေးကို မြင်လိုက်ရ၏။ ထိုတော အုပ်လေးအတွင်းဝင်သွားသည့် ဆင်သွားလမ်းပေါ်တွင် မထင်မရှားမြင်ရ သော သူတို့ခြေရာ လမ်းစပြတ်သွားခြင်းမရှိပြန်ချေ၊ ဆင်သွားလမ်း တလျှောက်ကျေးငှက်တို့၏ သာယာသောအသံများကြားရ၏၊ ထိုအသံများ ကြောင့် ကျွန်တော်တို့ခရီးတွင် အနှောင့်အယှက်ကင်းရှင်းလိမ့်မည်ဖြစ် ကြောင်း ထင်လိုက်မိသည်၊ သို့ကြား . . . .

"ဂရား"ရယ်လို့ ထိတ်လန့်ဖွယ်အသံ ကြားလိုက်ရသည်ကြောင့် နံဘေးသို့လှည့်ကြည့်လိုက်သည်၊

ဝံနက်ကြီးတစ်ကောင်ဖြစ်သည်၊ ကျွန်တော်တို့အား တိုက်ခိုက် ရန် ပြေးဝင်လာ၏၊ သို့ကြောင့် ကျွန်တော်သည် လက်တွင်းမှ သေနတ်ဖြင့် ပစ်ခတ်ရန် ကပျာကသီ ထိုးချိန်လိုက်သည်တွင် . . . . .

'ရှီး'ရယ်လို့ စူးရှသောလေချွန်သံပေါ်ထွက်လာသည်နှင့် ထိုဝံနက်ကောင်သည်လည်း သူ၏ဦးတည်လမ်းကြောင်းကို ပြောင်းကာ ထို လေချွန်သံလာရာသို့ ပြေးလွှားသွားလေတော့သည်၊

"ဟူး"

သည်တော့မှ ကျွန်တော်သက်ပြင်းရှည်ကြီးချလိုက်နိုင်တော့သည်၊





ဖောက်လွဲဖောက်ပြန်ဖြစ်နေသော ကျွန်တော့်သေနတ်ကို စိတ် မချရ၍ဖြစ်သည်၊ အရေးအကြောင်းတွင် သေနတ်ကျည်မထွက်လျှင် ဒုက္ခ ရောက်ပေရော့မည်၊ တော်ပါသေးရဲ့၊

သို့ဖြင့် ကျွန်တော်တို့သည် ရှေ့ဆက် ခြေရာခံလိုက်ခဲ့ပြန်၏၊ ထိုတောအုပ်လေးကိုလွန်သည်နှင့် တောင်ယာခင်းလေးကို တွေ့လိုက် သည်၊

တောင်ကျောလေးကို လှေကားထစ်စိုက်ပျိုးထားခြင်းဖြစ်သည်၊ တောင်ကျောပေါ်တွင် ခြေတံရှည်အိမ်ကြီးတစ်လုံးရှိနေသည်၊

"ကိုပိုက် မြင်လား၊ အိမ်ကြီးနံဘေးမှာ အမျိုးသမီးနဲ့ ဆတ်ဖိုကြီး၊ ပြီးတော့ လူထွားကြီးတစ်ယောက်လည်းရှိနေတယ်"

လင်းမြင့်လှိုင်မပြောခင်ကတည်းက ကျွန်တော်မြင်နေသည်၊

"ကဲ. . . ကိုလင်းရေ ကျွန်တော်တို့ အဲဒီအိမ်ကြီးဆီသွားကြစို့၊ တောလည်တွက်ရင်း လမ်းမှားရောက်လာတယ်ပြောပြီး လှေလာအကဲ ခတ်ကြတာပေါ့"

သို့နှယ် . . ကျွန်တော့်အကြံအစည်ကို ပြောလိုက်သည်၊လင်းမြင့် လှိုင်ရော စောခွီးပါ သဘောတူလက်ခံကြသည်နှင့် ထိုတောင်ယာခင်း လေးကိုဖြတ်ကာ ခြေတံရှည်အိမ်ကြီးရှိရာ တောင်ကျောပေါ်သို့ ခြေဦး လှည့်လိုက်ကြတော့သည်၊ ထိုခြေတံရှည်အိမ်ကြီးနားရောက်သည်တွင်-

"သခင်မကြီးဒေဝီရဲ့ မိတ်ဆွေတွေရောက်လာပြီ၊ အိမ်ပေါ်ကို ခေါ်လိုက်တော့မယ်"ဟူသောစကားသံသည် အိမ်ကြီးပေါ်မှ ပျံ့လွင့်ဆင်း လာသည်ဖြစ်၍ အံ့ဩမိတော့သည်၊ ကျွန်တော်တို့ကို သခင်မကြီးဒေဝီ မိတ်ဆွေတွေဆိုပါကလား။



www.burmeseclassic.com

www.burmeseclassic.com



အရည်အသွေးကောင်းလှသော ကျွန်းတိုင်လုံးကြီးများဖြင့် ဆောက်လုပ်ထားသည့် အိမ်ကြီးသည် ခန့်ညားထည်ဝါလွန်းလှ၏။ ကျွန်းတိုင်လုံးတိုင်းတွင် ကနုတ်ပန်းများဖော်ထား၏၊ တစ်အိမ်လုံး ကနုတ်ပန်းများကို အနုစိတ်ဖော်ထား၏၊ ရှေးလက်ရာများဖြစ်ချိမ့်မည်၊

ဤလိုနေရာတွင် ဤအိမ်ကြီးကိုတွေ့လိုက်ရခြင်းသည် လွန်စွာအံ့သြဖွယ်ဖြစ်တော့သည်၊

ကျွန်းတိုင်လုံးတိုင်းတွင် ပုံဖော်ထုဆစ်ထားသည့် ကနုတ်လက်ရာများကို အံ့သြတကြီးငေးကြည့်နေဆဲမှာပင်. . .

"မောင်ရင်လေးတို့ကို သခင်မကြီးဒေဝီက အိမ်ပေါ်မှာစောင့်နေပါတယ်"

သူတို့ ကျွန်တော်တို့ကို လူမှား ကြိုနေကြသည်လား မသိပါချေ၊ မည်သို့ပင်ဖြစ်စေ၊ သူတို့စကားအတိုင်း အသာလိုက်နင်း၍ သွားရပေလိမ့်မည်၊ သို့မှ ကျွန်တော်တို့သိချင်တာများ သိရပေမည်မဟုတ်ပါကလား။

သို့လာပြောသူသည် လွန်စွာမှ သန်မာထွားကျိုင်းသောလူကြီးဖြစ်သည်၊ ရုပ်ရည်ကြမ်းတမ်းခက်ထန်သလို ကျယ်ပြန့်မာကျောသန်မာသောရင်အုပ်တွင် စုပ်ထိုး၍ပုံဖော်ထားသော သိန်းငှက်ရုပ်ကြီးသည် ထည်ဝါခန့်ညားလွန်းလှ၏၊ သို့ပြား သူ၏အသံသည် ရုပ်ခန္ဓာနှင့်ဆန့်ကျင်ဘက် တိုးညင်းဖျော့ဖျောင်း သာယာလွန်းလှပေတော့သည်၊

ကျွန်တော်တို့သည် သူ၏ အပြုံးဖြန့်ပြောလာသောစကားကို အသိအမှတ်ပြုခေါင်းညိတ်ပြီး အိမ်ကြီးအပေါ် တက်မည်ဟန်ပြင်လိုက်သည်တွင်. . .

"မောင်ရင်လေးတို့ရဲ့ လက်နက်တွေကို သခင်မကြီးဒေဝီရှေ့





ယူမသွားစေချင်ဘူး၊ ဒီမှာပဲ စိတ်ချလက်ချ ထားခဲ့ကြပါ" ဟု မေတ္တာရပ်ခံလာသည်ကြောင့် ကျွန်တော်တို့သည် သေနတ်နှင့် ခါးချိတ်ဓားမြောင်များကို အိမ်ကြီးအောက်တွင်ထားခဲ့ကာ အပေါ်သို့တက်ခဲ့ကြတော့သည်။

အိမ်လှေကားအဆုံး ကျွန်းတံခါးကြီးကို တွန်းဖွင့်၍ အခန်းတွင်းဝင်လိုက်သည်နှင့် လွန်စွာမျှ မွှေးကြိုင်သောနံ့သာဖျော့နံ့သည် နှာခေါင်းဝတွင်းတိုးဝင်လာတော့၏။ အခန်းကို လှည့်ပတ်ကြည့်လိုက်သည်၊ ခန်းလုံးပြည့်ပန်းနုရောင်ကော်ဇောခင်းထားသည်၊ အခန်း၏အလယ်ကျကျ ကျွန်းသားနံရံတွင် တောတောင်အလှကိုဖော်ကျူးထားသော ကနုတ်လက်ရာများရှေ့တွင် ရွှေသားအတိဖြင့်ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို တွေ့လိုက်ရ၏။ မျက်ဝန်းနေရာတွင် နီလာစီထားသည်၊ တင်ပလ္လင်ခွေထိုင်ကာ လက်ယှက်ထားသောလက်ဝါးပြင်ပေါ်တွင် တန်ဖိုးဖြတ်ရန်ခဲယဉ်းလှသည့် ပတ္တမြားကြီးတစ်လုံးတင်ထားသည်၊ အခန်းနံရံပတ်ပတ်လည်တွင် တောတောင်အလှကို ဖော်ကျူးထုဆစ်ထားသည်၊ တောတိရစ္ဆာန်မျိုးစုံပါ၏၊ ထိုအခန်းတွင် မည်သူမျှရှိမနေခြင်းကြောင့် ကျွန်တော်တို့သည် အနုစိတ်ရှိလှသော သစ်ထွင်းပန်းချီများကို တအံ့တသြ ကြည့်နေမိသည်၊ ထူးခြားလွန်းသောလက်ရာသည်ကား ဗုဒ္ဓရုပ်ပွားတော် နောက်ဘက်နံရံရှိ သစ်ထွင်းပန်းချီပင်ဖြစ်သည်၊ တောင်နံရံမှစီးကျနေ သောရေတံခွန်ပုံသည် အသက်ဝင်လှသည်။ အသေအချာစူးစိုက်ကြည့်မိသည်တွင် ထိုစီးဆင်းကျရေတံခွန်နောက်ကွယ်တွင် လိုဏ်ဂူပုံသဏ္ဌာန်တစ်ခု ထွင်းဖောက်ထားသည်ကို အံ့သြစွာတွေ့ရ၏။ ကျွန်တော့်စိတ်တွင်းမှ ဤသစ်ထွင်းပန်းချီကားတွင် လျှို့ဝှက်ချက်ရှိနိုင်သည်ကို တွေးဆမိလိုက်သည်၊

"အမောင်လုလင်က ရေတံခွန်ပန်းချီကားကို လွန်စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



နေပြီထင်တယ်၊ ကဲ. . . သစ်သီးသစ်ဥတွေ သုံးဆောင်ကြပါဦး”ရယ်လို့ တည်ငြိမ်သောလေသံဖြင့် ပြောလာသံကြောင့် ကျွန်တော်တို့သုံးယောက်သည် အသံလာရာနောက်သို့ လှည့်ကြည့်လိုက်ကြသည်။

“ဟင်”

ကျွန်တော်တို့ခြေရာခံလိုက်ခဲ့သော အမျိုးသမီးဖြစ်ချေတော့၏။ မြင်စကလို ကရင်သင်တိုင်းအင်္ကျီဖြင့်မဟုတ်လေတော့။ နန်းဆန်ဆန် ဝတ်ထားသည်မှာ ကျက်သရေရှိလှပေသည်။ အနီးကပ်တွေ့လိုက်ရသည်ကြောင့် ထင်ထားသည်ထက် သူမ၏အသားအရေသည် ချောမွေ့ နူးညံ့ဝင်းဝါလို့နေသည်။ သူမတွင် အပြစ်ပြောဖွယ်ရာ တစ်ခုသာရှိ၏။ အသက်အရွယ် ပုံပန်းသဏ္ဌာန်နှင့်မလိုက်ဖက်သော တည်ငြိမ်သောအသံပြဇာပင်ဖြစ်သည်။

ကျွန်တော်သည် သူမကိုမြင်လိုက်ရသည်နှင့် အလှတွင်ယစ်မူးသွားကာ မင်သက်နေသည်ကြောင့်. . .

“အမောင်လုလင်၊ စိတ်မှုပြစ်မှားခြင်းဆိုတာ အင်မတန်အပြစ်ကြီးတာကလား၊ စိတ်အလိုမလိုက်သင့်ဘူး၊ ယစ်မူးခြင်းဆိုတာ ဘယ်အရာမှမကောင်းဘူးနော်၊ ယောကျ်ားကောင်းမည်သည် မိမိစိတ်ကို အမြဲတမ်းနိုင်နေရမယ်၊ ကဲ. . . သစ်သီးတွေစားလိုက်ပါဦး”

သို့နှယ် သူမက ပြုံးစေ့စေ့ဖြင့် သတိပေးလာသည်ကြောင့် ရှက်သွားမိသည်။ ပြီးနောက် ကျွန်တော့်ထက် အသက်များစွာငယ်လေသည့် သူမက အမောင်လုလင်ရယ်လို့ အထက်စီးလေသံဖြင့် ပြောလာခြင်းကိုလည်း ဖုံဖြုသွားမိသည်။

ဘယ်အချိန်က တည်ခင်းလိုက်သည်မသိသော ကနုတ်ပန်းဖော်





ဘေးပွဲဝိုင်းကြီးတွင်ရောက်နှင့်ထိုင်လျက် သစ်သီးများစားနေကြသည့် သင်းမြင့်လှိုင်နှင့် စောရွှေက ကျွန်တော့်ကို ပြုံးစေ့စေ့ကြည့်နေကြလေ၏၊ သစ်သီးများအမယ်စုံလှသည်။

“အမောင်လုလင်တို့ ဝအောင်စားနော်၊ ဒီမယ်က မီးလွတ်စားကြတာ”

သူမစကားကြောင့် ဖုံဖြုရပြန်သည်၊ သူမတို့စားနေကြသည်မှာ သက်သတ်လွတ်ပင်မဟုတ်၊ မီးလွတ်ဆိုပါကလား၊ မီးလွတ်စားသည်မှာ လွယ်သည်မဟုတ်၊ အာဟာရအလို့ငှာ သူတို့ မီးလွတ်စားကြခြင်းသာမာန် လူတို့ထက် သန်မာထွားကျိုင်းနေကြ၏၊

ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင်ထိုင်၍ ကျွန်တော်တို့စားသောက်နေကြသည်ကို ကျေနပ်နှစ်သိမ့်စွာကြည့်နေသည့်သူမကို ကျွန်တော်က လှမ်းကြည့်ပြီး. . .

“နို့ . . သခင်မကြီးဒေဝီက ဘယ်မှာတုန်း၊ ကျုပ်တို့ကို လာတွေ့သေးပါတလား”

သို့မေးလိုက်သည်တွင် သူမသည် မည်သည့်စကားမျှပြန်မပြောသဘဲ ပြုံး၍သာနေတော့၏။

သို့ရှိစဉ် ကျွန်တော်တို့ကိုကြိုဆိုခဲ့သော လူထွားကြီးသည် တံခါးဝ ရှိရှိလေးဝင်လာပြီး အမျိုးသမီးရှေ့တွင် ဒူးထောက်လျက် . . . .

“သခင်မကြီးဒေဝီရဲ့ဧည့်သည်တွေ ဒီမယ် ညအိပ်မယ်ဆိုလျှင် ခင်းကျင်းထားပါ့မယ်”ဟုပြောသည်။

“အမတော်ရဲ့ဧည့်သည်တွေ ဒီည ဒီနေရာကခွာကြလျှင်ဖြင့် ဘီလူးရဲ့ကောင်တွေရဲ့အစာ ဖြစ်သွားမပေါ့၊ နို့ကြောင့် 'သိန်းငှက်'ကပဲ



www.burmeseclassic.com

www.burmeseclassic.com



ညှို့သည်တွေ အေးအေးချမ်းချမ်းအိပ်စက်နိုင်ဖို့ တာဝန်ယူလိုက်ပါ၊ ဟုတ်ပလား"

သို့နှယ် မိန်းမပျိုက အသံပြဲဇာအပြည့်ဖြင့် တည်တည်ငြိမ်ငြိမ် ပြောလိုက်သည့်စကားသံဆုံးသည်နှင့် သိန်းငှက်ဆိုသောလူကောင်ထွားကြီးသည် "စိတ်ချပါသခင်မကြီးဒေဝီ. . စက်နာရီရှစ်ချက်တီးမှာလာရောက်ခေါ်ပါ့မယ်"ဟုပြောကာ ရိုကျိုးစွာဖြင့် အခန်းပြင်သို့ထွက်သွားလေသည်၊ ကျွန်တော်သည်လည်း အံ့ဩစွာဖြင့် မိန်းမပျိုကို စူးစိုက်ကြည့်လိုက်သည်။

သခင်မကြီးဒေဝီဆိုတာ သူပါပဲကလား၊ သူ့အသက် သူ့အရွယ်ရှိလှ သုံးဆယ်ကျော်ပေါ့၊ ဒါကို အသက်(၆၀)နီးဖြစ်တဲ့ လူထွားကြီးက သခင်မကြီးဒေဝီဆိုပါကလား၊ တကယ်ဆိုလျှင် သခင်မလေးဒေဂီဟုခေါ်သင့်တာပေါ့၊ သို့နှယ်တွေးမိသည်ကြောင့် ကျွန်တော့်မျက်နှာသည် ပြုံးစိစိဖြစ်သွားသဖြင့် ထိုမိန်းမပျိုက "အမောင်လုလင် ဘာကိုသဘောကျလို့ပြုံးတာ တုန်း" ဟု မေးလေ၏၊

"ဪ. . . မင်းကိုအသက်အရွယ်ကြီးတဲ့ လူကြီးတစ်ယောက်က သခင်မကြီးဒေဝီလို့ ခေါ်လိုက်လို့ပါ၊ တကယ်ဆို သခင်မလေးဒေဝီဖြစ်ရမပေါ့"

"နို့ . . မင်းကိုကော ဒို့ကဘယ်လို့ခေါ်ရမလဲ" ရယ်ပြောလိုက်သည်တွင် သူမက ချစ်စဖွယ်သွင်ဟန်ဖြင့် ရယ်မောလိုက်ပြီး . . .

"ဟင်း. . ဟင်း. . ဟင်း. . အမတော်ကို သခင်မကြီးဒေဝီလို့ခေါ်ပေါ့ . . အမောင်လုလင်က အမတော်ရဲ့ လူ့သက်တမ်း ဘယ်လောက်ရှိပြီမှန်းလို့လဲ"ဟုမေးလေသည်။





ကျွန်တော်သည် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ဖြင့် ပိုပိုသာသာ ပြောရလျှင်တောင်မှ "လေးဆယ် . . . နှစ်လေးဆယ်အလွန်ဆုံးပေါ့" ရယ်လို့ ပြောလိုက်သည်တွင် သူမသည် 'ခစ်'ကနဲ တစ်ချက်ရယ်လိုက်ပြီး "အမောင်လုလင်စကားပြင်လိုကပြင်ရန် အချိန်ပေးပါဦးမယ်" ဆိုလာသည်ကြောင့် ကျွန်တော်လွန်ကျူးစွာ ပြောလိုက်မိသည်ဖြစ်၍ စိတ်ဆိုးသွားလေသည်လား တွက်လိုက်မိကာ အားတုံ့အားနာလေသံဖြင့်

"ကျုပ် မှားယွင်းပိုမိုပြောလိုက်မိတာကိုခွင့်လွှတ်ပါ၊ လိုရမယ်ရမလွဲရလေအောင်ပြောလိုက်မိတာ၊ အမြင်အရမလွဲရလေအောင် (၃၀) သာသာ ရှိပါလိမ့်မယ်"

ကျွန်တော့်စကားကြောင့် သူမသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြန်၏၊ ပြီးလေမှ . . . .

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း . . . အမောင်လုလင်က အမတော်ရဲ့လူ့သက်တမ်းအမှန်ပြောလျှင်ဖြင့် ယုံချင်မှယုံပေလိမ့်မယ်. . လာမယ့် ပြာသိုလပြည့်ဆိုလျှင် အသက် ၁၀၀ ပြည့်ပြီပေါ့"

"ဗျာ"

"ဟင်"

"ဟုတ်ကဲ့လားဗျာ"

သူမ၏ တည်ငြိမ်လွန်းသောစကားသံကြောင့် အံ့ဩမိကြသည်၊ ယုံရခက်ကြီးပါကလား၊ အံ့ဩတကြီးဖြစ်နေသောကျွန်တော်တို့သုံးယောက်အား သူမက ပြုံးစစဖြင့်ကြည့်ရင်း . . . . .

"မယုံလျှင်ဖြင့် လာမယ့်ပြာသိုလပြည့်နေ့မယ် အကိုသေပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် ကျွန်တော်သည် စဉ်းစားလိုက်ပြီး "နို့ဆိုလျှင် ဖြင့် သည်လကပြာသိုလပေပဲ လပြည့်နေ့က ဘယ်နေ့တုန်း" ဟုမေးလိုက်၏။

"သန်ဘက်ခါ"

"တင်"

"ဟုတ်တယ်၊ ကြားတစ်ရက်ပဲ လိုတော့တယ်လေ၊ ဒီတော့ အမောင်လုလင်တို့ အချိန်ပေးနိုင်လျှင်ဖြင့် ဒီမှာတည်းခိုပြီး အမတော်ရဲ့ နှစ် ၁၀၀ပြည့်မှာ မလွှဲမသွေလုပ်ရမယ့် အလုပ်လေးတစ်ခုကို ချောချော မောမောဖြစ်မြောက်ရေးအတွက် အကူအညီတောင်းချင်တာရယ်ကြောင့် လည်း နှစ်ရက်သုံးရက် နေစေချင်တယ်လေ"

ကျွန်တော် ထိတ်လန့်သွားသည်။ သူမ ရူးများနေပြီလားမသိ။ အသက် ၁၀၀ ရှိပြီဆိုပါကလား၊ လုံးဝမဖြစ်နိုင်သည့်ကိစ္စ၊ မည်သို့ပင်ဆို စေ၊ နှစ်ရက်သုံးရက်လောက် နီးနီးတပ်တပ်နေရလျှင်ဖြင့် သူမအကြောင်း ဂဃနဏ သိရပေလိမ့်မည်၊ ပြီးတော့ သူမလိုမိန်းမချောနှုတ်ထွက်စကား က အံ့ဖွယ်ပင်ဖြစ်ချေတော့၏။

သူမသည် ရူးသွပ်နေသူသာလျှင်ဖြစ်ချိမ့်မည်၊

ကျွန်တော်သည် လင်းမြင့်လှိုင်မျက်နှာကို လှမ်းကြည့်လိုက်၏၊ သူသည်လည်း ကျွန်တော်ကဲ့သို့ပင် တွေးလိုက်မိဟန်တူ၏၊ သို့ဖြစ်သည် ကြောင့် လင်းမြင့်လှိုင်သည် ကျွန်တော့်အား မျက်နှာရိပ်မျက်နှာကဲဖြင့်

"ဘယ်လိုသဘောရလဲ" မေးလာသဖြင့် . . .

"ဟုတ်ပါပြီ. . အချိန်ပေးနိုင်ပါတယ်၊ နို့ပေမင့် ဘယ်လို အခက် အခဲရှိလို့ ဘယ်လိုအကူအညီပေးရမှာတုန်း" သို့နှယ်မေးလိုက်သော်ငြား. .





"ပြောပါမယ်၊ နို့ပေမင့် . . တစ်ခုတော့မေတ္တာရပ်ခံပါရစေ၊ ...တော် ဘဝတခဏပြောင်းသွားတဲ့အချိန်မှာ ကြောက်လန့်ထွက်မပြေးဖို့ ...ယ် အမတော်စီမံထားတဲ့အတိုင်း သစ္စာရှိ ကတိတည်စွာနဲ့ တိတိကျကျ ...ဆောင်ပေးဖို့ရယ်လို့အပ်တယ်ဆိုတာတော့ ကြိုတင်မေတ္တာရပ်ထားပါ ...ေ"ရယ်လို့သာလျှင်ပြောလာသည်ကြောင့် လင်းမြင့်လှိုင်က "ဘယ်လို ...ညီပေးရမလဲဆိုတာပဲပြောပါ" မေးလိုက်သည်။

စောရွှီးကလည်း "အကယ်၍ အမတော်ပြောတဲ့အတိုင်းလုပ် ...ောင်ရာမှာ လွဲချော်ခဲ့လျှင် ကျွန်တော်တို့ကို ဘာလုပ်မှာလဲဟင်"ရယ်လို့ ...ကြောက်ရွံ့တုန်လှုပ်သော လေသံဖြင့် မေးလိုက်သည်တွင် ထိုအမျိုးသမီး ... မျက်နှာတစ်ချက်ပျက်သွားကာ "အမောင်လုလင်တို့ကို ပျက်ကွက်ရ ...ောင်းလားဆိုပြီး အပြစ်ပေးဖို့တောင် အစ်မတော်မှာ အင်အားရှိတော့မှာ ...တ်ပါဘူး၊ အစ်မတော်သာလျှင် ခန္ဓာပျက်စီးသွားမှာပါ"

"ဗျာ"

"ကျုပ် မရှင်းဘူး၊ ရှင်းအောင်ပြောပါလား" ဟု မေးလိုက်သည်။ ...မေးလိုက်သည်တွင် သူမသည် တည်ငြိမ်သောလေသံဖြင့် . . .

"အဲဒီနေ့မှာ အမတော် လုပ်ရမယ့်အလုပ်ကို ကူညီမယ့်သူက ...ချယုံကြည်ရပြီး သူရသတ္တိနဲ့ ပြည့်စုံတဲ့သူဖြစ်ဖို့လိုတယ်" သူ့စကားကို ...ရပ်ပြီး ဆက်ပြောပြန်၏။

"အမတော်မှာ ရန်သူပေါ်နေပြီ၊ သူတို့ အနှောင့်အယှက်လာပေး ...ဘယ်လေ၊ သည်ရန်ကကာကွယ်ပေးဖို့ရယ်၊ ကတိသစ္စာတည်စွာနဲ့ ...ဆောင်ပေးဖို့ရယ် အစီကလိုအပ်တယ်၊ အမတော်က အမောင်လုလင်တို့ကို ...ကြည်တယ်၊ အားကိုးတယ်၊ နို့ကြောင့် အကူအညီတောင်းခံတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူမစကားတွင် မရှင်းသည့်တစ်ခု ကြားလိုက်
သဖြင့် ခုရှုတ်မှနောင်ရှင်းဆိုသလို မေးလိုက်၏။

"ခင်ဗျားယုံကြည်သလို ကျုပ်တို့ဘက်က ရိုးသားတာအမှန်ဆ
တာတော့ ရဲရဲဝံ့ဝံ့ပြောနိုင်ပါတယ်၊ နို့ပေမင့် အားကိုးတယ်ဆိုတော့"

"အော်. . ဒါလား၊ အဲဒီနေ့ အမတော် မဖြစ်မနေလုပ်ရမယ့်
အလုပ်. . လုပ်နေချိန်မှာ အနှောင့်အယှက် လာပေးမယ့်သူကို အမောင်
လုလင်တို့ကာကွယ်ပေးရမယ်၊ အမတော်ရဲ့ အလုပ်ကိစ္စအောင်မြင်သွား
လျှင်ဖြင့် ကျေးဇူးဆပ်တဲ့အနေနဲ့ သုံးယောက်စလုံးအတွက် တစ်သက်စား
မကုန်တဲ့ဥစ္စာပစ္စည်းတွေပေးပါ့မယ်"

"ဗျာ"

"ဟာ"

သူမစကားကြောင့် ကျွန်တော်တို့သည် တစ်ယောက်မျက်နှာ
တစ်ယောက်ကြည့်လိုက်ကြသည်။

"နို့ဖြင့် ပြောပါ၊ ဘယ်လိုအကူအညီမျိုးလဲ"

စောရွှီးက အားရဝမ်းသာဖြစ်သွားဟန်ဖြင့် မေးလိုက်သည်၊

"ဒါတော့ ခုပြောလို့မရသေးဘူး၊ အချိန်ရောက်လာလျှင်ဖြင့်
ပြောပါမယ်၊ နို့ပေမင့် တစ်ခုတော့ပြောစရာရှိတယ်၊ အမတော်ကို ကူည
မယ့်သူက ကတိသစ္စာတည်ကြည်သူဖြစ်ရမယ်၊ စိတ်ခိုင်သူဖြစ်ရမယ်
တဲ့. . . တဲ အချိန်လင့်ပြီ၊ အမောင်လုလင်တို့ကို 'သိမ်းငှက်'လာခေါ် လိ
မယ်၊ စားသောက်ရင်းစောင့်နေကြပေရော့ အမတော် အဝိဋ္ဌာန်ဝင်လိုက်ဦ
မယ်"

သို့နှုယ်ပြောကာ ဗုဒ္ဓရုပ်ပွားတော်ရှေ့မျက်နှာမူလိုက်ပြီး တရား





မှတ်နေလေတော့သည်။

ကျွန်တော်တို့သည်လည်း သူမကို အနှောင့်အယှက်မပေးလို
သည်ဖြစ်၍ အောက်ထပ်သို့ဆင်းလိုက်ကြသည်။ အခန့်သင့်ပင် သိန်းငှက်
သည် ရောက်လာပြီး ကျွန်တော်တို့အား အိမ်ကြီးနောက်ဘက်သို့ ခေါ် သွား
လေ၏။ အိမ်ကြီး၏နောက်ဘက်တွင် ထူးခြားစွာ လှိုဏ်ဂူကြီးတစ်ခုရှိလေ
၏၊ သဘာဝလှိုဏ်ဂူကို ပြုပြင်မွမ်းမံထားခြင်းဖြစ်၏။

ထိုလှိုဏ်ဂူတွင် အခန်းဖွဲ့ထားသည်ကိုတွေ့ရသည်၊ ကျွန်တော်
တို့သုံးဦးအတွက် အခန်းကျယ်ကြီးတစ်ခုတွင် အိပ်ယာသုံးခု ပြင်ဆင်ထား
၏၊ သန့်ရှင်းသပ်ယပ်လွန်းလှ၏။

"တဲ. . ဒီမှာ နားနေအိပ်ကြပေရော့၊ မနက်ရောက်လျှင်ဖြင့်
လာခေါ်ပါ့မယ်၊ တစ်ခုတော့မှာချင်တယ်၊ ညဘက်မယ် ဒီဂူထဲကနေပြီး
ဘယ်သူမှအပြင်မထွက်ကြပါနဲ့"

သို့နှုယ်ပြောကာ သိန်းငှက်သည် စံအိမ်မကြီးဘက်သို့ ထွက်သွား
တော့သည်။

သိန်းငှက်ပြန်သွားသည်နှင့် ကျွန်တော်တို့သည် ကိုယ့်အိပ်ယာ
ဆက်တွင် လဲလျောင်းရင်း စကားစမြည်ပြောနေကြသည်။

"သူ့အသက် ၁၀၀ဆိုတာ ဖြစ်နိုင်ပါ့မလား"

လင်းမြင့်လှိုင်ကမေးလာသဖြင့် "သူပြောတာတော့ အတည်
ပေါက်ကြီးဗျ၊ စိတ်မနှံ့သူတစ်ယောက်လို့လည်း ပြောလို့မရဘူးလေ"

ကျွန်တော်က သို့နှုယ်ပြောလိုက်ပေမင့် စောရွှီးက. . .

"လုံးဝမဖြစ်နိုင်ပါဘူးဗျာ၊ သူ့အသက်ရှိလှ သုံးဆယ်တန်းကျင်
ပေါ့" ဟုပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ၊ ကျွန်တော်တော့ အတော်ကလေး စိတ်ဝင်စားတယ်၊ သူ့အသက် ၁၀၀ မကလို့ ၂၀၀၊ ၃၀၀ ဖြစ်ပါစေဗျာ၊ ကျွန်တော်စိတ်မဝင်စားဘူး"

"နို့ဖြင့် ကိုလင်းက ဘာကို စိတ်ဝင်စားတာလဲ"

ကျွန်တော့်အမေးကြောင့် လင်းမြင့်လှိုင်သည် တစ်ချက်ပြုံးလိုက်ကာ. . .

"ကျွန်တော်စိတ်ဝင်စားပြီး သိချင်တွေ့ချင်တာ အင်မတန်ထွားကျိုင်းတဲ့ဆတ်ဖိုကြီးပဲပေါ့"

"ဗျာ"

"မဗျာနဲ့ကိုပိုက်၊ ဆတ်ဖိုကြီးထက် သူ့ဦးချိုကကျိုးကျခဲ့တဲ့ အပိုင်းအစမှာ ရွှေမှုန်တွေကပ်ငြိနေတာ ကိုပိုက်လည်း အသိပဲမဟုတ်လား၊ သူတို့မှာ လျှို့ဝှက်ချက်တစ်ခုခုတော့ရှိရမယ်ဗျ"

သူက သို့ပြောလာသည်ကြောင့် ကျွန်တော်သည် လက်ဖြောက်တစ်ချက်တီးလိုက်ပြီး "ဟုတ်တယ်၊ ဆတ်ဖိုကြီးကို ကျွန်တော်တို့မတွေ့သေးဘူး၊ ပြီးတော့ ဝံကောင်ကြီးရှိသေးတယ်၊ ကျွန်တော့်ကို အန္တရာယ်ပြုဖို့ပြေးလာတုန်း လေချွန်သံကြောင့် ရန်မမူတော့ဘဲ ပြန်ပြေးယှက်သွားတာလေ၊ အဲဒီဝံကောင်ကြီးကရော သူမနဲ့ပတ်သက်နေတာများလား" ရယ်လို့ ပြောလိုက်၏။

ကျွန်တော်တို့နှစ်ယောက် စကားပြောနေကြစဉ်မှာပင် ဖားအိကောင်းရွာခံမုဆိုး စော်ရှီးတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေလေ၏။ ဟောက်လို့ပင်နေသေးတော့သည်။

ညဉ့်နက်ပိုင်းတွင် ကျွန်တော်တို့ အိပ်ပျော်သွားကြသည်။ မည်မျှ





ကြာကြာ အိပ်ပျော်သွားသည်မသိ၊ ဆူဆူညံညံအသံများကြောင့် အိပ်ရာမှ နိုးလာတော့သည်။

"ကိုလင်း၊ လှိုဏ်ဂူအပြင်မှာ ဘာဖြစ်နေတာတုန်း"ဟု မျက်လုံးမဖွင့်ဘဲမေးလိုက်သည်။ သူ့ထံမှ ဘာသံမှထွက်မလာသဖြင့် မျက်လုံးကိုဖွင့်ကာ သူ့အိပ်ရာဘက်သို့ လှမ်းကြည့်လိုက်၏။

"ဟင်"

တွန့်ကြေနေသောအိပ်ရာသာတွေ့ရ၏။ လင်းမြင့်လှိုင်ကိုတော့ မတွေ့၊ နို့ဖြင့် စော်ရှီးကောရယ်လို့ သတိရလိုက်သည်ကြောင့် စော်ရှီးအိပ်ရာသို့ လှမ်းကြည့်လိုက်ပြန်သည်။ သူလည်းမရှိချေ။ သို့ကြောင့် ကျွန်တော်သည် အိပ်ရာမှလူးလဲထကာ ကညင်ဆီထွန်းညှိထားသောမီးတိုင်ခွက်ကိုယူ၍ လှိုဏ်ဂူဝသို့ ထွက်လိုက်သည်။

"ကိုပိုက် နိုးနေပြီလား"ဟုဆိုကာ လင်းမြင့်လှိုင်သည် စော်ရှီးကိုထမ်းပိုးကာခေါ်လာသဖြင့်. . .

"ဟင် . . . စော်ရှီးဘာဖြစ်လာတာတုန်း"ဆိုကာ လင်းမြင့်လှိုင်နောက်မှလိုက်သွားသည်။ မေ့မြော့နေသောစော်ရှီးကို အိပ်ရာထက်တွင် အသာအယာချလိုက်ပြီး "ဘာမှစိုးရိမ်စရာတော့မရှိပါဘူး၊ တစ်ခုခုကို မြင်ပြီး လန့်ဖျပ်မေ့သွားတာဖြစ်မှာပါ"ရယ်လို့ တည်ငြိမ်စွာပြောရင်း လှိုဏ်ဂူဝသို့ တစ်စုံတစ်ဦးကပ်ပါလာကြောင်း ရိပ်မိလိုက်သဖြင့် ကျွန်တော်သည် ဂူဝသို့ လှမ်းကြည့်လိုက်သည်။

"သိန်းငှက်ပါတလား . . ."

ရိုကျိုးစွာဖြင့် ဂူတွင်းဝင်လာပြီး ကျွန်တော်တို့နှစ်ယောက်ရှေ့တွင်လာရပ်ကာ လက်နှစ်ဖက်ယှက်၍ လက်သီးဆုပ် ဝါရဝပြုပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် "အနူးအညွတ်တောင်းပန်ပါတယ်၊ ကျုပ်ကောင်ကြီးမဲလုံးက သူ့ကို ခြောက်လှန့်ရုံတင်ပြုလိုက်တာပါ"

"ကိစ္စမရှိပါဘူး၊ ရပါတယ်၊ နို့ . . ကျွန်တော့်ကောင်ကြီးဆိုတာ ဘယ်သူ့ကိုပြောတာလဲ"

ကျွန်တော်က သိန်းငှက်ကိုမေးလိုက်သည်။

"မဲလုံးဆိုတာ သခင်မကြီးဒေဝီရဲ့ ကိုယ်ရံတော်တစ်ယောက်လို့ ပြောရလိမ့်မယ်၊ လိမ္မာရေးခြားရှိပြီး တိုက်ရည်ခိုက်ရည်ကောင်းတဲ့ ဝံနက်ကြီးကိုပြောတာပါ"

"နို့ဖြင့် ဘယ်လိုတွေဖြစ်ခဲ့ကြတာလဲဆိုတာပြောပါဦး"

လင်းမြင့်လှိုင်ကမေးလိုက်သည်တွင် သိန်းငှက်က. . .

"ဒီကမိတ်ဆွေလေး ဘယ်လိုအကြောင်းကြောင့် စံအိမ်မကြီးနား ရောက်လာသလဲမသိဘူး၊ မဲလုံးက ရန်သူထင်ပြီး တိုက်ခိုက်မယ်အလုပ်မှာ ကျုပ်ရောက်လာပေလို့ပေါ့၊ နို့မဟုတ် အရိုးတခြား၊ အရေတခြားဖြစ်လောက်ပြီ၊ မိတ်ဆွေလေးကလည်း မဲလုံးကို ရုတ်တရက်တွေ့လိုက်တော့ ကြောက်လန့်ပြီး မေ့လဲသွားတာပါ၊ နို့ကြောင့် ကျုပ်မှာခဲ့သားပဲမဟုတ်လား၊ ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် ဂူမြင်ကိုမထွက်ကြပါနဲ့လို့"

"ဩော် . . . ဟုတ်ပြီ . . . ဟုတ်ပြီ၊ ကိုလင်းကရော ဘယ်လိုလုပ် အပြင်ရောက်သွားရတာလဲ"

ကျွန်တော်က လင်းမြင့်လှိုင်ဘက် လှည့်မေးလိုက်သည်။

"စောရွှီးအိပ်ရာက ထသွားတာကို ကျွန်တော်မသိလိုက်ဘူး၊ ဘာရယ်ကြောင့်မသိ၊ အိပ်ယာက ရုတ်တရက်နိုးလာတာနဲ့ စောရွှီးအိပ်ရာဘက်ကြည့်လိုက်မိတယ်၊ စောရွှီးမရှိဘူး၊ ဘယ်သွားတုန်းသိချင်တာကြောင့်





ဂူဝထွက်အရပ်မှာ ငယ်သံပါအောင် ကြောက်လန့်တကြားအော်ဟစ်လိုက်တဲ့ စောရွှီးရဲ့အသံကြောင့် အသံလာရာ စံအိမ်မကြီးဘက်ပြေးထွက်သွားကြည့်တော့ကာ. . ."ဟုပြောပြီး သိမ်းငှက်ကို လှမ်းကြည့်လိုက်သည်။

လင်းမြင့်လှိုင်၏အကြည့်ကြောင့် သိန်းငှက်သည် မျက်စိမျက်နှာပျက်သွား၏။ ပြီးတော့မှ. . .

"မဲလုံးကိုမြင်ပြီး ကြောက်လန့်လဲကျသွားတဲ့ မိတ်ဆွေလေးကို ဘုန်းပြီးပွေ့ယူဖို့ ကြိုးစားနေချိန်မှာ၊ ဒီက မိတ်ဆွေရောက်လာတော့ ကျုပ်ကိုတစ်မျိုးတစ်မည်ထင်သွားတော့တာပေါ့"

သိန်းငှက်က သို့နှယ် စကားဦးသန်း ပြောလာခြင်းကြောင့် တစ်ခုခုတော့မှားယွင်းနေပြီဟု တွက်လိုက်မိသည်။

"အော် . . . ဟုတ်ပါရဲ့၊ ကျွန်တော်က မှောင်နဲ့မည်းမည်းမြင်လိုက်ချိန်မှာ စောရွှီးကို ဦးသိန်းငှက်က သတ်ဖြတ်ဖို့ကြိုးစားနေတာရယ်လို့ ထင်လိုက်မိပါတယ်"

"အင်းလေ. . ထင်လည်းထင်စရာပါပဲ၊ ဒီကမိတ်ဆွေရောက်လာတဲ့ အချိန်မှာမဲလုံးကမရှိတော့ဘူးလေ၊ ကျုပ်တစ်ယောက်ပဲ ရှိနေတော့ကာ အထင်လွဲလောက်သပေါ့"

"နို့ဆိုလျှင်ဖြင့် ကျွန်တော့်ကိုခွင့်လွှတ်ပါဗျာ"

လင်းမြင့်လှိုင်က သို့နှယ်တောင်းပန်စကားဆိုလိုက်သည်ကြောင့် သိမ်းငှက်၏မျက်နှာပြုံးယောင်သမ်းကာ. . .

"သခင်မကြီးဒေဝီကို အကျိုးအကြောင်းပြောပြဖို့ ခွင့်ပြုပါဦး" ဆိုကာ ရုတ်ချည်းလှည့်ထွက်သွားတော့သည်။

သူထွက်သွားလေမှ လင်းမြင့်လှိုင်သည်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီလူကြီးကို မသက်ာဘူး၊ ကျွန်တော်သာအရောက် နောက်ကျလျှင် စောရွှီး ဗုက္ကဆိုးနဲ့ ကြုံသွားနိုင်သဗျ၊ ကျွန်တော့်အထင် ပြောတာဗျာ၊ အဖြစ်မှန်ကတော့ စောရွှီးပဲအသိဆုံးဖြစ်မှာပါ၊ သူသတိပြန် လေမှ မေးစမ်းကြည့်တာပေါ့"ရယ်လို့ တိုးတိုးကပ်ပြောလာတော့၏။ သို့ပြောပြီး စောရွှီးသတိရလေအောင် တတ်သမျှ မှတ်သမျှ နည်းမျိုးစုံဖြ ပြုစုလေတော့သည်။

အတန်ကြာတွင် စောရွှီးသတိပြန်ရလာ၏။ သို့ကြောင့် ကျွန်တော် က သိလိုသည်များ မေးမြန်းလိုက်သည်တွင် သူယောင်ပြီး အိပ်ယာ ထသွားမိခြင်းဖြစ်ကြောင်း၊ သူဘာမှမသိကြောင်းသာလျှင် ဘူးကွယ်၍ တော့သည်။

သို့ဆိုပါလျှင်ဖြင့် စောရွှီးသည်လည်း သူ၏ တစ်စုံတစ်ရာအမှာ ကို ဖုံးကွယ်လိုဟန်ဖြစ်သည်။

မည်သို့မျှမေးမရသည်ကြောင့် ကျွန်တော် လက်လျှော့လိုက်ပ သည်။

"ကဲ. . . အချိန်ရှိသေးတယ်၊ အိပ်လိုက်ဦးမယ်ဗျာ"ဆိုက ကျွန်တော်သည် အိပ်ရာထက်ပြန်တက်၍ ခွေနေလိုက်တော့သည်။

မိုးစင်စင်လင်းမှ အိပ်ရာနိုးလာရသည်။ မျက်နှာသစ်ပြီးနောက် မကြာမီအချိန်မှာပင် သိန်းငှက်ရောက်လာ၏။

"သခင်မကြီးဒေဝီက နံနက်စာစားဖို့ အခေါ်လွှတ်လိုက်ပ တယ်" သို့နှယ်ပြောလာရင်း စောရွှီးကို စူးစူးရဲရဲတစ်ချက်ကြည့်လိုက်သည် ကို ကျွန်တော် သတိထားလိုက်မိသည်။

စောရွှီးသည်လည်း ကြိတ်မနိုင် ခဲမရဟန်ဖြင့် သိန်းငှက်အကြည့်





ကို ပြန်အံတုကြည့်လိုက်သည်ကိုလည်း တွေ့လိုက်ရ၏။ သို့ဆိုပါလျှင် ညက သူတို့တစ်စုံတစ်ရာ အရှုပ်အရှင်းဖြစ်ခဲ့သည်မှာ သေချာပေပြီဖြစ်၏။

"ကဲ. . . သွားကြစို့ဗျာ"ဆိုပြီး ကျွန်တော်ကပင်ဦးဆောင်၍ စံအိမ်ကြီးသို့ထွက်ခဲ့တော့၏။

သခင်မကြီးဒေဝီဆိုသူ မိန်းမပျို၏ စံအိမ်ကြီးအောက်ရောက် သည်တွင် မနေ့ကကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရသည့်တောင်ယာကို ဖြတ်ကာ တောအုပ်တန်းလေးအတွင်း တစ်လှမ်းချင်းဝင့်ကြွားစွာ လှုပ်ရှား သွားနေသော ဆတ်ဖိုကြီးနှင့် သင်တိုင်းအကျီဝတ်မိန်းမပျိုကို လှမ်းတွေ့ လိုက်သည်။

"ကိုလင်း. . . ဟိုမယ်ကြည့်စမ်း. . ."

ကျွန်တော်က လင်းမြင့်လှိုင်ကို လက်တို့ပြောပြလိုက်သည်။

"အေးဗျာ၊ ကျွန်တော်လည်းကြည့်ရင်း စဉ်းစားနေတာ၊ နံနက် စာစားဖို့ခေါ်ထားတဲ့သခင်မကြီးဒေဝီက ဘယ့်နှယ့်ကြောင့် မနေ့ကအဝတ် အစားနဲ့ အပြင်ထွက်သွားရတာပါလိမ့်"

"ကျွန်တော်လည်း စဉ်းစားမရတော့ဘူးဗျာ၊ တစ်ယောက်တည်း လား၊ တစ်ယောက်စီလား၊ အင်းလေ. . . စံအိမ်ကြီးပေါ်ရောက်လျှင်ဖြင့် သိရပေရော့မယ်"

သို့ပြောလိုက်ရင်း စံအိမ်ကြီးပေါ်တက်လိုက်သည်။

"ဟင်"

ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် ကျောပေး၍တင်ပလ္လင်ခွေထိုင်နေ သော အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်သည်။ သခင်မကြီးဒေဝီ မဟုတ်မှန်းတော့သိသည်။ ဘယ့်အတွက်မှု သခင်မကြီးဒေဝီ၏ အသား



www.burmeseclassic.com

www.burmeseclassic.com



အမေ့ အရောင်အဆင်းနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သော နက်တူးတူး အသားရောင်ပိုင်ရှင် ဖြစ်နေသောကြောင့်ပင်။ သခင်မကြီးဒေဝီနှင့်ယှဉ် ကြည့်ပါလျှင် လုံးဝဆန့်ကျင်ဘက်ဖြစ်တော့၏။ အသားရောင်နှင့်မလိုက် ဖက်သော ဖြူဆွတ်ဆွတ် ညဝတ်ပုံစံ ဂါဝန်ရှည်ကြီးကိုဝတ်ထား၏။ဦးခေါင်း မှဆံပင်တို့သည် ကတုံးတုံးပြီးကာစ ပြန်ပေါက်လာသည့် တိုနံ့နံ့ ထိုးထိုး ထောင်ထောင်၊ တည်ငြိမ်မှုရှိပုံတော့ရ၏။ မဟူရာကျောက်ရုပ်ကို ချထား သလိုဖြစ်သည်။

"ကဲ . . . မိတ်ဆွေတို့၊ သုံးဆောင်ကြပါ"

ကျွန်တော်တို့နောက်ဘက်သို့ ဘယ်အချိန်ကရောက်လာမှန်း မသိသော သိန်းငှက်အသံကြောင့် လှည့်ကြည့်လိုက်ရင်း -

"သခင်မကြီးဒေဝီမရှိပေဘူးလား"ဟုမေးလိုက်သည်။ သိန်းငှက် သည် ကျွန်တော့်အမေးကိုခေါင်းခါပြရင်း -

"ရေအိုင်ကြီးဘက်သွားတယ်"ဟု ခတ်ပြတ်ပြတ်ပြောလာ၏၊ ဟုတ်ချေပြီ၊ ကျွန်တော်တို့မနေ့က သူမကို စတင်မြင်တွေ့ဆုံခဲ့သော ရေအိုင်ကြီးသို့သွားခြင်းဖြစ်မည်။ သို့ဆိုပါလျှင် သင်တိုင်းဝတ်မိန်းမပျိုသည် သခင်မကြီးဒေဝီဧကန်အမှန်စင်စစ် ဖြစ်ချေတော့သည်။

မနေ့ကလိုပင် အမယ်စုံသစ်သီးများကို စားပွဲပေါ်တွင် စားချင့် စဖွယ်တည်ခင်းထား၏။

သစ်သီးများကို စားသောက်ရင်း အသားနက်မကို လေ့လာ အကဲခတ်လိုက်သည်။

"ဟာ"

ကျွန်တော် လွန်မင်းစွာ အံ့ဩထိတ်လန့်သွားမိ၏။ တရားထိုင်





နေသော အသားနက်မ၏ခန္ဓာကိုယ်သည် ကြမ်းခင်းနှင့် လက်တစ်မိုက်ခန့် လွတ်နေ၏၊ သို့ဆိုပါလျှင် အသားနက်မ၏စွမ်းရည် မြင့်မားလွန်းလှပါ ကလား၊ သို့မြင်ကွင်းကြောင့် လင်းမြင့်လှိုင်ကိုလက်တို့၍ မေးဆတ်ပြလိုက် သည်။

"ကျွန်တော် စဝင်လာကတည်းက သတိထားကြည့်မိပြီးသားဗျ၊ အံ့ဩလောက်တယ်"

စောရွှီးကား ဗုဒ္ဓရုပ်ပွားတော်၏လက်ဖဝါးပေါ်ရှိ ပတ္တမြားကြီး ကိုသာ စူးစိုက်ကြည့်နေလေသည်၊ ထိုအကြည့်ကို ကျွန်တော် သဘော မကျပါ၊ တပ်မက်လိုလားသောအကြည့် ဖြစ်နေခြင်းကြောင့်ပင်၊ သို့ကြောင့်. . .

"အဟင်း. . . ဟင်း. . . ဟင်း"ရယ်လို့ စောရွှီးအာရုံပျက်သွား အောင်အသံပြုလိုက်သည်၊ စောရွှီးက "ဒီလောက်အရည်အသွေးကောင်း ပြီး ကြီးမားလွန်းတဲ့ပတ္တမြားကို ကျွန်တော်ဒီတစ်ခါပဲ နီးနီးကပ်ကပ်တွေ့ဘူး တယ်၊ ပတ္တမြားမှောက်ဆိုတာများလား၊ အံ့ဩလွန်းလို့ ကျွန်တော် သေချာ စူးစိုက်ကြည့်နေမိတာ"

သို့နှယ်. . . ဖာဖာထေးထေး ပြောလာလေတော့၏။ သို့ဖြင့် ကျွန်တော်တို့ စားသောက်ပြီးလျှင် တရားထိုင်နေသော အသားနက်မကို အနှောင့်အယှက်ပေးရာရောက်မည်စိုး၍ ကြမ်းခင်းကို ခြေဖွနင်းကာ -

အိမ်ကြီးပေါ်မှ ဆင်းဟန်ပြုလိုက်ကြသည်တွင် . . . .

"အမောင်တို့နဲ့ပတ်သက်လို့ သခင်မကြီးဒေဝီက အမှာစကား ထားခဲ့တာကြောင့် ခဏတဖြုတ် စကားဆိုခွင့်ပြုပါဦးရှင်"

ချိုကြည်သာသော အသံညင်းညင်းလေးကြောင့် သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



သား ပြိုင်တူဆိုသလို အသံလာရာ ဗုဒ္ဓဆင်းတုတော်ရှေ့သို့ လှမ်းကြည့်လိုက်ကြသည်။

"ဟာ"

"အို"

"ဟင်"

လုံးဝထင်မှတ်မထားသော ရုပ်ရည်ပိုင်ရှင် အသားနက်မကို မင်သက်စွာ ငေးငိုင်ကြည့်နေမိကြတော့၏။

အသားနက်မသည် နှုတ်ခမ်းလန်လန်၊ နှာခေါင်းပွပွ၊ မျက်ပေါက်ကျဉ်းကျဉ်း၊ နဖူးမောက်မောက်ဖြစ်ချိမ့်မည်ဟု အစောပိုင်းက တွက်ထားပြား ယခုမူ လုံးဝ ဆန့်ကျင်ဘက်ဖြစ်နေတော့၏။ အသားအရောင်မဲသည် တလွဲ၍ သခင်မကြီးဒေဝီမျက်နှာပေါက်ဖြစ်ချေတော့၏။ သခင်မကြီးဒေဝီ၏အသံသည် အသံသြဇာကောင်းပြီး တည်ငြိမ်လွန်းလှ၏။ အသားနက်မ၏အသံသည်ကား တောင့်တောင့်တင်းတင်း မာမာထန်ထန်ဖြစ်မည် ထင်ခဲ့ပြား ကြိုးကြာသံဟုပင် ပြောစမှတ်ပြုလောက်အောင်ဖြစ်နေ၏၊

"အမောင်တို့အားလုံး နေစရာမလိုပါဘူး၊ သူသာ ခဏနေခဲ့ပါ၊ သခင်မကြီးဒေဝီမှာကြားခဲ့တဲ့အတိုင်း လုပ်ဆောင်စရာရှိလို့ပါ" ရယ်လို့ ပြောရင်း စောရွှီးကို လက်ညှိုးထိုးပြလေ၏၊

သူမ၏ပျော့ပျောင်းနူးညံ့သိမ်မွေ့သောလေသံကြောင့် အလိုလို ခေါင်းညိတ်မိလျက်သားဖြစ်သွားကြကာ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဂူသို့ပြန်လာခဲ့ကြ၏။

စောရွှီးသည် မျက်စိမျက်နှာပျက်လျက် ကျန်ရစ်ခဲ့တော့၏၊ လှိုဏ်ဂူသို့ ပြန်ရောက်လာကြလေမှ မိမိကိုယ်မိမိပင် အံ့သြမိတော့သည်၊





-ည်သို့ကြောင့် အသားနက်မစကားကို လွယ်လင့်တကူ လက်ခံမိပါလိမ့်။ -က်စိမျက်နှာပျက်ကျန်ခဲ့သည့် စောရွှီးအတွက် နောင်တရမဆုံးဖြစ်မိသည်။ စောရွှီးတွင် ဘယ်လိုပြဿနာတွေရှိပါလိမ့်။ စဉ်းစားမရပါချေ။ ညကကိစ္စနှင့် ပတ်သက်၍ဖြစ်ချိမ့်မည်၊

ညက စောရွှီး ဘာတွေများ မဟုတ်မဟပ်လုပ်ခဲ့ပါလိမ့်၊ မည်သို့-င်ဖြစ်စေ စောရွှီးသည် ကျွန်တော်တို့နှင့်ပါလာသူ၊ သို့ကြောင့် ဆိုးသည်-ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ကျွန်တော်တို့တွင် တာဝန်ရှိနေသည် မဟုတ်-ကလား။ စောစောကဘာကြောင့် သည်သို့မတွက်မိပါလိမ့်၊ အသားနက်-ပြောသမျှ ခေါင်းညိတ်လက်ခံခဲ့ကြပါလိမ့်၊ အသားနက်မ၏ စိတ်ညို့-ခြင်းကို ခံလိုက်ရသည်လား မသိနိုင်ပါချေ။

သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို အကျိုးအကြောင်း-ပြောပြပြီး လှိုဏ်ဂူပြင်သို့ပြန်ထွက်ရန် ဟန်ပြင်နေစဉ်မှာပင် စောရွှီး-ပြန်ရောက်လာတော့၏၊

"ဟာ . . . မင်းလက် . . ." ဟုပြောရုံရှိသေး . . .

"ပြဿနာမဟုတ်ပါဘူး၊ အသက်ကို လက်နဲ့လဲခဲ့တာပါ. ."

သူ့စကား အဆန်းပါကလား၊ ဘယ့်အတွက် အသက်နဲ့လက်-လဲခဲ့တာပါလိမ့်။

သူ၏ညာဘက်လက်ဖဝါး လက်ကောက်ဝတ်မှ ပြတ်နေပါ-ကလား။ ဆေးပတ်တီးစည်းနှောင်ထားသည့်ကြားမှ သွေးစိမ်းတို့ ယိုစိမ့်-ထွက်နေ၏။ ကျွန်တော် ထိတ်လန့်သွားမိသည်။

"ဘယ်လိုဖြစ်လာတာတုန်း ပြောစမ်းပါကွာ"

လင်းမြင့်လှိုင်က သူ့ပုခုံးကိုကိုင်လှုပ်ရင်း အံကို -င်းတင်းကြိတ်



www.burmeseclassic.com

www.burmeseclassic.com



မေးလေသည်။

စောရွှီးတစ်ယောက် လွန်မင်းစွာညှဝ်နည်းကြေကွဲနေပုံရ၏။ အဝေးသို့ငေးကြည့်တွေဝေနေတော့၏။

“ဒီမယ် စောရွှီး၊ မှန်မှန်ပြော၊ မင်းလက်ကို အသားနက်မ ဖြတ်လိုက်တာလား”

သူ ခေါင်းခါပြသည်။

“နို့ဖြင့် . . . . .”

“ကိုယ့်ဖာသာ ဖြတ်လိုက်ရတာပါ”

“ဘာရယ်၊ ရှင်းအောင်ပြောကွာ”

“ဟုတ်တယ်စောရွှီး၊ ဖြတ်လိုက်ရတာပါဆိုတဲ့စကားအဓိပ္ပါယ်က သူများအမိန့်ပေးဖြတ်ခိုင်းလို့ ဖြတ်လိုက်ရတဲ့သဘောဖြစ်နေပြီ”

လင်းမြင့်လှိုင်ကပါ အားမလိုအားမရဝင်ပြော၏။ သူကပင်ဆက်၍ -

“သူဖြတ်ခိုင်းတိုင်း မင်းကနာခံရအောင် စိတ်ညှို့ခံလိုက်ရလို့လား” မေးလိုက်ပြန်သည်။

စောရွှီးခေါင်းခါသည်။ ပြီးနောက် . . .

“ညက ကျွန်တော် ကျူးလွန်မိတဲ့အပြစ်အတွက် လျှော့လျှော့ပေါ့ပေါ့ လိုက်လျောပေးတဲ့ အပြစ်ဒဏ်ပါ”ဟုပြောလာသဖြင့်-

“ဘာကွ . . . ညက မင်း ဘယ်လောက်ဆိုးဝါးတဲ့အပြစ်ကို လုပ်ခဲ့မိလို့လဲ”

သို့ဆိုသလို ကျွန်တော်က အမိန့်သံပါပါ ဒေါသတကြီးမေးလိုက်သည်။





“ညကကျူးလွန်ခဲ့တဲ့အပြစ်ကို သိပ်သိချင်လား”

ထိုစကားသည် စောရွှီးပြောခြင်းမဟုတ်၊ ဘယ်အချိန်က ရောက်လာသည်မသိသော အသားနက်မစကားသံဖြစ်သည်။ ဂူဝသို့ လှည့်ကြည့်လိုက်ကြသည်။

ဤတွင် စောရွှီးသည် သူ့နောက်မှရောက်လာသော အသားနက်မကို ကပျာကသီလှည့်ကြည့်ပြီး ပျာပျာသလဲလေသံဖြင့် -

“ခင်ဗျားပေးလာတဲ့အပြစ်ကို ကျွန်တော် ကျေကျေနပ်နပ်လက်ခံခဲ့ပြီပဲ၊ ဒီကိစ္စနဲ့ပတ်သက်လို့ ဘာမှမပြောပါနဲ့လို့ ကျွန်တော်တောင်းထားတဲ့ကတိကို ဖျက်တော့မှာလား” ဟု တုန်ယင်စွာမေးလိုက်သည်တွင် အသားနက်မက ယဲ့ယဲ့လေးပြုံးလိုက်ကာ-

“အမောင်ငယ် . . . မစိုးရိမ်ပါနဲ့ကွယ်၊ ကတိမဖျက်ပါဘူး၊ မင်းသဘောနဲ့ပြောချင်လျှင်တော့ ပြောနိုင်ပါတယ်နော်၊ ကဲ . . . အမောင်တို့ဘာသာ သူ့ကိုရအောင်မေးပေရော့၊ သခင်မကြီးဒေဝီက အမောင်တို့မျက်နှာကိုထောက်ပြီး အသက်ညှာခံပြစ်ဒဏ်ပေးလိုက်တာပါ”

သို့နှယ်ပြောပြီး ဂူပေါက်ဝမှာ တစ်လှမ်းချင်း ကြွနွဲ့ရရလျှောက်လှမ်းထွက်သွားတော့သည်။

“ဘာသာတရား ကိုင်းရှိုင်းလှချည့်ရဲ့လို့ထင်ထားတာလွဲပေါ့၊ လူသားချင်းမစာနာ၊ မိန်းမသားတန်မဲ့ ရက်စက်လွန်းတယ်ဗျာ”ရယ်လို့ ပြောလိုက်ပြီး ကျွန်တော်သည် အသားနက်မ၏ကျောပြင်သို့ သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

သည့်တွင် စောရွှီးသည် ကျွန်တော်၏ သေနတ်ပြောင်းဝသို့ ခုန်ကော့ကာ ပိတ်ရပ်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာသဘောလဲ စောရွှီး"

စောရွှီး၏လုပ်ရပ်ကြောင့် ကျွန်တော် ဒေါသထွက်သွားသည်။

"ကျွန်တော့်အမှားပါ၊ ကျွန်တော့်ကို သတ်ချင်သတ်လိုက်ပါ၊ ကျွန်တော့်ကိုသတ်လိုက်လို့ ဆရာပိုက် အပါယ်ငရဲမကျနိုင်ဘူး၊ ဒုက္ခမရောက်နိုင်ဘူး၊ သူ့ကိုသတ်လိုက်မယ်ဆိုလျှင်ဖြင့် အမှားကြီးမှားသွားလိမ့်မပေါ့၊ ကျွန်တော်ဒီလောက်ပဲပြောချင်တယ်၊ ကိုယ့်ဖာသာ စဉ်းစားဆုံးဖြတ်ပေတော့"ဟုပြောကာ သူ့ကုတင်ပေါ်တွင် သွားရောက်လဲလျောင်းလေတော့၏။

"ကိုပိုက်. . . စိတ်ထိန်းပါဗျာ၊ စောရွှီးမှာ ဖွင့်ပြောလို့မဖြစ်တဲ့ အကြောင်းကိစ္စကြီး ရှိပါလိမ့်မယ်၊ သူ့ကိုယ်ရေးကိုယ်တာကိစ္စကိုသူ့ဘာသာဖြေရှင်းခဲ့ပြီပဲ၊ သူမပြောချင်တာကို မသိချင်ပါနဲ့တော့ဗျာ၊ ကျွန်တော်တော့ သဘောပေါက်သွားပြီ"

သို့နှင့် လင်းမြင့်လှိုင်က ဝင်ရောက်ဖျောင်းဖျလေသည်ကြောင့် ကျွန်တော်သည် စိတ်မကောင်းကြီးစွာဖြင့် ကုတင်ထက်တွင် ခြေပစ်လက်ပစ်လှဲချလိုက်တော့သည်။

ဟိုတွေးသည်တွေး လူးကာလိမ့်ကာဖြင့် ရှိနေရာမှ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

"ကိုလင်း. . . ဒီကနေ့ပဲ ဒီကနေ ထွက်ကြမယ်ဗျာ"

"အလို၊ ဘယ်လိုဖြစ်ရတာတုန်း၊ နက်ဖြန်ကို သခင်မကြီးဒေဝီ တောင်းထားတဲ့ အကူအညီအပေးဖို့ ..ပြီးတော့ သူ့အသက် ၁၀၀ ဟုတ်မဟုတ် အဖြေမှန်သိရမယ်မဟုတ်လား"

လင်းမြင့်လှိုင်က အပြောင်းအလဲမြန်သောကျွန်တော့်ကို သတိ





ပေးပြောလာ၏၊ သို့ကြောင့် . . .

"ကျွန်တော်သိတယ်ကိုလင်း၊ သူ့ဖာသာ အသက် ၁၀၀ မကလို့ ၁၁၀၀ ဖြစ်ပါစေ၊ စိတ်မဝင်စားတော့ဘူး၊ စောရွှီးကိစ္စနဲ့ပတ်သက်လို့ လုံးဝစိတ်မကောင်းဖြစ်မိတယ်ဗျာ၊ ပြန်ကြစို့"

သို့နှင့်ပြောရင်း လက်စွဲတော်သေနတ်ကို ကောက်ယူလိုက်ပြီး အနာရှိန်ဖြင့် အိပ်ပျော်နေသော စောရွှီးကို ပုတ်နိုးရန် ဟန်ပြင်လိုက်စဉ်မှာပင် လင်းမြင့်လှိုင်က အနားရောက်လာပြီး . . . .

"ကိုပိုက်. . . သူတို့က ဘယ်လိုဖြစ်ပါစေ၊ ကျွန်တော်တို့က သူကြီးလူကောင်းပီသဖို့လိုတယ်၊ သွားကြမယ်ဆိုလျှင်ဖြင့်လည်း သခင်မကြီးဒေဝီကိုသွားတွေ့ အကျိုးအကြောင်းပြောပြပြီးမှ ပြန်လျှင်ကောင်းတာပေါ့၊ စောရွှီးကိစ္စကလည်း ဒီလောက်ကြီး ရက်ရက်စက်စက်ပြစ်ဒဏ်ပေးဖို့သင့်တာမှန်ပေမင့် စောရွှီးကိုယ်နှိုက်က သာသာကြည်ကြည် ပြစ်ဒဏ်ခံသူခဲ့တာဆိုတော့ ကျွန်တော်တို့မသိတဲ့ လျှို့ဝှက်အကြောင်းကိစ္စတွေ ရှိကောင်းရှိနိုင်သဗျ၊ ကဲပါလေ၊ ကိုပိုက် မနေလိုတော့ဘူးဆိုတော့ ကျွန်တော်တို့လည်းပြန်မှာပေါ့၊ ခုလောက်ဆို သခင်မကြီးဒေဝီ ရေအိုင်ကနေပြန်ရောက်လောက်ပြီပေါ့၊ သွားတွေ့ကြစို့"

လင်းမြင့်လှိုင်စကားဆုံးသည်နှင့် ကျွန်တော်သည်လည်း အိပ်မောကျနေသော စောရွှီးနံဘေးတွင် ထိုင်ချလိုက်ကာ ဘာဆက်လုပ်ရမည်ကို စဉ်းစားလိုက်၏။ ပြီးလေမှ သေနတ်ကို မြေပြင်သို့ အသာအယာထောင်ချလိုက်ပြီး. . . .

"ကောင်းပြီလေ၊ ကျွန်တော်သခင်မကြီးဒေဝီကိုသွားတွေ့ပြီး အကျိုးကြောင်းပြောပြပြီးပြန်ကြမယ်၊ ကိုလင်း ဒီကပဲစောင့်နေမယ် စောရွှီး



www.burmeseclassic.com

www.burmeseclassic.com



[illegible] အားငယ်နေလိမ့်မယ်၊ လက်ကို အစိမ်းလိုက်ခုတ်ဖြတ် [illegible]ရတာဆိုတော့ အင်မတန်နာရှာမှာပဲဗျ"

"သူ့ရင်ထဲက ပိုနာနိုင်တာပေါ့ဗျာ၊ မိမွေးတုန်းက အင်္ဂါစုံ လက်ဝါးတစ်ဖက်မရှိတော့ဘူး၊ ညာဘက်လက်ဆိုတော့ ပိုဆိုးတာပေါ့"

လင်းမြင့်လှိုင်က အိပ်ပျော်နေသော စောရွှီး၏ညာလက်ကို ကြည့်ရင်း စိတ်မကောင်းစွာပြောသည်။

ကျွန်တော်သည်လည်း မျက်နှာငယ်လေးဖြင့် အိပ်မောကျနေ သည့် စောရွှီးကိုတစ်ချက်ကြည့်လိုက်ပြီး သခင်မကြီးဒေဝီရှိရာ စံအိမ်သို့ သွက်လက်သောခြေလှမ်းများဖြင့် လှမ်းထွက်ခဲ့တော့သည်။

စံအိမ်ကြီး၏အောက်ခြေလှေကားထိပ်သို့ရောက်သည်နှင့် ·

"အပေါ်တက်ခဲ့ပါ၊ ခုပဲလာခေါ်ခိုင်းမလို့" ဟုသခင်မကြီးဒေဝီ၏ အသံကြားလိုက်သည်ကြောင့် အပေါ်ထပ်သို့တက်သွားလိုက်သည်။ သခင်မကြီးဒေဝီသည် ဗုဒ္ဓဆင်းတုတော်ရှေ့တွင် လူးလာခေါက်တုန့် ခေါက်ပြန်လျှောက်နေ၏။ ကရင်အင်္ကျီသင်တိုင်းရှည်ကြီးဖြင့်သာတွေ့ လိုက်ရသည်ကြောင့် ရေအိုင်ကြီးဘက်မှပြန်လာသည်မှာ မကြာသေးဟု တွက်ဆမိလိုက်သည်။

"အမောင်လုလင်. . . ခုပဲပြန်တော့မယ်ဆိုတာ လာပြောတာ မဟုတ်လား"

သူမစကားကြောင့် ကျွန်တော်အံ့သြသွားမိသည်။ ဘယ်လို ကြောင့် ကြိုသိနေပါလိမ့်။

"ဟုတ်တယ်၊ ကျုပ်မိတ်ဆွေလေးကိစ္စနဲ့ပတ်သက်လို့တော့ဖြင့် အထွေအထူးမပြောချင်တော့ဘူး၊ ဘယ်သူ့မှားမှားမှန်မှန် ဖြစ်ပြီးခဲ့တဲ့ ပြဿ





နာကိုလည်း မသိချင်ဘူး၊ နို့ပေမင့် တစ်ခုတော့ပြောခဲ့ချင်တယ်၊ ခင်ဗျား တို့ကို အင်မတန်ရုံးညွှဲသိမ်မွေ့တယ်လို့ ထင်ခဲ့ရပေမင့် တကယ်တမ်းကျ တော့ သွေးအေးအေးနဲ့ အင်မတန်ရက်စက်တဲ့သူတွေပဲဗျာ၊ ရုပ်ခန္ဓာနဲ့ တောင် မလိုက်ဖက်ဘူး၊ ကဲပါလေ၊ ခုပဲ ကျုပ်တို့ပြန်ကြမယ်ဆိုတာလာ ပြောတာ"

သို့နှုတ်ပြောလိုက်ပြီး လှည့်အထွက်တွင် သခင်မကြီးဆိုသူ၏ မျက်နှာသည် ညှိုးကျသွားတော့၏။ ပြီးလေမှ . . . .

"အမောင်လုလင်ကို မေတ္တာရပ်ခံပါရစေ၊ နက်ဖြန်ကိုအမတော် ရဲ့နှစ် ၁၀၀ ပြည့်မွေးနေ့လေ၊ ကြုံတောင့် ကြုံခဲမို့ ရှိစေချင်တယ်၊ ပြီးတော့ အမောင်လုလင့်ရဲ့အကူအညီကိုလည်း တောင်းထားတာပေးမယ်လို့ ကတိပေးခဲ့ပြီမဟုတ်လား၊ ကတိတစ်လုံးဆိုတာ ပေးပြီးမဖျက်ကောင်း ပါဘူး"

သူမစကားကြောင့် ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်မော လိုက်ပြီး. . .

"ဟား. . . ဟား. . . ဟား. . . ဟား. . . သဘောကျတယ်ဗျာ၊ ကျုပ်ရဲ့အကူအညီလည်း လိုအပ်တယ်ဆိုသေး၊ ကျုပ်မျက်နှာကိုမှ မထောက်ထားဘဲ မိတ်ဆွေလေးစောရွှီးရဲ့လက်ကိုတော့ ဖြတ်ရက်ကြတယ် ပေါ့၊ တရားရဖို့ ကောင်းလိုက်တာ၊ ဘာမှပြောမနေပါနဲ့တော့၊ ဘာအကူ အညီမှလဲ မပေးနိုင်တော့ဘူး"

သို့နှုတ်ပြောကာ လှည့်ထွက်ရန် ဟန်ပြင်နေဆဲတွင်. . .

"ဒေါသတကြီးဖြစ်မနေပါနဲ့ရှင်၊ ကာယကံရှင်ဖြစ်တဲ့ အမောင် ငယ်စောရွှီးကိုပဲ သေသေချာချာ ချော့မော့မေးစမ်းပါဦးလား၊ ရှင်၊ သူလုပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မှန်သိလျှင်ဖြင့် အမတော်အပေါ်မှာ ကရုဏာသက်ပြီး နားလည်သွားပါလိမ့်မယ်"

အသားနက်မ ပါကလား။ ကျွန်တော်၏ရှေ့တွင် တည်ငြိမ်စွာရပ်လျက် ပျော့ပြောင်းညင်သာစွာ ပြောလာသဖြင့်. . .

"ဘယ်လိုမှမေးလို့မရဘူး၊ ခင်ဗျားတို့သူ့ကို ဘာလုပ်ထားကြသလဲ၊ မှန်မှန်ပြော"

ကျွန်တော်သည် အသားနက်မကို စူးစူးရဲရဲကြည့်ကာ ခပ်ဆတ်ဆတ်မေးလိုက်၏။ သူမသည် ဒေါသထွက်ခြင်း အလျဉ်းမရှိ အမူအရာဖြင့်. . . .

"ကတိပေးပြီးလျှင် တည်ရတယ်လေ၊ သူက ကတိတောင်းထားတယ်၊ ကျွန်ုမနေ့ရာမှာ အမောင်တို့ဆိုလျှင်ကော ပေးထားတဲ့ကတိကိုဖျက်မှာလား"

"အင်းလေ၊ နို့ဖြင့် ဘယ်သူ့ဘယ်သူ့ကိုမှ အဖြစ်မပြောလိုတော့ဘူး၊ ရှိစေတော့၊ ဒီမှာလဲမနေလိုတော့လို့ ပြန်တော့မယ်ဆိုတဲ့ အကြောင်းသခင်မကြီးဒေဝီကိုလာပြောတာ"

"အမောင်လုလင် ဆုံးဖြတ်ချက်လုံးလုံးချလိုက်ပြီလား"

သခင်မကြီးဒေဝီက မေးလာသဖြင့်. . .

"ဟုတ်တယ်"ရယ်လို့ ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"ကောင်းပြီလေ၊ အမောင်ငယ်လေးကိစ္စနဲ့ပတ်သက်လို့ အမောင်လုလင်အဖြစ်မှန်သိရလျှင်ကော. . . ."

"နို့ဆိုလျှင်ဖြင့် ဖြစ်ရပ်ပေါ်မှာ စဉ်းစားဆုံးဖြတ်ပြီး ဆက်နေသင့်လျှင် နေရမှာပေါ့" သို့နှုတ်ပြောလိုက်သည်တွင် သခင်မကြီးဒေဝီက





ပြုံးလျက် -

"ညီမတော်. . ."ရယ်လို့ အသားနက်မကို လှမ်းခေါ်လိုက်သည်။ အသားနက်မက မျက်စိမျက်နှာပျက်လျက်. . .

"အမတော်. . . မဖြစ်ဘူးထင်တယ်၊ ရှုံးနိမ့်သူတစ်ယောက်အပေါ်ပေးထားတဲ့ကတိက ပိုလို့မဖျက်ကောင်းဘူးထင်တယ်နော်" ဟုပြောလေသည်တွင် သခင်မကြီးဒေဝီက. . .

"ညီမတော်က ကတိဖျက် နှုတ်ကဖွင့်ပြောစရာလည်း မလိုပါဘူးကွယ်၊ အမောင်လုလင်သိဖို့ အခြားနည်းလမ်းကို သုံးလို့ရပါတယ်၊ ညီမတော် မစဉ်းစားမိဘူးလား" ပြောလေသည်တွင် အသားနက်မ၏မျက်နှာသည် ပြုံးယောင်သမ်းလာပြီး. . .

"ဟာ. . . ဟုတ်တာပေါ့၊ ကောင်းပြီလေ၊ အမောင့်ကို နှုတ်ကဖွင့်မပြောပေမင့် သိစေပါတော့မယ်"ဟု ပြောလေ၏။

ညကအကြောင်းရင်းမှန်ကိစ္စကို သိရတော့မည်ဖြစ်၍ ကျွန်တော်စိတ်လှုပ်ရှားမိတော့၏။

"ကဲ. . . အမောင်၊ မျက်နှာချင်းဆိုင်လာထိုင်၊ လက်ချင်းယှက်ဆုပ်ကိုင်ထားပါလေ"

အသားနက်မက တင်ပလ္လင်ခွေထိုင်ချကာ ကျွန်တော့်ကိုပြောလေသဖြင့် လန့်ဖျပ်သွားမိသည်။ သို့ဖြစ်သွားခြင်းကို သခင်မကြီးဒေဝီ ရိပ်မိသွားသည်ကြောင့်. . .

"ညီမတော်ပြောသလို အမြန်လုပ်လိုက်ပါ၊ ဒါဟာဆိုလျှင်ဖြင့် ဓါတ်ကူးစေခြင်းဖြစ်တယ်"ဟုပြောသည်။

"အော်. . . ဓါတ်ကူးခြင်းတဲ့လား"ရယ်လို့ စိတ်ထဲတွက်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



အသားနက်မရှေ့တွင် တင်ပလ္လင်ခွေထိုင်ချလိုက်ပြီး သူမလက်ဖဝါးအစုံကို ဆုပ်ကိုင်လိုက်သည်တွင် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွားရတော့သည်။ ဘယ့်တွက်မှု အသားနက်မ၏အသားသည် နူးညံ့လွန်း၍ ဖြစ်ချေ၏။ သို့ကြောင့် သူမ၏မျက်နှာကို အကဲခတ်ကြည့်လိုက်မိသည်။ တည်ငြိမ်စွာဖြင့် မျက်ဝန်းအစုံကိုပိတ်ထားလျက်. . .

"ဖောက်လွဲဖောက်ပြန် စိတ်ကူးစိတ်သမ်းတွေဟာ အညစ်အကြေးတွေနော်၊ သန့်ရှင်းဖို့လိုတယ်" သို့နှယ်ပြောလာသဖြင့် ကျွန်တော် လွန်မင်းစွာရှက်သွားမိ၏။

လက်ချင်းထိမိရုံဖြင့် သူမအပေါ် ကျွန်တော် တိမ်းညွတ်သွားမိလေသည်လား။

သို့ ကျွန်တော်၏အတွင်းစိတ်ကို သိနေလေသည်ကြောင့် ထိုစကားပြောလာခြင်းပေလား၊ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော် ဆင်ခြင်ရပေတော့မည်။

သို့ကြောင့် စိတ်ကိုထိန်းချုပ်လိုက်ကာ သူမကဲ့သို့ မျက်ဝန်းအစုံကို မှိတ်ထားလိုက်၏။ ပြီးစိတ်ထဲမှ ဘုရားရှင်ကိုသာ အာရုံပြုလိုက်တော့သည်။ ပြီးလျှင်နှုတ်မှလည်း "လောကဝိဒူ"ရယ်လို့ အကြိမ်ကြိမ်ရွတ်ဆိုနေလိုက်တော့သည်။

"ကဲ. . မနေ့ကအဖြစ်အပျက်ကို ပြန်စဉ်းစားတော့မယ်၊ စိတ်မှာဘာမှမမှတ်လေနဲ့တော့၊ အိပ်ပျော်အောင် အိပ်လိုက်တော့၊ အိပ်လိုက်တော့ အိပ်တော့. . . အိပ်တော့. . . အိပ်လေ. . ."

အသားနက်မစကားသံဆုံးသည်နှင့် ကျွန်တော်သည်လည်း မိုက်ကနဲတစ်ချက်ဖြစ်သွားကာ အဖြူရောင်တားချပ်ကြီးတစ်ခုကို





ထင်းထင်းကြီးမြင်လိုက်တော့သည်။ တခဏအကြာတွင် ထိုအဖြူရောင်တားချပ်ကြီးတွင် အိပ်ပျော်နေသော ကျွန်တော်တို့သုံးယောက်ပုံကို မြင်ရသည်။

သို့မှတဖန် စောရွှီးသည် အိပ်ပျော်နေခြင်းမဟုတ်၊ ကျွန်တော်နှင့် ယှဉ်မြင့်လှိုင်ကား နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေခြင်းဖြစ်၏။

စောရွှီးသည် အိပ်ရာမှ ညင်သာစွာထလိုက်ကာ ဝူပေါက်အပြင်သို့ ခိုးကြောင်ခိုးဝှက် တိတ်တဆိတ်ထွက်သွားလေတော့၏။

အနှောင့်အယှက် အတားအဆီးမရှိ၊ အိမ်မကြီးအောက်သို့ ရောက်သွားတော့၏။ ထိုမှတဖန် လှေကားထစ်များပေါ် ခြေဖော့ကာ တက်သွားပြန်သည်၊ လှေကားဆုံးရောက်သည်နှင့် အတွင်းဝင်ပေါက်တံခါးမကြီးကို အသာအယာတွန်းဖွင့်လိုက်သော်ငြား 'ကျွီ'ရယ်လို့ အသံထွက်သွားသည်။

တိတ်ဆိတ်သောအချိန်ဖြစ်၍ ကျပ်နေသောပတ္တာကြောင့် သို့ အသံထွက်သွားခြင်းဖြစ်သည်။

သို့ဖြစ်၍ စောရွှီးသည် တစ်စုံတစ်ဦးသိသွားလေပြီဟု စိုးရိမ်စိတ်ဖြစ်ကာနောက်ဘက်၊ ဘေးဘီကဗျာကသီ လှမ်းကြည့်လိုက်သည်။ သူစိုးရိမ်သလို မည်သို့သော သံသယရှိဖွယ်အရိပ်အရောင် မတွေ့သည်ကြောင့် အိမ်မကြီးအတွင်း လှစ်ခနဲဝင်လိုက်ပြီး တံခါးကိုပြန်စေ့လိုက်ကာ ဘုရားဆင်းတုတော်ရုပ်ပွားရှိရာသို့ သွားလိုက်သည်။

သူသည် လွန်မင်းစွာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။ ခေါင်းခဲ ခံမှုမည်ထင်ထားပေမဲ့ လွယ်လင့်တကူ သူ၏အကြံအစည်ကို အကောင်အထည်ဖော်လိုက်နိုင်ခြင်းကြောင့် ကျေနပ်စွာပြုံးလျက် ရုပ်ပွားတော်၏



www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးတော်ပေါ်ရှိ ပတ္တမြားကိုလှမ်းယူလိုက်သည်။

သူ့လက်သည် ပတ္တမြားကြီးကို မကိုင်မိပေမဲ့ တစ်ကိုယ်လုံး ကျင်စက်ဖြင့်တို့ခံလိုက်ရသလို ဖြစ်သွားသည်။

"အား"

အံ့ဩထိတ်လန့်သွားမိသည်။

သူ၏နောက်ကျောတွင်လည်း တစ်စုံတစ်ဦးရောက်ရှိနေပြီဖြစ် ကြောင်း သိလိုက်ရသည်ကြောင့် လက်ဦးမှုရယူကာ ရုတ်ချည်းလှည့်တိုက် ခိုက်လိုက်သည်။ လေကိုသာ ထိုးကန်ကျောက်မိသည်။ သူ့ထက်ပိုမိုလျင် မြန်ဖျတ်လတ်နေပါကလားရယ်လို့ သိလိုက်ချိန်မှာပင် သူ၏ပုခုံးနှစ်ဖက် ပေါ်သို့ ခြေအစုံဖိနင်းကျလာပြီး ထိုခြေအစုံ၏ ဖနောင့်တို့သည် သူ၏ လည်မျိုကို အချိန်အဆမှန်မှန် ဆတ်ခနဲညှပ်ရိုက်ခြင်းကို ခံလိုက်ရသည် ကြောင့် လောကကြီးတစ်ခုလုံး မှောင်ကျသွားတော့သည်။

သို့နှယ်. . . စောရှိုးတစ်ယောက် မေ့မျောလဲကျသွားသည်နှင့် အသားနက်မသည် ကြမ်းပြင်တွင် ပက်လက်အနေအထားရှိနေသော စောရှိုး၏နှလုံးသားရှိရာ ရင်အုံသို့ ခြေဖနောင့်ကိုတင်လိုက်ကာ ဖိနင်းခု လိုက်မည့်ဟန် ပြင်လိုက်သည်တွင် အိမ်မကြီးအတွင်းခန်းမှနေ၍. . .

"ညီမတော် စိတ်လျှော့လိုက်ပါ၊ သိန်းငှက်ကိုအပ်လိုက်ပြီး အဆင်ပြေအောင် ထိမ်းထိမ်းသိမ်းသိမ်းလုပ်ထားခိုင်း၊ မနက်ကျမှ အမတော်သူ့ကိုစွပ်စွဲဒဏ်မှတ်မယ်"ရယ်လို့ အသံထွက်လာသည်။

အသားနက်မသည် ပျော့ပြောင်းသောလေသံဖြင့်. . .

"အမတော်ရဲ့အသက်နဲ့ပတ်သက်တဲ့ကိစ္စနော်၊ တစ်ခါတည်း သတ်ဖြတ်အစဖျောက်ဖျက်သင့်တာ"ဟု ပြောလေ၏။





"အမတော်ကတော့ အဲလိုမထင်ဘူး၊ လောဘစိတ်ပဲ သူ့မယ် ရှိလိမ့်မယ်၊ ဒီပတ္တမြားကြီးက အမတော်ရဲ့ဘဝအတွက် အလွန်တရာ အရေးကြီးလိမ့်မယ်ဆိုတာ သူသိချင်မှသိမှာပေါ့၊ တန်ဖိုးကြီးတဲ့ပတ္တမြားကြီး ဆိုတာလောက်ပဲ သူသိမှာပါကွယ်"

သခင်မကြီးဒေဝီက သို့ပြောပေငြား အသားနက်မသည် မကျေ မနပ်လေသံဖြင့် . . . .

"ရန်သူကို လျှော့မတွက်သင့်ဘူး အစ်မတော်၊ တကယ်လို့ ဒီလူ ဟာ မြွေပောက်လွှတ်လိုက်တဲ့လူ မဖြစ်နိုင်ဘူးလို့ ပြောနိုင်လား"

သို့နှယ် အသားနက်မက ပြောလိုက်သည်တွင် သခင်မကြီးဒေဝီ ထံမှ မည်သည့်အသံမျှထွက်မလာတော့ချေ၊ သို့ပေမင့် အသားနက်မက ဆက်ပြောပြန်၏။

"အင်းလေ. . . အမတော်တွက်ဆသလို လောဘစိတ်တစ်ခုထဲ နဲ့ ဒီပတ္တမြားကြီးယူချင်တယ်ပဲထား၊ ဒီပတ္တမြားကြီးက အစ်မတော် အသက်နဲ့ ပတ်သက်လို့ အရေးပါအရာရောက်ပစ္စည်းလေ၊ နက်ဖြန်ဆိုလျှင် ဖြင့် အစ်မတော် နှစ် ၁၀၀ ပြည့်မွေးနေ့၊ အဲဒီညမှာပဲ အသုံးချရမှာမဟုတ် လား၊ ဒီပတ္တမြားကြီးမရှိလျှင် . . . . ကဲပြောလေ"

သို့နှယ်. . . အသားနက်မက ချက်ကျကျပြောလိုက်သည်တွင် သခင်မကြီးဒေဝီသည် အခန်းတွင်းမှ တည်ငြိမ်စွာ လျှောက်လှမ်းထွက်လာ ပြီး အသားနက်မရှေ့သို့ လာရပ်လိုက်ကာ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင် လိုက်၏။

"ညီမတော်တစ်ယောက်လုံး အစ်မတော်အနားမှာ မခွာရှိနေ မှတော့ဘာမှစိုးရိမ်စရာ၊ ကြောက်ရွံ့စရာမရှိပါဘူး"ရယ်လို့ပြောပြီး အသား



www.burmeseclassic.com

www.burmeseclassic.com



နက်မ၏နဖူးပြင်ကို သူမ၏နှုတ်ခမ်းနှစ်လွှာဖြင့် ဖွဖွလေးနမ်းလိုက်လေတော့သည်။

သခင်မကြီးဒေဝီ၏ဂုဏ်ပြုအနမ်းသည် အသားနက်မအတွက် တန်ဖိုးမဖြတ်နိုင်သော ဂုဏ်ပြုလက်ဆောင်ကောင်းတစ်ခုပင်ဖြစ်ပေသည်။

"ညီမတော်က စိုးရိမ်လွန်းကဲလို့ပြောရတာပါ၊ စိတ်ချပါ အစ်မတော်၊ ညီမတော်ရဲ့အသက်နဲ့ရင်းပြီး အစ်မတော်အကျိုးအတွက် အနားကပ်တာဝန်ထမ်းဆောင်သွားမှာပါ"

ပြုံးစစဖြင့် ပြောလိုက်ပြီးလျှင် 'ရှိုး'ရယ်လို့ လေချွန်လိုက်သည်တွင် ဝံနက်ကောင်ကြီးသည် ပေါ့ပါးသွက်လက်စွာဖြင့် သူတို့အနားရောက်လာတော့သည်။

အသားနက်မက ဝံနက်ကောင်ကြီးကို လက်လှုပ်ရှားဘာသာစကားဖြင့် ပြလိုက်သည်တွင် ဝံနက်ကောင်ကြီးက စောရှီးကိုပွေ့ယူကာ အိမ်ကြီးပေါ်မှ ဆင်းသွားလေတော့သည်။

စံအိမ်ကြီးအောက်တွင် ဘယ်အချိန်က ရောက်နှင့်နေသည် မသိသော သိန်းငှက်သည် လက်ပိုက်ရပ်နေ၏။ ဝံနက်ကောင်ကြီးက ပွေ့ပိုက်သယ်လာသော စောရှီးကို သိန်းငှက်ခြေအစုံရှေ့တွင် သာသာညင်သာစွာချလိုက်ပြီး အမှောင်ထုအတွင်း လှစ်ခနဲဝင်ရောက် ပျောက်ကွယ်သွားတော့သည်။

အိပ်မက်လည်းမဟုတ်သော ထိုမြင်ကွင်းမြင်လိုက်ရပြီးသည်နှင့် ကျွန်တော်၏တစ်ကိုယ်လုံးသည် ချွေးတနဲဖြစ်သွားတော့သည်။

သည့်နောက် အသားနက်မ၏ ပြုံးရွှင်သောမျက်နှာကို မြင်လိုက်ရ၏၊ အသားနက်မနှင့် ကျွန်တော် လက်ချင်းယှက်ထားရာမှ ကွာသွား





သည်နှင့် ကျွန်တော်သည် အိပ်ယာမှ လန့်နိုးလာရသူပမာ ဖြစ်သွားရ၏၊ စောရှီး၏ ညကဖြစ်ရပ်သည် ရုပ်ရှင်ကြည့်ရသလို ထင်ထင်ရှားရှားကြီး မြင်သိလိုက်ရသည်တွင် သစ္စာမရှိသော စောရှီးကို ဒေါသထွက်မိတော့၏။

"အမောင်လုလင် အကြောင်းရင်းမှန် သိသွားတော့ ဘယ်လို ဆက်လုပ်မယ်ဆိုတာ ပြောလို့ရသွားပြီပေါ့ ဟုတ်လား"

သခင်မကြီးဒေဝီမေးလာခြင်းဖြစ်သည်၊ သို့ကြောင့် ကျွန်တော် က တစ်စုံတစ်ခုကို စဉ်းစားမိလိုက်သည်ဖြစ်၍. . .

"နို့ဖြင့် ဗိပတ္တမြားကြီးနဲ့ သခင်မကြီးဒေဝီအသက် ဘယ်လို ဆက်စပ် ပတ်သက်နေလို့လဲ"ဟု မေးလိုက်၏။

"အမောင်လုလင်ကိုပြောဖို့ အချိန်စောပါသေးတယ်၊ နို့ပေမင့် အမောင်လုလင်သိရပါစေမယ်၊ နက်ဖြန်ဆိုလျှင်ဖြင့် အမတော် ဆက်လက် အသက်ရှင်ရေးအတွက် အလုပ်တစ်ခုကိုလုပ်ရတော့မယ်၊ ကဲ. . . ဘယ် လိုလဲ အမောင်လုလင်ရဲ့သဘော"

"ကျွန်တော် သိပ်စိတ်ဝင်စားပါတယ်၊ စောရှီး ကိစ္စကိုလည်း အကြောင်းစုံသိရပြီမို့ သခင်မကြီးဒေဝီအပေါ် နားလည်ပေးနိုင်ပါတယ်၊ ဒါပေမင့် စောရှီးအတွက်တော့ စိတ်မကောင်းဖြစ်မိတယ်"

ကျွန်တော့်စကားကြောင့် သခင်မကြီးဒေဝီက ပြုံးလျက်. . .

"အမောင်ငယ်ရဲ့ ဘဝရှေ့ရေးအတွက်လား၊ သည့်အတွက် အမတော်စဉ်းစားထားပြီးသားပါ၊ အစ်မတော်ရဲ့လုပ်ငန်း ရှောရှော ရှူရှူ ချောင်ချောင်မြင်မြင်ဖြစ်သွားပြီးလျှင်ဖြင့် အမောင်ငယ် သိပ်တပ်မက်တဲ့ ဗိပတ္တမြားကြီးနဲ့အလားသဏ္ဍာန်တူ တန်ဖိုးတူမဟုတ်ပေမင့် သည် တန်ဖိုးများလောက်တဲ့ အရေအတွက်များများ ရွှေ၊ ငွေ၊ ပတ္တမြား



www.burmeseclassic.com

www.burmeseclassic.com



တွေကို လျော်ကြေးအဖြစ်လည်းကောင်း၊ အမတော်ရဲ့ကိစ္စ ကူညီပေးသူတွေကို ကျေးဇူးဆပ်တဲ့အနေနဲ့သော်လည်းကောင်း၊ ပေးလိုက်ပါ့မယ် တစ်သက်မက စားမကုန်နိုင်ပါဘူး"

သို့နှယ် သခင်မကြီးဒေဝီက ပြောလာသည်ကြောင့် လွန်မင်းစွာ အံ့ဩသွားမိသည်။

"ကဲ. . . ကဲ. . . အမောင်လုလင် ပြန်နားချေဦး၊ နက်ဖြန်ဆိုလျှင်ဖြင့် အမတော်အသက်နဲ့ပတ်သက်လို့ အရေးတကြီး လုပ်ရမယ့် အလုပ်ကိစ္စရှိတယ်၊ တစ်လက်စတည်းပြောလိုက်ပါရစေ၊ အမတော်အတွက် အဲဒီအလုပ်ဟာ နှစ် ၁၀၀ ပြည့် ပထမ အကြိမ်အသက်ဆက်ခြင်းပဲပေါ့၊ နို့ကြောင့် အမောင်လုလင်တို့ရဲ့အကူအညီ လိုအပ်တယ် ဘာလို့လဲဆိုတော့ အမတော်အသက်ဆက်မွေးနေ့ပွဲကို ဖျက်ဆီးလိုတဲ့ သူတစ်ယောက်ရှိနေလို့ပဲပေါ့"

"ဗျာ. . ဘယ်လို. . အနှောင့်အယှက်ပေးမယ့် သူရှိနေတယ် ဟုတ်လား၊ ပြောပါဦး ဘယ်သူများပါလိမ့်"

ကျွန်တော်က ဤမျှလှပချောမောကျက်သရေရှိလှသော အမျိုးသမီးကို နှောင့်ယှက်ဖျက်ဆီးလိုသူ ရှိသည်ဆိုတော့ အံ့ဩမိပေတော့၏။

"ဒါတော့ အမောင်လုလင် သိရပါလိမ့်မယ်၊ အစ်မတော်ရဲ့ အကြားအမြင်အရ အမောင်လုလင်တို့သာလျှင် အစ်မတော်ရဲ့အကူအညီကို ပေးနိုင်လိမ့်မယ်ဆိုတာ သိရလို့ ဆတ်ဖိုကြီးကိုလွှတ်ပြီး ဒီရောက်လာအောင်ဖန်တီးလိုက်တာပေါ့၊ ဆတ်ဖိုကြီးခမျာ တာဝန်ကျေလုပ်ဆောင်ပေးနိုင်ခဲ့ပေမင့် သူ့ရဲ့ဦးချိုတစ်ဖက်ကတော့ အမောင်လုလင်လက်ချက်ကြောင့် အဖျားပိုင်းကျိုးခဲ့ရတယ်လေ"





"ဗျာ"

သူမစကားကြောင့် ကျွန်တော်အံ့အားသင့်သွားပြန်သည်။ ဆတ်ဖိုကြီးနှင့် ဆုံစည်းခဲ့ရခြင်းကိုလည်း ပြန်သတိရလိုက်သည်။

ဆတ်ဖိုကြီးကို တွေ့တော့ကာ သေနတ်ဖြင့်ပစ်ကြသည်၊ ကျည်မထွက်၊ ဒီတော့ ဓါးမြောင်ဖြင့်လှမ်းပစ်လိုက်၏။ ဦးချိုကိုထိသွားသည်၊ အပိုင်းအစတစ်ခု ကျိုးကျန်ခဲ့သည်၊ ထိုအပိုင်းအစတွင် ရွှေမှုန်ရွှေစများ ကပ်ငြိနေခြင်းကြောင့် ထိုဆတ်ဖိုကြီးကို စိတ်ဝင်စားမိကြလျက် ခြေရာခံလိုက်ခဲ့ကြရာမှ ဤနေရာသို့ရောက်လာကြခြင်းဖြစ်သည်။

ထိုရွှေမှုန်ရွှေစများ ကပ်ညိနေသည့် ဦးချိုအပိုင်းအစ ကျန်ရစ်မနေပါက ထိုဆတ်ဖိုကြီးနောက် ခြေရာခံလိုက်ကြလိမ့်မည်မဟုတ် ဘယ့်တွက်မှု သေနတ်တွေက ဂျမ်းဖြစ်ကာ ပစ်ခတ်မရသောကြောင့်မြင်၏၊ အကွက်စိစိ ဖန်တီးနိုင်စွမ်းရှိသော သူမကို ချီးကျူးမိတော့၏။

ကျွန်တော်သည် သူမကို ပြုံးလျက်ကြည့်လိုက်ပြီး "ကျုပ် ... ဝက်ပြုပါတယ်၊ ခင်ဗျားလိုအပ်တဲ့အကူအညီကိုပြောပါ၊ မပြင်မနေ ဆောင်ရွက်ပေးနိုင်ပါလိမ့်မယ် အာမခံပါတယ်"

ကျွန်တော့်စကားကြောင့် သူမသည် နှုတ်ခမ်းပါးလေးကို အချော် ... ထွက်လုလောက်သာ တွန့်ကာ ပြုံးလေ၏။ ပြီးလေမှ. . .

"အမောင်လုလင် ပြန်နားနိုင်ပါပြီ၊ နေစောင်းလျှင်ဖြင့် သိမ်းနှံ ... နံ့ရာ လာခဲ့ကြပါဦး၊ အဲဒီတော့မှ နက်ဖြန်ကိစ္စ အစီအစဉ်ပြောတာ ...

သို့နှယ်ပြောကာ ဂူခန်းရှိ အခန်းတွင်းလှမ်းဝင်သွား ... သူမနောက်ပါးမှ အသားနက်မ ကပ်လိုက်ပါသွားသည်၊ အသား ... မသည် အခန်းပေါက်ဝဝင်လုဆဲတွင် ငေးငိုင်ကျန်ရစ်ခဲ့သောကျွန်တော့်ကို သမင်

www.burmeseclassic.com

www.burmeseclassic.com



လည်ပြန်လှမ်းကြည့်လာသည်နှင့် အကြည့်ချင်းဆုံသွားကြသည်တွင် သူမ
မျက်နှာတစ်ချက်ပျက်သွားသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်သဘော
ကျစွာ ကြိတ်ပြုံးပြုံးမိလိုက်တော့၏။

သည့်နောက် ကျွန်တော်သည် စံအိမ်မကြီးမှဆင်းကာ ဂူတွင်
သို့ ပြန်ခဲ့တော့သည်။

"ကိုပိုက်. . . ဘယ်လိုတုန်း။ ကျွန်တော်တို့ ပြန်ကြတော့မှာပေါ့"

ဂူဝသို့ရောက်သည်နှင့် လင်းမြင့်လှိုင်ကပြောလေ၏။ သို့ဖြစ်၍
ကျွန်တော်ကခေါင်းကိုညင်သာစွာ ခါယမ်းလိုက်သည်ကြောင့်လင်းမြင့်လှိုင်
သည် ဝေခွဲမရစွာဖြင့် . . .

"ဘာကြောင့်တုန်းဗျာ"ဟု မေးလာတော့၏။

ကျွန်တော်သည် ဘာရယ်ကြောင့်ဆိုတာ မပြောသေးဘဲ. . .

"ကျွန်တော်တို့ ဒီမှာ တစ်ရက် နှစ်ရက်နေကြမယ်ဆိုလျှင်ဖြ
လူချမ်းသာတွေ ဖြစ်နိုင်လောက်တယ်ဗျ"ရယ်လို့ ပြောလိုက်သည်တွင်
စောရွှီး၏မျက်နှာသည် ဝင်းလက်တောက်ပလာသည်ကို တွေ့လိုက်
သည်။ လင်းမြင့်လှိုင်တမူ အံ့အားသင့် မှင်တက်နေသည်။ စောရွှီးကပြ
လျက် ကျွန်တော့်ကို "ဆရာပိုက်လည်း ကျွန်တော်သိထားသလို ဒီနေ
အကြောင်းသိထားပြီထင်တယ်"ဟု ပြောလာသဖြင့် သူတွင် လျှို့ဝှက်ချ
တစ်ခုရှိနေသည်ကို ရိပ်မိလိုက်သဖြင့် ဖျတ်တနဲသူ့စကားကို လိုက်
ကာ-

"အနည်းအကျဉ်းပါကွာ၊ ကဲပါလေ မင်းသိထားတာ ငါ့ကိုပြေ
စမ်း"ဟု ခပ်တည်တည်မေးလိုက်သည်။

"ကျွန်တော်တို့ကရင်ပြည်နယ်ရဲ့ ဘော်ဒီးတောင်ခြေတစ်ဝိုက်





ပတ္တမြားကျောက်ကြီးတွေ့ထားတဲ့ မိသားစုရှိနေကြတယ်လို့ ပြောကြတယ်၊
သူတို့က လျှို့ဝှက်နေထိုင်ကြတယ်၊ ဘယ်သူ့ကိုမှလဲ အသိမပေးဘူးတဲ့၊
အဲဒါ သူတို့ပဲဖြစ်လိမ့်မယ်၊ ဆရာပိုက်လည်း မြင်မှာပါ၊ ဗုဒ္ဓဆင်းတုတော်မှာ
နီလာတွေသီးနေအောင်ဆင်ထားတယ်၊ လက်ဖဝါးတော်ပေါ်က ပတ္တမြား
ကြီးဆိုလျှင်ဖြင့် ပြည်တန်ပတ္တမြားဝမောက်နီးနီးရှိလေရဲ့၊ အရည်အသွေး
ကောင်း ပတ္တမြားကြီးဆိုတာ ဆရာပိုက်လည်းသိမှာပါ၊ ကျွန်တော်တို့
ဘယ်လိုဆက်လုပ်ကျလျှင်ကောင်းမလဲဟင်"

စောရွှီးက သို့နှယ်ပြောလာသဖြင့် ကျွန်တော် ပြုံးလိုက်မိ၏။
သူ့ကိုလည်း သနားသွားမိ၏။ အင်မတန်လောဘကြီးသောသူ ဖြစ်နေပါ
ကလား။ သို့လောဘစိတ်ကြောင့်ပင် လက်ဖဝါးပေးဆပ်လိုက်ရသည်ကို
နောင်တမရသေးချေ။

အင်း. . . လူငယ်လည်း လူငယ်ဖြစ်၊ တောတောင်ထဲတွင်
ဆင်းဆင်းရဲရဲဘဝနှင့် ရုန်းကန်နေရရှာသူမို့ လောဘတက်မိတာ အဆန်း
မဟုတ်ပါချေ။ လွယ်လျှင် သူကြွယ်တောင် သူခိုးဖြစ်နိုင်သေးတာ။
သိလောက်တန်ဖိုးရှိတဲ့ဥစ္စာပစ္စည်းကို သူတို့က တန်ဖိုးနားမလည်သကဲ့သို့
စွလက်ခတ်နီးနီး လွယ်လင့်တကူ ခင်းကျင်းထားကြတာကိုး။

ကျွန်တော်သည် စောရွှီးစကားကြောင့် အမျက်ဒေါသထွက်မိ
ပြား သေချာပြန်စဉ်းစားမိတော့ကာ သူ့ကိုအပြစ်မတင်ရက်ပါချေ။
ခွန်မင်းစွာသနားသွားမိ၏။ သို့ကြောင့် ကျွန်တော်သည် သူ့အား တရားချ
ဆုံးမကာ သခင်မကြီးဒေဝီပြောဆိုခဲ့သောစကားများကို တစ်လုံးတည်းပါဝ
ကျန် ပြန်ပြောပြရန်ဆုံးဖြတ်လိုက်သည်။ သို့ကြောင့်. . .

"ကဲ. . . စောရွှီး၊ ငါ့ရဲ့အစီအစဉ်ကိုပြောပြမယ်၊ ငါ့စကားကို



www.burmeseclassic.com

www.burmeseclassic.com



တသွေ မတိမ်း လိုက်နာလျှင်ဖြင့် ဒီက တို့တွေပြန်ကြတာနဲ့ မင်းတို့ငါတို့ ချမ်းသာစွာ နေထိုင်ကြရလိမ့်မယ်ဆိုတာ ငါ အာမခံတယ်ကွာ၊ နို့ပေမင့် ငါမသိဘဲမင်းဘာမှမလုပ်ရဘူးနော်" ဟု ပြောလိုက်သည်တွင်လင်းမြင့်လှိုင်နှင့်စောရွှီးသည် ကျွန်တော့်စကားကို ယုံရခက်၊ မယုံရခက် မျက်နှာပေးဖြင့် ကြည့်နေကြလေတော့သည်။ ကျွန်တော်သည်လည်း ကိုယ့်ဝမ်းနာ ကိုယ်သာသိနေသူမို့ ပြုံး၍သာပြလိုက်သည်။

"ကဲ. . . ရေချိုးဆင်းကြစို့"

ကျွန်တော်ကပင် ပြောပြောဆိုဆို ဦးဆောင်၍ လိုဏ်ဂူအတွင်းပိုင်းရှိ ကျောက်ရေအိုင်ငယ်လေးသို့သွားလိုက်သည်။ သဘာဝလိုဏ်ဂူထဲ မြူပြင်မွှမ်းမံထားပုံရ၏။

သုံးယောက်သား ရေချိုးနေစဉ်မှာပင် ကျွန်တော်က "စောရွှ မင်းရဲ့အကြံအစည်ဆိုးတွေ ရှိသေးလျှင်ဖြင့် ဒီရေထဲမှာပဲ ဆေးချလိုက် တော့၊ ကိုယ်ချမ်းသာဖို့အတွက် ကိုယ်ကျင့်တရားဖောက်ဖျက်တာတွ သူတစ်ပါး ဒုက္ခရောက်စေတာတို့ကို ဘယ်တော့မှလုပ်ဖို့မစဉ်းစားလေ တော့၊ စိတ်ကောင်းစေတနာကောင်းသာထား၊ စေတနာမှန်လျှင်ဖြ ကံတရားက ကိုယ့်ဘက်အလေးသာပါတယ်၊ အစောပိုင်းက ငါ သခင် ကြီးနဲ့သွားတွေ့တယ်၊ မင်းရဲ့ညကလုပ်ရပ် အကြံအစည်ကို ငါ ဂယန သိခဲ့ရတယ်"

ကျွန်တော့်စကားကြောင့် စောရွှီးသည် ရုတ်ခြည်းဒေါသထွ လာကာ 'တောက်'တစ်ချက်ခတ်လိုက်ပြီး "ဟင်. . . ဟိုကောင် ကျွန်တော့်ကို ပေးထားတဲ့ကတိ ဖျက်လိုက်ပြီပေါ့. . ."ဟုပြော ဒေါသအမျက် ခြောင်းခြောင်း ထွက်လေသည်ကြောင့် . . . .





"မင်းကို သူပေးထားတဲ့ကတိက သူ့နှုတ်က ဖွင့်မပြောပါဘူး ရယ်လို့ပဲမဟုတ်လား၊ ခု သူပြောလို့ ငါသိတာမဟုတ်ဘူး၊ သခင်မကြီးဒေဝီက ငါ့ကိုသိစေတာ၊ ဘယ်လိုနည်းနဲ့သိစေလည်းဆိုတော့ အသားနက်မနဲ့ငါ့ကို အသားချင်းထိကပ်စေပြီး ဓာတ်ကူးသိစေတာ"

"ဘာ. . . ဘယ်လို. . ." လင်းမြင့်လှိုင်က ကျွန်တော့်စကား မရှင်းသည်ကြောင့် မေးလာသည်။

"တစ်မျိုးမထင်ပါနဲ့ ကိုလင်းရယ်၊ အသားနက်မရဲ့လက်နဲ့ ကျွန်တော့်လက်ကိုပူးကပ်ထိစေပြီး ဓာတ်ကူးခိုင်းတာပါ၊ ပြောရလျှင်ဖြင့် ယုံနိုင်စရာတောင်မရှိဘူး၊ အိပ်မက်လည်းမဟုတ်သလိုဘဲ ညက စောရွှီး လှုပ်ရှားပုံတွေကို ရုပ်ရှင်ကြည့်ရသလို ကွင်းကွင်းကွက်ကွက်မြင်ရတာမျိုး အံ့စရာပဲ၊ ဪ. . . စောရွှီး မင်းမြဲမြဲမှတ်ထားနော်၊ မင်းလုပ်ခဲ့တဲ့အပြစ်က အသက်ပေးလို့တောင် လုံလောက်ဦးမှာမဟုတ်ဘူး၊ သိလား၊ မင်းကတော့ပတ္တမြားကြီးကို လိုချင်လို့ သွားခိုးတာ၊ မင်းသိတာ ပြည်တန်လောက်တဲ့ ပတ္တမြားကြီးရဲ့တန်ဖိုးပဲ၊ နို့ပေမင့်. . . မဟုတ်သေးဘူးကွ၊ လူ့အသက်နဲ့လည်း၊ ဒီပတ္တမြားကြီးက ပတ်သတ်နေတယ်"

"ဟင်. . . ဘယ်လိုတုန်းဗျာ"

"ဘာ. . . ဘယ်လိုလုပ်မနေနဲ့ စောရွှီး၊ အဲဒီပတ္တမြားကြီးက ပြည်တန်တာလောက်ကို စကားထဲထည့်မပြောဘူး၊ သခင်မကြီးဒေဝီ အသက်နဲ့ ပတ်သက်နေတဲ့ပစ္စည်းမို့ မင်းရဲ့လက်ဖဝါး ပေးဆပ်လိုက်ရတာ ပေါ့၊ နို့တောင်မှ သူတို့က မင်းကို ဥစ္စာတပ်မက်တဲ့သူခိုးတစ်ယောက် အဆင့်သာ သတ်မှတ်ပြီး လူသားဆန်ဆန် အပြစ်ပေးတယ်ဆိုလုပ်လိုက်တာ၊ အကယ်၍များမင်းက သူ့အသက်နဲ့ပတ်သက်တဲ့ပစ္စည်းမှန်းသိလို့



www.burmeseclassic.com

www.burmeseclassic.com



သွား လုပ်ခဲ့ရိုးမှန်လို့ကတော့ကွာ မင်းအသက်တင်မဟုတ် ငါတို့ နှစ်ယောက်အသက်ပါအဆစ်ပေးလိုက်ရမှာ သေချာတယ်"

"ဘယ်လိုပတ်သက်လို့လဲ ကိုပိုက် ပြောပါဦး"

"ပတ္တမြားကြီးက သူ့အသက်ပဲဆိုတာလောက် သိရသေးတာ ဘယ်လိုပတ်သက်ဆက်စပ်နေတယ်ဆိုတာ သိချင်လို့မေးကြည့်သေးတယ် အချိန်တန်တော့ သိရမှာပေါ့လို့ပဲပြောတယ်"

"အင်းလေ. . . သူ့ဘက်ကကြည့်တော့လည်း ပြောလို့ဘယ်ဖြစ်မတုန်း၊ သူ့အသက်နဲ့ဆိုင်တဲ့ကိစ္စပေပဲ"

လင်းမြင့်လှိုင်က သို့နှယ်ပြောပြီး တစ်စုံတစ်ရာကို သတိရလိုက်သည်ကြောင့်ထင်၏။ သို့ကြောင့် "မြန်လျှင်ချမ်းသာကြမှာဆိုတာက ဘာသဘောလဲ၊ ကိုပိုက်ကတော့ စောရွှီးလို မဟုတ်မဟပ်လုပ်ဖို့ စိတ်ကူးလိမ့်မယ်မဟုတ်ပါဘူးနော်"

"ဟား. . . ဟား. . . ဟား. . . ဟား. . ."

လင်းမြင့်လှိုင်စကားကြောင့် ကျွန်တော် အော်ရယ်မိလိုက်၏။ ပြီးမှ . . .

"ကြိုကြီးစည်ရာ ကိုလင်းရာ၊ တကယ်ပဲ စိတ်ကူးထဲတောင် ထည့်မထားပါဘူး၊ အင်း. . . အဲဒီကိစ္စကတော့ ကျွန်တော်တို့က သူလိုအပ်တဲ့အကူအညီကို စိတ်ပါလက်ပါ အောင်အောင်မြင်မြင် လုပ်ဆောင်ပေးကြမယ်ဆိုလျှင်ဖြင့် ကျေးဇူးဆပ်တဲ့အနေနဲ့ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေ ပေးလိုက်မယ်ဆိုတာပဲဗျ"

"ဗျာ"

လင်းမြင့်လှိုင်နှင့် စောရွှီးတို့ အံ့အားသင့်သွားကြတော့၏။ အတန်





ကြာတွင် လင်းမြင့်လှိုင်က မှန်ကုပ်ကုပ်ဖြင့် စဉ်းစားလိုက်ပြီး. . .

"ဒီလောက်တန်ကြေးပေးမယ်ဆိုမှတော့ ကျွန်တော်တို့ဆီက သူတောင်းလာမယ့်အကူအညီဆိုတာ တော်ရုံကိစ္စမျိုးမဖြစ်နိုင်ဘူးနော် ကိုပိုက်၊ စဉ်းစားပါဦး"

စိုးရိမ်စိတ်ဖြင့် လင်းမြင့်လှိုင်က ပြောလာသည်။

"အင်း. . . ဒါတော့ ကျွန်တော်လည်း စဉ်းစားမိပါတယ်"

"နို့ဖြင့် ဘယ်လိုအကူအညီမျိုး ပေးရမှာတဲ့တုန်း"

"အဲဒါလဲ မပြောသေးဘူးဗျ၊ အဲ. . ညစာစားတဲ့အခါဆိုလျှင်ဖြင့် နက်ဖြန်ကိစ္စအစီအစဉ်ပြောမယ်တဲ့၊ အဲဒီအစီအစဉ်ထဲမှာ ကျွန်တော်တို့ ကူညီလုပ်ဆောင်ပေးရမယ့် အခန်းကဏ္ဍပါကျောင်းပါမယ်"

သို့ ကျွန်တော်ပြောလိုက်ပြီး စောရွှီးဘက်လှည့်လိုက်ကာ

"စောရွှီး. . . မင်းအဖြစ်လည်းကျေအောင်၊ သူတို့ရဲ့ညာတာစိတ်၊ သနားစိတ်ကို အသိအမှတ်ပြုတဲ့အနေနဲ့ သူတို့ပေးလာမယ့်တာဝန်ကို ဖြစ်ဖြစ်မြောက်မြောက် အောင်မြင်အောင်စွမ်းဆောင်ဖို့ပဲ စဉ်းစားထားနော်၊ တခြားမဟုတ်မဟပ်တွေထည့်စဉ်းစားမနေနဲ့၊ ကဲ. . . ကဲ. . . အေးလာပြီ"

သို့ပြောကာ ကျွန်တော်သည် ရေအိုင်တွင်းမှတက်လာလိုက်သည်။ အဝတ်အစားဝတ်ပြီး ခုတင်ပေါ်တွင် ခေတ္တခဏနားနေလဲလျောင်းလိုက်သည်။ လင်းမြင့်လှိုင်နှင့် စောရွှီးသည် ရေအိုင်တွင် ရေစိမ်ချိုးနေကြဆဲဖြစ်သည်။

ရေမိုးချိုး သန့်စင်လိုက်သည်ကြောင့် လူသည် လန်းဆန်းသွားတော့သည်။ သို့ကြောင့် အိပ်ရာထက်တွင် လဲလျောင်းနားနေရာမှ မှေးခနဲတစ်ချက်ဖြစ်သွား၏။ သို့ရှိစဉ်မှာပင် "ကိုပိုက်. . . ကိုပိုက်"ရယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ခေါ်လိုက်သံကြောင့် မျက်ဝန်းအစုံကို အားယူဖွင့်လိုက်သည် ပြီးနောက် အိပ်ရာမှ ကပျာကသီ လူးလဲထလိုက်ပြန်၏။ ခေါ်သံသည် ဂူအပြင်မှဖြစ်ချိမ့်မည်။ သို့ကြောင့် ကျွန်တော်သည် ဂူပြင်သို့ထွက်လို သည်။

ဘောင်းဘီတိုရေစက်လက်နှင့် ရေချိုးနေရာမှ ထလာ တူသော လင်းမြင့်လှိုင်ကို မြင်လိုက်သည်ကြောင့်. . .

"ကိုလင်း. . . ကျွန်တော့်ကိုခေါ်တာလား"ဟု မေးလိုက်သည်

"ဟုတ်တယ်၊ ကျွန်တော်နဲ့စောရွှီးရေချိုးနေတုန်း ဂူပေါက်ဝ ဆူဆူညံညံအသံတွေကြားတာနဲ့ ဘာဖြစ်ပါလိမ့်ဆိုပြီး ထွက်လာကြည့် ကိုပိုက်က အိပ်ပျော်နေတော့ ဘာမှ မကြားဘူးထင်တယ်"

လင်းမြင့်လှိုင်ပြောလေမှ ကျွန်တော် မှေးခနဲဖြစ်ပြီး နှစ် မြိုက်မြိုက်အိပ်ပျော်သွားမှန်း သိရတော့၏။

"ကဲ. . ပြောပါဦး။ ဘာတွေဘယ်လိုဖြစ်နေတာတုန်း"

သို့ကျွန်တော်က မေးလိုက်သည်တွင် လင်းမြင့်လှိုင်သည် စံ မကြီးဘက်လှမ်းကြည့်ရင်း. . . .

"အိမ်မကြီးဘက်ကလာတဲ့အသံဗျ၊ ကျွန်တော့်အထင်တော့ အိမ်မကြီးမှာ ပြဿနာတစ်ခုခုဖြစ်နေပြီထင်တယ်"

လင်းမြင့်လှိုင်စကားကြောင့် ကျွန်တော်ရင်ထိတ်သွားသည် တစ်ဆက်တည်းဆိုသလို စောရွှီးကိုလည်း သတိရလိုက်သည်ကြော စောရွှီး မဟုတ်မဟပ်ပြဿနာရှာပြန်ချေပြီဟုထင်လိုက်သည်။

"နို့ဖြင့် စောရွှီးကော၊ သူ စံအိမ်ကြီးဘက်သွား ပြဿနာရှာပြ ထင်တယ်ဗျာ"





စိုးရိမ်စိတ်ဖြင့် သို့ပြောလိုက်သည်။

"ဧ ့ ေ ရေအိုင်ထဲမှာပဲ ရေစိမ်နေတာပါ"

သ ့ ပော့ ကျွန်တော့်ရင်ထဲ ပေါ့ပါးသွားရတော့၏။

ဟုးတော့ပါသေးရဲ့။

"ကဲ. . . ကိုလင်း၊ ဒီလိုလုပ်မယ်၊ ကျွန်တော် ရေမိုးချိုးပြီးလို့ ်ရေးတောင်ရပြီ၊ ညစာစားချိန်လည်း နီးပြီဆိုတော့ အိမ်မကြီးမှာ ာဖြစ်နေတုန်းသိရအောင် ကြို့သွားနှင့်မယ်၊ ကိုလင်းနဲ့ စောရွှီးက ညစာ းချိန်ရောက်လျှင်ဖြင့် လိုက်လာခဲ့ကြဗျာ"

သို့ဆိုကာ ကျွန်တော်သည် အိမ်မကြီးဘက် ထွက်လာလိုက် ည်။ အမှန်ပြောရပါမူ တစ်ပါးသူကိစ္စ စပ်စုလို၍မဟုတ်၊ ပြဿနာတစ်စုံ ်ရာသော်လည်းကောင်း၊ အန္တရာယ်တစ်ခုခုသော်လည်းကောင်း ကြုံခဲ့ ့ ကျွန်တော့်အနေဖြင့် မည်သို့ ပံ့ပိုးကူညီရမည်ကို သိလို၍ဖြစ်သည်။ ိမ်မကြီးအောက်ရောက်သည်တွင် ကျွန်တော် ရင်ထိတ်သွားမိသည်။ ုံးဆိုသော ဝံနက်ကောင်ကြီးသည် ရင်ဘတ်တွင် မြားတန်းလန်း ဖြင့် ်လက်လန်လဲကျနေ၏၊ သူ့အနီးတွင် သိန်းငှက်ဆိုသောလူထွားကြီး အသားနက်မရှိနေသည်၊ အသားနက်မသည် ညှိုးငယ်စွာသောမျက်နှာ ် မဲလုံးကို တွေဝေကြည့်နေ၏၊ သိန်းငှက်သည် တောင်ယာခင်းဘက် ကြည့်ရင်း အံကြိတ်နေ၏၊ နှုတ်မှလည်း. . .

"မနက်ဖြန် မင်းဆက်ဆက်လာမယ်ဆိုတဲ့စကားအတိုင်း လာ အောင်လာခဲ့ပေါ့ကွာ၊ ဟင်း . . ဟင်း . . မင်းကပဲ သခင်မကြီးဒေဝီကို ့ပေးနိုင်မလား၊ ငါကပဲမင်းကို တမလွန်ဘဝကူးပေးနိုင်မလား၊ ကြည့်ကြ းတာပေါ့"ရယ်လို့ ကျယ်လောင်စွာ အော်ဟစ်ပြောနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အနားရောက်လာသည့်ကျွန်တော့်ကို အသားနက်မ
လှည့်ကြည့်လာ၏။ မျက်နှာချင်းဆုံမိသည်တွင် တစ်စုံတစ်ရာကို ပြန်သ
ရသွားလေသည့်ကြောင့်လားမသိ၊ မျက်နှာပျက်သွားကာ ကပျာက
တစ်ဖက်သို့လှည့်လိုက်ပြီး. . .

"မဲလုံး လုပ်ကြံခံလိုက်ရတယ်"လို့ပြောလေ၏။

"ကျွန်တော် စိတ်မကောင်းပါဘူး၊ ဘာများကူညီရမလဲ"

"အဲဒီကိစ္စပဲ၊ အမောင်လုလင်ကိုပြောချင်လို့အပေါ်မှာ သခင်
ကြီးစောင့်နေလေရဲ့"

အသားနက်မက သို့ပြောရင်း သိန်းငှက်ထံသို့ မျက်နှာမူလိုက်
"မဲလုံးကို သင်္ဂြိုဟ်ကြစို့"ဟုပြောလိုက်သည်။

"နို့ဆိုလျှင်ဖြင့်. . . ခဏလေးစောင့်ပါကလား။ ကျွန်တော့်
နှစ်ယောက်လာကြမယ်၊ သူတို့ဝိုင်းကူကြပါလိမ့်မယ်၊ ဟော. . . ပြောရင်
လာနေကြပြီ၊ အတော်ပဲ ကိုလင်းနဲ့ စောရွှီး သူတို့ကို ကူညီပေးလိုက်ပါဦး
ကျွန်တော် သခင်မကြီးဒေဝီနဲ့တွေ့ရဦးမယ်"

အနားရောက်လာသော လင်းမြင့်လှိုင်နှင့် စောရွှီးကို သို့ပြော
စံအိမ်မကြီးပေါ် တက်သွားလိုက်သည်။

"အမောင်လုလင်ရောက်လာတာနဲ့ အတော်ပဲ၊ မြသနှာတ
ကနေ စလာပြီလေ၊ အမောင်လုလင်တို့ရဲ့အကူအညီရမှ ဖြစ်ချေတော့
မယ်"

သခင်မကြီးဒေဝီသည် အံကြိတ်၍ တောင်ယာခင်းဘက် လှ
ကြည့်ရင်းပြောနေသည်ကြောင့် သူတို့၏ရန်သူသည် တောင်ယာခင်းအ
ခြမ်းတွင် ရောက်နှင့်နေခြင်းဖြစ်ချိမ့်မည်ဟု တွက်ရလိုက်သည်။ သို့မဟုတ်





မြသနှာရှာပြီး ထိုဘက်ပြေးလွှားသွားခြင်း ဖြစ်ချိမ့်မည်။

"ပြောပါ၊ ကူညီဖို့အသင့်ပါပဲ၊ အဲ. . . တစ်ခုတော့ကြိုပြောထား
ပါရစေ၊ ငွေ ကြေး ဥစ္စာပစ္စည်းရလိမ့်မယ်သိထားလို့ ကူညီတာတော့
မဟုတ်ဘူးနော်၊ စေတနာသက်သက်ကူညီမှာပါ"

ကျွန်တော့်စကားကြောင့် သူမသည် ကျွန်တော့်ဘက် မျက်နှာမူ
လာပြီး "အစ်မတော်သိပါတယ်၊ ခု ရန်သူက တကယ်တော့ အတွင်းလူပေ
ပဲ၊ သစ္စာဖောက်ကောင်လို့ပြောရမှာပေါ့၊ သစ္စာတရားမဲ့တဲ့ကောင်၊ သူ
တစ်ယောက်တည်းစွမ်းအားနဲ့ အစ်မတော်ကို ဒုက္ခပေးလို့မရမှန်းသိတော့
ကိုယ်လွတ်ရုန်းပြေးပြီး လူစိမ်းတစ်ယောက်နဲ့ပေါင်းပြီး အချိန်မီ လာဒုက္ခ
ပေးချင်တာလေ"

သို့ပြောပြီး သူမ စကားရပ်သွားသည်ကြောင့် ကျွန်တော်က
"ပြောပါ. . . ကျုပ် နားထောင်နေပါတယ်"ဟုပြောလိုက်၏။

"ဒီလိုလုပ်မယ် အမောင်လုလင်၊ မဲလုံးကိုသွားသင်္ဂြိုဟ်ကြပြီး
သူတို့ပြန်ရောက်လာကြလျှင်ဖြင့် စုပေါင်း စားရင်းသောက်ရင်း နက်ဖြန်
ကိစ္စ စီစဉ်တိုင်ပင်ကြတာပေါ့"

"ကောင်းတာပေါ့၊ နို့ဆိုလျှင် ကျုပ်မဲလုံးရဲ့သင်္ဂြိုဟ်ပွဲ အခမ်း
အနားကို လိုက်သွားဦးမယ်" သို့နှုတ်ပြောကာ စံအိမ်ကြီးပေါ်မှ ဆင်းလာခဲ့
တော့၏။

သူတို့ အတော်လှမ်းလှမ်းရောက်သွားကြပြီဖြစ်သည်။ သူတို့
ဦးတည်သွားနေသည့်ကား ကျွန်တော်တို့နေရသော လိုဏ်ဂူနံဘေး လမ်း
ကြောင်ကလေးအတိုင်းဖြစ်သည်။

သို့ သူတို့သွားနေရင်းမှ ချောက်ကမ်းပါးကြီးထိပ်သို့ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ဩရာတွင် ရပ်တန့်သွားကြ၏။ ဤတွင် အပြေးကလေးလိုက်ခဲ့သော ကျွန်တော်သည် ရုတ်တရက် တစ်စုံတစ်ဦး၏ တိုက်မိုက်ခြင်းကို ခံလိုက်ရတော့၏။

"ဗုတ်"

ကျွန်တော့်ဦးခေါင်းကို မာကျောသောအရာတစ်ခုနှင့် ရိုက်နှက်ခြင်းခံလိုက်ရသဖြင့် မိုက်ခနဲဖြစ်တာ မြေပြင်သို့ မှောက်လျက်လဲကျသွားတော့သည်။ လောကကြီးနှင့်လည်း တဖဝ် အဆက်အသွယ်ပြတ်သွားရတော့၏။

ကျွန်တော် သတိပြန်လည်လာသည့်အခါတွင်မတော့ ဦးဆုံးမြင်သိလိုက်ရသည်မှာ လွန်စွာမှ ပိန်လှီသေးကွေးသောလူတစ်ယောက်နှင့် အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ရုပ်ရည်ချောမော လှပတင့်တယ်သော လုလင်ပျိုတစ်ယောက်၊ သူ၏လက်ထဲတွင် ဓူးလေးလက်နက်ကို ကိုင်ဆောင်ထား၏။

ကျွန်တော်သည် ကပျာကသီကုန်း၍ထလိုက်ပြီး "ကျုပ်ကို ရိုက်လိုက်တာ ခင်ဗျားတို့လား"ရယ်လို့ မေးလိုက်သည်။ ဤတွင် ပိန်လှီသေးကွေးသောလူက "ဟုတ်တယ်"ဟု ခပ်ပြတ်ပြတ်ဖြေရင်း သူ့နံဘေးရှိ လုလင်ပျိုကိုလှည့်ကြည့်ကာ မေးဆတ်ပြလိုက်သည်။

"ရိုက်ချင်လို့ရိုက်လိုက်တာမဟုတ်ပါဘူး၊ နောင်ကြီးကို မေးမြန်းလိုတာရှိလို့ပါ"ဟု သိမ်မွေ့သောလေသံဖြင့် ပြောလာသည်ကြောင့် ကျွန်တော်သည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်တော့၏။

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား"

သည့်နောက် "ရယ်ရတယ်ဟေ့၊ မေးမြန်းစရာရှိတာလည်း





နောင်ကြီး ခဏနေပါဦး၊ မေးမြန်းစရာရှိလို့ပါဆိုပြီး လှမ်းခေါ်လို့လည်းရပါတယ်ကွာ၊ ခုတော့ ချောင်းမြောင်းရိုက်နှက်ဖမ်းဆီးပြီးလေမှ မေးမြန်းစရာရှိလို့ဆိုပါကလား၊ အကယ်၍ ခင်ဗျားတို့ရိုက်ချက်က အချိန်အဆလွဲသွားချင် ကျုပ်သေမသွားနိုင်ဘူးလား၊ ကျုပ်သေသွားလျှင် ခင်ဗျားတို့သိချင်တာ ဘယ်သိရတော့မလဲဗျ၊ ကျုပ်ပြောတာဟုတ်တယ်မဟုတ်လား"

ကျွန်တော့်စကားကြောင့် ပိန်လှီသေးကွေးသောလူသည် မကျေနပ်မျက်နှာပေးဖြင့် စွေကြည့်နေ၏၊ လုလင်ပျိုကတော့ အားတုံ့အားနာဖြစ်သွားဟန်ဖြင့် ဖျာဖျာသလဲပင် "နောင်ကြီးကို ကျွန်တော်ရှင်းပြပါ့မယ်၊ နောင်ကြီးပြောသလို မဖြစ်နိုင်လွန်းလို့ပါ၊ အကယ်၍ နောင်ကြီးက လူစိမ်းဖြစ်တဲ့ ကျွန်တော်တို့နှစ်ယောက်ကိုမြင်တာနဲ့ ရန်သူလို့သတ်မှတ်လိုက်ပြီး တိုက်ခိုက်လာလျှင်ဖြင့် မဖြစ်သင့်တာတွေ ဖြစ်လာနိုင်လို့ပါ၊ အဓိကသတိထားရမှာ သခင်မလေးနဲ့ လူယုံကြီးသိန်းငှက်ပဲပေါ့၊ သူတို့သိသွားလို့ကတော့ ကျွန်တော်တို့အစီအစဉ်တွေ ပျက်သွားလိမ့်မယ်၊ အဲလိုပျက်သွားရင် နောင်နှစ် ၁၀၀တိုင်အောင် ယောက်ျားကောင်း၊ ယောက်ျားမြတ်တွေကို တွေ့ပေးကြလိမ့်မယ်၊ သည့်အတွက် လူချွန်လူကောင်းတွေ ဆုံးရှုံးနိုင်တယ်"

ကျွန်တော် သူ့စကားကိုမရှင်း၊ ဘာကိုဆိုလိုသည်မသိပါ။ သို့ကြောင့်. . .

"ကျုပ်မရှင်းဘူး၊ ရှင်းအောင်ပြောဗျာ"ဟု ခပ်ဆတ်ဆတ်ပြောလိုက်၏။

သည့်တွင် ထိုလုလင်ပျိုက "ကောင်းပြီလေ၊ နောင်ကြီး ရှင်းသွားအောင်. . ကိုကြီးမြွေဟောက်က ဆက်ပြောပါလိမ့်မယ်၊ နောင်ကြီး ကျွန်တော်တို့ကို အချိန်နည်းနည်းပေးပါ၊ ပြီးလျှင်ဖြင့် သွားလို့ရပြီ"

သူ့စကားအဆန်းကြောင့် သူ့မျက်နှာကို စေ့စေ့ကြည့်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ကျွန်တော့်အကြည့်ကို သူ ဂရုစိုက်ပုံမပေါ်။ သူကပင်ဆက်၍ပြောပြန်၏။

"ကျွန်တော်တို့ခုပြောတာကို စဉ်းစားချင့်ချိန်ပြီး ယုံသင့်မှယုံပါ၊ ပြီးမှ စဉ်းစားဆုံးဖြတ်ပါ၊ ကဲ. . . လာပါနောင်ကြီး၊ ဟိုရှေ့နားမယ်. . . သက်သောင့်သက်သာ ထိုင်စရာလေးရှိတယ်၊ အေးအေးလူလူထိုင်ပြီး စကားပြောကြတာပေါ့"

သို့သူ့အပြောကို လက်ခံလိုက်သည့်သဘောဖြင့် ကျွန်တော်ကပင် ဦးဆောင်ကာ သူတို့ပြောသောနေရာလေးသို့ သွားလိုက်သည်။

"ကဲ. . . အဆာပြေစားရင်း ကိုကြီးမြွေဟောက်ပြောတာ နားထောင်ပေရောဗျာ"ဆိုကာ လုလင်ပျိုက အနားတွင်လာရောက်ကပ်ထိုင်လေတော့၏။ ပြီးနောက် သူ့လက်တွင်ပါလာသည့် ငှက်ပျော တစ်ခိုင်ကိုချပေးလေ၏။ ဘယ်အချိန်က ခူတ်ယူထားလေသည်မသိချေ။ လျင်မြန်ဖျတ်လတ်သောလုလင်ပျိုတစ်ယောက်ဆိုသည်ကို မမေးမြန်းရလေဘဲ သိလိုက်ရ၏။

ကျွန်တော်သည် ရှေ့ငှက်ပျောတစ်လုံးကို ဖြုတ်ယူကာ အခွံနွှာစားလိုက်၏။ ပြီးနောက်. . .

"ကဲ. . . ပြောချင်တာပြောကြဗျာ၊ ကျုပ်နားထောင်နေမယ် ပြီးတော့ စဉ်းစားဆုံးဖြတ်မယ်"

သို့ ဆိုလိုက်သည်တွင် မြွေဟောက်ဆိုသော လူဖလံလေးက

"ခင်ဗျားအမြင်မှာ ကျုပ်က ပုံဆိုးပဲဆိုး အော်ဝလီဆန်စရာကောင်းတဲ့လူတစ်ယောက်လို့မြင်နေမယ်၊ မှန်မှန်ပြောပါ၊ စကားပြောတောင်မှ ကျုပ်ကို စေ့စေ့မကြည့်ဘူး၊ မျက်နှာလွှဲနေတယ်၊ ကျုပ်ညီက်နှ သာရှိမနေလျှင်ဖြင့် ကျုပ်ခင်ဗျားကို တစ်စစီ ဆုတ်ဖြဲပြီးတာကြာပြီ





သို့ပေမဲ့ ကျုပ်ညီအတွက် သည်းခံရမှာပေါ့၊ အင်းလေ၊ ကျုပ်ကို ဒီဘဝရောက်အောင် လုပ်ခဲ့တာလဲ သခင်မကြီးဒေဝီပါပဲ၊ တစ်ချိန်က ကျုပ်သခင်မကြီးဒေဝီအလှအပေါ်မှာ ယစ်မူးခဲ့တယ်၊ တွယ်တာခဲ့တယ်၊ ဘဝအပျက်ခံ အဆုံးရှုံးခံပြီး သစ္စာခံခဲ့တယ်၊ ဘာလို့လဲဆိုတော့ သခင်မကြီးဒေဝီအနားက မခွာလိုလို့ပေါ့၊ ခုတော့ ကျုပ်ရဲ့အမွှာညီလေးကြောင့် ကျုပ်ညီကို ကျုပ် ဒီဘဝမျိုးမရောက်ရလေအောင် သခင်မကြီးဒေဝီကို သစ္စာဖောက်ရလိမ့်မယ်၊ အချိန်မီ ကျုပ်ညီကို ကျုပ် ကယ်တင်ရလိမ့်မယ်"

မြွေဟောက်စကားကြောင့် ကျွန်တော် အံ့ဩသွားမိသည်။ လုလင်ပျိုနှင့် သူက အမွှာညီဆိုပါကလား၊ မဖြစ်နိုင်တာ၊ သို့စဉ်းစားမိလိုက်သည်နှင့် မြွေဟောက်ဆိုသူသည် အကျည်းတန်စွာ တစ်ချက်ပြုံးလိုက်ပြီး. . .

"ဘာလဲ၊ ခင်ဗျားမျက်နှာက စကားပြောနေပါကလား၊ ကျုပ်နဲ့သူ အမွှာညီအစ်ကိုဆိုတာ မယုံဘူးပေါ့"

သို့နှယ် မြွေဟောက်က ပြောသလို လုလင်ပျိုကလည်း

"အစ်ကိုပြောတာဟုတ်ပါတယ်၊ သူဟာ ကျွန်တော့်ရဲ့ အမွှာအစ်ကိုရင်းပါ၊ အစ်ကို့စကားဆုံးအောင်နားထောင်ပြီးလျှင်ဖြင့် ရှင်းသွားပါလိမ့်မယ်" ဟုပြောလာ၏။ သို့ကြောင့် ကျွန်တော်က "ဟုတ်ပြီလေ၊ ထားပါတော့ ဆက်ပြောပါဦး"

"လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပေါ့. . . ."ရယ်လို့ အစချီကာ သူတို့၏ ဘဝဇာတ်လမ်းကို ပြောပြလေတော့၏။

✥ ✥ ✥ ✥ ✥



www.burmeseclassic.com

www.burmeseclassic.com

ဒေါနတောင်တန်းကြီး၏ အခြေမှနေ၍ (၄)မိုင်ခန့်ဝေးကွာသော "ပဒတ်ကုန်း"ရွာသိမ်ရွာငယ်ကလေးတွင် ရုပ်ရည်ရှုပကာ ချောမောလှပပြီး ယောကျ်ားပီသသည့် ရှုပနှင့် ဝဏ္ဏဆိုသော အမွှာညီအစ်ကိုနှစ်ယောက် ရှိကြသည်။

ရုပ်ချင်းဆင်သလို အရပ်အမောင်းလည်းတူကြသည်။ ခွဲ၍ မရသလောက်ပင်၊ သူတို့နှစ်ယောက် ခွဲခြားနိုင်သောတစ်ခုတည်းသော အမှတ်အသားသည် အစ်ကိုကြီးဖြစ်သူ ဝဏ္ဏ၏ ဘယ်ဘက်လက်ကောက်ဝတ်တွင်ရှိ မှဲ့နီတစ်လုံးပင်ဖြစ်ချေ၏။

စိတ်ကောင်းရှိပုံခြင်းလည်းတူကြ၏၊ သို့ကြောင့် "ပဒတ်ကုန်း" ရွာသား၊ ရွာသူများကြီးငယ်မဟူ ဖျိုအိုမရွေး သူတို့ ညီအစ်ကိုအားချစ်ခင်ကြ၏။ ယောကျ်ားပီသပြီးတိုက်ရည်ခိုက်ရည်ကောင်းပြောကသလို သတ္တိလည်း ရှိကြသည်ကြောင့် အားကိုးကြ၏။





တကယ်တော့ သူတို့ညီအစ်ကိုသည် ထိုပဒတ်ကုန်းဇာတိ မဟုတ်ကြချေ။ သို့ဆိုသော်ငြား "ပဒတ်ကုန်း"ရွာခံ ရွှေလူကြီးများပင် သူတို့၏ ဇာတိမူလဌာနေကို မသိကြမြန်ချေ။

ဝဏ္ဏ၊ ရှုပတို့၏ဖခင်နှင့် မိခင်ဖြစ်သူသည် သူတို့ငယ်စဉ်က ရွှေမြို့တော်ကြီးတွင် မင်းမှုထမ်းခဲ့ဘူးသည်ဟုသာလျှင် သိကြ၏၊သည့်ပြင် အခြားဘာမျှမသိကြချေ။ မည်သို့သောအကြောင်းကြောင့် ထိုပဒတ်ကုန်း ရွာသိင်ရွာငယ်လေးတွင် လာရောက်ဇာတ်မြှုပ်နေကြသည်ကိုတော့ဖြင့် သူတို့မိဘနှစ်ပါးမှလွဲ၍ မည်သူမျှမသိကြချေ။

ရှုပနှင့်ဝဏ္ဏ လူလားမြောက် အရွယ်ရောက်သည့်အခါ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားကြပြီဖြစ်၏။

သူတို့သိတာတစ်ခုတော့ရှိသည်၊ သူတို့၏ဖခင်ဖြစ်သူသည် ရဲစွမ်းသတ္တိရှိသော စစ်သူကြီးတစ်ဦးဖြစ်လိမ့်မည်ဟု "ပဒတ်ကုန်း"ရွာသား ရွာသူများက ထင်ကြေးပေးခြင်းကို ခံရသည်ဖြစ်ကြောင်းပင်။ ဖြစ်နိုင်လောက်သည်ဟုလည်း သူတို့ညီအစ်ကို ယုံကြည်ထားကြ၏၊ သို့ငြား သူတို့မိဘနှစ်ပါး၏ အတိတ်အကြောင်းကိုတော့ဖြင့် မေးစမ်းခဲ့ကြခြင်း မရှိခဲ့ပါချေ။

သူတို့ညီအစ်ကိုအား ဖခင်ဖြစ်သူသည် ငယ်စဉ်ကလေးဘဝကတည်းက ကိုယ်ခံပညာကို သင်ကြားပေးခဲ့၏၊ လေးမြားပစ်အတတ်ပညာကိုလည်း သင်ကြားပေးခဲ့၏၊ သို့ကြောင့်လည်း သူတို့ညီအစ်ကိုသည် အရွယ်ရောက်သည်နှင့် သိင်းပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက်ကြသလို၊ လေးမြားပစ်ရာ၌လည်း [illegible]မဲ့ပင် ဖြစ်ခဲ့ကြသည်။

ထိုပညာနှင့်ပင် ဝမ်းစာကို ဖူလုံစွာ ရှာဖွေ[illegible]သောက်နိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိတ်ချင်းတူအမြဲညီအစ်ကိုဖြစ်ကြသည့်ကြောင့်လည်း သွား အတူ လာအတူ၊ တပူးတတွဲရှိကြသည်။

မိဘနှစ်ပါးဆုံးပါးသွားသည့်အခါ ညီအစ်ကိုနှစ်ယောက် ပို၍ပင် စည်းလုံးခဲ့ကြ၏။ တောတောင်အတွင်း အမဲလိုက်၍ရရှိသောတော ကောင်သားများကို ရောင်းချစားသောက်ကြ၏။

သူတို့တစ်ရွာလုံးသာမက အနီးပတ်ဝန်းကျင်ကျေးရွာများကပါ သူတို့ညီအစ်ကိုကို အားကိုးအားထား ပြုကြ၏၊ ချစ်ခင်ကြ၏။

တစ်နေ့ သူတို့ညီအစ်ကို ဖေါနတောင်တန်းကြီးဘက် အမဲပစ် ထွက်ခဲ့ကြသည်။ ထိုနေ့က ထူးထူးခြားခြား ရွှေရောင်အဆင်းရှိသော ဆတ်ဖိုကြီးတစ်ကောင်ကို တွေ့ခဲ့ကြသည်။

"ကိုကြီးဝဏ္ဏ ပစ်ချေဗျာ. . . "

ညီဖြစ်သူ ရှုပက ပြောလေသည်ကြောင့် ဝဏ္ဏသည် သူ့လက် တွင်းရှိ မြားနှင့်လှမ်းချိန်လိုက်သည်။

"အကောင်ကြီးက ချောမှချောကွာ. . သတ်ရမှာတောင် နမြော တယ်" ရယ်လို့ နှုတ်မှပြောလေသည်ကြောင့်. . .

ရှုပက "ကိုကြီးဝဏ္ဏကလည်းဗျာ၊ ကျွန်တော်တို့က မုဆိုးလေ အဖေသင်ပေးခဲ့တာ. . . သိုင်းပညာရယ်၊ မုဆိုးအတတ်ပညာရယ်၊ သည် နှစ်ခုပဲ မဟုတ်လား. . . ကိုယ့်ပညာနဲ့ ဘယ်လိုလုပ်ဝမ်းရေး ကိုဖြေရှင်း လို့ရမှာတုန်း။ ရွှေမြို့တော်ကြီးကိုသွားပြီး မင်းမှုထမ်းဖို့ဆိုတာ စိတ်ကူးတောင် မထည့်နဲ့နော်လို့ အဖေကအမြဲပြောတယ်လေ. . နို့ကြောင့်လည်း ကျွန်တော်တို့ညီအစ်ကိုကို [redacted] အတတ်ပညာကို လုံးဝသင် မပေးခဲ့တာပေါ့. . . "





"အေးလေ. . . အစ်ကိုသိပါတယ်ကွာ. . . နို့ကြောင့်လည်း အမဲလိုက်ပြီး ရောင်းချဝမ်းရေးရှာဖွေလာခဲ့ကြတာပဲပေါ့. . . အစ်ကိုတို့က သာမန်ပုထုစဉ်လူသားတွေလေ. . . အလှအပကိုတော့ မြင်သိခံစားမိတာ ပေါ့. . . တန်ဖိုးထား နားလည်ကြည့်တာပေါ့. . . "

ဝဏ္ဏကသို့ပြောပြီး မြားကြိုးကို လက်တင်ဆန့်ဆွဲလိုက်၏။ ပြီးနောက် ပစ်မှတ်ရှိရာသို့ မြားတံကို လွှတ်လိုက်လေသည်။

"ဝှစ်. . . "

မြားတံသည် လေကိုခွင်း၍ လျင်မြန်သောအရှိန်နှုန်းဖြင့် ဆတ် ကြီး၏လက်ပြင်နေရာသို့ ဦးထည့်သွားလေတော့သည်။

ညောင်းသီးလည်းစား၊ မြားတံလည်း နားထောင်သကဲ့သို့ သတိ အလျှင်မပြတ်ရှိသော ဆတ်ကောင်ကြီးသည် လေကိုခွင်း၍ပြေးဝင်လာ သောမြားတံကြောင့် ကဆုန်ပေါက် ခွေ့ခနဲ ခုန်ကာ ပြေးထွက်ခဲ့ပြီး မြား တံသည် သူ၏တင်ပါးတွင်းသို့ စွပ်ခနဲ စူးဝင်လာတော့သည်။ တွန့်ခနဲ တော့ဖြစ်သွားသည်။ သို့သော် ထိုနေရာမှ ပြေးထွက်လာနိုင်ခဲ့သည်။

"အလှအပကို ယစ်မူးမိလို့ ပစ်မှတ်လွဲသွားပြီ. . . " ရှုပက ရယ်ပြောသဖြင့် ဝဏ္ဏသည် "သိပ်ဟုတ်တာပေါ့ ရှုပရယ်. . . "ဟု ပြန်ပြောလိုက်သည်။

"ဒါ. . . ကိုကြီးဝဏ္ဏရဲ့ အားနည်းချက်ပေပဲ. . . "

"ကိုကြီးဝဏ္ဏ တောင်းပန်ပါတယ်. . ကဲပါလေ. . ဆတ်ကောင် ကြီး မြားချက်တော့ထိသွားတယ်. . . သေလောက်တဲ့ ဒဏ်ရာမဟုတ် ပေမင့် သူ့ခန္ဓာကိုယ်ထဲ စူးစူးနစ်နစ်ဝင်သွားတဲ့ မြားဒဏ်ကြောင့် ဝေးဝေး ပြေးနိုင်လိမ့်မည်မထင်ဘူး. . ကဲ. . အဲဒီကောင်ကြီး နောက်လိုက်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏသည် သို့နှယ်ပြောတာ ဆတ်ဖိုကြီးပြေးသွားရာလမ်း
သွားလေတော့သည်။

ထိုဇက်ရာရ ဆတ်ကောင်ကြီးနောက် ခြေရာခံလိုက်ခဲ့ကြ
ခမ်းပြေပြေတောင်စွယ်လေးပေါ် ဆက်သွားသည့်ခြေရာကို တွေ့လိုက်
သည်။

"ရှုပရေ. . . ဒီအတိုင်းလိုက်သွားလျှင်ဖြင့် ခရီးရှည်လိမ့်
သည်တော့ အစ်ကိုက ဟိုဘက်မြောင်လေးကနေ လိုက်မယ်. . . မင်း
ဒီတောင်ကြောလေးကနေလိုက်. . . မြောင်ပြတ်လေးဆိုတော့ ပြသ
မရှိနိုင်ဘူး. . . မြောင်ဆုံးလျှင်အစ်ကို တောင်ကြောပေါ် တက်လာခဲ့

ဝဏ္ဏက သို့နှယ်အကြံပြုလာသည်ကို ရှုပက သဘောတူလ
လိုက်ရင်း တောင်ကျောစွယ်အတိုင်း တက်သွားတော့သည်။

ဝဏ္ဏသည်လည်း ရှုပထွက်သွားသည်နှင့် မြောင်ထဲဝင်လိ
သည်။ ဝဏ္ဏ၏တွက်ကိန်း လုံးဝမှားသွားတော့သည်။ မြောင်တိုလေး
သတ်မှတ်ထားပေမင့် တောကြောမကြီးမှ အဆင့်ဆင့်ခွဲထွက်လာသ
တောကြောရှည်ဖြစ်နေသည်ကြောင့် ညီအစ်ကိုနှစ်ယောက်သည်
ဝေးကာဝေးကွာသွားကြတော့သည်။

"ဝူး. . . ဝူး. . . ဝူး. . ."ရယ်လို့ အပြန်အလှန် အသံပေ
ပြား တစ်ဦးအသံကို တစ်ဦးမကြားရချေ။

သည်တော့ ဝဏ္ဏ ဇောချွေးတွေပျံ့ရချေပြီ။ လွန်မင်းစွာလ
ထိတ်လန့်သွားတော့သည်။ မထူးတော့ပြီမို့ ထပ်တိုးလျှောက်ခဲ့ရာ မြော
သည် အလင်းရောင် ပိုရလာသည်ဖြစ်၍ မြောင်ပေါက်နားနီးလာသည်
သိလိုက်သည်။ ညီတော်မောင်နှင့် လမ်းကွဲခဲ့ပေမင့် သူ့အတွက် လမ်း





ပြန်ရောက်လာပြီဟု တွက်လိုက်မိသဖြင့် ဝမ်းသာသွားသည်။ မြောင်ပေါက်ဝရောက်လျှင် ချောင်းမကြီးကိုတွေ့မည်။ ဘာချောင်းရယ်သိလျှင် ခေါ်န်းကို ပြန်တတ်ပေပြီ။ သို့နှယ် တွေးမိကာ ပျော်နေသည်။

သည်အခါ သူညီရှုပနှင့် စခန်းတွင် ပြန်ဆုံနိုင်သည်။ သို့အတွေး ဖြင့်လျှောက်လာရာ မြောင်ပေါက်ဝထိပ်သို့ ရောက်လာသည်တွင် ချောင်းမကြီးတစ်ခုကို တွေ့ရသည်။ ယွန်းဇလင်းချောင်းဖြစ်လိမ့်မည်ဟု တွက်လိုက်၏၊ သို့မဟုတ်ပါမူ ချောင်းလက်တက်တစ်ခုဖြစ်ပေဦးတော့ ထိုချောင်းအတိုင်း စုန်ဆင်းလိုက်ပါမူ မလွဲမသေ ယွန်းဇလင်းသို့ ရောက်ပေမည်။ ယွန်းဇလင်းချောင်းကိုရောက်လျှင် သူလမ်းမှန်ကို မှန်းဆနိုင်ပြီဖြစ်သည်။

သို့ကြောင့် ဝဏ္ဏသည် မြောင်ပေါက်ဝမှနေ၍ ရေစုန်ရေဆန်ကို ကြည့်လိုက်သည်။

ချောင်းသည် အထက်ပိုင်း၊ အတော်ရောက်နေသည်ဖြစ်လိမ့်မည်။ ဘယ့်တွက်မူချောင်းတွင်း ရေမရှိ။ ခမ်းခြောက်နေသောကြောင့် ဖြစ်သည်။ သို့သော် သူမမှုပါလေ။ ရေမရှိသောချောင်းကို ရေစုန်ရေဆန် ဘုကြည့်တတ်နေပြီပဲ။ သို့ကြောင့် သူသည် ချောင်းမကြီးအရင်းရှိနေသည့် ကျောက်တုံး၊ ကျောက်ခဲများကို စူးစမ်းကြည့်လိုက်၏။ ဒိုက်ဖတ်များ၊ အမှိုက်သရိုက်များ တပ်ငြိနေပုံကိုလေ့လာ၏။ ပို၍သေချာရန် ချောင်းကမ်းပေါ်တွင်ကပ်၍ ပေါက်နေသော သစ်ပင်ကြီးငယ်၏ အမြစ်များကိုလေ့လာ၏၊ အမြဲတမ်းရေစီးကြောင့် သစ်မြစ်များသည် ရေစုန်ဘက် ယိမ်းလိုက်နေကြပေမည်။ ထိုသည်ကိုကြည့်ခြင်းအားဖြင့် ရေစုန်ရေဆန် သူခွဲခြားပြီဖြစ်သည်။ သို့ကြောင့် သူသည် ရေစုန်အတိုင်း လျှောက်သွားမည်ဟု ဆုံးဖြတ်ဆဲမှာပင်. . .



www.burmeseclassic.com

www.burmeseclassic.com



"အွစ်. . . အွစ်. . . အွစ်. . . "ရယ်လို့ ဆတ်ကောင်ဖော်သံကြောင့် ချောင်းအဆက်ဘက်ကို လှည့်ကြည့်လိုက်သည်။

"ဟင်. . . "

မမျှော်လင့်ဘဲ သူ ခြေရာခံလိုက်နေသော ဆတ်ကောင်ကြီးကို ချောင်းနံဘေးတွင် တွေ့လိုက်သဖြင့် ဝမ်းသာသွား၏။ သို့ကြောင့် နောက်ကြောင်းပြန်လှည့်ကာ ဆတ်ကောင်ကြီးရှိရာသို့ အပြေးကလေးသွားလိုက်သည်။ သူ့ကိုမြင်သည်နှင့် ဆတ်ကောင်ကြီးသည် လဲလျောင်းနေရာမှ ထပြေးသွားမည် စိုးရိမ်စိတ်ဖြင့် အနီးကပ်ပစ်ခတ်နိုင်ရန် ပြေးလွှားရင်းမှ မြားကြိုးနှင့် မြားတံကို ထိကပ်ထား၏။ ဆတ်ကောင်ကြီးကား ရရှိထားသောဒဏ်ရာကြောင့် "အွစ်. . . အွစ်. . . အွစ်. . . "ရယ်လို့ ဖော်ညည်းနေဆဲဖြစ်၏။ ဝဏ္ဏသည် ဆတ်ကောင်ကြီးနား ရောက်သည်တွင် သူ့လက်တွင်းမှ မြားတံဖြင့် နှလုံးသားရှိရာသို့ ထိုးချိန်လိုက်သည်။

"မပစ်ပါနဲ့. . . "ရယ်လို့ သူ့နောက်မှထွက်ပေါ်လာသည့် မိန်းမပျိုတစ်ယောက်၏အသံကိုကြားလိုက်သည်ကြောင့် ကမန်းကတန်း လှမ်းကြည့်လိုက်သည်။

"ဟင်. . . "

ရုတ်တရက်မို့ ထိတ်လန့်သွားသည်၊ အံ့ဩသွားသည်။ မှင်တက်သွားသည်။

ထိတ်လန့်သွားခြင်းမှာ တောနက်ထဲတွင် မိန်းမပျိုတစ်ဦးကို တွေ့လိုက်ခြင်းကြောင့် နာနာဘာဝပေလား၊ ဥစ္စာစောင့်များလေလား ထင်မှတ်လိုက်ခြင်းကြောင့်ဖြစ်သည်။

အံ့ဩသွားရသည်မှာ လွန်စွာမှ လှပချောမောနေသောကြောင့်





ဖြစ်သည်။ မှင်တက်သွားသည်ကား သူမ၏အသံသည် ရှပ်ရည်ရှပကာ အသက်အရွယ်နှင့်လားလားမျှ မဆိုင်ဘဲ လေးနက်တည်ကြည်သော အမိန့်သံဆန်နေသောကြောင့်ဖြစ်သည်။

သူ့လက်တွင်းမှ မြားကိုင်းနှင့် မြားတံကို အလိုလိုမြေပေါ်သို့ ချမိလျက်သားဖြစ်သည်၊ စိတ်ညို့ခံလိုက်ရသူပမာ ဖြစ်သည်။ သူမကို သာ ငေးငိုင်ကြည့်နေမိသည်။

သူမသည် လက်တွင်းရှိ ဖုန်းမှုတ်ခွက်အတွင်းမှ ဆေးမြစ်ရေတို့ဖြင့် ဆတ်ဖိုကြီး၏ မြားချက်ထိဒဏ်ရာကို လိမ်းကျံပေးနေသည်။

"ဟာ. . . "

ဝဏ္ဏ အံ့အားသင့်သွား၏။ ထိုဆေးလိမ်းပေးနေဆဲမှာပင် ဆတ်ကြီးသည် လဲလျောင်းနေရာမှ ဆတ်ခနဲ ထရပ်လာတော့သည်၊ သူမသည် ဆတ်ကောင်ကြီး၏ လည်ပင်းကို လက်ဖဝါးနုနုဖြင့် ပွတ်သပ်ပေးသည်. .

"တော်သေးတာပေါ့. . . လုလင်ရဲ့မြားဦးမှာ အဆိပ်လူးထားပေလို့. . . နို့မဟုတ် ဒီဆေးမြစ်ရေက သူ့အသက်ကို ကယ်နိုင်လိမ့်မယ်မဟုတ်ဘူး. . . အဆိပ်မသုံးတဲ့အတွက် ကျေးဇူးတင်ပါတယ်. . . "

သို့သာပြောပြီး သူမသည် ဝဏ္ဏအပါးမှ ကပ်ထွက်သွားတော့သည်။ သူမ၏ ကိုယ်သင်းရနံ့၊ နံ့သာနံ့သည် ဝဏ္ဏနှာခေါင်းဝမှ တိုးဝင်သွားတော့၏။

"ဟာ. . . မွှေးလိုက်တာ. . . "

ဝဏ္ဏ မှင်တက်သွားပြန်၏၊ သူ့အနားမှ ဆတ်ကောင်ကြီးထွက်သွားသည်ကိုပင် သတိမပြုမိလိုက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏသည် တွေဝေငေးမောနေဆဲ ဖြစ်သည်။ အမွှေးအမှင်တွေ ဖွေးဝါရောင်သမ်းနေသည့် ဆတ်ကောင်ကြီးနှင့် ဝင်းအိနေသော အသား အရည်ပိုင်ရှင်၊ သင်တိုင်းအင်္ကျီဝတ် ကရင်မလေးတို့ လျှောက်လှမ်းသွား နေသည်ကို မျက်စိတစ်ဆုံး ငေးမောကြည့်နေမိရာမှ ဝဏ္ဏသည် ဖျတ်ခနဲ သတိဝင်လာသည်နှင့် နောက်ပါးမှ ထက်ကြပ်မကွာ လိုက်သွားတော့ သည်။

သို့လိုက်ခဲ့ရင်းမှ လှေကားထစ်စိုက်ပျိုးထားသော တောင်ယာ ခင်းလေးသို့ ရောက်ခဲ့သည်၊ ဆတ်ကောင်ကြီးနှင့် ကရင်မလေးသည် တောင်ယာခင်း၏တောင်ကြောစွယ်တွင်ရှိ အိမ်ကြီးနားသို့ ရောက်သွား ကြပြီဖြစ်သည်၊

ဝဏ္ဏသည် တောင်ယာခင်းအစပ် တောအုပ်လေးအတွင်းမှ လှမ်း ၍ ငေးမောကြည့်နေ၏၊ သူ ကရင်မလေးကို စွဲလမ်းသွားချေပြီ ဖြစ်လိမ့် မည်၊ ကွဲကွာနေသော ညီဖြစ်သူ ရှပကိုလည်း သတိမရလေတော့။

သို့ငေးမောကြည့်နေရင်းမှ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ကာ ထိုတောင်ယာခင်းလေးရှိ အိမ်ကြီးဆီသို့ ဦးတည်ခြေလှမ်းလိုက်လေတော့ သည်။

သို့ဖြင့် အိမ်ကြီးရှိရာ တောင်ကြောလေးပေါ် ရောက်သွားသည် တွင် "ရွှီး"ရယ်လို့ လေချွန်သံကို ကြားလိုက်သည်နှင့် အသံလာရာသို့ ကဗျာကသီလှည့်လိုက်သည်။

"ဟင်. . . "

သူ့အား ရုတ်တရက် ဝင်ရောက်တိုက်ခိုက်မှုတစ်ရပ်ကြောင့် သူ့လက်တွင်းမှ မြှားကိုင်းဖြင့် ဆတ်ခနဲ ရန်သူကို တန် ပြန်တိုက်ခိုက်လိုက်





ပြီးနောက်သို့ ခုန်ဆုတ်ရှောင်တိမ်းလိုက်၏။

ကံသီပေလို့ နို့မဟုတ် အရိုးတခြား အရေတခြား ဖြစ်သွားပေ သိမ့်မည်။ သူ့ကိုတိုက်ခိုက်လာသော ရန်သူသည် ရုတ်ချည်းပြန်လည် ခုခံ နိုင်လိမ့်မည်၊ မထင်ထားသည့်ကြားမှ ပြန်လည်တိုက်ခိုက်လာခြင်းကြောင့် သူ၏တိုက်ကွက်ကို ဖျက်လိုက်ကာ တစ်ဖက်ရန်သူတိုက်ခိုက်လာခြင်းကို ဆုတ်ရှောင်လိုက်သည်၊ သို့ကြောင့် နှစ်ဦးနှစ်ဖက် ထိခိုက်ဒဏ်ရာမရခြင်း ဖြစ်သည်။ လား. . . လား. . . သူ့ကိုတိုက်ခိုက်လာသူမှာ အခြားမဟုတ်။

ဝံနက် ကြီးတစ်ကောင် ဖြစ်နေသည်၊

သာမန်ဝက်ဝံတော့ မဖြစ်နိုင်။ လိမ္မာရေးခြားရှိပြီး သခင်ဖြစ်သူ က တိုက်ခိုက်ရေးသမားကောင်း ဖြစ်အောင် စနစ်တကျ သင်ကြားပြထား ရ၏။

ဝံနက်ကောင်ကို "ဝဏ္ဏ" မမှုပါလေ၊ ဘယ်တွက်မှု သူ၏ဖခင် ဖြစ်သူက ဝံသိုင်းကို ကျေညက်နေအောင် သင်ကြားပေးခဲ့သည်ကို စိတ်ပါ ဝင်စား သင်ကြားနာယူခဲ့ဖူးသည် ဖြစ်ခြင်းကြောင့်ပင်။

"ဂရား. . . " "ဂါး ဂရား. . . " "ဂါး. . . "

ဝံသည် သို့နှယ်အော်မြည်ကာ တရှုးထိုးပြေးဝင်လာ၏၊ အသား ဆုတ်ပြေးဝင်လာခြင်း မဟုတ်မှန်း သူသိထား၏၊ သို့ပြေးဝင်လာရင်း သူ့ မျက်နှာကို လက်ဖျံနှစ်ဖက်ဖြင့် ကာထားမည်။ ထိုအခါ တစ်ဖက်ရန်သူ သည် သူ၏ရင်ညွန့် ဟာလာဟင်းလင်းပွင့်နေသည်ဟုတွက်ဆကာ တိုက် ခိုက်လာလိမ့်မည်။ သည်တွင် ဝံကောင်က ရင်ဝပြေးဝင်လာသော တိုက် ကွက်ကို လက်တစ်ဖက်ဖြင့် ပုတ်ချကာဆီးလိုက်သည်နှင့် ကျန်ပြင်နက် သန်လက်တစ်ဖက်က ရန်သူ၏မျက်နှာပြင်သို့ ဖြတ်ရိုက်လှုတ်ဖွဲ့ဆွဲခြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ သို့ကြောင့် ဝဏ္ဏာသည် နံဘေးသို့သာ တိမ်းရှောင်လိုက်ပြီးမြေပြင်မှ ခုန်လွှားလိုက်ကာ ဝံကောင်၏နောက်ကျောမှနေပြီး ပခုံးဘက်နေရာ အတွင်းအား သုံးထည့်ကာ ကန်ကျောက်လိုက်၏။

"ဝါး ဂရာ. . . " "ဂါး. . . ဂါး. . . "

အလေ့အကျင့်နည်းနေသည်ကြောင့် ဟန်ချက်အနည်းငယ် ပျ သွားသည်ဖြစ်၍ ဝံနက်ကောင်ကြီး လက်ဆစ်ပြုတ်ထွက်မသွားခြင်း ဖြ သည်။ သို့ပြီး ရှေ့ခပ်လှမ်းလှမ်း လွင့်စဉ်ပျောက်လျှင် လဲကျသွားသည်

"ဖျောင်း. . . ဖျောင်း. . . ဖျောင်း. . . "

သူ့နောက်ကွယ်မှ ပေါ်ထွက်လာသော လက်ခုတ်တီးသံကြော ဝဏ္ဏာလှည့်ကြည့်သည်။

သို့လှည့်ကြည့်လိုက်သည့် လျှပ်တစ်ပြက်အချိန်ကလေးမှာ ဝံနက်ကြီးက တိုက်ခိုက်ရန် အလို့ငှာ လေးဖက်တွားအရှိန်အဟုန်ဖြင့် ပြေး လာသည်တွင်. . .

"ရွှီးစ်. . . "

စူးစူးရှရှ လေချွန်သံကြောင့် တုံ့ခနဲရပ်သွားကာ အိမ်မကြီးဘ သို့ ဝံနက်ကောင် ပြေးလွှားသွားတော့သည်။

သည်တော့မှ ဝဏ္ဏာသည် လက်ခုပ်သံရှင်ကို စေ့စေ့ကြည့်လိုက ၏။ အသားမဲမဲ၊ ကတုံးဆံပင်နှင့် ခန္ဓာကိုယ်အချိုးအစား ပြေပြစ်လွန်းသော အမျိုးသမီးဖြစ်သည်။ မိုးပြာရောင် တီရှပ်လက်တိုနှင့် ဂျင်းဘောင်းဘီ ပြာကို ဝတ်ဆင်ထား၏။ သို့ကြောင့် သူမ၏ အဖုအထစ် အမို့အမော တို့သည် ထင်ရှားပေါ်လွင်လွန်းလှ၏။ မျက်နှာသွယ်သွယ်၊ နှာတံပေါ် နှုတ်ခမ်းပါးပါး၊ အသားမဲသည်ကလွဲလို့ အပြစ်ပြောစရာလုံးဝမရှိသော





အမျိုးသမီးဖြစ်သည်။

တိုက်ခိုက်ရေးသမားတစ်ယောက် မဖြစ်နိုင်ဟု ဝဏ္ဏာက ယေဘု ယျတွက်လိုက်မိပြီး သတိကိုတော့ မပြတ်ထားလိုက်သည်။

"လုလင်က ဝံသိုင်းကို နောကျေနေပုံပဲ. . . တိုက်ပွဲဆက်မယ် ဆိုလျှင်ဖြင့် မဲလုံးတော့လွယ်မယ် မထင်ဘူး. . . နို့ကြောင့် သူ့ကိုတိုက်ပွဲ တွင်းက ရှောင်ပြေးထွက်သွားခိုင်းလိုက်တာပေါ့. . . တစ်ခုတော့ရှိတယ် နော်. . . မဲလုံးက သခင့်အမိန့်မရမခြင်း အလူးအလဲ အသေခံတိုက်ခိုက် မှာတော့ သေချာတယ်. . . "

အသားနက်မက ပျော့ပျောင်းညင်သာစွာ ပြောလာပြီး ပြုံး ခြောက်သံပါနေ၏။ သို့ကြောင့် -

ဝဏ္ဏာသည် ပခုံးတစ်ချက်တွန့်လိုက်ပြီး. . .

"နို့ဖြင့် မင်းက ငါနဲ့ယှဉ်ချင်သေးတာပေါ့. . . ကောင်းပြီ လေ. . . မင်းက စပြီးတိုက်ခိုက်ပါ. . . "

သို့ပြောလိုက်သည်တွင်သူမက "ဟင်း. . . ဟင်း. . . ဟင်း. . . မတိုက်ခိုက်ဝံ့လို့လည်း မဟုတ်ဘူးနော်. . . မတိုက်ခိုက်ချင်လို့လည်း မဟုတ်ဘူး. . . နိုင်မယ် ရှုံးမယ်လို့လည်း တစ်ဖက်သတ် မသတ်မှတ်ဘူး နော်. . . အစ်မတော်က ခရီးဦးကြိုပြုဖို့ပဲ မှာလိုက်လို့. . . ဟင်း. . . ဟင်း. . . ဟင်း. . . နောင်တစ်ချိန်ချိန်မှာ ယှဉ်ပြိုင်ကောင်း ယှဉ်ပြိုင်ရပါ လိမ့်မယ်. . . ခုတော့ စိတ် လျှော့ထားပါဦး. . . ဪ. . . တစ်ခုတော့ တောင်းဆိုပါရစေ. . . လုလင်ရဲ့ မြှားခေတ္တပေးနိုင်မလားဟင်. . . " ဝဏ္ဏာသည် သူ၏လေးမြှားကို ကမ်းပေးလိုက်သည်။

အသားနက်မသည် လှမ်းယူလိုက်ပြီး အငယ်လှမ်းလှမ်းရှိ



www.burmeseclassic.com

www.burmeseclassic.com



တောင်ယာတဲနားတွင်ရှိသေ စာချောက်ရှုပ်ကို လှမ်းပစ်လိုက်သည်၊ အသားနက်မ ပစ်လွှတ်လိုက်သော မြှားတံသည် စာချောက်ရှုပ် နှလုံးသား ရှိနိုင်မည့် နေရာတည့်တည့်သို့ စူးဝင်စိုက်လျက်. . .

ဝဏ္ဏာသည် ပြုံးလိုက်၏။ အသားနက်မပြန်ပေးလာသည့် မြှားကိုင်းကို လှမ်းယူလိုက်ပြီး၊ နောက်ကျောတွင် စလွယ်သိုင်းလွယ်ပိုးလာသည့် မြှားဘူးတွင်းမှ မြှားတံတစ်ချောင်းကိုထုတ်ယူကာ ထိုစာချောက်ရှုပ်ရှိရာသို့ မြှားတစ်စင်းပစ်လွှတ်လိုက်တော့သည်၊

"ရှိစ် . . . "

"ဟင် . . . "

အသားနက်မ ပစ်လွှတ်လိုက်သော မြှားတံက ဖင်ပိုင်းမှနေ၍ နှစ်ခြမ်းခွဲစူးဝင်သွားသဖြင့် မျက်လုံးဝိုင်းဝိုင်းလေးတစ်စုံသည် ပြူးကျယ်လုမတတ် ဖြစ်သွားရသည်၊ သို့ပေမင့် ဣန္ဒြေမပျက် နေလိုက်သည်၊

"ချီးကျူးပါတယ် သို့ပေမင့် လုလင်ကအလှတရားနဲ့ ပတ်သက်လျှင်ဖြင့် အရှုံးသမားသက်သက်ဖြစ်သွားနိုင်တယ်နော်. . . လုလင်မှာ အလှအပမှန်သမျှ ယစ်မူးတတ်တဲ့ အားနည်းချက်တွေ့မိတယ်. . လုလင်ဟာ ရှေ့လျှောက် အရှုံးသမားကြီးဖြစ်ရတော့မယ်ဆိုတာ ကျွန်မကြိုပြောလိုက်မယ်. . . ကဲ. . . လုလင်ကို သခင်မကြီးဒေဝီက အိမ်မကြီးပေါ်မှာ စောင့်နေပါလိမ့်မယ်. . . "

သို့ဆိုကာ အသားနက်မသည် ရှေ့မှလျှောက်လှမ်းသွားသည်ကြောင့် ဝဏ္ဏာသည်လည်း သူမနောက်ပါးက လိုက်ပါသွားတော့သည်၊

စံအိမ်ကြီးသို့ရောက်သည်တွင် အသားနက်မက မျက်နှာခံမျက်နှာကဲဖြင့်သာ အပေါ်သို့တက်ခိုင်းလိုက်ပြီး သူမသည် စံအိမ်ကြီး





နောက်ဘက်သို့ သွက်လက်သော ခြေလှမ်းများဖြင့် ထွက်သွားတော့၏။ ဝဏ္ဏာသည် အိမ်မကြီးပေါ်သို့ လှေကားအတိုင်းတက်သွားတော့သည်၊

"လုလင် ထိုင်ပါ. . . အမောဖြေပါ. . . သစ်သီးစားပါ"ရယ်လို့ ကြား ဖူးသောအသံသည် အခန်းတွင်းမှ ပျံ့လွင့်ထွက်လာသည်ကြောင့် ဝဏ္ဏာကျေနပ်နှစ်သိမ့်သွားသည်။ သူ နောက်ယောင်ခံလိုက်ခဲ့သော ကရင်မလေးအသံ ဖြစ်နေခြင်းကြောင့်ပင်။

သူ့ကိုစောင့်နေသည်ဆိုသော သခင်မကြီးဒေဝီ ဆိုသူကို စိတ်မဝင်စား။

သို့ြငား အိမ်မကြီးအတွင်း သူရောက်သွားသည်တွင် "ထိုင်ပါ လုလင်"ရယ်လို့ပြောလာသူကို တွေ့လိုက်ရသည်ကြောင့် သူ မှင်တက်သွားမိသည်။

ပြေပြစ်နူးနယ် ချောမောလှပသော ကရင်မလေးဖြစ်သည်၊

တစ်မနက်လုံး တောနင်းခဲ့ရသည်ကြောင့် ဆာလောင်နေသည်ဖြစ်၍ စားပွဲဝိုင်းပေါ်တွင် တည်ခင်းထားသည့် သစ်သီးမှည့်ကို လှမ်းကြည့်လိုက်သည်တွင်. . .

"အမောင်လုလင်အတွက် ခင်းကျင်းပြင်ဆင်ထားတာပါ. . . သုံးဆောင်ပါဦး. . . ပြီးမှ စကားစမြည်ပြောကြတာပေါ့. . . "

သူ ခေါင်းတစ်ချက်ညိတ်ကာ စားပွဲဝိုင်းတွင် ဝင်ထွက်လိုက်ပြီး သစ်သီးများကို အားပါးတရ စားလိုက်တော့၏။

"အင်း. . . သိပ်ဆာလောင်မွတ်သိပ်နေဆဲ စားစရာရလိုက်တဲ့အခါ ဣန္ဒြေမဆည်နိုင်ဘဲ အငမ်းမရ အားပါးတရ စားတတ်တဲ့လုလင်ရဲ့ စရိုက်ကိုတော့ သိပ်သဘောကျသွားပြီ. . . "ရယ်လို့ ကြားသံနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ငွံ့နေသည့် ဝဏ္ဏနားသို့ ခြေတစ်စုံ ချဉ်းကပ်ရောက်လာသည်။

ဖောင်းမို့မို့ ခြေဖမိုးများသည် ဝင်းလို့နေ၏။ ဝဏ္ဏသည် ထိုခြေဖမိုးမှသည် တစ်စတစ်စရွေ့လျား မော့ကြည့်လိုက်သည်။ ခန္ဓာကိုယ်အချိုးအစားသည် လှသည်ဟုထင်ထားသည်ထက် ပိုကာနေပေတော့၏၊ နှိုက်ကြီးဖိုငယ် အသွယ်သွယ်တို့သည်လည်း ရှိသင့်ရှိထိုက်သည်ထက် ပိုလိုခြင်းမရှိပါချေ။ လည်တိုင်သည်လည်း ကျော့ရှင်းလို့နေ၏။ ဝဏ္ဏ၏အကြည့်သည် လည်တိုင်မှသည် မျက်နှာပြင်တွင် အဆုံးသတ်သွားတော့၏။

"ဟင်. . . "

ဝဏ္ဏ အံ့ဩတုန်လှုပ်သွားသည်။ မနက်ကဆုံခဲ့သော ကရင်မလေးမှ ဟုတ်ပါလေစဟု ဒွိဟဖြစ်သွားရသည်။ နီးနီးကပ်ကပ်မြင်လိုက်လေမှ သူမအလှပို၍ပေါ်လွင်လာသလို ဝင်းဝါအိညက်သော အသားအရည်ပိုင်ရှင်ဖြစ်ရုံမက သူ၏ခန္ဓာကိုယ်မှာ ပျံ့လွင့်ထွက်ပေါ်လာသော ရနံ့သည် သင်းလွန်းလှ၏။

တစ်ခုပဲ အပြစ်ပြောစရာရှိသည်။ သူမပြောသောလေသံသည် တည်ငြိမ်ရင့်ကျက်သော်ငြား သူမနှင့်လိုက်ဖက်မှုမရှိခြင်းပင် အံ့ဩစရာကောင်းလွန်းနေသည်။ အသားနက်မကဲ့သို့ ပျော့ပျော့ပြောင်းပြောင်းလေသံတော့မဟုတ်။

"လုလင် စားပါ။ လွတ်လွတ်လပ်လပ် အားပါးတရ စားပါ။ ဟန်ဆောင်ပန်ဆောင်လုပ်တတ်တာကို မကြိုက်ဘူး" ရယ်လို့ ပြောပြီး သူ့အနားတွင် ပဆစ်တုတ်ထိုင်ချလာသဖြင့် ဝဏ္ဏတစ်ယောက် သူမ၏ကိုယ်သင်းရနံ့ကို ရလိုက်သည်။

မွှေးကြိုင်လွန်းလှပါကလား။ ဝဏ္ဏသည် ယခုကဲ့သို့ အမျိုးသမီး





နှင့်ပူးကပ်မထိုင်ခဲ့ဘူးချေ။ ရင်မခုန်ဘူးချေ။ သူစိတ်လှုပ်ရှားသွားမိသည်။ သူနှင့်တိုက်ခိုက်ခဲ့သော ဝံကောင်ကို သတိမရ၊ အသားနက်မကို သတိမရ၊ ကုန်ကုန်ပြောရလျှင် အမှာညီရွှေပကိုပင် သတိမရတော့ချေ။

ဆာလောင်လွန်း၍ အာသာငမ်းငမ်းစားနေသော သစ်သီးကိုလည်း စားလိုစိတ်မရှိတော့။

"မင်းကလေးက ဒီမှာနေတာလား. . . သခင်မကြီးဒေဝီဆိုတာ ကောမင်းနဲ့ဘာတော်တာလဲ. . . ငါ့ကို သခင်မကြီးဒေဝီစောင့်နေတယ် ပြောပြီး. . . ခု မတွေ့ရသေးပါကလား. . . "

သူ့အမေးစကားကြောင့် ကရင်မလေးက ပြုံးစစလုပ်နေ၏။ ထိုအခိုက်မှာပင် "သခင်မကြီးဒေဝီ အမိန့်နာခံပါတယ်" ရယ်လို့ပြောပြီး ပျော့ပြောင်းညင်သာသော ယောကျ်ားသံကြောင့် ဝဏ္ဏသည် အိမ်မကြီးအဝင်တံခါးမကြီးဘက် လှည့်ကြည့်လိုက်သည်။

သန့်မာထွားကြိုင်းသော လူကြီးတစ်ယောက်ဖြစ်သည်။ အသံနှင့်လိုက်ဖက်မညီသူ ဖြစ်၏။ သူ၏ရင်ဘတ်တွင် သိမ်းငှက်ပုံဆေးမှင်ကြောင်ထိုးထား၏။ လက်နှစ်ဖက်ကို ယှက်ကာ ရို့ရို့လေးရပ်နေလေ၏။

"ဟုတ်ပြီ. . . သိမ်းငှက်နှင့် မဲလုံး ဒီစံအိမ်ကြီးရဲ့မြင်ပကိုက် ၅၀၀ အတွင်းရှိ မနေပါနဲ့ လုံခြုံရေးကို ကိုက် ၅၀၀ မြင်ပတစ်ဝိုက်မှာပဲ စောင့်ကြပ်ပါ. . . "

"ကောင်းပါပြီ သခင်မကြီးဒေဝီ. . . "ဆိုကာ သိမ်းငှက်ဆိုသော လူထွားကြီးသည် ခန္ဓာကိုယ်နှင့်မလိုက်အောင် သွက်လက်ပေါ့ပါးစွာ လှည့်ဆင်းသွားတော့၏။

ထိုလူထွားကြီး၏လှုပ်ရှားမှုကိုကြည့်၍ အတွင်းအားကောင်း



www.burmeseclassic.com

www.burmeseclassic.com



သော သိုင်းသမားတစ်ယောက်ဆိုသည်ကို ဝဏ္ဏရိပ်မိလိုက်၏၊

"ညီမတော်ကကော အမတော်" ရယ်လို့ အသံနှင့်အတူ အသားနက်မသည် အနားရောက်လာပြန်၏။

"ညီမတော်ကတော့ ဗိအိမ်ကြီးရဲ့ပြင်ပလောက်မှာတင် ရှိနေလျှင်ဖြင့် ရပါတယ်. . . "

သို့ ပြောလိုက်သည်တွင် အသားနက်မသည် ဝဏ္ဏကို ပြုံးစစကြည့်ပြီး. . .

"လုလင်ရဲ့သတ္တိတွေ အားမာန်တွေ ဗိန္နေကစလို့ ခဝါချတော့မယ်ဆိုတာ ကြုံပြောခဲ့ပါရစေ. . . "ဟုဆိုကာ ချာခနဲ လှည့်ထွက်သွားတော့သည်။

သူမစကားကြောင့် ဝဏ္ဏ စိတ်တိုသွားသည်။ "တောက်"ရယ်လို့သာ တောက်ခေါက်လိုက်ပြီး အံကြိတ်ကျန်ရစ်ခဲ့တော့သည်။

"ဟင်း. . . ဟင်း. . . ဟင်း. . . ညီမတော်က လုလင်ကို ချစ်လို့ကျီစယ်သွားတာပါ. . . "

သခင်မကြီးဒေဝီက ဝဏ္ဏ၏ဖြစ်အင်ကိုကြည့်ပြီး သဘောကျနှစ်ခြိုက်စွာရယ်လျက် ပြောလေ၏။

သူမ၏ရယ်သံကြောင့် ဝဏ္ဏသည် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်ကြောင့် ချောလဲရောထိုင်ဆိုသလို သူပါလိုက်ရယ်နေမိတော့၏။

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း. . . "

"ဩော်. . . သခင့်မကြီးဒေဝီဆိုတာ မင်းပဲကိုး. . . "ရယ်လို့ တစ်ဆက်တည်းပြောလိုက်ပြီး ထိုင်ရာမှထလိုက်သည်။ သို့သော် သခင်မကြီးဒေဝီက. . .





"ဒါ ဘယ်သွားမလို့တုန်း. . . "မေးလေသည်။

"ပြန်တော့မပေါ့. . . နေရာသိထားပြီပဲ. . . နောက်နေ့ကိုလာလည်ခွင့်ပေးလျှင်ဖြင့် လာခဲ့မယ်လေ. . . "

ဝဏ္ဏစကားကြောင့် သခင်မကြီးဒေဝီသည် 'ခစ်'ခနဲ ရယ်လိုက်ပြီး. . .

"အောင်မယ်. . . လုလင်ကဘယ်ကိုပြန်မှာလဲ. . . မျက်စိလည်လမ်းမှားရောက်လာတဲ့သူကများ. . . "

သည်တော့မှ ဝဏ္ဏ သတိရလိုက်တော့၏။ ဟုတ်သားပဲ၊ သူဘယ်ကိုပြန်မှာလဲ။ ဘယ်လိုပြန်ရမှာလဲ၊ လမ်းပျောက်ပြီး ဗိရောက်လာတာပဲလို့ တွေးလိုက်မိသည်။

"မိုးလည်းချုပ်စပြုပြီလေ. . . တောကြီးတောင်ကြီးထဲမှာ စမ်းဘဝါးဝါးနဲ့ ကျားစာဖြစ်ချင်နေလို့လား. . . "

ဝဏ္ဏသည် သူမကိုစေ့စေ့ကြည့်လိုက်၏။ မခို့တရို့မျက်နှာဘေးဖြင့် သူ့အား စေ့စေ့ပြန်ကြည့်နေခြင်းကြောင့် ဝဏ္ဏ မျက်နှာလွှဲလိုက်သည်။ ဘာရယ်ကြောင့်မသိ၊ သူ့နှလုံးခုန်နှုန်း မြန်လာသည်။

သူ မြင်မြင်ချင်း စွဲလမ်းမိခဲ့သော ကရင်မလေးနှင့် ယခုလိုစကားပြောခွင့်၊ နီးနီးကပ်ကပ်နေထိုင်ခွင့်ရဖို့ရန် ခဲခဲယဉ်းယဉ်း ကြိုးစားရလိမ့်မည်ဟု သူအစက ထင်ထားခဲ့၏။ ခုတော့ သို့နှယ် မဟုတ်ပါလား။ သို့ကြောင့်

"သို့ဆိုလျှင်ဖြင့် အတိုင်းထက်လွန် ဝမ်းမြောက်မိပါတယ်. . . နေးကြားလွဲတာတော့ မဟုတ်ပါဘူးနော်. . . "

"ဟင်း. . . ဟင်း. . . ဟင်း. . . လုလင်ရဲ့နားက ပါးလွန်းလှပါဘယ်. . . ကဲ. . . ကဲ. . . လုလင် ဟိုဘက်အဆောင်တော်မှာ နားနေအိပ်



www.burmeseclassic.com

www.burmeseclassic.com



စက်နိုင်ပါတယ်. . . အစ်မတော်ဘုရား ဝတ်ပြုလိုက်ဦးမယ်. . . "ဆိုကာ

သူနားမှ ပွတ်ကာသီကာ ထွက်သွားလေသည်ကြောင့် ဝဏ္ဏတစ်ယောက်တစ်ကိုယ်လုံး ကျင်စက်နှင့် အတို့ခံလိုက်ရသလို ဖြစ်သွားတော့သည်၊ ဖျတ်ခနဲ တစ်ကိုယ်လုံး တုန်တက်သွား၏။

ဝဏ္ဏတစ်ယောက် ထိုနေရာမှာပင် အတန်ကြာ ဆက်ထိုင်နေလိုက်၏၊ ပြီးလေမှ ဘုရားခန်း၏အနောက်ဘက်ထောင့်စွန်းအခန်းတွင် ဝင်ရောက်လဲလျောင်းနေလိုက်သည်၊

အတော်နှင့် အိပ်မပျော်၊ တောင်တွေးမြောက်တွေး ထူးခြားသည်မှာ သူ အင်မတန်ချစ်သော အမှာညီ "ရှုပ"ကို လုံးဝသတိမရခြင်း ဖြစ်သည်၊ သူ့အတွေးတွင် စိုးမိုးနေသည်မှာ သခင်မကြီးဒေဝီ ဟုဆိုကြသည့် ကရင်မလေးသာဖြစ်ချေတော့၏။ သူမသည် သူ့ထက်ငယ်ပေလိမ့်မည်၊ သို့ငြား အစ်မတော်ရယ်လို့ သူ့ကိုယ်သူ နာမ်စားပြုကာ လူကြီးတစ်ယောက်လေသံဖြင့် ဆက်ဆံနေခြင်းကို စဉ်းစားလိုက်မိသည်တွင် သူပြုံးမိသွား၏၊

သူ သခင်မကြီးဒေဝီဆိုသည့် ကရင်မလေးအပေါ် အတော်ကလေးစွဲလမ်းနေမိပြီပဲ။

ညသည် တိတ်ဆိတ်လို့နေ၏။ ဝဏ္ဏတစ်ယောက် ဟိုတွေးသည်တွေးနေရာမှ မျက်လုံးများမှေးစင်းလာတော့၏။ သို့ရှိစဉ်မှာပင် နံ့သာဖြူနံ့သင်းသင်းလေးကို ရလိုက်၏။ သူနှင့် ရင်းနှီးပြီးရနံ့ ဖြစ်သည်၊ သို့ကြောင့် မှေးစင်းနေသော မျက်ခွံကို အားယူဖွင့်လိုက်သည်။

"ဟင်. . . "

သူသည် ပြတင်းပေါက်ကို ဖွင့်ထားသည်ကြောင့် လ၏အလင်းရောင်သည် အခန်းတွင်းတိုးဝင်နေသည်၊

ထိုပြတင်းတံခါးမှ လေပြည်လေးတိုးဝင်နေခြင်းကြောင့် နံ့သာနံ့သင်းသင်းလေးကို ရလိုက်ခြင်းဖြစ်၏၊

ထိုရနံ့သင်းသင်းလေးသည် ပြတင်းတံခါးဝတွင်ရပ်နေသည့် အမျိုးသမီးထံမှ ဖြစ်သည်။

/ ဘယ်အချိန်က သူ့အခန်းတွင် သူမရောက်နေပါသနည်း၊ မိုးပြာရောင်ဇာပါးညဝတ်အင်္ကျီသည် လေပြည်လေးကြောင့် တလှုပ်လှုပ်လှုပ်ခတ်နေ၏၊

ပြတင်းတံခါးပေါက်မှနေ၍ လမင်းကြီးကိုမော့ကြည့်နေဟန်တူသော သူမသည် သူ့ဘက်မျက်နှာမူပြန်လှည့်လာသည်ကြောင့် တဖျာကသိသထိုင်လိုက်၏၊ ကြက်သီးမွေးညှင်းများ ထသွားမိသည်၊

"လုလင် အိပ်မပျော်ဘူးထင်တယ်. . . "

သို့စကားသံကို သူကြားပေငြား သူမ၏ပြေပြစ်သော ခန္ဓာကိုယ်အလှအပကို ငေးမောကြည့်နေမိသည်ကြောင့် မည်သည့်စကားမှ ပြန်မပြောဖြစ်တော့ချေ၊

သို့နှယ် မှင်တက်ငေးမောနေဆဲမှာပင် သူမသည် သူ့အနားသို့ရောက်လာ၏။

နီးနီးကပ်ကပ်မြင်လိုက်ရသော သူမ၏အလှကြောင့် ရူးမတတ်ဖြစ်သွားရတော့၏။

သူ့စိတ်တွေ လှုပ်ရှားသည်၊ သူသည် ထိုင်ရာမှထလိုက်ကာ သူ့အနားရောက်လာပြီဖြစ်သော သူမကို သန်မာသော သူ၏လက်နှင့်ဖက်ပြင်းပွေ့ဖက်လိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



သူမသည် ရှုန်းကန်ခြင်းမရှိ။ နူးညံ့သော အသားစိုင်တို့က သူ၏ တောင့်တင်းသော ခန္ဓာကိုယ်ကြီးကို ပျော့ခွေသွားစေ၏။ ပူလောင်စေ၏၊ နိုးကြွစေ၏၊ ဝဏ္ဏ ဘာမှမစဉ်းစားလေတော့။ စိတ်ဆောင်ရာသို့သာ ခန္ဓာကိုလိုက်နေတော့၏။

ထူးခြားသည်ကား တစ်ချက်ကလေးမှ မညည်းမညူ မရုန်းမကန် သူလျှောက်နေသော ခရီးကြမ်း၏အဖော်မွန်ကောင်းပင် ဖြစ်ခဲ့တော့၏။

လှိုင်းထန်သော ပင်လယ်ပြင်ကို တက်ညီလက်ညီကူးခတ်သည်နှယ်။ ပထမတော့ သူက ဦးဆောင်သူ။ နောင်တော့တာ သူသည် နောက်လိုက်ဖြစ်မှန်းမသိ ဖြစ်သွားရတော့၏။

အလှတရားကိုတပ်မက်ယစ်မူးမိသော ဝဏ္ဏသည် ဤအချိန်မှစ၍ သူ့တွင် ပင်ကိုယ်ရှိ သတ္တိအားမာန်တို့ကို သခင်မကြီးဒေဝီထံ ပုံအပ်လိုက်ရပေတော့သည်။

နံနက်မိုးသောက်အလင်းရောက်လုတွင် ခြေကုန်လက်ပန်းကျချေပြီ။ နှစ်ဦးသားထွေးဖက်ကာ အိပ်ပျော်သွားသည်။ မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ၊ ဝဏ္ဏသည် သူ၏နဖူးပြင်ကို တစ်စုံတစ်ဦးက ငုံ့နမ်းလာသည်ဖြစ်၍ ဖျတ်ခနဲ နိုးထလာကာ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။

ပြုံးစစ ကပိုကရိုအလှဖြင့် သူ့အား ငုံ့ကြည့်နေသောသခင်မကြီးဒေဝီဖြစ်သည်။ ဝဏ္ဏသည် သူမ၏သေးသွယ်သောခါးကိုပွေ့ယူဆွဲလိုက်သည်နှင့် အလိုက်သင့် သူ့ခန္ဓာကိုယ်ပေါ်သို့ ဖိကပ်၍လာတော့၏။

ထိုမှတစ်ဖန် အချစ်ပင်လယ်ပြင်ကို တက်ညီလက်ညီ ကူးခတ်





ကြပြန်သည်။

ထိုနေ့မှသည် ဝဏ္ဏတစ်ယောက် သခင်ကြီးရာထူး အပ်နှင်းခြင်း ခံရလေတော့သည်။

"သခင်ကြီး. . . နံနက်ခင်းစာ စားဖို့ရာ သခင်မကြီးဒေဝီစောင့်နေပါတယ်. . . "

အသားနက်မတ သူ့အခန်းပေါက်ဝမှ လာရောက်နှိုးဆော်သည်ကြောင့် အိပ်ရာမှလူးလဲထလိုက်ပြီး မျက်နှာသစ်၊ ခြေလက်သန့်စင်ပြီး ထွက်ခဲ့သည်။

ဗုဒ္ဓဆင်းတုတော်ကြီးရှေ့တွင် ကျုံ့ကျုံ့ထိုင်ကာ ဝတ်ပြုလိုက်ပြီး သခင်မကြီးဒေဝီရှိရာ စားပွဲဝိုင်းသို့ သွားထိုင်လိုက်သည်။

"လုလင် အိပ်မှပျော်ရဲ့လား. . . "

"ပျော်ပါတယ်. . . ညက အိပ်မက်တော့ မဟုတ်နိုင်ပါဘူးနော်"
ဟုယ်လို့ မေးလိုက်သည်တွင် သူမက ပြုံးစစမျက်နှာဖြင့် "အိပ်မက်ဖြစ်စေချင်လို့လား. . . " ဟု မေးသေသည်။

"အာ. . .မဟုတ်ပါဘူး. . . အိပ်မက်ဖြစ်သွားမှာစိုးလို့ပါ. . . "
ဟု ကဗျာကသီပြောလာသဖြင့် သခင်မကြီးဒေဝီက. . .

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း. . . "ရယ်လို့ရယ်မောလိုက်သဖြင့် သူပါရောရယ်နေလိုက်တော့သည်။

"ကဲ. . . လုလင်. . . အားရှိသွားအောင် သစ်သီးတွေစားပါ. . . "

ငှက်ပျောသီးတစ်လုံးကို အခွံနွှာပြီး သူ့ပါးစပ်တွင်း ထိုးသွင်းပေးလာသဖြင့် ကိုက်စားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . ဟင်း. . . ဟင်း. . . "

ကျေနပ်ပီတိ ဖြာနေကြသည်။ သို့ဖြင့် သစ်သီးများကို သူက ခွာလိုက်၊ ကိုယ်ကခွာလိုက်ဖြင့် ပျော်ရွှင်စွာစားနေကြသည်။ သစ်သီးများကို အားပါးတရစားပြီးကြသည်နှင့် သူမက ဝဏ္ဏကို ရတနာရွှေခွက်ဖြင့် အရံသင့်ထည့်ထားပြီး အရည်တချို့ကို တိုက်ကျွေးလေ၏။

"လုလင်သောက်ပါ. . . ဒါဟာဆိုလျှင်ဖြင့် ကုန်ခမ်းသွားတဲ့ အင်အားကို ပြန်တိုးပွားလာစေမဲ့ ရွှားရှားပါးပါးပျားရည်လေ. . . ဆင်နှာ မောင်းပျားရည်ပေါ့. . : "

သို့နှင့် ဝဏ္ဏကို ပျားရည်တိုက်ပြီးနောက် သူကိုယ်နှိုက်ကစ ရတနာရွှေခွက်ဖြင့် အရံသင့်ထည့်ထားသည့် ရွှေဝါရောင်အမှုန့်များကို ...းနေသည်ကြောင့်. . .

"ဘာတွေများတုန်း. . . "ရယ်လို့ ဝဏ္ဏက မေးလိုက်၏။

"ရွှေမှုန်လေ. . . "

ဝဏ္ဏ အံ့အားသင့်သွားသည်။

"သို့ဖြင့်. . . "ရယ်လို့သာ ဝဏ္ဏ ပြောရလေသည်။ သူမက. . .

"ရွှေမှုန် စားနေတာပါ. . . "ဟု ပြောလေသည်။

"ဩော်. . . ရွှေမှုန်စားလို့ ဒီလောက်အသားအရည်စိုပြေဝင်းဝါနေတာကိုး. . . ဒီနေ့ကစလို့ ရွှေ မှုန်စားမင်းသမီးရယ်လို့ပဲ ခေါ်တော့မယ်. . . "ဟု ဝဏ္ဏက ပြောလိုက်သည်။ သူမ နေ့စဉ်အချိန်မှန် ရွှေမှုန်စားနေသည်ကို ထိုနေ့မှစ၍ ဝဏ္ဏ သိလိုက်ရတော့၏။

သို့ဆိုပါလျှင် နေ့စဉ်စားနေသော ရွှေမှုန်များ ဘယ်ကရပါလိမ့် ဟု ဝဏ္ဏတွေးလိုက်မိသည်။





သို့ကြား. . . မကြာမီ ရက်ပိုင်းတွင် သူသိချင်သော သူစဉ်းစားမိသော ရွှေမှုန်ကိစ္စကို သိလိုက်ရတော့သည်။

"လုလင်ငယ်. . . ဒီရောက်တာ တစ်ပတ်ကျော်ပြီပဲ. . . ပျင်းရောပေါ့. . . "

"ပျင်းတယ်ရယ်လို့ မရှိပါဘူး. . . အစ်မတော်ရဲ့မျက်နှာလေးကို နေ့စဉ်တွေ့နေရလို့ အမောင့်ဘဝမှာ ပျင်းတယ်ဆိုတာ ဘာကိုဆိုလိုမှန်း မသိသူတစ်ယောက်ဖြစ်နေရတာပေါ့. . . "

ဝဏ္ဏစကားကြောင့် သခင်မကြီးဒေဝီသည် ခစ်ခနဲ ရယ်လိုက်၏. . .

"လုလင်က စကားအ-ရာမှာလည်း တစ်ဖက်သားကျေလောက်အောင်ပြောတတ်ရန်ကော. . . "ဆိုကာ ဝဏ္ဏ၏ပခုံးပြင်ကို လက်အစုံဖြင့်ကာ နမှူးကို ဖွဖွလေးနမ်းလိုက်၏။ ဝဏ္ဏ၏လက်အစုံသည်လည်း သူမ၏ သေးသွယ်သော ခါးကိုပွေ့ဖက်လိုက်သည်။

"လုလင် စိတ်ထိန်းပါဦးကွယ်. . . ဒီနေ့ ဖခမတော်တို့ သွားစရာရှိတယ်. . . "

သို့နှင့်ပြောရင်း ဝဏ္ဏ၏လက်အစုံကို ဖြုတ်ခွာကာ ထွက်သွားတော့၏။

"အမောင်ကော မလိုက်ရဘူးလား. . . " ဝဏ္ဏက မေးလိုက်သည်။

"လုလင်ကို လာခေါ်တာပဲကွယ်. . တဲ. . သွားစို့ . . " ဆိုကာ ရှေ့မှဦးဆောင်ထွက်သွားရာ ဝဏ္ဏသည်နောက်ပါးမှ ကပ်ပါလိုက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မကြီးအောက်ဘက်တွင် အသားနက်မကိုတွေ့လိုက်ရ
သည်၊ သူ့နံဘေးတွင် မဲလုံးခေါ် ဝံနက်ကောင်ကြီးနှင့် လူထွားကြီး
သိမ်းငှက်ရှိနေ၏၊

အိမ်မကြီးပေါ်မဆင်းလာသော သခင်မကြီးဒေဝီနှင့် ဝဏ္ဏထံ
ရိုကျိုးစွာ ဂါရဝပြုလိုက်ကြသည်၊ အသားနက်မသည် ဝဏ္ဏကို မဒိုမနဲ့
ကြည့်ကာ လှောင်ပြုံး ပြုံးပြလိုက်၏၊

"ရှင့်ရဲ့အားမာန်တွေ၊ မာနတွေ၊ သတ္တိတွေ၊ အလှတရားရဲ့
နောက်ကွယ်မှာ ဖုံးလွှမ်းခံနေရပြီပေါ့. . . "ရယ်လို့ ပြောခံရဘိသကဲ့သို့
ယင်းတို့ကြောင့် ဝဏ္ဏသည်အသားနက်မကို မျက်စောင်းတစ်ချက်
ထိုးလိုက်၏၊

"ကဲ. . ရွှေလိုဏ်ဂူကို သွားကြစို့ . . "ရယ်လို့ သခင်မကြီးဒေ
က ပြောလိုက်သည်နှင့် သိမ်းငှက်နှင့် မဲလုံးသည် ရှေ့မှအသားနက်မသည်
ဝဏ္ဏနှင့် သခင်မကြီးဒေဝီနောက်မှ ကပ်ပါလာသည်၊

ဝဏ္ဏ ဤနေရာရောက်လာခဲ့သည့်နေ့မှစ၍ အိမ်ပေါ်မှ အော
သို့ဆင်းကာ ပထမအကြိမ်ခရီးထွက်ခဲ့ရခြင်းဖြစ်သည်၊

သို့ခရီးထွက်ခဲ့သည်ဟု ဆိုရခြင်း ဝေးဝေးလံလံသို့ မဟုတ်ပါ
စံအိမ်မကြီးနောက်ဘက် လိုဏ်ဂူကြီးနံဘေး လမ်းမြောင်လေးမှ တစ်ဖာ
မျှသာ ခရီးအကွာအဝေးရှိသည့် ကျောက်ဂူလေးသို့ပင် ဖြစ်၏။ ဂူအတွ
ပိုင်းသည် ရှင်းလင်းလို့နေ၏၊ ထိုကျောက်ဂူငယ်အပေါက်ဝသည် အနည
ငယ်ကျဉ်းသဖြင့် လေးဖက်တွားဝင်ရ၏။ လိုဏ်ဂူအတွင်းရောက်သည်
အေးစိမ့်သွားတော့၏၊ ကျောက်ပန်းဆွဲများရှိနေ၍ အချို့ရေတစ်စက်
ကျနေ၏၊ လိုဏ်ဂူအတွင်း အနည်းငယ်ဝင်လိုက်သည်တွင် လွန်စွာမှ





ဆန်းအံ့ဩဖွယ် မြင်ကွင်းကိုတွေ့လိုက်သည်၊

"ဟင်. . . "

သို့နှယ် အသံထွက်လောက်အောင် အံ့ဩသွားသည့် ဝဏ္ဏကို
သူတို့အားလုံးက ပြုံးကာကြည့်လိုက်ကြသည်၊

ရွှေရောင်တဖိတ်ဖိတ်တောက်ပနေသည့် နံရံကြီးတွင် ဆတ်ဖို
ကြီးသည် ဦးချိုးသွေးနေလေ၏၊ လူသားသည်ပင် လိုဏ်ဂူအပေါက်ဝမှ
လေးဖက်တွားဝင်ခဲ့ရသည်၊ ဦးချိုကားကားနှင့် ဆတ်ဖိုကြီးကား ယိုဏ်ဂူ
အတွင်း မည်သို့ဝင်လာပါလိမ့်ဟု တွေးကာ အံ့ဩသွားမြန်သည်၊သို့သော်
ဏ္ဏတွေးလိုက်မိသည်မှာ အခြားဝင်ပေါက်ရှိပေလိမ့်ဦးမည်ရယ်လို့
ဖြစ်သည်၊

ရွှေရောင်တဖိတ်ဖိတ်တောက်ပနေသည့် နံရံကို ဦးချိုသွေးနေ
သည့် ဆတ်ဖိုကြီးသည် သခင်မကြီးဒေဝီအနားရောက်လာသည်နှင့် ရှေ့
ခြေနှစ်ဖက်ကိုကွေးညွတ်ကာ ဂါရဝပြုလာခြင်းကြောင့် ဝဏ္ဏတစ်ယောက်
အံ့ဩရပြန်၏။ လိမ္မာ၍တတ်သိလွန်းသော တိရစ္ဆာန်ကောင်ပင်ဖြစ်ချေ၏၊
သခင်မကြီးဒေဝီက ဆတ်ဖိုကြီး၏ငယ်ထိပ်ကိုပွတ်သပ်လျက်-

"တာဝန်ကျေလွန်းလှပါတယ်ကွယ်. . . "ဟုပြောလိုက်သည်ကို
နားလည်လေသည်လား မသိ၊ "ဘွဲလ်"ရယ်လို့ အော်မြည်လိုက်လေသည်၊

"ကဲ. . . ညီမတော်. . . ရွှေမှုန်တွေ ကျုံးခဲ့ပေတော့"ဆိုကာ
သခင်မကြီးဒေဝီသည် အသားနက်မကိုပြောလိုက်ပြီး ဝဏ္ဏကို မျက်ရိပ်ပြ
ကာ ထိုနေရာမှ ရှေ့သို့ဆက်လျှောက် လှမ်းသွားသည်ကြောင့် ဝဏ္ဏသည်
ရွှေရောင်တဖိတ်ဖိတ်နံရံကြီးကို လက်ဖဝါးဖြင့် ထိကပ်လိုက်၏၊ အေးစိမ့်
နေသည်၊ သူ အံ့ဩသွားမိသည်၊ ရွှေတောင်ကြီးပါကလား၊ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လည်း သခင်မကြီးဒေဝီက နေ့စဉ်ရွှေမှုန်တွေ စားနေနိုင်တာကိုး၊ တကယ်
တော့ ဆတ်ဖိုကြီးသည် ရွှေသားနှစ်ဖြင့် ဦးချိုသွေးနေခြင်းမဟုတ်၊ သခင်မ
ကြီးဒေဝီစားရန် သူ၏ဦးချိုဖြင့် ရွှေမှုန်များအဖြစ် ပွတ်သပ်ပေးနေခြင်းသာ
ဖြစ်တော့သည်။

"တကယ်တော့ ဒီနေရာဟာ ထိန်ဝှက်ထားရမဲ့နေရာဖြစ်ပေမယ့်
လုလင်ငယ်ကို ယုံစားလို့ခေါ်လာတာ.. အစ်မတော်ပေါ်မှာ သစ္စာရှိလိ
မယ်လို့ ယုံကြည်တယ်လေ. . . "

ရွှေမှုသွားရင်း သို့နှယ်ပြောလာသည်ကြောင့် "ဘယ့်လိုအကြော
ကြောင့်ဖြစ်စေ၊ အစ်မတော်က အမောင့်အပေါ် အခန့်မသင့်တဲ့အ
စိတ်ကွက်သွားပါစေ၊ စိတ်ဖျက်သွားပါစေ၊ သစ္စာရှိရှိနဲ့ အစ်မတော်အ
မှာ အရိပ်လိုဦးညွှတ်ပြီးနေမယ့်လူပါဗျာ. . . "

ဝဏ္ဏ၏စကားကြောင့် သခင်မကြီးဒေဝီ "ခစ်"ခနဲ ကြိတ်ရ
လိုက်၏။ ပြီးနောက်. . .

"တကယ်ပြောတာလား. . . အမောင် အကယ်၍ အစ်မတေ
ကဇရာဖိစီးလို့ အိုမင်းလာတဲ့အချိန်ရောက်လာလျှင်ဖြင့်ကောကွယ်. . .

သို့နှယ် သခင်မကြီးဒေဝီက မေးလိုက်သည်။

"အစ်မတော်က အဘွားအိုကြီးဖြစ်လာတဲ့အချိန်ဆိုလျှင်
အမောင်ကလည်း အဘိုးအိုငယ်ဖြစ်နေပြီပေါ့ဗျာ. . . " ရယ်လို့ ပြော
ရယ် နေလိုက်၏။

"မရယ်နဲ့အမောင်. . . အစ်မတော်က နတ်ဖြန်သဘက်
ရုတ်ချည်းအိုစာသွားမှာ. . . နို့မှမဟုတ် တဖြည်းဖြည်းအိုစာသွားမယ်
လျှင် အမောင်က စွဲလမ်းနှစ်သက်ပါဦးမလား. . . ဒါကိုမေးချင်တာ. . .



"ဘာကြောင့် ဒီလိုမျိုးမေးရတာတုန်း. . . " ဝဏ္ဏသည် သူမပြေ
လာသည့် မဖြစ်နိုင်သည့်စကားကြောင့် အံ့ဩစွာမေးလိုက်သည်။

"ဘာလို့ပြောရတုန်း"ဆိုတော့ "လုလင်က အလှတရားကို ကိုး
ကွယ်တတ်တာကြောင့်ပေါ့. . . "

သူမစကားကြောင့် ဝဏ္ဏတွေဝေသွားမိ၏။ ငိုင်တွေသွား၏။ သူမ
သည် ဝဏ္ဏ၏ဖြစ်အင်ကိုကြည့်ပြီး ဟက်တက်ပက်ပက်ရယ်မောလိုက်
ပြီး. . .

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား. . . အစ်မတော်
က အမြဲတမ်းနုပျိုနေပြီး အသက်ရှည်ရှည်နေလိုတဲ့ ဆန္ဒကမများပါဘူး
နော်. . . ပုရိသယောကျ်ားသားတွေက အလှအပကို မက်မောကြတာ
များတယ်. . . နုပျိုတာကို ကြိုက်ကြတယ်. . . အိုမင်းရွတ်တွသွားလျှင်
ဖြင့် ဘုရားကျောင်းကန်ကို တွန်းပို့ကြတယ်. . . သူတို့ကိုယ်နှိုက်က
ငယ်ရွယ်နုပျိုသူတွေကို တပ်မက်ကြတယ်. . . လိုလားကြတယ်. . . ဒါ
တရားသလား. . . ဟွန်း. . . နို့ကြောင့် အစ်မတော်က ဇရာကို အံတုခဲ့
တယ်. . . သေခြင်းတရားကို လွန်ဆန်နိုင်ဖို့ ကြိုးစားတယ်. . . "

သူမစကားကြောင့် ဝဏ္ဏမျက်လုံး မျက်ဆန်ပြူးသွား၏၊ မဖြစ်
နိုင်တာ။ အိုခြင်း၊ နာခြင်း၊ သေခြင်းကို ဘုရားရှင်တောင် လွန်ဆန်နိုင်သည်
မဟုတ်၊ သို့ဖြင့်. . .

"မဖြစ်နိုင်တာကို လုပ်ဖို့မစဉ်းစားပါနဲ့ အစ်မတော်. . . သတ္တဝါ
မှန်လျှင် အိုမယ်၊ နာမယ်၊ သေမယ်၊ ဇရာကိုအံတုလို့ မရဘူး. . .
သေခြင်းကို လွန်ဆန်လို့မရဘူး. . . "

သို့ ဝဏ္ဏပြောလိုက်သည်ကြောင့် သူမသည် ဟက်ဟ



www.burmeseclassic.com

www.burmeseclassic.com



ပက်ပက် ရယ်မောလိုက်ပြီးနောက်. . .

"ဘာလို့မရမှာတုန်း. . . ကဲ. . . လုလင်ကို အစ်မတော်မေးမယ်. . . မှန်မှန်ပြောရမယ်နော်"ဟု ဝဏ္ဏမျက်နှာကို စေ့စေ့ကြည့်ကာ ပြောလိုက်သည်။

"အမောင် အမှန်ကိုရဲရဲဝံ့ဝံ့ပြောမယ်. . . ကဲ. . . မေး. . ."

"လူသားတွေရဲ့သက်တမ်း အမြင့်ဆုံးဘယ်လောက်ရှိမလဲ. . ."

"၁၀၀၊ ၁၀၀ကျော်ပေါ့. . . ရှိလှ ၁၂၀ အစိတ်ပေါ့ဗျာ. . ."

"ကောင်းပြီ. . . အဲဒီလောက်အသက်အရွယ်မှာ နုနုပျိုပျိုရှိပါဦး မလေမလား. . ."

"ဘယ်ရှိပါ့မလဲ အစ်မတော်. . . ဇရာဖိစီးခံရပြီပေါ့. . ."

"အိုမင်းရွတ်တွသွားပြီပေါ့ ဟုတ်လား. . ."

သူမက မျက်ထောက်နီကြီးဖြင့် ဝဏ္ဏကို စေ့စေ့ကြည့်ကာ မေးလေ၏။

"ဒါပေါ့. . ." ဝဏ္ဏက သို့သာပြောလိုက်ရင်း သူမကို ပြန်ကြည့်လိုက်၏။ မည်သည့်အတွက်ကြောင့် မသိ၊ သူမမျက်နှာပြင်တွင် ခံပြင်းမှုတွေ ယှက်သန်းနေပုံရ၏။

"ကောင်းပြီ. . . အသက် ၁၀၀ နီးပါးရှိပြီး နုပျိုနေစဲဖြစ်တဲ့ မိန်းမတစ်ယောက် ဒီကမ္ဘာလောကကြီးထဲမှာရှိနေသေးတယ်ဆိုတာ မင်းတို့ ပြောလျှင်ဖြင့် ယုံမှာလား. . ."

"ဟား. . . ဟား. . . ဟား. . . ဟား. . . အစ်မတော်က ရယ်စရာသိပ် ပြောတာပဲဗျာ. . . ထားပါလေ. . . အစ်မတော် စိတ်ချမ်းသာအောင် ပြောရလျှင်ဖြင့်လည်း အသက်ရှည်တာကို နှစ် ၁၀၀ သက်





ထမ်းမကလို့ ၅၀၀ ဖြစ်ပလေ့စေ. . . မျက်စိမှိတ်ယုံလိုက်မယ်. . . အဲ. . . နုပျိုနေစဲဆိုတာတော့ လုံးဝမဖြစ်နိုင်ဘူး. . . အားနာပါးနာလည်း လက်မခံနိုင်ဘူး. . . ဒါကတော့ လုံးဝပဲ. . ."

သို့ ဝဏ္ဏပြောလိုက်သည်ကြောင့် သူမသည် ရယ်မောလိုက်ပြီး. . .

"ဟင်း. . . ဟင်း. . . ဟင်း. . . ကောင်းပြီ. . . အစ်မတော် ပြောတာကို အသေအချာနားထောင်ပါ. . . ပြီးတော့ ဆုံးဖြတ်ပါ. . ."

"ကဲ. . . ပြော. . . လေးလေးစားစားနားထောင်မယ်. . ."

"အစ်မတော့်အသက်ကို ဘယ်လောက်မှန်းသလဲ. . ."

ဝဏ္ဏက သူမကို ပြုံးလျက် "အစ်မတော်. . . အစ်မတော်နှင့် တယ် နားဝင်ပီယံမရှိလိုက်တာ. . . ချစ်လွန်းလို့သာ အလိုလိုက်လက်ခံ နားထောင်နေတာမှတ်. . . တကယ်တမ်းပြောရလျှင် အစ်မတော်အသက် အလွန်ဆုံးရှိ ၂၀ အစိတ်ပေါ့. . ."

"ဟင်း. . . ဟင်း. . . ဟင်း. . . အတော်ရယ်စရာကောင်းတာ ပဲကွာ. . . အစ်မတော် အသက်အမှန် နှစ် ၁၀၀ ပြည့်ဖို့ ၃ နှစ်လောက်ပဲ လိုတော့တယ်. . ."

သူမစကားကြောင့် ဝဏ္ဏသည် "ခစ်"ခနဲ ရယ်လိုက်ပြီး -

"ဟွန်း. . . အစ်မတော်ကနေ့ ဘာဖြစ်နေတာတုန်း. . . နှစ် ၃၀ ပဲထားတော့. . . ဟုတ်ပလား. . . ဘယ့်နှယ် (၉၇)နှစ်ဖြစ်ရမှာ တုန်း. . . အဲ. . . ထားဦး. . . နှစ် ၁၀၀ နီးပါးထား. . . ဒီဆိုလျှင်ဖြင့် အိုစာပြီး အိပ်ရာထဲလဲနေလောက်ပေါ့ဗျာ. . . ဟား. . . ဟား. . ."

သည်တွင် သူမသည် ပြုံးလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်မတော် အသက်တစ်ရာနီးပြီဆိုတာ မယုံလျှင် လာမည့် သုံးနှစ် ပြာသိုလပြည့်နေမယ်. . . အသက် ၁၀၀ပြည့် မွေးနေ့ပွဲရှိတယ်. . အဲသည်တော့ ကြည့်ပေါ့ . . လပြည့်ည သန်းခေါင်ယံ မကျော်မီ မူလရုပ်ခန္ဓာခဏ ပြောင်းသွားလိမ့်မယ်. . . အဲသည် မူလရုပ် လကွက်ကိုမြင်ရလျှင်မြင့် ယုံနိုင်မှာလား. . . သန်းခေါင်ယံကျော်တာနဲ့ အဖျိုဖြစ်လေးလိုပြန်ဖြစ်သွားလိမ့်မည်. . . အဲသည်အခါကျလျှင်မြင့်. . ."

သို့ပြောပြီး သူမသည် ပြောသင့်မပြောသင့် စဉ်းစားနေဟန်ဖြင့် နေလေသည်ကြောင့် ဝဏ္ဏက. . .

"ဟင်း. . . ပြောလေ. . . ဒီအချိန်ရောက်လာလျှင် ဘာဖြစ်လဲ. . . " မေးလိုက်၏။

"အင်း. . . အမောင်ကိုပြောဖို့ စောသေးတယ်ထင်လို့. . . နောင်မှပဲ ပြောတော့မယ်. . . ကဲ. . . လာ. . . "ဆိုကာ လိုဏ်ဂူအတွင်း လှည့်ပတ်လိုက်လံပြသပြီး လိုဏ်ဂူအတွင်းမှ ပြန်ထွက်ခဲ့ကြသည်။

သို့ပြန်ခဲ့ကြရာ စံအိမ်ကြီးနောက်ဘက်ရှိ လိုဏ်ဂူရှေ့ရောက်သည်တွင် ဝဏ္ဏက. . .

"အစ်မတော်. . . အမောင် ခြေလက်သန့်စင်ဖို့ရာနေခဲ့မယ်" ဟု ပြောလိုက်၏။

ထိုလိုဏ်ဂူအတွင်းရှိ ကျောက်အိုင်လေးတွင် ရေချိုးသန့်စင်မည်ကျဖြစ်ချင်းကြောင့်ပင်. . .

"ကောင်းပြီလေ. . . မကြာစေနဲ့. . . မြန်မြန်ပြန်ခဲ့. . ." ဆိုကာ သူမ တို့သည် စံအိမ်ကြီးဘက် လျှောက်သွားတော့သည်။

ဝဏ္ဏသည် လိုဏ်ဂူအတွင်းဝင်လိုက်ပြီး ကျောက်အိုင်လေးတွင်





ဆင်းစိမ်လိုက်သည်။

"အားပါး. . . အေးလိုက်တာ. . ."

ရေသည် အေးလွန်းလှပေငြား လူသည် လန်းဆန်းသွားတော့၏။ ဝိမ်ပြေနပြေကိုယ်လက်သန့်စင်နေဆဲမှာပင် ရိပ်ခနဲ ဂူပေါက်ဝမှ တစ်စုံတစ်ဦးဝင်လာသည်ဟု သိလိုက်ခြင်းကြောင့် ကမန်းကတန်း လှမ်းကြည့်လိုက်၏။

"ဪ . . မင်းကိုး . . ဘာကိစ္စရှိလဲ . ."

"ဒီနေရာ ဒီပတ်ဝန်းကျင်မှာနေလာခဲ့တာ နှစ်ပေါင်းမနည်းပြီဘဲ. . . ကိစ္စရှိမှလာရမှာလား. . . ရှင်ကသာ ဘယ်သွားသွားဘယ်လာလာ ခွင့်တောင်းရမှာလေ. . . ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း. . ."

အသားနက်မက ပြောပြောရယ် ရေအိုင်အနားသို့ ရောက်လာတော့၏။ ပြီးနောက်. . .

"အကြောင်းကိစ္စမရှိပေမင့် ရှင့်ကိုပြောစရာရှိတယ်. . ."

ဝဏ္ဏသည် ရေအိုင်တွင်းမှပင် အသားနက်မကို ကျောပေးလျက်မှ. . .

"ဘာများတုန်း. . . ကျုပ်နားထောင်နေပါတယ်. . ."ဟု ပြောလိုက်၏။

"လုလင်မှာ ဘာအစွမ်းသတ္တိတွေရှိသေးလဲ. . . ကျန်သေးလဲ သိချင်လို့ပါ. . ."

"ဗျာ. . ."

ထူးဆန်းသောမေးခွန်းကြောင့် ဝဏ္ဏနောက်ဘက်သို့ လှည့်ကြည့် လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . ဟင်း. . . ဟင်း. . . ဘာလဲ. . . အလှတရားမယ်ယစ်မူးနေတော့ကာ တိုက်ခိုက်စွမ်းရည်တွေ မေ့သွားပလား. . . လုလင့်ကို တစ်ခုသတိပေးချင်တယ်. . . ကိုယ့်မှာရှိတဲ့ စွမ်းရည်သတ္တိတွေကို မပျောက်ပျက်ပါစေနဲ့. . . မပျက်စီးပါစေနဲ့. . . ကိုယ်ဟာ တစ်နေရာတည်းမှာ တည်မြဲရပ်တည် မနေနိုင်ပါဘူး. . ." အသားနက်မ စကားကြောင့် ဝဏ္ဏတွေဝေသွားရပြန်၏။ ဘယ်လိုမှ နားမလည်ဖြစ်သွားရသဖြင့်. . .

"မင်းဘာတွေလာပြောနေတာလဲ. . . ရှင်းအောင်ပြောပါ" သို့နှယ်ပြောပြီး ရေအိုင်တွင်းမှ တက်လာလိုက်သည်။

"ခုတော့ သခင်မကြီးဒေဝီနဲ့ပတ်သက်နေတော့ကာ သခင်ကြီးအခေါ်ခံနေရတာနဲ့ ဘဝင်မြင့်မနေပါနဲ့ လုလင်. . . တစ်ချိန်ကျ သခင်မကြီးဒေဝီအပါးက ခွာသွားရတဲ့အခါ ကိုယ့်မှာစွမ်းရည်သတ္တိတွေရှိနေ. . ကျန်နေသေးလျှင်ဖြင့် အကြောင်းမဟုတ်ပေဘူးပေါ့. . . နို့မဟုတ် သူများခိုင်းဖတ်. . နှိမ်ဖတ်ဖြစ်သွားလျှင်ဖြင့် ရှက်စရာကောင်းလှချည်ရဲ့ရှင်. . ."

"ဘာကွ. . . မင်း ဘာစကားပြောတာလဲ. . . ငါ့မှာ တိုက်ခိုက်စွမ်းရည်တွေ သတ္တိတွေရှိမရှိ စမ်းကြည့်လေ. . . "ဆိုကာ ဝဏ္ဏသည် ရှူးရှူးရှဲရှဲ ဖြစ်သွားကာ အသားနက်မကို သူကပင် စတင်တိုက်ခိုက်လေတော့၏။

လျင်မြန်ဖျတ်လတ်သည့် အသားနက်မ။

သူမ၏ရင်ညွန့်ဆီသို့ ပြေးဝင်လာသည့် ဝဏ္ဏ၏ထိုးလက်သီးကို အသာအယာပင် နေရာမှမရွေ့ ခန္ဓာကိုယ်သာလျှင် အသာတိမ်းညွတ်





ရှောင်တိမ်းလိုက်ပြီး ဝင်လာသည့် ထိုးလက်သီးကို သူ၏လက်ဝဲစောင်းဖြင့် အပေါ်မှမိုး၍ ဖြတ်ခုတ်ချလိုက်ရင်း ဓွေ့ခနဲခုန်ကာ ဝဏ္ဏ၏ဦးခေါင်းဆီသို့ ခြေထောက်ဖြင့် ဆတ်ခနဲကန်လိုက်သည်။

"ဝိုး. . . "

"ဖတ်. . . "

"ဝှစ်. . . "

ဝဏ္ဏသည်လည်း ခေသူမဟုတ်၊ ငုံ့ရှောင်လိုက်ပြီး ထိုင်ချလိုက်ရင်း မြေပြင်ပြန်ကျလာမည့် အသားနက်မ၏ခန္ဓာကိုယ် ခါးလယ်လောက်ဆီသို့ မှန်းဆကာ ကြိုတင်ကန်ချက်တစ်ခုကို အုံးပြုလိုက်သည်။

"ဟင်း. . . ဟင်း. . . လုလင် မဆိုးပါဘူး. . . "

အသားနက်မသည် ပြုံးစေ့စေ့ဖြင့် ကြည့်နေ၏။

မဆိုးပါဘူးဆိုတော့ သူမက သူ့ထက်တော်သလိုမျိုးဖြစ်နေသည်ကြောင့်. . .

"ကိုယ့်ကိုယ်ကို သိပ်အထင်မကြီးပါနဲ့. . . ကဲ. . . လာပြီ. . . သတိထား. . . "ဆိုကာ ဝဏ္ဏသည် ဝါးလုံးထိုးပြေးဝင်သွားတော့သည်။

သူမသည် ဝဏ္ဏ၏တိုက်ကွက်ကို ကြိုသိလိုက်၏။ လက်ကိုဟန်ပြပြီးခြေဖြင့် သူ၏အောက်ခြေကို ဖြတ်ကန်လာတော့မည်ကို ခုခံကာကွယ်နေပါလျှင် အချိန်နှောင်းသွားမည်ဖြစ်၏။ ဓွေ့ခနဲ ခုန်လျက် တန်ပြန်ခြေကန်ကွက်ကို ထုတ်လိုက်သည်။

ဘယ်လိုမြန်ပါသိမ့်၊ သူမ၏ကန်ချက်သည် ဝဏ္ဏဦးခေါင်းကို တိုက်ရိုက်မထိသည့်တိုင် ပုတ်ကာလာသောလက်ဖြင့် မဖြစ်မနေကြုံရမည်ဖြစ်သော်ငြား ခုတော့ လေကိုကန်မိလျက်သား ဖြစ်ရခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖုံ့ဩနေဆဲမှာပင်. . .

"ဖတ်. . . "

သူမ ခြေအစုံမြေပေါ် လာကျသည်နှင့် ညာဖြောင့်လက်သီးတစ်လုံးက ပခုံးစွန်းကို လာထိလေတော့၏။

"ခိန့်မသားဖြစ်လို့ ညာလိုက်တာနော်. . . နို့မဟုတ် မင်းရဲ့ လက်မောင်းတစ်ဖက် ပြုတ်ထွက်သွားလောက်ပြီ. . . "

တကယ်တော့ ဝဏ္ဏသည် သူမတွက်ထားသည့်တိုက်ကွက်ကို ကမ္ဘာကသိပြောင်းလိုက်ကာ ဘေးသို့ကွေ့ရှောင်လိုက်ပြီး သူ့တိုက်ကွက်ကို ကြိုသိထားမည်။

သူမက ခုန်လွှားကာ ခြေကန်ချက်ဖြင့် ပေးလာမည်ကို သိလိုက်သည်ကြောင့် သူမ မြေပြင်အကျတွင် အလစ်အငိုက်ယူကာ ပခုံးဆီသို့ ထိုးချက်ပျော့ပျော့တစ်ချက် ပေးလိုက်ခြင်းဖြစ်သည်။

"လုလင် ဘယ်ဆိုးလို့တုန်း. . . အကြံတုန်း၊ ဉာဏ်တုန်းမဖြစ်သေးပါကလား. . . ခုလို ညာညာတာတာ သင်ခန်းစာပေးတာ ကျေးဇူးတင်ပါတယ်. . . ကဲ. . . ဒီတစ်ကြိမ် ပညာရှာခွင့်လေးပေးပါရှင်. . . "

သို့ဆိုကာ သူမသည် ဝဏ္ဏထံသို့ ဘယ်ချောက်ကာ ညာလှမ်း၍ ထိုးလာ၏၊ ဝဏ္ဏ ပြုံးလိုက်သည်၊ ရိုးစင်းသောတိုက်ကွက်ဖြစ်သည်။ ဘယ်ချောက်ကာ ညာမလှမ်းဘဲ ဘယ်ခြေဖြင့် တစ်ကွက်ထပ်တက်ကာ ဘယ်လက်ဖြင့် မျက်နှာကို ဖြတ်ရိုက်ဟန်ပြပြီး ကိုယ်ကိုရှိန်၍ ဝမ်းဗိုက်သို့ ညာဖြောင့်လက်သီးပစ်သွင်းလာမည့် သူမ၏တိုက်ကွက်ကို ဘားဆီးလိုက်မည်ဟု တွက်သည်။

သူမခြေယောင်ပြပြီးတက်လာတော့မည်၊ ထိုစဉ်မှာပင် "ညီမ





တော်. . . မလုပ်နဲ့. . . မလုပ်နဲ့. . . "ရယ်လို့ ဝှပေါက်ဝမှ ဟန့်တားလိုက်သဖြင့် ဝဏ္ဏသည် လှမ်းကြည့်လိုက်သည်၊

ထိုသည်ကား သူ၏အမှားပင် ဖြစ်သည်၊ ဝဏ္ဏ၏စိတ်သည် တိုက်ပွဲအပြင်သို့ ပုံ့လွင့်သွားသည်၊ သို့ကြောင့်လည်း. . .

"ခွပ်"ခနဲ မည်သံနှင့်အတူ သူ့ခေါင်းသည် လည်ထွက်သွားတော့သည်၊

"ဟင်း. . . ဟင်း. . . ဟင်း. . . အဲဒါ ပြောတာပေါ့. . . တကယ်ဆိုလျှင် ဖြင့် ကျွန်မရဲ့တိုက်ကွက်က ရိုးရိုးလေး. . . လုလင်လည်း သိနေမှာပါ. . . ကျွန်မလည်း ရှင်ရှောင်တိမ်းလိမ့်မယ် မှတ်ထားတာ. . . ခုတော့ အလှတရားကို တပ်မက်လွန်းတဲ့ လုလင်ရဲ့ပျော့ညံ့တဲ့ စိတ်ကြောင့် ဖွနိမ့်သွားရတာပဲပေါ့. . . လုလင် သတိထားပါနော်. . . "ဟု တိုးညင်းစွာပြောပြီး သခင်မကြီးဒေဝီကို လှမ်းကြည့် လက်နှစ်ဖက်တိုင်ကာ ခါးကို ညွတ် ဂါရဝပြုလိုက်ရင်း. . .

"ညီမတော်တို့နှစ်ဦးသဘောတူ လက်ရည်စမ်းနေတာပါ. . . " ဟု ပြောကာ ထွက်သွားတော့သည်၊

"အမောင် မရှုံးပါဘူး. . . အရှုံးထဲက အမြတ်တစ်ခုရလိုက်တယ်. . . မဟုတ်လား. . . "ဆို၍ သခင်မကြီးဒေဝီသည် ဝဏ္ဏအနားရောက်လာပြီး "အမောင် ကြာနေလို့လိုက်လာတာ. . . ဒီရောက်တော့ ညီမတော်နဲ့ပညာဖလှယ်နေတာကိုး. . . ကောင်းပါတယ်လေ. . . လုလင်ငယ်ရဲ့ တိုက်ခိုက်ရေးပညာရပ်ကို ညီမတော်နဲ့ နေ့စဉ်လေ့ကျင့်ရင်း ဖလှယ်လျှင် ဖြင့်ကောင်းပါတယ်. . . ကဲ. . . လုလင်ငယ် ရေမိုးချိုးပြီးလျှင်ဖြင့် အစ်မတော်လာမှ သစ်သီးစားကြတာပေါ့. . . "



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ. . . "ဆိုလျက် ဝဏ္ဏသည် စံအိမ်ကြီးဘက် ပြန်ခဲ့တော့၏။

စံအိမ်ကြီး၏ လှေကားထစ်နားအရောက်တွင်. . .

"အလှတရားကို မက်မောကိုးကွယ်လွန်းလျှင်ဖြင့် ဘဝခြားမြစ် သွားလိမ့်မယ်နော်. . . " ရယ်လို့ အသံကြားလိုက်သဖြင့် နောက်သို့လှည့် ကြည့်လိုက်၏။

အသားနက်မဖြစ်သည်၊ ဘယ်အတွက် သူ့ကိုရိုနေပါလိမ့်ဟု စဉ်းစားနေရာမှ ရုတ်ချည်းခြေဖြင့် လှမ်းတန့်လိုက်သည်။

"ဟင်း . . ဟင်း . . ဟင်း . . လုလင်ကလေ နည်းနည်းလေးမှ အစမခံဘူး. . ., ဒေါသကြီးပဲ. . . "

"ဟုတ်တယ် ညီမတော်ရဲ့. . . လုလင်ကသွက်လက်တယ်. . . ထက်မြက်တယ်. . . စကားအရာတောင်မှ အထိမခံဘူး. . . နို့ကြောင့် အမောင့်ကို မြွေဟောက်လို့ နာမည်ပေးလိုက်လျှင် ကောင်းမယ်. . . "

ဘယ်အချိန်ကရောက်နှင့်နေသည် မသိသော သခင်မကြီးဒေဝီ က သို့နှယ်ပြောလာသည်ကြောင့် နှစ်ယောက်သားလှည့်ကြည့်လိုက် ကြသည်။

သခင်မကြီးသည် သူတို့နှစ်ဦးကို ပြုံးကြည့်နေသည်။

"ကဲ. . . ညီမတော်ပါ တစ်ခါတည်းဝင်စားသွား. . . "ရယ်လို့ ပြောပြီး ဝဏ္ဏ၏ပခုံးကို တို့ထိလျက် အပေါ်သို့တက်သွားတော့သည်။

အသားနက်မက "ညီမတော် နောက်မှပဲစားတော့မယ်. . . နို့ မဟုတ်လုလင်နှင့် စကားအခြေအတင်ပြောနေရလို့ အစ်မတော် အစား အသော^ ပျက်နေပါဦးမယ်. . . "





သို့ပြောပြီး တောင်ယာခင်းဘက်လှစ်ခနဲပြေးထွက်သွားတော့၏။ ဝဏ္ဏသည် သူမကိုလှည့်ကြည့် အံကြိတ်လိုက်သည်။

အရိပ်အရောင်ပင် မတွေ့လေတော့ချေ။

ထိုနေ့မှစ၍ ဝဏ္ဏသည် မြွေဟောက်။

မြွေဟောက်သည် ဝဏ္ဏရယ်လို့ အမှတ်သညာပြုကြလေတော့ သည်။

သို့ဖြင့် နိစ္စဓူဝဖြစ်စဉ်များသည် ရက်မှလ လမှသည် နှစ်သို့ ၈်ကြိမ်နှစ်ခါ ကျော်ခဲ့ချေပြီ။ ပြောင်းလဲခြင်းဆို၍ ဝဏ္ဏတစ်ယောက် ခံ့ခွ ကိုယ် ပိန်ချုံးကျသွားခြင်းပင်။ သေးသွယ်သွားသယောင်ပင် ထင်မှတ်ရ၏။ အ့သွေးအသားတို့ကို သွေးစုပ်ဖုတ်ကောင်၏ စုပ်ယူခံထားရဘိသကဲ့သို့ ဖြစ်သည်။

သည့်ပြင်. . ပြောင်းလဲမှုသည် သခင်မကြီးဒေဝီ သူ့ကိုရှောင် ယ်ဖယ်လုပ်လာခြင်းဖြစ်၏။

"ခုမှ မြွေဟောက်နာမည်နဲ့လိုက်ဖက်ညီသွားပြီ. . . ဘာကြောင့် သဆိုတော့ မွဲခြောက်ခြောက် အသားအရေ ပိုင်ဆိုင်လာလို့ပေါ့. . . "

သို့နှယ် အသားနက်မကပြောလျက် ရိုလာသည်ကြောင့် ဒေါသ အမျက်ထွက်ကာ တိုက်ခိုက်ကြပြန်၏။

တကယ်ဆိုရလျှင် ဝဏ္ဏက လက်ရည်သာခဲ့ဖူးသည်။ ယခုမူ သက်ရည်တူလိုဖြစ်နေတော့၏။

သူ ကျဆုံးပြီလားရယ်လို့ သူကိုယ်သူ ပြန်စမ်းစစ်မိလိုက်၏။ အကြောင့်များပါလိမ့်။ ဟုတ်ပြီ၊ အသားနက်မပြောသလို အလှတရားကို သပ်မက်မိခဲ့လို့ ဖြစ်ချိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သခင်မကြီးဒေဝီကတော့ ပိုလို့တောင် နုပျိုစိုပြည်လာသည်၊ သို့ကြောင့်ဝဏ္ဏသည် သခင်မကြီးဒေဝီကိုပိုလို့ပင် တမ်းတမ်းစွဲမိတော့သည်။

သူ့နားအနေနည်းလေ သူခံစားရလေရှိစေတော့ သူ့ကိုတခြားတစ်နေရာ ပို့မပြစ်တာကိုပင် ကျေးဇူးတင်ရမလိုပင် ဖြစ်နေတော့၏။

ဝဏ္ဏ၏အခြေအနေသည် ယခင်ကလို မဟုတ်တော့သဖြင့် သိမ်းငှက်ကလည်း မလေးစား၊ မဲလုံးကလည်း တိရစ္ဆာန်ပင်ဖြစ်လင့်ကစား မထေမဲ့မြင်၊ အသားနက်မဆိုပါလျှင် ပိုဆိုးသေးတော့၏။

သို့ဝေမင့် ဝဏ္ဏသည် အလှသခင်မကြီးအနားမှ မခွာလိုသည့်ကြောင့် သည်းညည်းခံနေရတော့၏။

သည်သို့ကြောင့်လည်း သခင်မကြီးဒေဝီက ဝေခွဲမရဖြစ်ရတော့သည်။ ဝဏ္ဏ၏ သူမအပေါ်ထားသောကြီးမားသည့် မေတ္တာသံယောဇဉ်ကြောင့် အခက်တွေ့နေရ၏။

"သခင်မကြီးဒေဝီက အရင်ကလို မဟုတ်တော့ဘူး. . . ဘာကြောင့် လုလင်အပေါ် ဝီလောက်ညာတာနေရတာတုန်း. . . အရင်က ယောကျ်ားသားတွေလို ချောက်ကမ်းပါးကြီးအောက် မပို့သေးတာလဲ. ."

သခင်မကြီးဒေဝီသည် "အသားနက်မ"ပြောလာသည့် ထိုစကားကြောင့် တုန်လှုပ်သွားတော့သည်။

သူမ စိတ်ကြိုက်အသုံးချပြီးလေပြီပဲ၊ တစ်ခုတော့ရှိသည်၊ သူနှင့်ကြုံခဲ့ပြီး ယောကျ်ားသားတို့ထဲတွင် ဝဏ္ဏသည် စွဲမက်စရာအကောင်းဆုံးဖြစ်၏။ အခြားသောယောကျ်ားတွေလို မဟုတ်တာတော့သေချာသည်။

အတော်များများ ယောကျ်ားသားများသည် အံသွေးအသား





ပတ်သက်သည့် တဏှာရာဂတပ်မက်ခြင်းများသာ ရှိကြ၏။ ဝဏ္ဏသည် သို့နှယ်မဟုတ်၊ သူမ၏အလှတရားတွင်လည်း ယစ်မူးနေသူဖြစ်၏၊ သွေးသားနှင့် ပတ်သက်သည့် အလိုဆန္ဒမရစေဦးတော့ သူမမှု၊ သူမ၏အလှတရားတွင် တစိမ့်စိမ့်ယစ်မူးနေရလျှင် ဘယ်လိုဘယ်ဘဝမှာပင် နေရနေရ ကျေနပ်စွာနေမည့်သူ ဖြစ်သည်။

သို့ကြောင့် သခင်မကြီးဒေဝီ ဝဏ္ဏနှင့်ပတ်သက်၍ မည်သို့ဆုံးဖြတ်ရမည်မသိချေ။ တကယ်ဆိုပါလျှင် ဝီလောက်အချိန်အထိ ဝဏ္ဏကို သူ့အနားထားစရာအကြောင်းမရှိချေ။ အသူရာချောက်ကမ်းပါးအောက် ပို့လိုက်ရမည့်သူဖြစ်သည်။

ဝဏ္ဏ၏ သစ္စာတရားကြီးမားပုံ၊ အစွဲအလမ်းကြီးမားပုံကို သူမတစ်သက်သည်ဓာစ်ကြိမ်သာ ကြုံဖူးတော့၏။

"အစ်မတော်အပေါ် လုလင်က ယစ်မူးနေတာ ပြဿနာမရှိဘူးနော်. . . အစ်မတော်က လုလင်အပေါ် သနားစိတ်ထားနေတယ်ဆိုလျှင် မြင့်ဒုက္ခကောင်းကောင်းကြီး ရောက်သွားလိမ့်မယ်နော်. . . သတိထားပါ အစ်မတော်. . . စိတ်အလိုကို သိပ်မလိုက်ပါနဲ့. . . နှစ် ၁၀၀မွေးနေ့ပွဲဆိုတာ ဘာမှမလိုတော့ပါဘူးနော်. . ."

သို့နှယ် အသားနက်မက သတိပေးလေမှ သခင်မကြီးက သူ ဘာလုပ်ရမည်ကို ဆုံးဖြတ်နိုင်တော့သည်။

"အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ် ညီမတော်အမောင်းကို ထုံးစံအတိုင်းသာ အသူရာချောက်ကမ်းပါးအောက် ပို့လိုက်ပါတော့"

သို့နှယ်ပြောကာ အသားနက်မအပါးမှ ထွက်သွားတော့၏၊ သူမ သက်တမ်းတစ်လျှောက် ယောကျ်ားသားတစ်ဦးနှင့်ပတ်သက်၍ ယခုကဲ့



www.burmeseclassic.com

www.burmeseclassic.com



သို့ ခံစားမှုမျိုးမရှိခဲ့ပါချေ။

"ရှူး. . . "

မဲလုံးသည် ကုန်းကုန်းကွကွဖြင့် အသားနက်မနားရောက်လာသည်။ သည်တွင် သူမက မဲလုံးကို ခြေပြလက်ပြဖြင့် တိရစ္ဆာန်နှင့်လူသားပေါင်းကူးဆက်သွယ်ခြင်း သင်္ကေတဖြစ်သည်။

"ဝါး. . . "

"ဝါး. . . ဝရား. . . "

အော်မြည်သံပြုလျက် မဲလုံးသည် အိမ်နောက်ရှိ ဂူပေါက်သို့ ထွက်သွားတော့သည်။

ဝဏ္ဏသည် ထိုဂူအတွင်း ကျောက်အိုင်လေးတွင် ရေချိုးနေ၏၊ သို့ရှိဆဲတွင် . . .

"ဝါး. . . "ရယ်လို့ အော်ဟစ်ရင်း မဲလုံးသည် ရုတ်တရက် သူ့အားဝင်ရောက်တိုက်ခိုက်လေ၏။

တိရစ္ဆာန်နှင့်လူသား တိုက်ပွဲကြားသို့ ထင်မှတ်မထားလေဘဲ လူသားမတစ်ယောက် ဝင်ရောက်လာသည်။

လူသားဘက်က ကူညီပံ့ပိုးရန် ရောက်လာခြင်းမဟုတ်၊ ဖြန်ဖြေခြင်းဖြစ်သည်။

ထင်မှတ်မထားသော တိုက်ကွက်တစ်ခုကြောင့် ဝဏ္ဏတစ်ယောက်ကျော့ကွင်းကြိုးဖြင့် တုတ်နှောင်ရစ်ပတ်ချည်ခံလိုက်ရတော့သည်။

"ဒါ ဘာသဘောလဲ. . . "

ဝဏ္ဏက မကျေနပ်သောလေသံဖြင့် မေးလိုက်သည်။

အသားနက်မက ပြုံးစစလုပ်ပြီး. . .





"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း. . . ဘာသဘောလဲဆိုတာ သိရပါလိမ့်မယ်. . . ခုတော့ ငြိမ်ငြိမ်သက်သက် ခေါ်ရာနောက်လိုက်ခဲ့ဖို့ မေတ္တာရပ်ခံပါတယ်. . . "

"ဘယ်ကိုခေါ်မှာတုန်း. . . "

"အမောင်လုလင်လို လူစားမျိုးတွေရှိတဲ့ နေရာခေါ်သွားမှာ"

အသားနက်မစကားကြောင့် ဝဏ္ဏတစ်ချက်စဉ်းစားလိုက်ရင်း ရွှဲပြုံးပြုံးလျက်. . .

"အင်း. . . ကျုပ်သိပြီ. . . မင်းနဲ့သခင်မကြီးဒေဝီရဲ့အမိန့်အရပေါ့ ဟုတ်လား. . . တော်ပြီလေ. . . ကျုပ်က စွန့်ပစ်ပစ္စည်းဖြစ်နေပြီပဲ မင်း . . သခင်မကြီးဒေဝီရဲ့ ဆုံးဖြတ်ချက်အမှန်ဆိုလျှင်ဖြင့် မငြင်းပါဘူး. . ကျေကျေနပ်နပ်ကို လက်ခံပါ့မယ်. . . တုပ်နှောင်ခံထားရလို့ ရှုံးနိမ့်နေတာကို ဟန်လုပ်ပြီးပြောတာတော့ မဟုတ်ဘူးနော်. . ကျုပ် လက်တွေ့ပြမယ်. . . "

ဆိုကာ ဝဏ္ဏသည် တုပ်နှောင်ရစ်ပတ်ထားသော ကြိုးကို မည်သို့လုပ်လိုက်သည်မသိ၊ ပြေထွက်ကုန်တော့သည်။

"ဟင်. . "

အသားနက်မ အံ့အားသင့်သွား၏။ သူမ တုပ်နှောင်ခဲ့ပြီး ကြိုးမှန်သမျှ လွယ်လင်တကူ ဖြေနိုင်သူ မရှိခဲ့ချေ။ ဝဏ္ဏသည် သူ၏ခန္ဓာကိုယ်တစ်ပတ်လှည့်လိုက်ရုံဖြင့် ကြိုးများပြေလျော့သွားခဲ့ပြီကော။

"တွေ့ပြီလား. . . အေး. . . မင်း ခေါ်တဲ့နောက် ငါ လိုက်ခဲ့မယ်. . . အသူရာချောက်တမ်းပါးကြီးထဲ ကျုပ်ကို တွန်းချစရာမလိုဘူး. . . ကိုယ်တိုင် ခုန်ချပေးမယ်. . . အဲ. . . တစ်ခုတော့ရှိတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



မင်းသခင်မကြီးဒေဝီကို တစ်ခုပဲပြောပေးပါ. . . နောင်တမလွန်ဘဝမှာ ကျုပ်စောင့်နေမယ်. . . ပါရမီဖြည့်ပေးဖို့ ခွန်အားတွေ မွေးထားပါ့မယ် လို့. . . ဟုတ်ပြီလား. . . ”

သို့နှယ် ဝဏ္ဏက ပြောပြီး အဝေးတစ်နေရာသို့ ငေးတာတွေးနေလိုက်သည်။ ပြီး တိုးညင်းသောလေသံဖြင့် “အသူရာချောက်ကမ်းပါးရှိတဲ့နေရာ ပြလင့်ပါတော့. . . ”ဟု ပြောလိုက်သည်။

သေရမည်ကို သူ မကြောက်၊ သူ သံယောဇဉ်ရှိသော သခင်မကြီးနှင့် အပြီးတိုင်ခွဲရတော့မည်ဖြစ်၍ ဆွေးမြေ့နေခြင်း ဖြစ်တော့၏။

သူ့စကား သူ့ဟန်ပန်အမူအရာကြောင့် အသားနက်မသည်လည်း စိတ်မကောင်းကြီးစွာ ဖြစ်သွားရ၏။

မတတ်သာ၍သာ ဝဏ္ဏကို အသူရာချောက်ကမ်းပါးကြီးအောင် ခန်ချနိုင်းရမည်ဖြင့်ငြား အလွန်မင်းစွာ စိတ်မကောင်းဖြစ်လိုက်သည်ကြောင့် သူမသည် လာလမ်းတစ်လျှောက် ခြေလှမ်းတို့သည် တုံ့ဆိုင်းနှေးကွေးနေတော့၏။

တကယ်တော့ ဝဏ္ဏသည် သူ့ရဲကောင်းတစ်ယောက် ယောကျ်ားကောင်းတစ်ယောက် ဖြစ်သည်။

သူ

စွာတို့သည် ချောက်ကမ်းပါးကြီးအတွင်း တွန်းချခံရမည်ကို သိကြသည်တွင် တိုးလျှိုးတောင်းပန်သူ ရှုန်းကန်ငြင်းဆန်သူများကိုသာ တွေ့ရသည်၊ ယခု ဝဏ္ဏလိုလူ သူတစ်ဦးတည်းသာ ရှိသည်ဟု ထင်လိုက်သည်။

သို့ကြောင့် အသားနက်မသည် သူ့ရသတ္တိနှင့်ပြည့်စုံသော ဝဏ္ဏကို လေးစားသွား၏၊ အချစ်နှင့်ပတ်သက်၍ ကိုးကွယ်ထိုက်သူဧ





သတ်မှတ်လိုက်သည်။

သူ့လိုယောကျ်ားကောင်းတစ်ယောက် အသူအရာချောက်ကမ်းပါးအတွင်း သက်ဆင်းသင့်ပါ၏လော။

သို့ဆိုလျှင်ဖြင့် သူမ ဘာဆက်လုပ်သင့်သည်ကို စဉ်းစားလိုက်သည်။

သို့တွေးတောစဉ်းစားရင်းနှင့်ပင် အသူရာချောက်ကမ်းပါးနားသို့ ရောက်လာတော့သည်။

သည်တွင် ဝဏ္ဏသည် အသားနက်မဘက်သို့လှည့်ကာ “ကျုပ်ပြောတာ သခင်မကြီးဒေဝီကို ပြန်ပြောဖို့တော့ မမေ့ပါနဲ့နော်. . . ကဲ. . . ကျုပ်ကြိုတင်ကျေးဇူးတင်ပါတယ်ဗျာ. . . ”ရယ်လို့ လက်သီးဆုပ်ဂါရဝပြုလိုက်ပြီး ချောက်ကမ်းပါးထိပ်သို့ ခြေလှမ်းမှန်လျှောက်သွားတော့၏၊ တွန့်ဆုတ်ခြင်း အလျဉ်းမရှိပါချေ။

အသားနက်မတွေဝေငေးမောလျက် ဘာဆက်လုပ်သင့်သည် ဝေခွဲမရဖြစ်နေ၏။

“လုလင် ပြန်လာခဲ့ပါ”ရယ်လို့ တားမြစ်ခြင်းကို ပြုဝံ့ပါလေမည်လား။ သို့လုပ်မိပါသော် သခင်မကြီးဒေဝီက ပြင်းထန်သော ပြစ်ဒဏ်သူမကို ပေးလာပေလိမ့်မည်၊ ဘယ်လိုပြစ်ဒဏ်မျိုးဆိုတာ သူမ သိပြီးသား။ သို့ ကြောင့် သူမဝန်မရဲဖြစ်နေမိသည်၊ စဉ်းစားဆုံးဖြတ်ရခက်နေချေပြီ။

သို့ငြား ချောက်ကမ်းပါးထိပ်ရောက်လုရောက်ခင်တွင် သူမ ရင်တွင်းခိုအောင်းနေသည့် မသိစိတ်က ပေါက်ကွဲလေတော့သည်။

လုလင် မသေစေရ၊ သူ့ရသတ္တိနှင့်ပြည့်စုံသော ယောကျ်ားကောင်းတစ်ယောက် အချည်းအနှီးမသေသင့်။ သခင်မကြီးဒေဝီ အသုံး



www.burmeseclassic.com

www.burmeseclassic.com



မလိုတော့သည့် ယောကျ်ားများစွာကို သူမက သုတ်သင်ပေးခဲ့သူ၊ သူ့သဘောလျှင် ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ယောက်အတွက် အသေခံခြင်းသည်မြတ်သည်၊ သူ ပြုလုပ်ခဲ့သည့်အပြစ်တွေ ဆေးကြောပြီးဖြစ်သည်ဟု တွက်လိုက်ကာ ဝဏ္ဏကို တားဆီးလိုက်တော့မည်ဟု ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာချကာ လှမ်းအော်တားလိုက်မည့်အလုပ်တွင် မဲလုံးက အလေ့အကျင့်ရပြီး သားရဲကောင်ဖြစ်သည်ကြောင့် သူလုပ်ရမည့်လုပ်ငန်းကို တသွေမတိမ်း လိုက်နာရန်အလို့ငှာ ကျောပေးလျှောက်နေသော ဝဏ္ဏ၏ နောက်ကျောဘက်သို့ ပြေးလွှားကာ ချောက်ကမ်းပါးအောက်တွန်းချဖို့ရာ ပြေးသွားသည်ကို မြင်လိုက်သည်တွင်. . .

"လုလင်. . . နောက်မှာ. . . နောက်မှာ"ရယ်လို့ ထိတ်လန့်တကြား လှမ်းအော်လိုက်သည်။

ဝဏ္ဏသည် ချောက်ကမ်းပါးအောက်ခုန်ချမည့်ဆဲဆဲတွင် အသားနက်မအော်လိုက်သံကြောင့် လှည့်ကြည့်လိုက်၏။

မဲလုံး သူ့ကိုပြေးလွှားတိုက်ခိုက်လာသည်ပဲ။ သည်တော့ ဝဏ္ဏသည် လွှန်မင်းစွာ ဒေါသထွက်သွားသည်။

သူ၏ယောကျ်ားကောင်း စိတ်ဓာတ်ကို အစော်ကားခံလိုက်ရသလိုပါပဲလားလို့ မှတ်လိုက်၏။ သို့ကြောင့် သူ့ကိုတိုက်ခိုက်ရန် ပြေးဝင်လာသော ဝံကောင်မဲလုံးကို တားဆီးပြန်လည်တိုက်ခိုက်လေတော့၏။

လူသားနှင့် တိရစ္ဆာန်အသေအကြေတိုက်ခိုက်နေကြတော့၏၊ တစ်ခုတော့ရှိသည်။ ဝဏ္ဏသည် ယခင်ကလို သန်မာဖျတ်လတ်ခြင်းတော့ မရှိတော့ချေ။





သခင်မကြီးဒေဝီရဲ့ အလိုဆန္ဒကိုသာလျှင် ဦးစားပေးဖြည့်ဆည်းပေးခဲ့ရခြင်းကြောင့် လေ့ကျင့်မှုတွေ ဖျက်ခဲ့ရသည်၊ အသွေးအသားအဆီတို့သည်လည်း ခန်းခြောက်နေပြီပဲ၊ သို့ပြား ယောကျ်ားကောင်းတစ်ယောက်ရဲ့ မာန်သတ္တိကား မလျော့ပါးသွားပါချေ။

သူတစ်ပြန် ကိုယ်တစ်ပြန် သတ်ပုတ်နေဆဲမှာပင်. . .

"ရွှီး. . . "ရယ်လို့ လေချွန်သံကြောင့် ဝံနက်ကောင် မဲလုံးသည် သတ်ကွင်းမှ ရုန်းထွက်ပြေးသွားလေတော့၏။

စိုးရိမ်တကြီးဖြင့် သူ့နားပြေးကပ်လာသော အသားနက်မအား ဝဏ္ဏသည် စိမ်းစိမ်းကြီးကြည့်လိုက်ပြီး. . .

"ကျုပ်ရဲ့ဂုဏ်သိက္ခာကို စော်ကားတာလား . . . ကျုပ်က ယောကျ်ားကောင်းတစ်ယောက်ပါဗျာ. . ကိုယ့်သဘောနဲ့ကိုယ် ခုန်ချမယ်လို့ပြောပြီးပြီပဲဗျာ. . ဒါကို ဘာလို့များ မိန်းမကျင့် မိန်းမကြံနဲ့ နောက်ကျောကနေ မဲလုံးကို တွန်းချခိုင်းတာတုန်း. . . "

သို့နယ် ဒေါသတကြီး ပြောလိုက်သည်။

"မဟုတ်ဘူး . . မဟုတ်ဘူး . . မဲလုံးကတိရိစ္ဆာန်. . . လုလင်နဲ့ ကျွန်မ သဘောတူညီချက်ကို သူကြားခဲ့တာမဟုတ်ဘူး. . . ကြားခဲ့ပြန်လျှင်လည်း သူ နားလည်မှာမဟုတ်ဘူး. . . သူ လုပ်နေကျ အလုပ်ကိုလုပ်လိုက်တာပါ. . . ကျင့်သားရပြီးသားလေ. . . "

"ဘာ. . . ပြောတယ်. . . သို့ဆိုလျှင်ဖြင့် မင်းတို့က လူတွေကို ချောက်ကမ်းပါးအောက် တွန်းချသတ်နေကြတာပေါ့. . . ဒီလိုနေရာမှာ ဒီလိုမျိုး သူလုပ်ရမယ်ဆိုတာကို မင်းတို့က သင်ထားတာပေါ့. . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ သူ့အလုပ် သူလုပ်ရမှာလေ... နို့ကြောင့် သူ ဒီလိုလုပ်တာပေါ့... အပြစ်ရှိတာ ကျွန်မပါ... လုလင်နားလည် လောက်ပါတယ်"

ဝဏ္ဏာ သဘောပေါက်သွားပြီဖြစ်သည်။

"ဒါ ဟုတ်တာပေါ့... တိရိစ္ဆာန်ဆိုတာ သူ့ကိုလေ့ကျင့်ပေးထား တဲ့အတိုင်း သူလုပ်မှာပေါ့... ကျုပ်နားလည်ပြီ... ကဲ... ဆိုထားတဲ့ အတိုင်း ကျုပ်သွားပါတော့မယ်... "ဆိုကာ ရရှိထားသော ဒဏ်ရာ များကို အံကြိတ်တင်းခံရင်း ဒယီးဒယိုင်ဖြင့် ချောက်ကမ်းပါးထိပ် လျှောက် သွားလေသည်တွင် အသားနက်မက ရှေ့မှတားဆီးလိုက်၏။

"ကျွန်မဆုံးဖြတ်ပြီးပြီ... လုလင်လို ယောကျ်ားကောင်းတစ် ယောက် အချည်းအနှီး မဆုံးရှုံးသင့်ဘူး... လုလင်အတွက် အစ်မတော် ကို တိုးလျှိုးတောင်းပန်ပေးပါ့မယ်... "

"ဗျာ... "

ဝဏ္ဏာ အံ့ဩသွားသည်။

"ဖြစ်နိုင်ပါ့မလားဗျာ... "

ယုံရခက်ခက် မေးလိုက်ပြန်၏။

"အစ်မတော် ကျေနပ်လောက်တဲ့အပြစ်ဒဏ်ကို ကျွန်မ လုပ်ပေး နိုင်လျှင်ဖြင့် လုလင်အသက်ချမ်းသာရယုံမျှမက အစ်မတော်အနားမှာ ပြန်နေခွင့်ရကောင်း ရနိုင်ပါလိမ့်မယ်... "

အသားနက်မစကားကြောင့် ဝဏ္ဏာ စဉ်းစားလိုက်၏။ ဘာကိုဆို လေသည် မသဲကွဲ။ သို့ကြောင့်...

"ရှင်းအောင်ပြောဗျာ... သူ ကျေနပ်လောက်တဲ့ပြစ်ဒဏ်ဆို





တော့ လူ့အသက်နဲ့ပဲ ဆိုင်တော့မပေါ့... "

ဝဏ္ဏာစကားကြောင့် သူမ မျက်နှာညိုကြသွားတော့၏။ ပြီး လေ သံပျော့ပျော့ဖြင့်...

"ကျွန်မကိုယ်တိုင် လုလင်ကိုယ်စား ချောက်ကမ်းပါးအောက် ခုန်ချမယ်ဆိုလျှင်ဖြင့် အစ်မတော် ကျေနပ်နိုင်လောက်ပါတယ်... "

"ဗျာ... "

"ဟင်... "

ဝဏ္ဏာ၏အံ့ဩတကြီး အသံနောက်ကွယ်မှ "ဟင်"ရယ်လို့ အသံ ထပ်ပါလာသဖြင့် လှည့်ကြည့်လိုက်ကြသည်။

ရင့်ကျက်တည်ငြိမ်စွာဖြင့် သူတို့နှစ်ယောက်ရှိရာသို့ လျှောက် လှမ်းလာသော သခင်မကြီးဒေဝီကိုတွေ့လိုက်ကြသည်ကြောင့် အံ့အားသင့် သွားကြသည်။

အသားနက်မသည် သခင်မကြီးဒေဝီရှေ့သို့သွားကာ ဒူးထောက် လိုက်ပြီး...

"ညီမတော်ကို ခွင့်လွှတ်ပါတော့ အစ်မတော်... လုလင်လို ယောကျ်ားကောင်း ယောကျ်ားမြတ်မေတ္တာတရားကြီးမားသူတစ်ယောက်ကို အချည်းအနှီး အဆုံးရှုံးမခံသင့်လို့ ယူဆပြီး ခုလို ဆုံးဖြတ်လိုက်တာပါ... လုလင်ကို ချမ်းသာခွင့်ပေးပြီး... အစ်မတော်အပါးမှာ ခစားခွင့်ပြုပါလို့ ညီမတော် တောင်းဆိုခံပါရစေ... နို့မဟုတ်ဘူးဆိုတာတောင်မှ နှစ်ပေါင်း မြောက်မြားစွာ သစ္စာမဖျက်၊ အမှားအယွင်းမရှိ အစ်မတော်အပါးသာ တစ်ဖဝါးမှမခွာ ခစားခဲ့တာတွေကို ထောက်ထားပြီး ညီမတော် တောင်းဆို ခဲ့တာကို ဖြည့်ဆည်းပေးပါနော်... "



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . . မဟုတ်ဘူး. . . အစ်မတော်က ကျုပ်ကို သေစေချင်တာ. . . မင်းသာ အစ်မတော်အနားမှာ ဆက်ပြီးနေပါ. . . ဆက်ပြီးသစ္စာရှိပါ. . . စောင့်ရှောက်ပါ. . . ကျုပ် သိပ်ချစ်တဲ့သံယောဇဉ် တွယ်မိတဲ့ အစ်မတော်စကားကို နားထောင်တဲ့အနေနဲ့ သေပြလိုက်ပါ့မယ်. . . ကဲ. . . နှုတ် ဆက်ပါတယ်. . . "ဆိုပြီး ဝဏ္ဏသည် လှစ်ခနဲ ကျမ်းပါးယံထိပ်သို့ ပြေးကာ နက်ရှိုင်းသော ချောက်အတွင်း ခုန်ချလိုက်တော့သည်။

"ဟင်. . . "

"ဟာ. . . "

အသားနက်မ ဘာလုပ်ရမှန်းမသိ ငေးကြောင်နေတော့၏။ ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ယောက် ဆုံးရှုံးလိုက်ရချေပြီဟု တွက်လိုက်သည်။

သို့ပေမင့် လျှပ်တစ်ပြက်အချိန်ကလေးမှာပင် ဝဏ္ဏတစ်ယောက် ခုန်ချလိုက်ခြား တစ်စုံတစ်ဦး၏ပွေ့ယူဆွဲငင်ခြင်းကို ခံလိုက်ရတော့သည်၊ ထင်မှတ်မထားသောမြင်ကွင်းကြောင့် အသားနက်မမျက်လုံး မျက်ဆံပြူး သွားသည်၊ သူတစ်သက် လွန်မင်းစွာ အံ့ဩစရာဖြစ်ရပ်ပင်။

သခင်မကြီးဒေဝီ၏လှုပ်ရှားမှုသည် မြန်ဆန်လွန်းလှ၏၊ ဓွေ့ခနဲ ခုန်လွှားကာ ဝဏ္ဏကို ပွေ့ယူဖမ်းလိုက်နိုင်ခြင်းဖြစ်သည်။

သခင်မကြီးဒေဝီကို သိုင်းပညာမတတ်ဟု ထင်ထားခဲ့၏၊ သူမ ထက် ပိုသာနိုင်သေးတော့၏ဟု အသိဝင်သွားတော့သည်၊ သခင်မကြီး ဒေဝီကလည်း ပညာတွေ လျှို့ထားသည်ပဲ။

"ညီမတော်ကော အမောင့်ကိုပါ ခွင့်လွှတ်ပါတယ်. . . ကဲ. . .





ကဲ. . . စံအိမ်ကို ပြန်ကြပါစို့. . . သိမ်းငှက်က ဒဏ်ရာအနာတရဖြစ်နေတဲ့ အမောင့်ကို ဖေးမတွဲခေါ်ပြီး ဆေးဝါးကုသပေးချေကွဲ. . . "

သခင်မကြီးဒေဝီက သို့နှုယ်ပြောလိုက်ပြီး ထိုနေရာမှလှည့်ထွက်သွားတော့သည်။

ဝဏ္ဏတစ်ယောက် ဝံကုတ်ခံထားရသဖြင့် ရရှိထားသော ဒဏ်ရာကို ရက်ပေါင်းမြောက်မြားစွာ ဆေးဝါးကုသခံယူရတော့၏။ ဝံကုတ်ချက်ကြောင့် မျက်နှာတစ်ခြမ်း အသားလှာလှာကြရခြင်းဖြစ်သည်ကြောင့် ရုပ်ဖျက်ဆင်းပျက်ဖြစ်သွားရုံသာမက လူစဉ်မမှီဖြစ်ခဲ့ရ၏။ သို့ဖြစ်၍ အိမ်နိမ့်ဝံဘဝခေါ် ရမလားမသိ။ စံအိမ်ကြီးမှ အနောက်ဘက်လိုဏ်ဂူတွင်း တစ်ကိုယ်တည်း ပြောင်းရွှေ့နေရချေတော့၏။

သို့ပေမင့် ဝဏ္ဏ ကျေနပ်သည်၊ သခင်မကြီးဒေဝီအနားမှာပင် နေခွင့်ရခဲ့သည်ကိုး၊ သခင်မကြီးဒေဝီသည် ရံခါဆိုသလို သူနှင့်အဖော်လာလုပ် ပေးလေ့ရှိသလို လိုဏ်ဂူတွင် ကျောက်ရေအိုင်တွင် ရေလာချိုးတတ်၏။

ဝဏ္ဏသည် သခင်ကြီးဘဝမှ နိမ့်ကျကာ သခင်မကြီးဒေဝီ၏ သက်တော်စောင့်ကိုယ်ရံတော်တစ်ဦး ဖြစ်ခဲ့ရတော့သည်။

သည်သို့ဖြင့် ဝဏ္ဏ၏ဘဝသည်. . လမှသည် နှစ်တိုင် ကူးခဲ့၏။ ဖြတ်သန်းခဲ့ရသောကာလတွင် ဝဏ္ဏသည်ကိုယ်ခံပညာကို တစိုက်မတ်မတ် မပြတ်လေ့ကျင့်ခဲ့တော့သည်။ သို့ ပညာရပ်လိုက်စားမှုသည် သူတွယ်တာသော သူသံယောဇဉ်ဖြစ်ရသော သူချစ်သော သခင်မကြီးဒေဝီအတွက် ဖြစ်ချေတော့သည်။

ဝဏ္ဏသည် သခင်မကြီးဒေဝီအတွက် သွေးသားဆန္ဒပြည့်ဝစေရန် ဖြည့်ဆည်းနိုင်ခြင်း မပြုနိုင်သည့်တစ်ခုမှလွဲ၍ အရာရာလိုလေ



www.burmeseclassic.com

www.burmeseclassic.com



သေးမရှိ ဖြည့်ဆည်းပေးနိုင်ခြင်းကြောင့် သခင်မကြီးဒေဝီသည် သူ့နားတွင် သာရှိနေစေခြင်းဖြစ်တော့၏။

မည်သို့ပင်ဆိုစေ အသားနက်မသည်လည်းကောင်း၊ သိမ်ငှက်သည်လည်းကောင်း၊ ဝံအနက်ကြီးမဲလုံးသည်လည်းကောင်း၊ ဝဏ္ဏကို အံမတုနိုင်ကြပါချေ။ ဝဏ္ဏသည် ယခင်ကထက်ပို၍ပင် ဒေါသတကြီးဖြစ်တတ်၏။

သည်သို့ဖြင့် သခင်မကြီးဒေဝီ နှစ် ၁၀၀ပြည့်မွေးနေ့သည် ကြားတစ်နှစ်သာရှိတော့သည်။ ထိုကြား သခင်မကြီးဒေဝီသည် ယွန်းဇလင်းချောင်းမကြီးရှိ ရေအိုင်သို့ နိစ္စဓူဝဆိုသလိုသွားနေလေတော့၏။ သို့ခရီးစဉ်ကိုတော့ဖြင့် ဝဏ္ဏလိုက်ခွင့် မရှိပါချေ။ သည့်အတွက် ဝဏ္ဏစိတ်မကောင်းဖြစ်ရသည်။ သို့မှသည် ခံပြင်းလာမိသည်။ သခင်မကြီးဒေဝီ အချစ်သင်တွက် ရှာနေပြီကိုး။ သူ့ရှေ့တွင် သခင်မကြီးဒေဝီတစ်ကိုယ်တည်းနေခဲ့ခြင်း သူစိတ်ပြေလို့ရသည်။ အဖော်နှင့် သူ့ရှေ့တွင် သခင်မကြီးဒေဝီရှိနေမည်ဆိုပါက သူခံနိုင်ရည်ရှိနိုင်ပါ့မလားရယ်လို့ သူ့ကိုယ်သူ စမ်းစစ်မိသည်။ မဖြစ်နိုင်။ သို့ပါလျှင် သူ ရှုံးလျှင်ရှုံး၊ မရှုံးလျှင် သေဖွယ်ရာရှိတော့၏။ သို့အခြေအနေရောက်လာပါက သူမည်သို့ရင်ဆိုင်ရပါမည်နည်း။

သို့နှယ် ဝဏ္ဏစိုးရိမ်ကြောင့်ကြနေသည့်ကြားမှ သခင်မကြီးဒေဝီ အဖော်တစ်ယောက်ရလာပြီဟု သိရ၏။ သူတော့ မမြင်ဘူးသေးချေ။ သူ့ည်ရက်ပိုင်းအတွင်း သခင်မကြီးဒေဝီနှင့်သူ မတွေ့ကြသည်မှာကြာပြီပဲ။

"မြွေဟောက်အတွက် သတိစကားတစ်ခုပြောချင်တယ်... သိပ်သိချင်နေတဲ့သတင်းဖြစ်မှာပါ... "ရယ်လို့ အစချီကာ အသားနက်မက ပြုံးစစဖြင့် ပြောလာသဖြင့်...

"ပြောမှာသာ ပြောစမ်းပျာ... ကျုပ် သိပ်စိတ်မရှည်ဘူး..."





ရယ်လို့ ဖော်ငေါက်ပြောလိုက်သည်။

"သခင်မကြီးဒေဝီ အဖော်တစ်ယောက်ရလာပြီ... ဟိုတုန်းက မြွေဟောက်ရဲ့ပုံစံအတိုင်းပဲ... သူရသတ္တိနဲ့လည်း ပြည့်စုံပုံရတယ်.."

"ဟုတ်လား... ပြောပါဦး... ပြောပါဦး... ဘယ်မှာရှိနေလဲ...စံအိမ်ကြီးပေါ်မှာလား... "ရယ်လို့ ဂနာမငြိမ်စွာဖြင့် ဗျာဗျာသလဲ မေးလိုက်တော့သည်။

"သိပ်လည်း စိုးရိမ်ကြောင့်ကြ ဖြစ်မနေကြပါနဲ့ရှင် လောလောဆယ် အိမ်မကြီးနောက်ဘက် လမ်းမြောင်လေးထဲမှာရှိတယ်.. ရွှေကြာလိုဏ်ဂူထဲမှာထားတယ်... "

"ဟင်... ဘာဖြစ်လို့တုန်း... "

"ခု ရောက်လာတဲ့လူဟာ ရှင့်လိုပဲ... ယောကျ်ားပီသတယ်ရဲရင့်ဖျတ်လတ်တယ်.. နို့ပေမင့် ရှင့်ထက်သာတာက သူဟာအလှတရားကိုကိုးကွယ်သူမဟုတ်ဘူး... သခင်မကြီးဒေဝီ ဘယ်လိုမှမြူဆွယ်လို့မရသေးတာကြောင့် ညှိသည်အနေနဲ့ ရွှေလိုဏ်ဂူထဲမှာ နေစေတာပေါ့..."

"ဒုက္ခပါပဲ... သခင်မကြီးဒေဝီက ဘာကြောင့် လူစိမ်းတစ်ယောက်ကို ရွှေလိုဏ်ဂူမှာထားပါလိမ့်.. မတော်လောဘတက်ပြီး မဟုတ်မဟုတ်တွေ လျှောက်လုပ်နေမှဖြင့် အားလုံးဒုက္ခရောက်ရချည့်ဗျာ..."

"မြွေဟောက်တစ်ယောက်ဟာလေ နားမလည်လိုက်တာ... ဒီနားထားရခြင်းဟာ ဖျားယောင်းသွေးဆောင်ခြင်းပဲပေါ့... ရွှေငွေရတနာတွေကို မက်မောလာလျှင် ပိုင်ဆိုင်ချင်လာမယ်... ပိုင်ဆိုင်ချင်လာလျှင် သခင်မကြီးဒေဝီအလိုဆန္ဒကို ဖြည့်ဆည်းပေးလာတော့မပေါ့.. နို့ပေမင့် အဲဒီလူက ရတနာစိန်ကျောက်တွေကိုလည်း တပ်မက်နေပုံမရ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး. . . "

"နို့ဖြင့် သူက ဒီကိုဘာလို့လိုက်လာရတာတုန်း. . ." ဝဏ္ဏက မေးလိုက်သည်။ သည်တွင် အသားနက်မသည် အဝေးတစ်နေရာသို့လှည့်ကြည့်ပြီး. . .

"လူပျောက်လိုက်ရှာတာတဲ့. . . ဒီမယ်ရှိလိမ့်မယ်ထင်ပြီး လိုက်လာတာ. . . သခင်မကြီးဒေဝီကလည်း တတ်နိုင်တာကူညီပါ့မယ်ဆိုပြီး ခေါ်လာတာလေ. . . သူ့စိတ်ထဲမှာ ဘာမှမရှိဘူး. . . သူလိုက်ရှာနေတဲ့သူကိုပဲ တွေ့ချင်စိတ်ရှိနေတာ. . . "

"အင်း. . . တော်ပါသေးရဲ့. . . ဟဲ. . . ဟဲ. . . ဟဲ. . . "

ဝဏ္ဏသည် သို့နှယ်ပြောပြီး ရယ်ကျဲကျဲလုပ်နေတော့သဖြင့်. . .

"ဩော်. . . မွှေပဟောက်. . . ရှင်က သခင်မကြီးဒေဝီနဲ့ဒီလို ကင်းကင်းရှင်းရှင်းရှိနေတာကြောင့် ဝမ်းသာပီတိဖြစ်နေတာလား. . . သခင်မကြီးဒေဝီအကြောင်း ရှင်မသိသေးလို့နေ့ာ်. . ဟွန်း. . . သခင်မကြီးဒေဝီက သူ့လိုအင်ဆန္ဒကို အမြဲပြည့်အောင်ဖြည့်တတ်တဲ့ သူ. . နောက်ဆုံးတော့ အဲဒီလုလင်ဟာလည်း သခင်မကြီးဒေဝီရဲ့ဆန္ဒကို လိုက်လျောလာပါလိမ့်မယ်. . . သခင်မကြီးဒေဝီမှာနည်းလမ်းတွေ ဆေးစွမ်းကောင်းတွေ ရှိနေပါသေးတယ်. . . အဲဒီတော့မှ ရှုးရှုးရှဲရှဲနဲ့ အံ့တကြိတ်ကြိတ်ဖြစ်မနေပါနဲ့. . . တဲ. . . သတိပေးခ"ဆိုကာ အနားတိုးလာသောကြောင့် ဝဏ္ဏသည် အသားနက်မကို ဝိုက်လက်သီးတစ်လုံး ပစ်သွင်းလိုက်၏၊ ပါးစပ်မှလည်း-

"ငှဲ့လိုက်. . . နားထင်နားဖြတ် ထွက်သွားတဲ့ လက်သီးနောက်လိုက်ကြည့်ပြီး ပခုံးစွန်းကို ဘယ်လက်သီးနဲ့ ထောက်လိုက်တာနဲ့ တစ်ပြိုင်





နက်(နံကြား)ကို ညာလက်သီးနဲ့ထိုးလိုက်" ဟု အော်ပြောလေသည်၊ အသားနက်မသည်လည်း ဝဏ္ဏပြောသလို တသွေမတိမ်းလိုက်လုပ်လေတော့၏။ ကောင်းလိုက်သည့်အကွက်၊ ဝဏ္ဏသည် သူ၏ပခုံးစွန်းသို့ ထောက်လာသော လက်သီးကို မမှုလောက်ပေမင့် နံကြားသို့ ပြေးဝင်လာသော ညာဘက်သီးဖော်ကြောင့် အင့်ခနဲဖြစ်၍ ဒူးထောက်ကျသွားလေတော့၏၊

သတင်းပေးခအဖြစ် သိုင်းကွက်တစ်ကွက်ရလိုက်ခြင်းကြောင့် အသားနက်မသည် ဝဏ္ဏကို လက်နှစ်ဖက်စုံဆုပ်ကာ ခါးညွတ်ဝါရဝပြုလိုက်ရင်း "ကျေးဇူးတင်ပါတယ်. . . "ဆိုကာ ဝဏ္ဏအပါးမှ ပြေးထွက်သွားတော့၏၊

အသားနက်မ၏ နောက်ကျောပြင်ကိုကြည့်ရင်း ဝဏ္ဏ နှုတ်ဖျားမှ "ညာညာတာတာ လုပ်မသွားဘူး. . . ဟွန်း. . . တစ်နေ့တွေ့ကြဦးမှာပေါ့" ရယ်လို့ ပြောလိုက်ပေမင့် သူ့စိတ်အစဉ်သည် သခင်မကြီးဒေဝီခေါ်လာသူ လုလင်ထံသို့သာလျှင် ရောက်နေ၏။

သူ. . . ထိုသူကို သွားတွေ့အကဲခတ်ရလိမ့်မည်။ အသားနက်မပြောသွားတာ ဟုတ်မဟုတ် "အင်း. . . ဒါ သူကစိုးရိမ်လွန်တဲနေလို့ပါ" အသားနက်မက မဟုတ်တမ်းတရားပြောတတ်သူမှ မဟုတ်ပေဘဲ. . .

နို့ပေမင့် သူ့ကို ဒီညသွားတွေ့ရပေလိမ့်မည်၊ သူ့အတွေးတွေ နှုတ်ထွေးလာချေပြီ။ သို့ကြောင့် ခုတင်ပေါ်တွင် လဲလျောင်းလိုက်သည်၊ မျက်စိအစုံကို ပိတ်ထားလိုက်သည်။ ကြံကြံဖန်ဖန်မမြင်ဘူးသူတစ်ယောက်ကို မှန်းဆမြင်လိုက်ပြီး သခင်မကြီးဒေဝီနှင့် ပျော်ပါးနေကြသည်ဟု တွေးတွေးဆဆမြင်လိုက်သည်ကြောင့် အိပ်နေရာမှ ရုတ်ချည်းထထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူ့ခေါင်းကို သူ့ လက်နှစ်ဖက်ဖြင့် ညှပ်ရိုက်နေတော့၏။

"ကဲဟာ. . . ကဲဟာ. . . ကဲဟာ. . ."

အားပါးတရ ရိုက်နှက်ပြီးသည်နှင့် ခေါင်းဗုန်းကို နားရွက်နား အပ်ကာ မှောက်အိပ်လိုက်ပြန်၏။ လူးကာလိမ့်ကာ ဂဏှာမငြိမ်ဖြစ်နေပြန်၏။ သို့ကြောင့် အဝတ်အစားတို့ကိုချွတ်ပြီး နံငယ်ပိုင်းလေးဖြင့် ရေအိုင်ထဲ ခုန်ဆင်းလိုက်တော့၏။

"ဗွမ်း. . ."

အေးစိမ့်နေသော ရေများက သူ့အာရုံကိုပြောင်းလဲသွားစေသည် ကြောင့် သူသက်သာရာရသွားသည်။

ရေအိုင်အတွင်း ခေါင်းနှစ်ရေစိမ်လိုက်သောကြောင့် ပေါ့ပါး လန်းဆန်းသွားသည်ဟု ထင်လိုက်၏။

ရေအိုင်တွင်း အချိန်ကြာကြာစိမ်နေလိုက်၏။ ပြီးတော့မှ ရေအိုင် တွင်းမှတက်လာကာ ခန္ဓာကိုယ်အနှံ့ရှိ ရေစက်ရေမှုန်တို့ကို သဘက်ဖြင့် သုတ်ခါချပြီး အကျီ၊ ဘောင်းဘီတို့ကို ဝတ်လိုက်၏။ ပြီးနောက် ကျောက် စားပွဲပေါ်တွင် နေ့စဉ် သိမ်းငှက်လာတင်ပေးသည့် သစ်သီးတို့ကိုစားတာ စဉ်းစားနေလိုက်၏။ သို့ရှိစဉ် မထင်မှတ်လေဘဲ သူ့အတွေးထဲသို့ သခင်မ ကြီးဒေဝီ ရောက်လာပြန်၏။

"ခုတော့. . . တစ်ယောက်တည်း အဖော်ကွဲနေပါပေါ့လား"

သခင်မကြီးဒေဝီနှင့်သူ စံအိမ်ကြီးပေါ်တွင် တူတူသစ်သီးစား နေကြသည့်ပုံကို ပြန်မြင်ယောင်မိသည်။

သခင်မကြီးဒေဝီမှာ သူ့အား ငှက်ပျောသီးအခွံနွှာကျွေးပုံ ပန်းသီးအခွံသင်လှီးစိတ်ကျွေးပုံ၊ စပျစ်သီးကို သူ၏ပါးစပ်အတွင်း ပစ်ထည့်





လိုနှင့် သူမ စားလိုက်ပြီး ရယ်မောပျော်ရွှင်နေပုံတို့ အစီအရီပေါ်လာ သည်ကြောင့် သူတစ်ယောက်တည်း ကျေနပ်စွာ ပြုံးနေမိ၏။ တစ်ဖန် သူနေရာတွင် အခြားယောကျ်ားသားတစ်ယောက်ဖြစ်သွားသည်ကြောင့် ဒေါသတကြီးဖြစ်ကာ စားပွဲပေါ်ရှိ သစ်သီးများကိုဆွဲရမ်း လွှတ်ပစ်လိုက် တော့၏။ ပြီး "အား"ဟု အားပါးတရ အော်ဟစ်လိုက်သံသည် စံအိမ်မကြီး ဆီသို့ပင် ပျံ့လွင့်သွားလေ၏။

"မြွေဟောက်. . . ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ. . ." ယ်လို့ သိမ်းငှက်သည် ပြေးလွှားဝင်ရောက်လာရင်းမေး၏။

"ဘာမှမဖြစ်ဘူး. . . ဘာမှမဖြစ်ဘူး. . . မင်းသွားတော့. . . သွားတော့. . . ငါ့ရှေ့က မြန်မြန်သွားချေကွာ. . ."ဟု ဆောက်တည်ရာ ရအော်ဟစ်လိုက်သည်ကြောင့် သိမ်းငှက်သည် ခေါင်းခါယမ်းက ထွက် သွားလေတော့၏။

ဝဏ္ဏာ ရူးသွပ်သွားချေပြီ ထင်မှတ်ရ၏။

လိုက်ဂူအတွင်း လူးလာခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

"သခင်မကြီးဒေဝီဆီ အဖော်တစ်ယောက်ရောက်နေပြီ၊ ဟိုတုန်း က မြွေဟောက်ရဲ့သဏ္ဌာန်အတိုင်းပဲ. . . သူရှသတ္တိနဲ့လည်း ပြည့်စုံပုံရ သယ်" ရယ်လို့ ပြောသွားသည့် အသားနက်မ၏စကားသံသည် သူ့နား ယ်ကြားနေဆဲဖြစ်တော့၏။ သို့ကြောင့် သူ့နားကို လက်အစုံဖြင့်ပိတ်ကာ ငါ မကြားချင်ဘူး. . . ငါ မကြားချင်ဘူး"ရယ်လို့ အော်ဟစ်လိုက်ပြန်၏။

"မဖြစ်ဘူး. . . မဖြစ်ဘူး. . . ဒီကောင့်ကို အစဖျောက်ပစ်လိုက် အေးမှာ. . . "ရယ်လို့ တီးတိုးပြောနေပြန်၏။

သို့နှယ် ဝဏ္ဏာ သူရူးတစ်ယောက်လို ဖြစ်နေသည်။ ချွတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



အသိတစ်ခုဝင်လာသည်ကြောင့် ခုတင်ပေါ်မှာပင် တင်ပုလ္လင်ခွေထိုင်လျက် စိတ်တည်ငြိမ်ရန်အလို့ငှာ တရားရှုမှတ်လေတော့၏။

တစ်စတစ်စ သူ တည်ငြိမ်စပြုလာချေပြီ ဖြစ်၏။

မကြာမီ သူ စိတ်ငြိမ်သွားတော့၏။

သို့ဖြင့် မှောင်စပျိုးချိန်တွင် တရားထိုင်ရာမှထလိုက်၏။ သူ တရားထိုင်နေစဉ် သခင်မကြီးဒေဝီ သူ့ဂူရှေ့မှဖြတ်သွားသည်ကို မသိလိုက်ချေ။ သိမြင်လိုက်ပါမူ ဒေါသအမျက်ချောင်းချောင်းထွက်ပေလိမ့်ဦးမည်။ ဘယ့်ကြောင့်မူ သခင်မကြီးသည် ထိုလုလင်ညှိသည်အား သစ်သီးစားရန်အလို့ငှာ ကိုယ်တိုင်လာရောက်ခေါ်သွားခြင်းကြောင့် ဖြစ်ပေသည်။

မှောင်စပျိုးပြီဆိုတော့. . . သူ အားရှိသွားအောင် တစ်ရေးအိပ်လိုက်သည်။ သို့မှ ညဉ့်သန်းခေါင်ကျော်တွင် ပြန်နိုးထလာပြီး ထိုလုလင်ရှိရာ ရွှေလိုဏ်ဂူအတွင်းသို့ သူဝင်ရပေလိမ့်မည် မဟုတ်ပါကလား။

အခါအခွင့်သင့်လျှင် ကိစ္စတုန်းလုပ်ပစ်ခဲ့ရမည်။ ထိုလုလင်ကိုလည်း လျှော့တွက်လို့ မဖြစ်။ ကိုယ့်ဘက်က အလေးသာမှဖြစ်မယ်ရယ်လို့ တွက်ကာ အားရှိအောင် အိပ်ထားခြင်းဖြစ်၏။ သူသည် ဘယ်သောအခါမှ ပြိုင်ဘက်ကို လျှော့တွက်ခြင်း မရှိချေ။

သို့ကြောင့်လည်း တိုက်ပွဲတိုင်း အောင်နိုင်သည်ကများ၏။ သူ့ဘဝတွင်အရှုံးဆိုလို့ အလှတရားမဘုရားသခင်မကြီးဒေဝီနှင့် ပတ်သက်လျှင်ဖြင့် သူရှုံးစပြုဖြစ်ခဲ့သည်။

ညဉ့်သန်းခေါင်ကျော်တွင် ဝဏ္ဏအိပ်ရာမှ နိုးလာ၏။ နောက်ဖေးအိုင်မှရေဖြင့် မျက်နှာကိုပွတ်သပ်၏။ လည်ဂုတ်ကိုပွတ်သတ်၏။ ရေချိုးလိုက်သည်နှင့် လန်းဆန်းသွားတော့၏။





ဝဏ္ဏသည် အမဲရောင်ဝတ်စုံကို လဲလှယ်ဝတ်လိုက်၏။ ပြီးနောက် သူနေထိုင်ရာ လိုဏ်ဂူမှထွက်ခါ ဘေးလမ်းမြောင်ကလေးအတွင်းရှိ ရွှေလိုဏ်ဂူအတွင်း လေးဖက်တွားဝင်လိုက်၏။

အထဲတွင် လူရှိနေပုံရ၏။ ကညင်မီးတိုင်ထွန်းထားသည်ကြောင့် အလင်းတို့ ပျံ့လွင့်နေ၏။

သူ ခြေဖော့နင်းကာ ဝင်ခဲ့သည်။ လိုဏ်ဂူအတွင်း တစ်ဆစ်ချိုးကွေ့လေးကို ချိုးဝင်လိုက်သည်နှင့် အံ့အားသင့်မင်တတ်သွားတော့၏။

“ဟာ. . . ”

“ဟိတ်. . ဘယ်သူလဲ”ဟု ဆိုကာ ထိုလုလင်သည် သွက်လက်ဖျတ်လတ်စွာဖြင့် သူ့နားရောက်လာကာ စတင်တိုက်ခိုက်လာတော့၏။ ဝဏ္ဏသည် ထိုလုလင်ကိုမြင်လိုက်သည်နှင့် အံ့ဩမှင်သက်သွားသဖြင့် လက်တုံ့ပြန်မှု နှေးကွေးသွားသည်ကြောင့် ပခုံးစွန်းကိုလက်သီး ချက်တစ်ခု မိသွား၏။ တော်သေးရဲ့ ထိုလုလင်ယောကျ်ားကောင်းပီသစွာ အသက်လုတိုက်ပွဲသဏ္ဌာန်မဟုတ်လေဘဲ ပညာစမ်းသပ်သည့်သဘောဖြင့် တိုက်ခိုက်လာခြင်းကြောင့် သူ သက်သာရာရသွား၏။

လတ်တလော ဝဏ္ဏတစ်ယောက် တစ်ဖက်လူ၏တိုက်ခိုက်မှုကို ခုခံကာကွယ်ရုံသာပြုနေရတော့၏။

နှုတ်မှလည်း “ညီလေး. . . ညီလေးရှပ. . . မှားမယ်. . . အစ်ကိုဝဏ္ဏပါ. . . ”ရယ်လို့ ခုခံရင်းပြောလိုက်သည်ကြောင့် တစ်ဖက်လူသည် တိုက်ပွဲကိုရပ်လိုက်ပြီး သူ့ကိုစေ့စေ့ကြည့်နေလိုက်၏။ သူ့အစ်ကိုဝဏ္ဏဆိုပါလား။ မဖြစ်နိုင်ချေ။ သူ့အစ်ကိုက သူ့ရုပ်ရည်ခန္ဓာကိုယ်အချိုးအစားမို့၊ ခုပြောလာသူက မျက်နှာတစ်ခြမ်းတွင် ရုပ်ပျက်ဆင်းပျက်



www.burmeseclassic.com

www.burmeseclassic.com



အမာရွတ်ကြီးနှင့် ခါးကလည်း စွေစောင်းစောင်း၊ ပိန်ချိနဲ့နဲ့နှင့် မွဲခြောက်ခြောက်အသားအရေပိုင်ရှင်၊ အင်း. . . တစ်ခုတော့ရှိသည်၊ အသံကတော့ သူ့အစ်ကိုအသံ၊ သူ့ရဲ့သိုင်းကွက်ကို ခုခံချေဖျက်နေတာကတော့ ပညာသင်ညီအစ်ကိုဖြစ်လောက်၏။ သို့ဖြင့် သူတို့ ညီအစ်ကိုသာလျှင် တတ်မြောက်ထားသည့် လျှို့ဝှက်သိုင်းကွက်တစ်ကွက် ဖြစ်သည့် "ကျားကုတ်ကျားခဲ" သိုင်းကွက်ကို ထုတ်သုံးလိုက်၏။

"ယား"ရယ်လို့ အသံကုန်ဟစ်၊ စတင်တိုက်ခိုက်လိုက်၏။ "ယုန်တောင်ပြေး၊ ခွေးမြောက်လိုက်"ဖြစ်အောင် ရှောင်ထွက်သွားလေသည်ကြောင့်. . .

"ဟင်. . . အစ်ကိုဝဏ္ဏ တကယ်ပါလား. . . ဘယ်လိုဖြစ်ရတာလဲ အစ်ကိုရယ်. . . "

တိုက်ပွဲကို ရုတ်ချည်းရပ်လိုက်ကာ စိတ်မချမ်းမသာစွာဖြင့် ဝဏ္ဏကို တွေတွေကြည့်နေလေတော့၏။

"တကယ်ပဲ ညီလေး ရှုပဖြစ်နေတာကိုး" ဆိုကာ ဝဏ္ဏသည် သူညီကို ပြေးဖက်ပွေ့ပိုက်လိုက်တော့၏။

တစ်ဦးကိုတစ်ဦး အားရပါးရ ပွေ့ဖက်လိုက်ကြပြီးနောက်လူချင်းခွာလိုက်သည်နှင့် ရှုပသည် အစ်ကိုဖြစ်သူ ဝဏ္ဏ၏လက်ကိုဆုတ် ကိုင်ထားရင်း "ဘယ်လိုဘယ်လိုကြောင့် အစ်ကို ဒီလိုပုံသဏ္ဌာန်ဖြစ်သွား ရတာလဲဗျာ. . . "ရယ်လို့ စိတ်မကောင်းကြီးစွာ လေသံဖြင့်မေးတော့ရာ -

"အစ်ကို့အကြောင်း ပြောရလျှင်ဖြင့် အေးအေးလူလူ ထိုင်ပြောရလိမ့်မယ်. . . ဒီတော့ ညီလေးရှုပ. . . သခင်မကြီးဒေဝီနဲ့ ဘယ်လိုတွေ့ပြီး. . . ဒီရောက်လာတာလဲဆိုတာ အရင်ပြောချေကွာ. . . "ဆိုလိုက်





သည်နှင့် ရှုပသည် အံ့အားသင့်စွာဖြင့်. . .

"ဘာရယ်. . . သခင်မကြီးဒေဝီဟုတ်လား . . ဘယ်သူလဲ" မေးလာသဖြင့် ဝဏ္ဏသည် သူ့ညီ ရှုပကို ပြုံးလျက်ကြည့်ပြီး "ညီလေးရှုပသိတဲ့ ကရင်သင်တိုင်းရှည်ဝတ် ကရင်မလေးကိုပြောတာ. . . "

သည်တွင် ရှုပသည် အံ့ဩသောလေသံဖြင့် "ကရင်မလေးက သခင်မကြီးဒေဝီတဲ့လား. . . ဟီးဟီး. . . ရယ်စရာတော့ အကောင်းသားဗျနော်. . . ဒီလို အစ်ကိုဝဏ္ဏရဲ့. . . လွန်ခဲ့တဲ့သုံးနှစ်က အစ်ကိုနဲ့ညီ ဆတ်ဖိုကြီးတစ်ကောင်နောက် လိုက်ကြရင်းကွဲခဲ့ကြတယ်. . . အဲဒီတုန်းကတည်းက အစ်ကိုနဲ့ညီ ကွဲကွာသွားကြတာ မဟုတ်လား. . . ကျွန်တော် သုံးလေးရက်တောထဲမှာ လိုက်ရှာသေးတယ်. . . မတွေ့တဲ့အဆုံး ရွာပြန်ရောက်နေမှာပဲဆိုပြီး ရွာကိုပြန်ခဲ့တယ်. . . အစ်ကိုပြန်ရောက်မလာသေးဘူး. . . ရွာမှာနေပြီး အစ်ကိုပြန်လာနိုးစောင့်သေးတယ်. . . တစ် လလောက်ကြာထိစောင့်တာ ရောက်မလာနိုင်တာနဲ့ ကျွန်တော်ပဲ အစ်ကို့ကို မတွေ့မနေရှာမယ် ဆုံးဖြတ်ပြီး. . . ရွာကထွက်လာလိုက်တာ တနေ့အထိ ရွာပြန်မရောက်တော့ဘူး. . . ဒီဓါနုတောင်ခြေမှာပဲ လှည့်လည်ကျက်စားရင်း အစ်ကို့ကိုရှာနေတာ. . . ဓါနုတောင်ခြေရွာတွေနဲ့နေပြီး အစ်ကို သေပြီလို့တောင်မှတ်တာ. . . အဲ. . လွန်ခဲ့တဲ့သုံးလလောက်က ယွန်းဇလင်းချောင်းရေကျကျောက်ချောင်းလေးနားမှာ ဆတ်ဖိုကြီးတစ်ကောင်သွားတွေ့တယ်. . လွန်ခဲ့တဲ့သုံးနှစ်က အစ်ကိုနဲ့တွေ့ခဲ့တဲ့ ဆတ်ဖိုကြီးပေါ့. . ညီလေးကောင်းကောင်းမှတ်မိနေတယ်လေ. . . အဲဒီတုန်းက အစ်ကိုဓားမြှောင်နဲ့လှမ်းပေါက်လိုက်တော့ ဦးချိုဖျားပဲ့နေတာလေ. . . အခုတွေ့တဲ့ဆတ်ဖိုကြီးကလည်း ဦးချိုဖျားပဲ့နေတော့ကာ သေချာပြီပေါ့. . . ငါ့အစ်ကိုနဲ့ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကွဲကွာစေတဲ့ ဆတ်ဖိုကြီးပါလားဆိုတဲ့ အသိစိတ်ဝင်လာတာနဲ့ ဒေါသထွက်ပြီး အသေသတ်မယ်လို့ ဆုံးဖြတ်လိုက်ပြီး . . . မြားနဲ့လှမ်းပြစ်မယ်အလုပ်မှာ "ရုပ်ရည်လေးသနားကမားနဲ့ စိတ်ကြမ်းလူကြမ်းလေးတစ်ယောက်ပါလား" ရယ်လို့ တည်ငြိမ်ရင့်ကျက်တဲ့ မိန်းမတစ်ယောက်အသံကြောင့် လှမ်းကြည့်လိုက်တယ်. . . အံ့ဩမိတယ် အစ်ကိုရာ. . . အသံကတည်ငြိမ်တယ်. . ရင့်ကျက်တယ်. . အရွယ်ငယ်ငယ်ချောမောလှပတဲ့ ကရင်မလေးဗျာ. . တခဏ ကျွန်တော့်တောင် မှင်သက်သွားတယ်. . နောက်သတိပြန်ဝင်လာတော့"

"ဒီဆတ်ကောင်ကြီး မင်းနဲ့ဘာပတ်သက်သလဲ"လို့ မေးလိုက်တယ်၊ "အစ်မတော်ရဲ့ဖွားဖက်တော်ပေ့ါ. . . "လို့ ပြောလာတာကြောင့် ကျွန်တော်ရယ်မိသေးတယ်၊ တကယ်ရယ်စရာကောင်းတာပဲ အစ်ကိုရယ်. . သူကြည့်တော့ ၂၀ ကျော်အစိတ် ပြောလာတဲ့စကားသံကအထက်စီးလေသံ၊ ရယ်စရာသိပ်ကောင်းနေတာပေ့ါ။ နို့ပေမင့် ကျွန်တော့် အသိမှာ ဘာဝင်လာသလဲဆိုတော့ ဟုတ်ပြီ ဒီဆတ်ကြီးနဲ့ သူမနဲ့ပတ်သက်နေတယ်ဆိုတော့ အစ်ကိုနဲ့ပတ်သတ်စရာအကြောင်းရှိနိုင်တယ်လို့တွက်ပြီး "ပိုင်ရှင်ရှိလျှင်ဖြင့် မပစ်တော့ပါဘူးဗျာ. . . "လို့ ပြောလိုက်တယ်ဆိုလျှင်ပဲ ကရင်မလေးက -

"ကျေးဇူးတင်ပါတယ်ရှင်. . သည့်တွက် အစ်မတော် ဘာများဆောင်ရွက်ပေးရမလဲ" လို့မေးတယ်၊ သည်တော့ ညီက မလိုပါဘူးဗျာ၊ ကျွန်တော်လူတစ်ယောက် လိုက်ရှာနေတာလို့ပြောပြီး သူ့အပါးက လှည့်ထွက်ခဲ့တယ်၊ တကယ်တော့ ကျွန်တော်ဟန်လုပ်တာပါ၊ တစ်နေရာကနေ ပုန်းလျှိုးနေပြီး သူတို့နောက်ယောင်ခံပြီး လိုက်သွားမယ်ပေ့ါ၊ အဲဒီ





အစီအစဉ်ဖြစ်မလာတော့ဘူး။ ဘာလို့လဲဆိုတော့ ကရင်မလေးက ပြုံးချိုလာတဲ့လေသံနဲ့ -

"နို့ဖြင့် ဒီလိုလုပ်ပါ. . . အစ်မတော်တို့နေရာကို လိုက်ခဲ့ပါလားအဲဒီမှာ နားနေပြီး ယွန်းဇလင်းချောင်းဖျားတစ်ကြော အေးအေး လှလှရှာကြည့်တာပေ့ါ. . . ဖျောက်သောသူ ရှာလျှင်တွေ့ဆိုတဲ့စကားရှိတာပဲကွယ်" ဆိုလာတာကြောင့် ညီလေးလည်း ဖိုးကျိုင်းတုတ်ဖြစ်သွားတာပေ့ါ။ "ကောင်းတာပဲဆိုပြီး လိုက်လာခဲ့တာ။ ဘာပဲပြောပြော အစ်ကိုနဲ့ပတ်သတ်လို့ တစ်ခုခုထူးခြားလိမ့်မယ်ဆိုတာ ညီစိတ်ထဲမှာ သိနေတယ်လေ. . "

"ဩော်. . . ဒီလိုကိုး. . . ဒါက သူ့ရဲ့သမားရိုးကျလုပ်နည်းလုပ်ဟန်နဲ့မြူဆွယ်ခြင်းပဲပေ့ါ ညီရယ်. . . "

"ဘာ. . . ဘာပြောတယ်. . . " ဝဏ္ဏပြောလိုက်သည့်စကားကို ရှုပနားမလည်ဖြစ်သွားရ၏။ သို့ကြောင့်-

"အစ်ကို ဘာပြောတာလဲ. . . ညီနားမရှင်းဘူး. . . "ဟုမေးလေ၏။ ဝဏ္ဏလည်း လွန်ခဲ့သော သုံးနှစ်လောက်ကစ၍ သူ ကရင်မလေးနှင့်တွေ့ခဲ့ရာမှ ယနေ့ ညီငယ်ရှုပနှင့် ဆုံကြသည်အထိ ကြုံတွေ့ဖြစ်ပျက်ခဲ့သည်များကို စိတ်အေးလက်အေး ပြောပြလိုက်လေတော့၏။

ဇာတ်ကြောင်းစုံလင် သိလိုက်ရသော ရှုပလည်း လွန်မင်းစွာအံ့ဩသွားကာ "ဘာရယ် အစ်ကို. . . သည်ကရင်မလေးအသက်က နှစ် ၁၀၀ ပြည့်တော့မယ်ဟုတ်လား. . . မဖြစ်နိုင်တာ အစ်ကိုရယ်. . . "ဟု ပြောလိုက်၏။

"မဖြစ်နိုင်တာဆိုတဲ့စကားကို အစ်ကိုလည်း ပြောခဲ့ဖူးတယ်. . . အစ်ကိုလည်း အစက ယုံတစ်ဝက် မယုံတစ်ဝက်ပေါ့. . . နို့ပေမင့် ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်. . . လာမယ့်နှစ် ပြာသိုလပြည့်နေ့မယ် သူ နှစ် ၁၀၀ပြည့်မွေးနေ့ပွဲ လုပ်လိမ့်မယ်၊ အဲဒီနေ့မှာပဲ နောင်နှစ်ပေါင်းများစွာတိုင် အသက်ရှင်နေနိုင်ဖို့အတွက် တခုခုလုပ်လိမ့်မယ်"

"တခုခုဆိုတာ ဘာကိုပြောတာလဲ"

"အစ်ကိုသိရသလောက် သူ့အမေထားခဲ့တဲ့ နည်းစံနစ်အတိုင်း စမ်းသပ်ကြည့်မယ်ဆိုပဲ"

"ဗျာ"

"မဗျာနဲ့ဦး၊ သူ့လုပ်ရပ်အောင်မြင်လျှင်ဖြင့် မဖြစ်မနေ သူ့အဖော်မွန်ကို ရှာရတော့မယ်လေ"

"နို့ကြောင့် ညီငယ်ရှုပကို သူ ဒီမျှားခေါ်လာတာပေါ့"

"အလိုလေးဗျာ"

ရှုပ ထိတ်လန့်သွားမိသည်။

"ဘယ်လိုဘယ်လိုလုပ် ကြမလဲ. . . "

"အင်း. . . ဒီကနေ လွတ်ရာလွတ်ကြောင်း ပြေးထွက်သွားနိုင်လျှင်ဖြင့် ရနိုင်လောက်ပေမင့်. . . "အို-နာ-သေ "ဆိုတဲ့ သဘာဝတရားကြီးကို ဆန့်ကျင်ပြီးယောက်ျားမြတ်တွေရဲ့ဘဝတွေကို ဖျက်ဆီး . . အသက်ပေါင်းများစွာ စတေးပြီးအသက်ရှည် အဆင်းလှလိုတဲ့ သည်အရူးမကြီးလုပ်ရပ်ကို ရပ်တန်းကရပ်ခိုင်းရလိမ့်မယ်. . . "

"အစ်ကိုဝဏ္ဏက ဘယ်လိုလုပ်ချင်တာတုန်း. . . "

"လုပ်လို့ရတဲ့ အခွင့်အရေးတစ်ခုပဲရှိတယ်. . . "

"သူရဲ့ နှစ် ၁၀၀ပြည့်မွေးနေ့မှာ ဘဝသစ်တစ်ခုဆက်မရအောင် ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးရလိမ့်မယ်. . . "





"နို့ဖြင့် ကျွန်တော်တို့တစ်နှစ်တိတိ အချိန်ယူစီစဉ်လို့ရတာပေါ့"

"ဒါပေါ့ ညီရယ်. . . လတ်တလော ဒီကထွက်ကြစို့" ဆိုကာ ဝဏ္ဏသည်ညီဖြစ်သူ၏လက်ကိုဆွဲ၍ ဂူပေါက်ဝသို့ တွားသွားထွက်လိုက်၏၊ အပြင်တွင်မှောင်မည်းနေ၏။

ထိုရွှေလိုဏ်ဂူမှသည် လမ်းမြောင်လေးသို့အထွက်တွင်. . .

"ဝါး. . . ဂရား. . . "

ရယ်လို့ အော်သံနှင့်အတူ ဝံနက်ကောင်ကြီးသည် ရုတ်တရက်ပေါ်လာပြီး ဝဏ္ဏနှင့် ရှုပကို စတင်ဝင်ရောက်တိုက်ခိုက် လေတော့သည်၊ လူနှစ်ယောက်နှင့် ဝံတစ်ကောင် သဲကြီးမဲကြီးတိုက်ခိုက်နေ၏။

ဝဏ္ဏသည် ဝံကောင်နှင့်အမြဲလို လက်ရည်စမ်းခဲ့ဖူးသည်ကြောင့် ဝံသိုင်းကို နှော်ကြေနေပေမင့် ညီဖြစ်သူ ရှုပသည် လက်တွေ့တိုက်ခိုက်ဖူးသည် မရှိခြင်းကြောင့် သူ၏ကျောပြင်တွင် ဝံကုတ်ခြစ်ရာ ဒဏ်ရာတစ်စု ရလိုက်သည်တွင် ဝဏ္ဏသည် ရှုပကို အကာအကွယ်တိုက်ခိုက်ပေးရင်း-

"ညီလေး. . . ရှေ့ဂူပေါက်ရောက်လျှင်ဖြင့် အိမ်မကြီးဘက်မပြေးနဲ့နော်. . . ဂူနံဘေးတောအုပ်လေးထဲကနေ ဂူနောက်ဘက်လောက်မှန်းဆပြေးနှင့်. . . အစ်ကိုလိုက်ခဲ့မယ်. . . " ဟုဆိုရင်း ဝံကောင်ကို ခုခံတိုက်ခိုက်လေ၏။ ရှုပရရှိသော ဒဏ်ရာမသေးသည်ကြောင့် ဝဏ္ဏပြောသလိုပင် လိုက်နာကာ တိုက်ပွဲကြားမှ ပြေးထွက်သွားတော့၏။

ရှုပတစ်ယောက် ညမှောင်မှောင်တွင် စမ်းတဝါးဝါးဖြင့် ပြေးသွားသည်။

"ဝါး. . . ဂရား. . . ဝါး. . . "

ဝံကောင်သည် တိုက်ခိုက်ရင်းကြားမှ အော်ဟစ်နေလေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏာသည် သိမ်းငှက်နှင့် အသားနက်မ ရောက်လာကြမည်စိုးသည် ကြောင့် တစ်ချက်ကောင်းကန်ချက်ကို ဝံကောင်အားပေးခဲ့ကာ တိုက်ပွဲမှ ပြေးထွက်ခဲ့တော့သည်။

ဒဏ်ရာနှင့် ပြေးသွားနှင့်သော ညီငယ် ရှပနောက်သို့လိုက်ခဲ့ပြီး ဖေးမတွဲကာ တောနက်နက်မှောင်မှောင်အတွင်း ဝင်ရောက်သွားကြသည်။ နံနက်မိုးသောက်သည်တွင် သခင်မကြီးဒေဝီသည် ဒေါသအမျက် ထွက်ရလေတော့သည်။

အသားနက်မ၊ သိမ်းငှက်နှင့် ဝံကောင်မဲလုံးတို့သည် ခေါင်းမဖော်ဝံ့ကြချေ။

"အေး. . . ညီမတော်ကော သိမ်းငှက်ပါ လွတ်သွားတဲ့သူနှစ်ယောက်ကို မတွေ့မနေ လိုက်ရှာကြချေ. . . မဲလုံးကို ဒီစံအိမ်ကြီးမှာထားခဲ့. . . အစ်မတော် ရေအိုင်ကြီးဘက်သွားဦးမယ်"ဆိုကာ မျက်စိမျက်နှာပျက်ပြင့် ဆတ်ဖိုကြီးကိုခေါ် ၍ ထွက်သွားလေတော့သည်။

သူမ ဘဝဆက်လက်တည်တံ့ရေးအတွက် အရေးကြီးဆုံးနေ့ဖြစ်သည့် နှစ် ၁၀၀မွေးနေ့ပွဲသို့ ရောက်ပေရော့မည်။ သတိကြီးစွာ ထားရပေတော့မည်။

ဝဏ္ဏာကို မသုတ်သင်မိခဲ့ခြင်းအတွက် နောင်တရသွားမိသည်။ ဝဏ္ဏာသည် သူ့ရည်မှန်းချက်ကို ဖျက်လိုဖျက်ဆီး လုပ်လာနိုင်ပေကောင်း၏။

တကယ်တော့ တစ်နှစ်တာဆိုတာ ဘာမှရှိသည်မဟုတ်။ ခုလည်းကြည့်၊ သူ့သက်တမ်း ၁၀၀ ပြည့်ရန် တစ်နှစ်လောက်သာ လိုတော့၏။

"ဘာမှမကြာလိုက်ပါကလား. . . "ရယ်လို့ တွက်လိုက်မိသည်





နှင့် ထိတ်လန့်သွားရသည်။

သူမအတွက် အောင်မြင်စွာ အသက်ဆက်နိုင်ချေဦးတော့၊ ခုလိုနှဖျိုလန်းဆန်းဖို့ရာ အချစ်သစ်တွေရှာရဦးမည်။ သို့အတွက်သူယောင်မယ်ပမာ ကရင်မလေးနှယ် ဝတ်စားဆင်ယင်ထွက်ခဲ့ရပြန်ပြီကော။

ဝဏ္ဏာအကြောင်းကို တွေးမိတိုင်း ဒေါသအမျက်ထွက်ခဲ့ရသည်။ လွတ်သွားသော အစားအတွက် နှမြောတမ်းတဖြစ်မိသည်။

ထိုနေ့မှာပင် မျက်စိလည်လမ်းမှားလာသော သစ်ခုတ်သမား လူညိုထွားကြီးတစ်ယောက်ကို မြူဆွယ်ခေါ်လာနိုင်ခြင်းကြောင့် ထွက်ပြေးသူနှစ်ယောက်ကို ရှာမတွေ့ခဲ့သော မြွေဟောက်နှင့် အသားနက်မတို့သည် သက်သာရာရခဲ့ကြသည်။

မည်သို့ပင်ဆိုစေ သခင်မကြီးသည် သစ်ခုတ်သမား လူညိုထွားကြီးကို သူမဆန္ဒဖြည့်ဆည်းဖို့ သက်သက်သာလျှင် အသုံးချခဲ့တော့၏၊ ထွက်ပြေးလွတ်မြောက်သွားသော လုလင်ငယ်ကိုသာလျှင် တမ်းတနေမိ၏၊ သို့ကြောင့် သိမ်းငှက်နှင့် အသားနက်မကို နေ့စဉ်မတွေ့မနေ ရှာဖွေစေတော့၏။

"မြွေဟောက်ကို တွေ့တဲ့နေရာမှာ သတ်ပစ်ချေ. . လုလင်ငယ်ကိုတော့ မှည့်တစ်ပေါက်မစွန်းစေဘဲ ခေါ်လာရမယ်. . . "လို့ အမိန့်ပေးထားတော့၏။

သံယောဇဉ်ဆိုသည့် ကြိုးကလေးက သူ့ကိုဒုက္ခပေးခဲ့ပြီဖြစ်ကြောင်း သူမ သိလိုက်၏၊ သို့ကြောင့်. . .

သူမ လိုအင်ဆန္ဒပြည့်ဝသည်နှင့် သစ်ခုတ်သမား လူညိုထွားကြီးကို အသူရာချောက်ကမ်းပါးတွင်းသို့ တွန်းချလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူညိုထွားကြီးသည် ကြောက်လန့်တကြား "အား"ရယ်လို့ အသံနက်ကြီးဖြင့်အော်ရင်း ချောက်ကမ်းပါးအောက်ရှိ သူလိုလူစားတို့၏ ထိုးထိုးထောင်ထောင်စုပုံနေသည့် အရိုးစုများအပေါ် ထိုးကျသွားတော့သည်၊ သူ၏ဝမ်းဗိုက်၊ သူ၏နှလုံးသား၊ သူ၏လည်မျို၊ သူ၏မျက်စိတို့ကို လူရိုးများ ထိုးဝင်ဖောက်သွားကြတော့၏။

အသူရာကမ်းပါးချောက်ကြီး၏ အရိုးစုများရှိရာနေရာနှင့် မလှမ်းမကမ်း တောအုပ်အစပ်မှ လူနှစ်ယောက်သည် ပြုတ်ကြလာသူ လူညိုထွားကြီးကိုကြည့်နေကြရင်းမှ. . .

"အဲဒါပဲကြည့် ညီငယ်ရေ. . အစ်ကိုလည်း တစ်ချိန်က အဲလိုဘဝရောက်တော့မလို့ဘဲ. . . အသားနက်မ ကယ်လိုက်လို့ပေါ့ကွာ. . . ညီငယ်လည်း တစ်နေ့နေ့တစ်ချိန်ချိန် ဒီလိုဖြစ်မလာဘူးဆိုတာ ပြောလို့မရဘူး. . . အတော်ဆိုးတဲ့ ဝတ်ရည်စုပ်ဘီလူးမကြီးပဲကွ. . . သူ့ အသက်ရှည် အဆင်းလှဖို့အတွက် ပေးဆပ်ရတဲ့ လူသားယောက်ျားတွေကို စတေးထားတာ တောင်လိုပုံနေတာပဲ. . . ညီအမြင်မဟုတ်လား. . . ဒီအရိုးစုကြီးမြင်နေရသရွေ့ ကာလပတ်လုံး ဒီမိန်းမကြီးကို ရွံရှာနာကျည်းဒေါသထွက်နေမှာဖြစ်တာကြောင့် အစ်ကိုဒီနေရာကိုရွေးပြီး ပုန်းအောင်းနေရတာပေါ့. . . "

ဝဏ္ဏ ပြောစကားကို နားထောင်လျက် ရှုပသည် ခေါင်းတညိတ်ညိတ်လုပ်ရင်းမှ. . .

"ကျွန်တော်တို့ သူ့လုပ်ရပ်ကို ရပ်တန်းကရပ်အောင် မဖြစ်မနေလုပ်ရမှာဘဲ. . . ကဲ. . . ကိုကြီးဝဏ္ဏ စခန်းပြန်ကြရအောင်. . . "ဆိုကာ တောအုပ်အတွင်းပိုင်းသို့ လှည့်ဝင်သွားလေတော့သည်။





ဝဏ္ဏနှင့်ရှုပသည် ရွှေလိုက်ဂူမှလွတ်မြောက်ထွက်ပြေးခဲ့ကြပြီးနောက် ထိုတောအုပ်လေးအတွင်း၌သာ ခိုအောင်းနေထိုင်ကြပြီး အချိန်ကာလကို စောင့်နေကြခြင်းဖြစ်၏။

"ကိုကြီးဝဏ္ဏ. . . ပြာသိုလပြည့်ရောက်ဖို့ ဘယ်လောက်လိုသေးသလဲ. . . "

တဲအပြန်လမ်းတွင် မေးလိုက်၏၊ သည်တွင် ဝဏ္ဏက စခန်းတဲသို့ပြန်ရောက်သည်တွင် တဲ၏တိုင်လုံးတွင် ဓားဖြင့်ထစ်ကာ အမှတ်အသား လုပ်ထားသည်ကို ရေတွက်လိုက်ပြီး "၂ ရက်လောက်ပဲ လိုတော့တယ်" ဟု ပြောလိုက်၏၊ ဤသို့ဆိုလျှင်ဖြင့် အချိန်ဘာမှမရှိတော့ပြီ၊

"ဟုတ်တယ် ညီငယ်. . . ပြာသိုလပြည့်မတိုင်မီတစ်ရက် အစ်ကိုတို့ တောင်ပေါ်ပြန်တက်ကြမယ်. . . "

"မွေးနေ့ပွဲကို ကြိုသွားစောင့်နေလျှင် မကောင်းဘူးလား"

သို့နှယ် ရှုပပြောလာသောကြောင့် ဝဏ္ဏသည် ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်း. . .

"ကောင်းတာတော့ ကောင်းတာပေါ့. . . နို့ပေမင့်လို မွေးနေ့ပွဲသုပ်မယ့်နေရာကို အစ်ကိုမသိရသေးဘူး. . . သိလျှင်ဖြင့်လည်း လျှို့ဝှက်ထဲခါးရှိလို့ သူတို့နောက်ယောင်ခံလိုက်ဝင်ရလိမ့်မယ်. . . " ရယ်လို့ပြောလိုက်ရင်း နေ့လယ်ခင်းက ရထားသော ယုန်နှစ်ကောင်ကို အရေဆုတ်ဝါးခြမ်းတွင်ညှပ်ကာ မီးကင်လိုက်သည်။

ဝဏ္ဏနှင့် ရှုပသည် ယုန်မီးကင်ထားဆဲတွင် ရေဆင်းစိမ်လိုက်ကြ၏၊ ပြီးလျှင် ညီအစ်ကိုနှစ်ယောက် ယုန်သားမီးကင်ကို တစ်ယောက်တစ်ကောင်စားရင်း စကားပြောနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မမျှော်လင့်ဘဲ လေပြင်းတိုက်ခိုက်လာသည်ကြောင့် တဲပတ်ဝန်းကျင်ရှိ မြင့်မားသော သစ်ပင်ကြီးများ ယိမ်းထိုးကာ ကျွတ်ကျွတ်မြည်လာသည်ကြောင့် တဲတွင်မနေရဲတော့သဖြင့် တောင်ပုံရာပုံရရှိနေသည့် အရိုးစုများရှိရာ ကွက်လပ်သို့ ပြေးသွားကြတော့၏။

တဲတွင်းမှ အထွက်စောပေလို့သာပေါ့၊ ကြီးမားသော ပင်လုံးရှည်သစ်ပင်ကြီး တဲပေါ်သို့ ပြိုဆင်းလာတော့၏။

ဝဏ္ဏာနှင့် ရှုပ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကံကောင်း၍ နှစ်ယောက်စလုံး အသက်ရှင်ခဲ့ရသည်ကို အံ့ဩဟန်ဖြင့် မျက်ခ်ချင်း စကားပြောလိုက်ကြသည်။

ထိုစဉ်မှာပင် တဝေါဝေါရယ်လို့ မိုးကြီးရွာချလေတော့သည်၊ မှီခိုစရာမရှိ၊ သို့ကြောင့် ကမ်းပါးနံရံသို့ ပြေးကပ်လိုက်ကြသည်။

"ဟင်. . ."

မမျှော်လင့်ဘဲ အရိုးစုပုံနောက်ကွယ်နံရံတွင် လိုဏ်ဂူပေါက်ကြီးမြင်လိုက်ရသည်ကြောင့် အံ့ဩသွားကြသည်။

"အစ်ကို. . . ဟိုလိုဏ်ဂူပေါက်ထဲဝင်နေရလျှင် ကောင်းမယ်ထင်တယ်. . . "ဟု ရှုပပြောလိုက်သည်တွင် ဝဏ္ဏာသည် ကန့်ကွက်ခြင်းမရှိ ရှေ့မှဦးဆောင်၍ ပြေးဝင်လိုက်သည်။

ထူးဆန်းစွာ လိုဏ်ဂူပေါက်ကြီးသည် ရှင်းလင်းနေသည်ကြောင့် အထဲသို့ဝင်သွားကြသည်။

"နေဦး ညီငယ်. . . အထဲမှာ အန္တရာယ်ရှိနိုင်တယ်. . . "ဆိုကာ ဝဏ္ဏာသည် လိုဏ်ဂူထဲသို့ ဆက်လှမ်းမဝင်သေးဘဲ "ဟေး"ရယ်လို့ အသံကုန်ဟစ် အော်လိုက်သည်၊ ပဲ့တင်ရိုက်သံ မကြားရလေသောကြောင့်





တစ်ဖက်တွင် အပေါက်ရှိနိုင်သည် သိလိုက်သဖြင့်. . . "လာ. . . ညီလေး တစ်ဖက်မှာထွက်ပေါက်ရှိလို့ အန္တရာယ်ကောင်ရှိမနေနိုင်ဘူး. . . ဝင်သွားကြည့်ကြစို့. . . "ဆိုကာ သူက ဦးဆောင်လျှောက်သွားလေတော့၏၊

ဂူအတွင်းပိုင်းရောက်သည်နှင့် ဝိုးတဝါးသာ မြင်ရ၏၊ သို့ကြောင့် မေ်းတဝါးဝါးလျှောက်ရင်း သတိထားမိသည်မှာ လိုဏ်ဂူလမ်းသည် ဆင်ခြေလျှောပမာဖြစ်နေသည်ကို သိလိုက်ရ၏၊ အချို့နေရာတွင် လှေကားသစ်များပင် လုပ်ထားလေ၏၊ အသွားအလာနည်းသည်ကြောင့် အနံ့အသက်မကောင်း၊ သားရဲကောင်တို့၏ ကျင်ကြီး၊ ကျင်ငယ်နံ့ရလိုက်ခြင်းအားဖြင့် ဤလိုဏ်ဂူလမ်းကို တောရိုင်းကောင်များလည်း အသုံးပြုကြသည်ကို သိလိုက်သဖြင့် အသင့်ပါလာသော လေးကိုင်းနှင့် မြှားတံကို အရံသင့်စ်ခတ်နိုင်ရန်အလို့ငှာ ချိန်ရွယ်ထားရင်း ရှေ့သို့ တိုးလျှောက်ခဲ့ကြ၏၊ ဆင်ခြေလျှောအတက်တွေ့လေးတစ်ခုကို တရွးထိုးပြေးဝင်လာသော တောင်ဆိတ်တစ်အုပ်ကို တွေ့လိုက်သည်ကြောင့် ကပျာကသီ တစ်ဖက်နံရံကလိုင်ငယ်လေးဟစ်ခုသို့ဝင်ကာ ကျုံ့ကျုံ့လေးဝပ်လျက် ရှောင်ပေးလိုက်ရ၏၊

စုစုပေါင်း ခြောက်ကောင်ခန့်ရှိမည်ဟု ထင်ရ၏၊ ထိုသည်ကို ကြည့်ခြင်းအားဖြင့် လိုဏ်ဂူလမ်းဆုံးလျှင် တစ်ဖက်ဂူပေါက်ဝရောက်သွားနိုင်ကြောင်း တွက်မိလိုက်၏၊ ထိုတောင်ဆိတ်များ သူတို့ဝင်လာသော လိုဏ်ဂူပေါက်မှထွက်ကာ တောင်ခြေတောအုပ်အတွင်း ခရီးဆက်ကြပေလိမ့်မည်။

"ညီငယ်ရေ. . . အစ်ကိုတို့ ဒီကမ်းပါးကြီးရဲ့ တစ်ဖက်ပေါက်ထွက်သွားနိုင်တယ်. . . လာလမ်းဆုံးထိလိုက်ကြည့်ရအောင်. . . အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တို့အတွက် ဒီလမ်းက အသုံးတည့်လျှင် တည့်လိမ့်မယ်. . . "

ဝဏ္ဏသည် ဂလိုင်အတွင်း ဝပ်ဆင်းနေရာမှ အားယူထကာ လိုဏ်ဂူလမ်းအတိုင်း ရှေ့ခရီးဆက်လျှောက်ခဲ့တော့၏။

တဖြည်းဖြည်း သွားလမ်းကိုမြင်သာထင်သာ ရှိလာသည်ကြောင့် ဂူပေါက်ဝရောက်လုပြီကို သိလိုက်၏။

ဝဏ္ဏ တွက်ထားသည့်အတိုင်း သိပ်မကြာမီ တစ်ဖက်ဂူပေါက်ဝသို့ ရောက်ခဲ့တော့သည်။

"ဟာ. . . "

ဂူပေါက်ဝမှထွက်လိုက်သည်နှင့် သူတို့ရောက်နေသောနေရာသည် ချောက်ကမ်းပါးကြီး၏တစ်ဖက် မြေပြင်ထွက်ပေါက် မဟုတ်ဘဲ မြေပြင်အထက် တစ်ဝက်သာသာနေရာဖြစ်နေတော့၏။ ဂူပေါက်ဝအပြင် လူလျှောက်လမ်းသည် လေးပေခန့်သာရှိလိမ့်မည်။ အောက်သို့ငုံ့ကြည့်လေသည်တွင် အသည်းတုန်အူတုန်ဖြစ်ရ၏၊ အထက်သို့မော့ကြည့်လိုက်သည်တွင် ကမ်းပါးထိပ်ရောက်ရန် ဝါးတစ်ပြန်ခန့်ရှိနေပြန်သေး၏။

ဝဏ္ဏစဉ်းစားလို့မရ။ လမ်းတွင်ကြုံခဲ့သည့် တောင်ဆိတ်တွေ ဘယ်ကလာကြသနည်း။ သူ မကျေမနပ်ဖြစ်နေတော့၏၊ သို့ကြောင့် လေးပေသာသာလမ်းကလေးမှ ကမ်းပါးကိုပတ်၍ လျှောက်ကြည့်လိုက်၏၊

"ဟာ. . . "

ထင်မှတ်မထားသော ကမ်းပါးအထက်လမ်းမြောင်လေးတစ်ခုကို တွေ့လိုက်ရသဖြင့် အံ့ဩဝမ်းသာသွား၏၊ သို့ကြောင့် ဝဏ္ဏသည် ရှုပကို မျက်ရိပ်ပြခေါ် လိုက်ကာ ထိုအထက်လမ်းကြောင်းအတိုင်း တက်သွားတော့သည်၊ ခက်ခက်ခဲခဲတက်ရခြင်းတော့ မဟုတ်။ သို့ပေမဲ့ သစ်ပင်ချုံ





ယ်များကို အားပြုတက်ရခြင်းကြောင့် အတော်ကြာတက်ခဲ့ရ၏၊

သည်သို့ဖြင့် ကမ်းပါးထိပ်သို့ရောက်ခဲ့လေသည်၊ ညီအစ်ကိုနှစ် ယာက်ကမ်းပါးထိပ်တွင် ထိုင်လျက် အနားယူလိုက်ကြ၏၊

"ကိုကြီး. . . ကျွန်တော်တို့ ခုရောက်နေတာ ကမ်းပါးပေါ်ပေါ့ ခံ. . . သည်ကနေသွားမယ်ဆိုလျှင်ဖြင့် စံအိမ်ကြီးရောက်ဖို့ နီးပြီထင် ယ်. . . "

ရှုပစကားကြောင့် ဝဏ္ဏသည် လမ်းကြောင်းအခြေအနေကို ည့်ပတ်ကြည့်ရှုလိုက်ပြီး "ဖြစ်နိုင်တယ် ညီလေး. . . ဟိုရှေ့ တစ်ကြော ာက် လျှောက်လို့ရှိလျှင် အသားနက်မနဲ့ မဲလုံးက အစ်ကို့ကို ချောက် မ်းပါးပေါ်က ခုန်ချဖို့ခေါ် လာနေရာရောက်ပြီဆိုတော့ စံအိမ်ကြီးက ာမှမဝေးတော့ဘူး. . . "

"နို့ဆိုလျှင်. . . သူတို့နယ်နိမိတ်ထဲ ညီတို့ရောက်နေတော့ကာ ချိန်မရွေး အန္တရာယ်နဲ့ ကြုံလာနိုင်တာပေါ့. . . "

ရှုပ စိုးရိမ်စိတ်ဖြင့် ပြောလိုက်၏။ ဝဏ္ဏသည် ရှုပကိုပြုံးလျှက် ည့်ပြီး "သိပ်လည်း စိုးရိမ်မနေပါနဲ့ ညီရယ်. . ဒီလမ်းနေရာတစ်ဝိုက်ကို တို့ကအမင်္ဂလာလမ်းရယ်လို့ သတ်မှတ်ထားကြတော့ကာ အကြောင်း ူမရှိလျှင်ဖြင့် မလာတတ်ကြဘူး. . . "

"ဘယ်လိုအကြောင်းကိစ္စမျိုးလဲ ကိုကြီးဝဏ္ဏ. . . "

"လူတစ်ယောက်ကို သုတ်သင်ဖို့ရှိလေမှ လာတတ်ကြတယ် ။. . . သူတို့က လူတွေကိုသာ သတ်နေတာ. . . သေခြင်းတရားကို တာ့ ကြောက်ကြတယ်. . . နို့ကြောင့် မအို၊ မနာ၊ မသေ ရအောင် င်နေကြတာပေါ့. . . "



www.burmeseclassic.com

www.burmeseclassic.com



"တဲ. . . ကိုကြီးဝဏ္ဏ ဘာဆက်လုပ်ကြမလဲ. . . ဘယ်ဆက် သွားကြမလဲ. . . နို့မဟုတ် စခန်းပြန်ကြမယ်. . . "

ရှုပစကားကြောင့် ဝဏ္ဏသည် ဟက်ဟက်ပက်ပက်ရယ်မောလိုက် ပြီးလျှင်. . .

"ဟား. . . ဟား. . . ဟား. . . ဘယ်စခန်းပြန်မှာတုန်း ရှုပရဲ့. . . အစ်ကိုတို့ စခန်းက လေပြင်းမုန်တိုင်းဒဏ်ကြောင့် သစ်ပင်ကြီး ပိပြားဝပ်ဆင်းသွားပြီကောဟာ. . . "

ဝဏ္ဏက သို့နယ်ပြောလိုက်လေမှ သတိရသွားပြီး ရှုပသည်

"သြော်. . ဟုတ်ပါရဲ့. . "ရယ်လို့ ရှက်ရိရယ်မောနေတော့၏

"ဟွန်း. . . မထူးပါဘူး ညီရာ. . . အောက်ပြန်ဆင်းမနေတော့ ဘူး. . . ဒီအနားတစ်ဝိုက် ဒီတစ်ည ပုန်းခိုနေပြီး နက်ဖြန်အဖိတ်နေ့မင်း စံအိမ်ကြီးဘက်သွားလေ့လာကြမယ်. . . သူတို့ မွေးနေ့ လုပ်မယ့်နေ့ သွားကြလိမ့်မယ်. . . ဒီခါ နောက်ယောင်ခံလိုက်သွားပြီး အခွင့်သာတာနဲ့ ဝင်တိုက် ခိုက်ဖျက်ဆီးပစ်ကြတာပေါ့. . . "

"ကောင်းတယ် ကိုကြီး. . ကောင်းတယ်. . တဲ. . လာ. . ညအိပ်စခန်းချဖို့ နေရာရှာကြစို့. . . "ဆိုကာ ဝဏ္ဏနှင့် ရှုပထိုင်နေရာမှ ထလိုက်ကြကာ ချောက်ကမ်းပါးအလယ်ကြောမှ ဆက်လျှောက်သွား ကြ၏။ လူသတ်ကုန်း ချောက်ကမ်းပါးထိပ် အလွန်လေးတွင် အလွန်မှုကြီး မားသော ညောင်မှတ်ဆိတ်ပင်ကြီးတွင် စခန်းချညအိပ်ရန် ဆုံးဖြတ်လိုက် ကြ၏။ မှောင်စလည်း ပျိုးနေပြီပဲ။

ထိုညသည် သာသာယာယာရှိခြင်းကြောင့် တော်သေးတော့၏ ညောင်မှတ်ဆိတ်ပင်ကြီး၏ဝှဆုံနေရာတွင် ညီအစ်ကိုနှစ်ယောက်ကျပ်ကျပ်





ညည်းတည်း ထိုင်လျက် အိပ်ခဲ့ကြသည်အတွက်ကြောင့် နံနက်မိုးသောက် လင်းရောက်သည်တွင် ကိုယ်လက်များကိုက်ခဲနေကြတော့သည်၊ သို့ ကြောင့် ထိုအပင်ကြီးမှ တွယ်ကပ်ဆင်းလိုက်ကြပြီး ခြေလက်ဆန့်တန်း လျှောင်းဖြေလိုက်ကြပြီးနောက် အိပ်ရေးမဝခဲ့ကြသည်ကြောင့် အပင်ကြီး အောက်ခြေတွင် ရှင်းလင်းကာ လဲလျောင်းအိပ်စက်ကြပြန်သည်၊

သက်တောင့်သက်သာလဲလျောင်းလိုက်ရသဖြင့် မှေးခနဲဖြစ်ကာ နှစ်ယောက်သား အိပ်ပျော်သွားကြတော့သည်၊

ဝဏ္ဏနှင့် ရှုပ အိပ်ရာမှ နိုးထလာသည်တွင် စံအိမ်ကြီးဘက်သို့ ခိုးလျှိုးဝှက်လျှိုးဖြင့် ထွက်ခဲ့ကြသည်၊

စံအိမ်နားအရောက်တွင် ဝဏ္ဏသည် အကာအကွယ်ကောင်း ကောင်းတစ်ခုမှနေ၍ လှမ်းအကဲခတ်ကြည့်လိုက်၏၊

စံအိမ်ကြီးပေါ်မှ သူမသိသော လူစိမ်းသုံးယောက်ဆင်းလာသည် ကို တွေ့လိုက်ရသည်၊ သူတို့လက်ထဲတွင်မတော့ သေနတ်များကိုယ်စီကိုင် ထားကြ၏၊ ထိုမြင်ကွင်းကြောင့် ဝဏ္ဏသည် နှုတ်ခမ်းလေးတွန့်ရုံ မချိပြုံး ပြုံးလိုက်၏၊ သခင်မကြီးအကွက်စေ့လှလွန်းပါကလားဟု စိတ်မှတေးမှတ် ထားလိုက်သည်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်လုပ်ခြင်းဖြစ်ချေလိမ့်မည်၊ ယနေ့ မွေးနေ့ပွဲတွင် စောင့်ရှောက်ကာကွယ်မှု ကောင်းကောင်းစီစဉ်ထား ပါကောလား၊ ပြီးတော့လည်း ထိုလူသုံးယောက်စလုံး အရွယ်ကောင်းများ ဖြစ်ကြသည်၊ နှစ် ၁၀၀ပြည့်မွေးနေ့ အသက်ဆက်ပွဲပြီးသည်နှင့် အချစ် ရှာဖို့လည်းမလို၊ အဆင်သင့်ဖြစ်နေသည်ရယ်လို့ တွက်ဆကာ ပြုံးပြုံးလိုက် ခြင်းဖြစ်သည်၊

စံအိမ်ကြီးသို့ လှမ်းကဲကြည့်နေပြန်၏၊ ထိုလူစိမ်းသုံးယောက်

www.burmeseclassic.com

www.burmeseclassic.com



သည် နောက်ဖက်လိုက်ဂူတွင်း ဝင်သွားကြသည်။ သူနေထိုင်ခဲ့သော
တွင်းဖြစ်သည်။ အတန်ကြာတွင် အသားနက်မနှင့် သိမ်းငှက်စံအိမ်
တက်သွားကြ၏။ မနက်ဖြန်မွေးနေ့ပွဲအတွက် တိုင်ပင်ကြဖို့ ဖြစ်ချိမ့်
သို့ဆိုပါလျှင် အသားနက်မနှင့် သိမ်းငှက်က အတော်နှင့်စံအိမ်ကြီး
ပြန်ဆင်းလာကြလိမ့်မည်မဟုတ်။ သူ့အတွက် အခွင့်အရေးပင်။

သို့ကြောင့် . . .

"ရှပ . . . လာ မြန်မြန် . . . " ဆိုကာ ပုန်းတွယ်နေ
စံအိမ်ကြီးနားသို့ လှစ်ခနဲပြေးလွှားလုပ်လိုက်၏။

သူတို့နှစ်ယောက်အား ဂူတွင်းရှိ ညှော်လူစိမ်းသုံးဦးက မြင်
ဟန်မတူ။ ရှော့ရှော့ရှူရှူစံအိမ်ကြီးအောက်ရောက်သွားကြ၏။ နံ
တိုင်ပင်သံများကြားရလေမလားရယ် နားစွင့်လိုက်သည်။ တိတ်ဆိတ်
နေ၏။ ထိုစဉ် "ဂါး . . . ဂရား" ရယ်လို့ အော်သံကြားခြင်းကိုခံလိုက်
တော်သေး၏။ အရှောင်မြန်ပေလို့။ သူတစ်ချက်သတိလစ်သွားကာ
မဲလုံးကိစ္စဖြစ်၏။

ဝံနက်ကောင်ရှိနေသေးသည်ကို သူ မေ့နေခြင်းဖြစ်၏။
ကောင် အော်ဟစ်တိုက်ခိုက်လာမှုကြောင့် စံအိမ်ပေါ်ရှိ အသားန
သိမ်းငှက်တို့ မကြာမီဆင်းလာကြပေရော့မည်။ သည်အခါ သူတို့
မလွယ်သည့်ပြင် လူစိမ်းသုံးယောက်ပါလာလျှင် ပိုဆိုးလိမ့်မည်။ သို့
ဝဏ္ဏသည် ဝံနက်ကောင်အား လက်ရည်ချင်းယှဉ်ပြိုင်တိုက်ခိုက်
တော့ဘဲ လက်တွင်းရှိလေးမြားဖြင့် ပစ်ခတ်ပြီးလှစ်ခနဲထွက်ပြေးသွားတော့

ဝဏ္ဏဆိုသူ ပြောပြနေသည့် ဇာတ်ကြောင်းစုံကို သိလိုက်
ကျွန်တော် တွေဝေသွားမိသည်။ ဝဏ္ဏပြောပြသည်များ မဖြစ်နိုင်





၍ မရချေ။ ဖြစ်နိုင်သည်ဟုလည်း တထစ်ချ ယုံလိုက်၍မဖြစ်။

"ကျုပ်ပြောတာ အမှန်ကြီးပဲ . . . မိတ်ဆွေစဉ်းစားပေါ့ဗျာ . . .
မယုံလျှင်ဖြင့်လည်း ဟိုရှေ့နားလေးမှာရှိတဲ့ ကမ်းပါးချောက်ကြီးအောက်ငုံ့
ကြည့်လိုက်လေ . . . တောင်လိုပုံနေတဲ့ လူအရိုးစုတွေတွေ့လိမ့်မယ် . . ."

"သွားကြည့်ချင်တယ်ဗျာ . . . " ဆိုကာ ကျွန်တော် ထိုင်ရာမှ
ထလိုက်သည်တွင် ဝဏ္ဏဆိုသူက ကျွန်တော့်လက်ကို တမန်းကတန်းဆွဲ
လိုက်ရင်း "ခုသွားလို့ ဘယ်ဖြစ်မှာတုန်း . . . သူတို့ဝံတောင်ကြီးသွား
သကြိုဟ်နေကြတယ်လေဗျာ . . . သူတို့ပြန်သွားမှ သွားလို့ဖြစ်မပေါ့ . . .
နို့မဟုတ် ကျွန်တော် တို့ကို တွေ့သွားမှာပေါ့ . . . "

"အင်း . . ဟုတ်သား . . နို့ဖြင့်သည်လိုလုပ် . . ကျုပ်ကိုယုံကြည်
တယ်ဆိုလျှင်ဖြင့်နေခဲ့ကြ . . 'တစ်ယောက်တည်း လိုက်သွားမယ် . . . "

ကျွန်တော့်စကားကြောင့် ဝဏ္ဏသည် ပြုံးလျက် "ယုံတာမယုံတာ
ထက် ကျုပ်တို့ကို ပြောပြနိုင်မယ်ဆိုလျှင်ဖြင့် နက်ဖြန် ဘယ်အချိန် မွေးနေ့
အသက်ဆက်ပွဲလုပ်မဲ့နေရာကို ဒီကသွားကြမှာလဲ . . . ဘယ်နေရာလဲဆို
တာ သိချင်တယ် . . . ပြောနိုင်မလား . . ."

ကျွန်တော်က ခေါင်းခါရင်း "မသိဘူး . . . ခုထိ ပြောမပြသေး
ဘူး . . အဲ . . ညစာသစ်သီးစားလာတဲ့အခါ နက်ဖြန် အစီအစဉ်ကို ပြောပြ
မယ်လို့ဆိုတာပဲ . . . "

"ဟုတ်ပြီလေ . . . နို့ဆိုလျှင် ကျုပ်တို့သည်နားတစ်ဝိုက်မှာရှိနေ
မှာပါ . . . အခွင့်သာတဲ့အချိန် လာဆက်သွယ်ပါ့မယ် . . . ကဲ . . . သွား
တော့မယ် . . . " ဆိုကာ ဝဏ္ဏသည် သူ့ညီ ရှပကို မျက်ရိပ်ပြကာ လှစ်ခနဲ
တောအုပ်တွင်းဝင်သွားလေ၏။ ကျွန်တော်သည်လည်း ချောက်ကမ်းပါး



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဆီသို့ဝံကောင်ကြီး သဗြိုဟ်ပွဲအမှီ ပြေးသွားလိုက်သည်။

အသားနက်မနှင့် စောရွှီးသည် ဝံကောင်ကြီး၏လက်တစ်ဖက်စီ ဆွဲကိုင်မြှောက်၊ လင်းမြင့်လှိုင်နှင့်သိမ်းငှက်ဆည် ခြေတစ်ဖက်စီကိုင်မြှောက်လျက် ဆွဲယမ်းကာ ချောက်ကမ်းပါးကြီးပေါ်မှ လွှဲပြစ်ချလိုက်ကြတော့သည်။

ကျွန်တော် သူတို့အနားရောက်သွားသည်တွင် ဝံနက်ကောင်ကြီးသည် မြေပြင်သို့ရောက်သွားချေပြီဖြစ်၏။

ကျွန်တော်သည် ချောက်ကမ်းပါးအောက် ငုံ့ကြည့်လိုက်၏၊ ဝဏ္ဏပြောသည်မှာမှန်နေလေပြီ။ လူအရိုးစုများ တောင်ပုံရာပုံရှိနေသည်။ ဖြူညစ်ညစ်အရောင် အရိုးပုံပေါ်တွင် ဝံနက်ကောင်ကြီးသည် ခြေကားရားလက်ကားရားတင် လျက်ရှိနေတော့သည်။

ဝံနက်ကောင် မဲလုံး၏ဘဝဇာတ်သိမ်း မလှပါတကား။

သို့ဆိုသလို သခင်မကြီးဒေဝီသည်လည်း သက်တမ်း ၁၀၀ တစ်ဖက်စွန်းဘ၀ ပြန်စလေတော့မည်လား၊ သက်တမ်း ၁၀၀ နှင့်ပင် အဆုံးသတ်လေမည်လားဆိုသည်မှာ ကျွန်တော့်တို့အပေါ်တွင် မူတည်နေပါလားရယ်လို့ တွေးလိုက်မိသည်တွင် ထိတ်လန့်သွားမိတော့သည်။

စောရွှီးနှင့် လင်းမြင့်လှိုင်တို့သည် ကျွန်တော့်အတွင်းစိတ်ကို မသိနိုင်ပါ။ သူတို့နှစ်ယောက်သည် လိမ္မာရေးခြားရှိသော ဝံနက်အတွင်းစိတ်မကောင်းဖြစ်နေကြ၏။

သည့်နောက် . . .

ကျွန်တော်တို့ ချောက်ကမ်းပါးထိပ်မှ ပြန်လာခဲ့ကြ၏။

စံအိမ်ကြီးသို့ပြန်ရောက်သည်တွင် သခင်မကြီးဒေဝီသည် ညစာ





စားပွဲတွင် အသင့်စောင့်နေပြီးဖြစ်၍ ကျွန်တော်တို့လည်း တစ်ပါတည်း ဝင်ရောက် စားလိုက်ကြသည်။

စားရင်းသောက်ရင်း စကားစမြည်ပြောရင်းမှ "အမောင်လုလင်တို့ကိုပြောပြီး ကိစ္စအသေးစိတ်စီစဉ်စရာလေးတွေ စီစဉ်ကြစို့ . . " ရယ်လို့ စကားစလာသည်ကြောင့် ကျွန်တော်က "သခင်မကြီးဒေဝီရဲ့ မွေးနေ့ အသက်ဆက်ကိစ္စအတွက် ကျွန်တော်တို့ဘယ်လိုပံ့ပိုးကူညီရမလဲဆိုတာ ပြောပါ . . တတ်နိုင်တာဆိုလျှင်ဖြင့် ကြိုးစားပန်းစားလုပ်ပေးပါမယ် . . "

လိုက်လျှောပျူငှာပြောလိုက်သည်ဆိုလျှင်ပဲ သခင်မကြီးဒေဝီသည် ဝမ်းပန်းတသာပြုံး၍ "အမောင်လုလင်တို့ ကူညီရမဲ့ကဏ္ဍကတော့ ဘာမှ ခက်ခက်ခဲခဲတော့ မဟုတ်ပါဘူး . . သိကြတဲ့အတိုင်း . . အစ်မတော်ရဲ့ သက်တမ်းဆက် မွေးနေ့ပွဲမှာ အတွင်းလူ သစ္စာဖောက်အန္တရာယ်ကို ကာကွယ်ပေးဖို့ပါပဲ . . . "

သူမစကားကြောင့် ကျွန်တော်သည် ဝဏ္ဏ၊ ရွှေဝ တို့အစ်ကိုနှင့် ဆုံခဲ့သိခဲ့ရပြီး တစ်ဖက်သတ်စကားဖြစ်သည်ကြောင့် သခင်မကြီးဒေဝီ ထံမှ မည်သို့စကား ထွက်လာမည်ကို သိလိုသောကြောင့်။

"မသိလို့မေးချင်တယ် အစ်မတော် . . . အစ်မတော်ရဲ့အတွင်းရန်သူဆိုတာ ဘယ်သူလဲ . . . ဘယ်လိုစွမ်းရည်တွေ ပိုင်ဆိုင်သလဲဆိုတာလောက် သိခွင့်မရှိဘူးလား . . . "ရယ်လို့ သွေးတိုးစမ်းမေးလိုက်၏။ သည်တွင် သခင်မကြီးဒေဝီသည် ထိုင်ရာမှထကာ ဗုဒ္ဓဆင်းတုတော်ရှေ့ သွားရပ်ပြီး . . .

"အစ်မတော် အမှန်အတိုင်းပြောရလျှင်ဖြင့် သံယောဇဉ်ဖြစ်ခဲ့ရလို့ အသက်ချမ်းသာခွင့်ပေးလိုက်တဲ့သူက . . . သည်စေတနာ မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့မှမထောက်. . . အစ်မတော်ရဲ့အသက်ကို ရန်ပြုချင်တာပေါ့. . ."

သို့နှယ် တီးတိုးပြောပြီး ကျွန်တော်တို့ဘက် မျက်နှာမူလာ

"အဲဒီလူက သူရသတ္တိ နဲ့ပြည့်စုံသူတစ်ယောက်ပါ. . . အစ်မ တော်တွေ့ကြုံဖူးတဲ့သူတွေထဲမှာ သူဟာ ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ယော ဆိုတာ အစ်မတော်ဝန်ခံပါတယ်. . . သူ တစ်သက်သစ္စာဖောက်လိမ့်မ လို့တောင် အစ်မတော် မစဉ်းစားခဲ့မိဘူး. . . ဘယ်လိုဖောက်သွား မသိဘူး. . . "ရယ်လို့ ပြောလာသည်တွင် အသားနက်မက. . .

"အစ်မတော်အပေါ်မှာ အင်မတန်သံယောဇဉ်ဖြစ်ခဲ့တဲ့ ပါ. . . အစ်မတော်ကို သူသာပိုင်ဆိုင်ချင် ပတ်သက်ချင်တဲ့စိတ် ကြောင့် အချစ်ကြီးလွန်းတော့ အမျက်ကြီးသွားရတာဖြစ်မှာပါ. . ."

သခင်မကြီးဒေဝီသည် "အသားနက်မ"ဘက်သို့ မျက်နှာချာ လှည့်လိုက်ပြီး. . .

"အေး. . . အစ်မတော်. . . ညီမတော်ကို အပြစ်ဖို့တာ မဟု ပါဘူး. . . ပြတ်သားမှုမရှိတဲ့ အစ်မတော်ကြောင့်ဆိုတာ ဝန်ခံပါတ အဲဒီအချိန်က ညီမတော်လည်း တွေဝေမှုမဖြစ်ခဲ့လေဘဲ တာဝန် ပြတ်ပြတ်သားသား ထမ်းရွက်ခဲ့မယ်ဆိုလျှင်တော့ဖြင့်. . . ခုလိုအစ်မတေ တို့ စိတ်ဆင်းရဲစွာနဲ့ စိုးရိမ်ထိတ်လန့်ဖြစ်ရမှာ မဟုတ်ဘူး. . ."ဟု အံကြိ ပြောလာ၏။

"သခင်မကြီးဒေဝီက စိုးရိမ်ရန်ကောဗျာ. . . သူစွမ်းပ ဘယ်လောက်ရှိပါစေ. . . သိမ်းငှက်ဆိုတဲ့သူက ဂရုမစိုက်ပါဘူး. . . ထိပ်တိုက် ရင်ဆိုင်တွေ့ လို့ကတော့ သနားတောင် သနားသေးဗျာ. . ."

"လာ. . . လာသေး သိမ်းငှက်ရယ်. . . တကယ်သနား





ကောင်းတာက သိမ်းငှက်ပဲ. . . ဘာလို့လဲဆိုတော့ ရှင့်ကြောင့် ကျွန်မ မဲလုံးကို အဆုံးရှုံးခံလိုက်ရတယ်. . . ဒါ ရှင် ညံ့လို့ပေါ့. . . မဲလုံးကို ကျွန်မသိပ်နှမြောတယ်. . . ငယ်ငယ်လေးကတည်းက လိမ္မာယဉ်ကျေး အောင် တိုက်ရည်ခိုက်ရည် ကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးခဲ့ရ တာ. . . စိတ်ချလောက်ပြီဆိုတော့ ရှင်နဲ့တွဲပေးခဲ့တယ်. . . ရှင်တာ ကိုယ့်နောက်လိုက် တိရိစ္ဆာန်တစ်ကောင်ရဲ့အသက် အန္တရာယ်ကိုတောင် မစောင့်ရှောက်နိုင်ဘူး. . . "

အသားနက်မက သို့နှယ်ပြောလိုက်သည်ကြောင့် သိမ်းငှက် မျက်စိမျက်နှာပျက်သွားကာ. . .

"ဒါကတော့ ဟိုမိစ္ဆာကောင်မြွေဟောက်ကအလစ်၊ အငိုက် လုပ်ကြသွားတာကိုး. . . " ရယ်ဟု ဒေါသသံဖြင့် ပြောလိုက်သည်တွင် သခင်မကြီးဒေဝီက. . .

"အသက်လုပွဲတစ်ခုမှာ တရားတယ်၊ မတရားတယ်ဆိုတာ ပြော လို့မရဘူးလေ. . . စွမ်းရည်ပြိုင်ပွဲလုပ်ကြတာမှ မဟုတ်တာ. . . လူ့ အသက်နဲ့ ပတ်သက်တဲ့ကိစ္စလေကွယ်. . ." ဝင်ပြောမှ "ဟုတ်ပါတယ် သခင်မကြီးဒေဝီ. . ကျွန်တော် အတွေးချော်သွားပါတယ်. . "ရယ်လို့ပြော ကာ ဦးညွှတ်အရိုအသေပြုကာ မတုန်မလှုပ်ငြိမ်ထိုင်နေ လိုက်တော့သည်၊

"ကဲ. . . အမောင်တို့ကို မေတ္တာရပ်ခံ အကူအညီတောင်းချင် တာက နက်ဖြန်ဆို ရေတံခွန်ကြီးဘက်သွားကြမယ်. . ." သခင်မကြီးဒေဝီ စကားကြောင့် ကျွန်တော်အံ့ဩသွား၏။ ရေတံခွန်ကြီးဆိုပါလား၊ ရေတံခွန်ကြီးဆိုတာ ဘယ်နားမှာလဲ။ သူမနဲ့စတွေ့တဲ့ရေအိုင်ကြီးနား မှာလား။ မဖြစ်နိုင် သည်နားတစ်ဝိုက်တွင်ရှိလိမ့်မည်မဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်. . .

"ရေတံခွန်ဘယ်နားမှာရှိတာလဲ. . . "ရယ်ဟု မေးလိုက်၏။

"သွားတဲ့အခါ သိရမှာပေါ့. . . " ရယ်လို့သာ ပြေလေ၏။

သူမစကားကြောင့် လင်းမြင့်လှိုင် မကျေမနပ်ဖြစ်ကာကျွန်တော့်ကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်၏။

သခင်မကြီးဒေဝီသည် အလွန်ပါးနပ်လှပေသည်။ ကျွန်တော်တို့နှစ်ယောက်အကြည့် အနက်အဓိပ္ပာယ်ကို သဘောပေါက်သွားသည်ကြောင့် . . .

"အစ်မတော်ကို အမြင်မစောင်းပါနဲ့. . . ရေတံခွန်နေရာဟာ အလွန်လျှို့ဝှက်ရမယ့်နေရာ ဖြစ်နေလို့ပါ. . . သည်ပတ်ဝန်းကျင်မှာ ရန်သူတွေ ခိုအောင်းမနေနိုင်ဘူးလို့ ပြောလို့မရဘူးလေ. . . သည်အတွက် အစ်မတော်အပေါ်မှာ နားလည်ခွင့်လွှတ်စေချင်တယ်. . . "ရယ်လို့ လင်းမြင့်လှိုင်ကို ကြည့်ကာ ပြောလေသည်။

"နားလည်ပါပြီ အစ်မတော်. . . ဆက်ပြောပါ. . . "ရယ်လို့ ကျွန်တော်က စကားပြန်ပြောလိုက်သည်။

"မနက်စောစောထွက်မယ်. . . သိမ်းငှက်နဲ့ ညီမတော်က ဘေးဝဲယာနှစ်ဖက်စောင့်ကြပ်မယ်. . . အမောင်လုလင်တို့သုံးဦးက အစ်မတော်နဲ့အတူတူ သွားတာပေါ့. . . အစ်မတော်ရဲ့အရေးပေါ် ကျရောက်မယ့် ဘေးအန္တရာယ်ကိုတော့ စောင့်ကြပ်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်. . . "

သခင်မကြီးဒေဝီစကားကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။ ဘယ်တွက်မှ ဝဏ္ဏပြောခဲ့ဖူးသည်ကြောင့် သူမ၏စွမ်းရည်ကို သိထားပြီးဖြစ်သောကြောင့်ပင်၊ ကျွန်တော်တို့ ယုံစားအောင် ယုန်သူငယ်လိုနေပြ





ခြင်းဖြစ်တော့သည်၊ တစ်ကယ်တော့ သခင်မကြီးဒေဝီသည် လက်သံဝှက်ထားသော ကျားနိုင်းမကြီးပင် ဖြစ်တော့ချေသည်။

"ကဲ. . . နောက်ပိုင်းအစီအစဉ်တော့မြင့် ရေတံခွန်ခေန်းရောက်မှပြောပါ့မယ်. . . အမောင်လုလင်တို့ ပြန်နားနိုင်ပါပြီ. . . နေ့တစ်ခြမ်းမှ သာလျှင် ဒီကနေ နံနက်စာသစ်သီးစားပြီး ခရီးထွက်ကြတာပေါ့. . . "ဟု ဆိုကာ အိမ်နောက်သို့ ဝင်သွားလေတော့သည်။

သူမ၏အခန်းဝရောက်လျှင် သမင်လည်ပြန်လှည့်ကာ -

"သိမ်းငှက် နဲ့ညီမတော်. . . ဒီတစ်ည လုံခြုံရေးကိုတော့ အထူးကြပ်မတ်ကြပါနော်. . . "ရယ်လို့ပြောပြီး အခန်းတွင်းဝင်သွားလေတော့သည်။

သည့်နောက် ကျွန်တော်တို့သည် မိမိတို့နားခိုရာ လိုဏ်ဂူတွင်း ဝင်လာခဲ့ကြတော့၏။ လိုဏ်ဂူတွင်းဝင်ခဲ့ကြသည်တွင် အတော်မှောင်နေချေပြီဖြစ်သည်ကြောင့် ကညင်ဆီမီးတိုင်ထွန်းလိုက်၏။

"ကဲ. . . ကိုပိုက်ရေ. . . ကျွန်တော် ငြီးစီစီဖြစ်နေတာကြောင့် ရေစိမ်လိုက်ဦးမယ်ဗျာ. . . " ရယ်လို့ လင်းမြင့်လှိုင်ကပြောရင်း ကျောက်ရေအိုင်လေးရှိရာသို့သွားနေသည်ကြောင့် ကျွန်တော်လည်း ရေစိမ်လိုသည်ဖြစ်၍ တစ်ပါးတည်းလိုက်သွားလေတော့၏။

ကျွန်တော့်ရှေ့မှသွားနေသော လင်းမြင့်လှိုင်သည် ကျောက်ရေအိုင်နားရောက်လုတွင်. . .

"ဟိတ်. . . ဘယ်သူလဲ. . . "ဆိုကာ သူ့လက်တွင်းမှ သေနတ်ဖြင့်ထိုးချိန်လိုက်သည်။

ကျွန်တော် ကပျာကသီ လင်းမြင့်လှိုင်နား တိုးကပ်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်တွင်. . .

"ဟင်. . . "

ဝဏ္ဏနှင့်ရှုပ ရောက်နေပါလား။ သို့ကြောင့် သူတို့နှစ်ဦးကို ချိုင်ရွယ်ထားသော လင်းမြင့်လှိုင်၏ သေနတ်ပြောင်းကို အသာတကြည်တွန်းဖယ်လိုက်ပြီး. . . "ရန်သူ မဟုတ်ဘူး ကိုလင်း. . . "ဟု ပြောလိုက်သည်ကြောင့် လင်းမြင့်လှိုင် သူ့သေနတ်ပြောင်းကို မြေသို့စိုက်ချလိုက်၏။ ပြီးနောက် အဝတ်အစားများချွတ်၊ သေနတ်ကိုဘေးသို့အသာချထားလိုက်ပြီး ရေအိုင်တွင်းဆင်းသွားလေသည်။

"မပြောမဆို နောင်ကြီးတို့နေရာကို လာရောက်ခိုအောင်းနေတာကို ခွင့်လွှတ်ပါဗျာ. . . ဒီလိုမှမလုပ်လျှင်ဖြင့် ကျုပ်တို့အတွက် လုံခြုံမှုရှိလိမ့်မယ်မထင်လို့ပါ. . "ဟု ဆိုကာ တိုးလျှိုးတောင်းပန်လာ၏။ သို့ကြောင့် ကျွန်တော် သူ့အပေါ် နားလည်မှုပေးလိုက်၏။

"အခြေအနေ ဘယ်လိုရှိလဲ. . . "ရယ်လို့ မေးလာသဖြင့် ကျွန်တော်က. . .

"ထူးခြားမှုတော့ သိပ်မရှိဘူး. . . နက်ဖြန်ခရီးစဉ်ပြောသေးတယ်. . . လုပ်ငန်းကိစ္စတော့ အသေးစိတ် ဘာမှမပြောဘူး. . . "ရယ်လို့ ပြောလိုက်လေပြီးမှ တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် "ခင်ဗျားတို့ သည်နား တစ်ဝိုက်မယ်ခိုအောင်းနေတော့ကာ ရေတံခွန်များ တွေ့မိရောက်မိကြသလား" ဟု မေးလိုက်သည်။

ကျွန်တော့်အမေးကြောင့် ဝဏ္ဏသည် ငေးမောစဉ်းစားလိုက်ပြီး "သည်နားတစ်ဝိုက်မှာတော့ဖြင့် မတွေ့မိဘူးဗျ. . . "။ သို့နှယ်ပြောသဖြင့် ကျွန်တော်သည် "နို့ဖြင့် နက်ဖြန်ကို ဘယ်လိုလုပ်မယ် စဉ်းစားထားလဲ"





မေးလိုက်သည်။

"ခပ်လှမ်းလှမ်းကနေ အခြေအနေကြည့် နောက်ယောင်ခံလိုက်ခဲ့ရှိတာပေါ့ဗျာ. . . "ရယ်လို့ အားလျှော့သောလေသံဖြင့် ပြောလာတော့သည်။ ပြီး. . .

"ကျုပ်တို့ ညီအစ်ကိုသွားတော့မယ်ဗျာ. . . "ရယ်လို့ပြောကာ ပေါက်ဝသို့ ထွက်ဟန်ပြုလေသဖြင့် ကမ္ဘာကသီပင် ကျွန်တော်က. . .

"ခင်ဗျားတို့ သည်ကနေ ပြန်ထွက်လို့မဖြစ်ဘူး ထင်တယ်. . . " ပြောလိုက်၏။ ဘယ်တွက်မှ သူတို့အား ဂူတွင်းမှထွက်လာသည်ကို တစ်စုံတစ်ဦးတွေ့လျှင် ကျွန်တော်တို့လည်း မကောင်း၊ သူတို့ညီအစ်ကိုလည်း အန္တရာယ်ဖြစ်နိုင်၏။ သို့ဖြင့် အကျိုးအကြောင်းကိုပြောကာ ဂူလိုက်ဂူတွင်း လုံခြုံသည့်နေရာမှာပင် ခိုအောင်းနေထိုင်ခွင့်ပြုလိုက်သည်ကြောင့် သူတို့ညီအစ်ကိုနှစ်ယောက်၏မျက်နှာသည် ရွှင်လန်းဝင်းပသွား၏။ သူတို့အတွက် ပိုမိုအစဉ်ပြေသွားလေသည် မဟုတ်ပါလား။

လင်းမြင့်လှိုင်နှင့် စောရှိုက ကျွန်တော်တို့ပြောဆိုနေကြသည်ကို ဘာမှမသိကြလေသည်ကြောင့် ဝေခွဲ၍မရသော မျက်နှာများဖြင့်သာ အမှုနားထောင်နေကြသူသက်သက်အဖြစ် ရှိနေကြသဖြင့် ရေမိုးသန့်စင် အိပ်ရာတွင်းဝင်လေမှ ကျွန်တော်နှင့် သူတို့ညီအစ်ကိုဆုံခဲ့ပုံ ဝဏ္ဏပြောဇာတ်လမ်းစုံကို ပြန်ပြောလိုက်လေမှ သဘောပေါက်သွားကြတော့၏။

"နို့ဆိုလျှင်ဖြင့် ကိုပိုက်က ဝဏ္ဏပြောတာတွေ အားလုံး လက်ခံမယ်ပေါ့. . . "

လင်းမြင့်လှိုင်က သို့နှယ်မေးလာသည်ကြောင့် ကျွန်တော်သည်



www.burmeseclassic.com

www.burmeseclassic.com



တွေးတွေးဆဆ စဉ်းစားလိုက်ပြီး. . .

"ဒါကတော့ လတ်တလော လက်ခံထားတဲ့အပိုင်းပါဗျာ. . . သခင်မကြီးဒေဝီပြောသလို. . . မွေးနေ့မယ် အသက်ဆက်ပွဲလုပ်နေတဲ့ အချိန်မှာ နဂိုလက်ရှိအသက် အရွယ်ပုံပန်းသဏ္ဌာန်ဖြစ်ပေါ်လာတဲ့အပေါ် မူတည်ပြီး. . . ဆုံးဖြတ်ရမှာပေါ့. . . "

"အေးဗျ. . . နို့ဆိုလျှင်ဖြင့် ဝဏ္ဏပြောတာ သေချာလောက်တယ်. . . တကယ်တော့ ဇီမိန်းမက အို-နာ-သေဆိုတဲ့ သဘာဝကြီးကို ကလန်ကဆန်နေလုပ်တာပဲ. . . "

"ဟုတ်တယ်. . နို့ကြောင့် ကျွန်တော်လည်း လက်မခံနိုင်ဘူး"

"ကဲ. . . ကိုပိုက်ရေ. . . ညဥ့်လည်းနက်ပြီ. . . အိပ်ကြဦးဗျာ. . . နက်ဖြန်ခါကျ ခရီးထွက်ရဦးမှာ မဟုတ်လား. . . "

သည့်နောက်. . ကျွန်တော်တို့အိပ်ရာဝင်လိုက်ကြသည်။ မည်မျှကြာကြာအိပ်ပျော်သွားသည်မသိ။

"ကိုပိုက်. . ကိုပိုက်. . ထစမ်းပါဦး . . " ရယ်လို့ လင်းမြင့်လှိုင်က လှုပ်နှိုးသဖြင့် အိပ်ရာမှနိုးလာရသည်။

"ဘာဖြစ်တာတုန်း ကိုလင်း . . . "

သို့မေးလိုက်သည်တွင် လင်းမြင့်နိုင်က ဘာမှမပြောလေဘဲ ထွက်သွားသည်ကြောင့် ကျွန်တော် သူ့နောက်လိုက်သွားတော့သည်။ ဝူပေါက်ဝသို့ရောက်သည်နှင့် လရောင်အောက်တွင် စောန္ဒီကိုတွေ့လိုက်ရသည်။ စံအိမ်ကြီးဘက် ပုန်းလျှိုးဝှက်လျှိုးထွက်သွားခြင်းဖြစ်သည်။ စောန္ဒီ ဘာအကြံရှိပါလိမ့် သိလိုသည်ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင် သူ့နောက်လိုက်သွားကြသည်။





ထိုစဉ်. . . အမှောင်ရိပ်တွင်းမှ လူတစ်ယောက်သည် စောန္ဒီနား သို့ ရုတ်ချည်းရောက်လာကာ ဇက်ပိုးသို့လက်ဝါးစောင်းတစ်ချက် ရိုက်လိုက်၏။ စောန္ဒီ ပုံလဲ၍သွားသည်နှင့် ထိုသူသည် စောန္ဒီအား ပခုံးပေါ် ထမ်းလျက် ကျွန်တော်တို့ရှိရာလျှောက်လာသည်ကြောင့် နီးစပ်ရာသစ်ပင်ကြီး တစ်ပင်အောက် ဝင်ရောက်ပုန်းကွယ်နေလိုက်ကြ၏။

စောန္ဒီအားထမ်းလျက် ကျွန်တော်တို့ရှေ့မှဖြတ်သွားသူသည် ဝဏ္ဏ ဖြစ်နေ၏။ သွက်လက်ဖျတ်လတ်လွန်းလှ၍ ကျွန်တော်တို့ရှေ့မှ ဖြတ်သွားရင်း လေသံသဲ့သဲ့နှင့်ပြောသွား၏။ "နောင်ကြီးတို့ ဝူထဲပြန်လိုက်ခဲ့ကြပါ. . . သူ့ကို ကျွန်တော်အန္တရာယ်ပေးတာ မဟုတ်ဘူး. . . "

ကျွန်တော်တို့ ပုန်းကွယ်နေသည်ကို သူ သိထားပြီးဖြစ်သည်။

သို့ကြောင့် ကျွန်တော်တို့သည် သူ့နောက်မှလိုက်သွားကြသည်။ ဝူတွင်းရောက်သည်တွင် ထမ်းလာသော စောန္ဒီကို အိပ်ရာတွင် ညင်သာစွာလှဲချလိုက်သည်။

စောန္ဒီက သတိမေ့နေဆဲ ဖြစ်သည်။ "သူ့အတွက် မစိုးရိမ်ပါနဲ့. . . တော်ကြာနေ ပြန်သတိရမှာပါ. . . "ဟု ပြောသည်။

ကျွန်တော်က "ဘယ်လိုဖြစ်တာလဲ. . . ပြောပါဦးဗျာ"ရယ်လို့ မေးလိုက်သည်တွင် ဝဏ္ဏသည် အေးဆေးတည်ငြိမ်သောလေသံဖြင့်. . .

"ကျွန်တော် တစ်ရေးနိုးတော့ သည်လူက ဝူမြင်ဘက်ကို ပုန်းလျှိုးဝှက်လျှိုးနဲ့ထွက်သွားတာကြောင့် သူ့မှာ ဘာအကြံရှိလေမလဲ မသိခေမင့်. . . ခုလို ညဥ့်နက်သန်းခေါင်မှာ ပုန်းလျှိုးဝှက်လျှိုးထွက်သွားခြင်းအားဖြင့် ပြဿနာတစ်စုံတစ်ခု ဖြစ်နိုင်တယ်လေ. . . အဲလိုဖြစ်လာလျှင် ကျွန်တော်တို့ အစီအစဉ်အားလုံး ပျက်သွားနိုင်တယ်. . . နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တဖန်အခွင့်အရေးရဖို့ မလွယ်တော့ဘူးလေ. . . နို့ကြောင့် ပြဿနာမတက်ခင်မီ အချိန်မီတားဆီးလိုက်ရတာပါ. . . ဘာလို့ ခုလိုထွက်သွားရတာလဲဆိုတာ နောင်ကြီးတို့ ပဲ သတိရလျှင် မေးစမ်းကြည့်ပါဗျာ. . . ”

သို့သာပြောပြီး ဝဏ္ဏသည် ရေအိုင်ဘက်သို့ပြန်သွားလေတော့၏။ သူပြောသလိုပင် စောရွှီး မကြာမီ သတိရလာလေတော့၏။

ကျွန်တော်တို့နှစ်ယောက်ကိုမြင်လျှင် လူးလဲထထိုင်ရင်း “ကျွန်တော်ဘာဖြစ်သွားတာလဲဟင်. . . ” ဟိုသည်လှည့်ပတ်ကြည့်ကာ မေးလေ၏။ သို့ကြောင့် ကျွန်တော် သူ့ပခုံးနှစ်ဖက်ဆုတ်ကိုင်၍ ဆွဲခါလိုက်သည်။

“ကျွန်တော် ဘာဖြစ်သွားတာလဲဆိုတာထက် မင်းမှာ ဘာအကြံအစီရှိလဲဆိုတာ ငါသိချင်တယ်. . . ” မာထန်ထန်မေးလိုက်သည်။

သို့အမေး ကြောင့် သူသည် မျက်လုံးလေး ကလယ်လယ်ဖြင့် မော့ကြည့်လာပြီး ကျွန်တော့်မျက်နှာပြင်ပေါ်တွင် ဒေါသအရိပ်အရောင်များ ဖုံးလွှမ်းနေနေသည်ကို မြင်လိုက်သည်ကြောင့်ပေလားမသိ။ တုန်ရီစွာဖြင့် “ကျွန်တော် ဟိုလူ နှစ်ယောက်ကို သိပ်သဘောမကျတာနဲ့ သခင်မကြီးကို သတင်းသွားပေးမလို့ပါ. . . ”

“တောက်. . . ”

သူ့စကားကြောင့် ကျွန်တော် လွန်မင်းစွာ စိတ်ပျက်သွားသလို ဒေါသလည်း ထွက်သွားသည်။

“မိုက်ရိုင်းလေကွာ. . . သည်အချိန်မှာ လူကောင်းလူဆိုးခွဲခြားလို့ မရနိုင်ဘူးကွ. . . ဘာပြောပြော ဝဏ္ဏတို့က လတ်တလော အမှန်တရားပြောသူလို့ယူဆနိုင်တယ်. . . နို့ပေမင့် တရားသေတွက်လို့မရပြန်ဘူး. . . ဘာပဲဖြစ်ဖြစ် မင်း အဲလိုသွားပြောမယ်ဆိုလျှင်ဖြင့် ငါတို့နှစ်





ယာက်လဲ ဘယ်လိုဖြစ်သွားမလဲဆိုတာ မင်း မတွက်ဒိဘူးလား. . . ”

“ဟုတ်ပါတယ်. . . ကျွန်တော် မှားသွားပါတယ်”ရယ်လို့ ဦးနိုက်တတ်တောင်းပန်လာခြင်းကြောင့် ကိုယ့်ထက်ငယ်ကာ ကိုယ်ခေါ်လာ၍သာသူဖြစ်သဖြင့် ကိုယ့်တွင် တာဝန်ရှိခြင်းကြောင့် ခွင့်မလွှတ်လည်းဖြစ်၊ ပြီးတော့ သူ့လက်ဝဲတစ်ဖက် ဆုံးရှုံးခဲ့လိုက်ရသူဖြစ်၍ ခွင့်လွှတ်တ်ရပြန်သည်။ သို့ပေမင့် ယခု သူ့လုပ်ရပ်အမှားသည် ကျွန်တော်တို့သက်ဖိုးစားကွဲမည့်ကိန်း ဖြစ်ပေသည်။

“ကဲ. . . မင်း သိဖို့ပြောထားမယ်. . . မနက်ဖြန်ကြလျှင်ရေးကြီးတဲ့အချိန်နော်. . . မင်း ဘာမှဝင်မရှုပ်နဲ့. . . ငါတို့နေခိုင်းလိုနေ. . . ငါတို့ပြောသလိုလုပ်. . . မင်းသဘောနဲ့မင်း ဘာမှမလုပ်နဲ့တ်ပလား. . . ” သို့ သတိပေးစကားပြောလိုက်ရသည်။

“ကဲ. . . အချိန်ရှိသေးတယ် အိပ်ဦး. . . ”ဆိုကာလင်းမြင့်လှိုင် သူ့ပခုံးကို ဖြန်းခနဲ ရိုက်လိုက်၏။

လင်းမြင့်လှိုင် သူ့အပေါ် အတော်လေး စိတ်ကုန်သွားပုံရ၏။ဖြင့် ကျွန်တော်တို့ မိုးလင်းထိတိုင်အောင် အိပ်လိုက်ကျသည်။ နံနက်မိုးင်းသည်တွင် ကျွန်တော် လင်းမြင့်လှိုင်နှင့် စောရွှီးတို့ စံအိမ်မကြီးသို့ က်စာသစ်သီးစားရန် ထွက်ခဲ့ကြလေသည်။

စံအိမ်မကြီးပေါ် တက်လိုက်ကြသည်နှင့် သခင်မကြီးဒေဝီကို လိုက်ရသည်။

“ဟာ. . . ”

ကျွန်တော် မှင်သက်သွားမိသည်။ ကျွန်တော့်တစ်သက်တွင်ဤမျိုး တစ်ခါဖူးမျှ မဖြစ်ဘူးချေ။ စာဖွဲ့လို့မရလောက်အောင်ပင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မျိုးမှည့်မထင်လှလွန်းပါဘိ၊

"အမောင်လုလင်တို့ သစ်သီးစားဖို့ အချိန်တန်ပြီ. . . အင်

တော်စောင့်နေတာ အတော်လေးတောင် အချိန်လင့်သွားပြီ. . . "

"ဟုတ်ကဲ့. . . ကျုပ် ညဥ့်နက်မှအိပ်ပျော်သွားလို့ပါ. . .

သည့်အတွက် ခွင့်လွှတ်ဖို့ ပြောပါရစေ. . . "

ဘယ်အတွက်ကြောင့်မသိ၊ ကျွန်တော် အလိုလိုနေရင်း ပျော

သွားသကဲ့သို့ ဖြစ်သွား၏၊

"အဟင်း. . . ဟင်း. . . ဟင်း. . . မဟုတ်တာ အမော

လုလင်. . . အစ်မတော်ကိစ္စ ကူညီပံ့ပိုးပေးမဲ့သူတွေ. . . အပြစ်ဖွဲ့

ဘယ်ဖြစ်မတုန်း. . . မဆိုသလောက် အချိန်လေး လင့်သွားတဲ့အတွ

ဘာမှထိခိုက်စရာအကြောင်း မရှိပါဘူး. . . အင်း. . . အစ်မ

အသက်ဆက်လုပ်ငန်းလုပ်နေတဲ့ အချိန်မှာ ဂရုတစိုက်စောင့်ရှောက်

ပါပဲ. . . ကဲ. . . ကဲ. . . စားကြပါ. . . အစ်မတော်တော့ စားပြီးပြီ. . .

ပြီးလျှင်မြင့် သွားကြစို့ရယ်" ဆိုကာ လှုပ်လီလှုပ်လဲ့ဖြင့် အခန်းတွင်း

သွားလေတော့သည်၊

"ဟိတ်လူ ကိုပိုက်. . . စားလေဗျာ. . . "

သူမ၏ ကနွဲ့ကလျ၊ လှုပ်လီလှုပ်လဲ့ လျှောက်လှမ်းသွားပုံ

ငေးမောကြည့်ရင်း မှင်တက်နေမိသော ကျွန်တော့်အား လင်းမြင့်လှိုင်

လက်တို့သတိပေးလေမှ ကျွန်တော် အသိပြန်ဝင်လာ၏။ "ကိုပိုက်

ထိန်းစမ်းပါဗျာ. . . ဟဲ. . . ဟဲ. . . "ရယ်လို့ ကျီစယ်စကားဆိုလိုက်

ကိုအနားရှိ အသားနက်မကြီးသွားခြင်းကြောင့် သူမသည် ကျွန်တော့်

လှမ်းကြည့်ကာ မထိမထိပြုံးပြလေတော့သည်။





ကျွန်တော် အတော်ရှက်သွားမိသည်၊ မိမိကိုယ်မိမိလည်း ပြန်

သည်ဆန်းစစ်မိသည်။ ကျွန်တော့်ထက် ငယ်ရွယ်သော လင်းမြင့်လှိုင်နှင့်

စော်ရှိုးပင် တည်ငြိမ်ကြသည်၊ ဘယ့်တွက်ကြောင့် ကျွန်တော်သို့ ခံစား

သိုက်ရသည်ကို စဉ်းစားမရအောင်ပင် ဖြစ်ရလေသည်၊

သို့ဆိုပါလျှင် သခင်မကြီးဒေဝီတွင် စွမ်းအားတစ်ခု လျှို့ဝှက်စွာ

ပိုင်ဆိုင်ထားလေသည်လား မသိချေ။

ကျွန်တော်သည် သခင်မကြီးဒေဝီနှင့်ဆုံခဲ့ပေါင်း စကားပြောခဲ့

ပေါင်း အကြိမ်ကြိမ်အလီလီကြားဖူးခဲ့သမျှ သခင်မကြီးဒေဝီ၏ အသံသည်

သည်တည်ငြိမ်ငြိမ်ဩဇာအပြည့်ဖြစ်သည်။ ယခုသည် သို့မဟုတ်ပါ

လား၊ ပျော့ပျောင်းနူးညံ့လွန်းပါတယ်ဆိုသော အသားနက်မလေသံ

သက် ပိုမိုသာယာ နာပျော်ဖွယ် ကောင်းနေပါလား၊

သူမ သက်တမ်းဆက်ပွဲပြုလုပ်မည့် ယနေ့ပြာသိုလပြည့်မယ်

ဘူးခြားလို့နေပါကောလား၊ သို့စဉ်းစားလိုက်မိသည်နှင့် ဖျတ်ခနဲ အသိ

တစ်ခုဝင်လာ၏၊ ငြိမ်းတော့မည့် မီး၊ ဟုတ်ခနဲ ထတောက်ခြင်းများပေ

သား၊ သို့ အသိကြောင့် ကြက်သီးဖြန်းခနဲထသွား၏၊ ပြီးနောက် ဝဏ္ဏ၏

ကျက်နှာပြေး မြင်လိုက်မိသည်။

သက်တမ်း (၁၀၀)၊ သက်တမ်း (၁၀၀) တွေးလိုက်သည်နှင့်

ထိတ်လန့်သွားရပြန်သည်။ ခန္ဓာကိုယ်တစ်ခုလုံး တုန်လှုပ်သွားသည်၊

သက်တမ်း (၇၀-၈၀)ရှိ အဘွားအိုကြီးကို ပြေးမြင်လိုက်ပြန်၏။ သက်တမ်း

၁၀၀)ဆိုပါလျှင် ရုပ်ဆင်းသဏ္ဍာန်အမှန်မည်သို့ ဖြစ်လောက်သည်ကို

တွေးဝံ့တော့ပါ၏၊

အပုတ်ကောင် ရုပ်ဆောင်ခြင်းထက် ပိုဆိုးဝါးပါဘိခြင်း၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်အတွေးတို့သည် ယောက်ယက်ခတ်နေတော့၏၊ သို့ကြောင့် သင်
များကိုလည်း စား၍ အရသာမရှိတော့၊ သို့ဖြစ်၍ ဗုဒ္ဓဆင်းတုတော်ရှေ့
သွားလိုက်သည်။

ကျွန်တော့်နားတွင် လေတိုးသံတစ်ချက် ကြားလိုက်သည်
တစ်ပြိုင်နက် အသားနက်မသည် ကျွန်တော့်လှောက်လမ်းရှေ့မှ ပိတ်
လျက်ဖြစ်နေတော့၏။ မြန်လိုက်သည်ဖြစ်ခြင်း၊ ကျွန်တော် သူမကို
ငေးကြည့်မိရင်းမှ သူမ၏ မျက်နှာရိပ် မျက်နှာကဲကို သတိပြုမိသည်
ရန်လိုသော အမူအရာဖြစ်နေသည်။ သို့ကြောင့် -

"မင်း ဒါ ဘာသဘောလဲ" ဟု မေးလိုက်သည်။ အသားန
သည် မာထန်ထန်မျက်နှာပေးဖြင့်. . .

"ဝမ်းနည်းပါတယ် အမောင်လုလင်. . . သည်အချိန်
အစ်မတော်ရဲ့ ဘဝအတွက် အရေးကြီးနေတဲ့အချိန်မှာ. . . မည်သူ
ဗုဒ္ဓဆင်းတုတော်ရဲ့ လက်ဖဝါးပေါ်မှာရှိတဲ့ ပတ္တမြားကြီးအနားကို ကပ်
မရှိပါဘူး"

သို့နှယ် ပြောလာလေမှ ကျွန်တော် သတိရလိုက်၏။ ဪ
နှိုကြောင့် ငါ့ရှေ့ ပိတ်ရပ်ကာဆီးကာကွယ်တာရယ်ကိုးလို့ သဘောပေ
သွားသည်ကြောင့် ပြုံးလိုက်မိ၏။ ထိုပတ္တမြားကြီးနှင့်ပတ်သက်၍
တစ်ယောက် လက်ဖဝါးတစ်ဖက် ပေးဆပ်လိုက်ရလေသည်။ ထိုအ
သခင်မကြီးဒေဝီပြောဖူးသည်။ သည့်ထက် တန်ဖိုးမကသည့် ပတ္တမြား
သူ ပေးနိုင်သည်။ သို့ဆိုပါလျှင် ထိုပတ္တမြားကြီးတန်ဖိုးထက် အသုံးဝင်
ကို အရေးတကြီး လိုအပ်နေပုံဖြစ်၏။

"ဪ. . . ကျုပ် သဘောပေါက်ပါပြီ. . . အမှတ်





လာမိတာပါ. . . "

သို့နှယ်ဆိုကာ မူလနေရာသို့ ပြန်ထိုင်လိုက်၏၊

"တာဝန်အရ ဆောင်ရွက်ရတာမို့ အမောင်လုလင်က နားလည်
လိမ့်မယ်လို့ ထင်ပါတယ်. . . "ဆိုကာ အသားနက်မသည် ဗုဒ္ဓရုပ်ပွား
တော်များရှေ့တွင် တင်ပလ္လင်ထိုင်လျက် တရားမှတ်နေတော့သည်။

စားသောက်ပြီး တဒင်္ဂအတွင်း အခန်းတွင်းမှ သခင်မကြီးဒေဝီ
ထွက်လာသည်။ ကျွန်တော့်အား ပြုံးပြလျက် "မကြာခင် ခရီးထွက်
မယ်. . . အမောင်လုလင်တို့ အဆင်သင့်ဖြစ်ပြီပေါ့. . . "

ကျွန်တော် ဆွံ့အသူတစ်ယောက်နှယ်ဖြစ်ကာ ခေါင်းလိုလို
လားလား ညိတ်လိုက်မိသည်။

သခင်မကြီးဒေဝီသည် ဗုဒ္ဓဆင်းတုတော်ရှေ့သွားရပ်ကာ
ကျွန်တော့်ဘက် သမင်လည်ပြန်လှည့်၍ "အမောင်လုလင်. . . သည်ကို
ခဏလောက်လာခဲ့ပါဦး. . . "ရယ်လို့ပြောသဖြင့် သူမအနားသို့ သွား
လိုက်သည်။

"အို. . . "

သင်းပျံ့သောရနံ့၊ ခေတ်မီရေမွှေးနံ့မျိုးမဟုတ်၊ နံ့သာနံ့ဖြစ်
ချေသည်။ မည်သို့ကြောင့်မသိ။ ကျွန်တော့် နှလုံးခုန်နှုန်း မြန်ဆန်လာသည်
ဟု သိလိုက်သည်၊ သူ့အနားရောက်တော့ ကျွန်တော့်ကို ပြုံးလျက်ကြည့်ပြီး

"အမောင့်ကို အစ်မတော် အားကိုးပါရစေ. . . ရုပ်ပွားတော်
လက်ဖဝါးပေါ်က ပတ္တမြားကြီးယူလိုက်ပါ. . . "

အမိန့်ပေးသံ မဟုတ်ငြား ကျွန်တော်သည် အမိန့်
သည့် ကလေးငယ်တစ်ယောက်ပမာ ရုပ်ပွားတော် လ ပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဗတ္တမြားကြီးကို လှမ်းယူပြီးဖြစ်နေသည်။

"သည်ပတ္တမြားကြီးဟာ အစ်မတော်အတွက် အလွန်အရေးကြီးတဲ့ သော့ချက်ပဲလေ. . . ဂရုတစိုက်ရှိစေချင်တယ်. . . "ရယ်လို့ပြောပြီး သူက ဝဲယာလက်နှစ်ဖက်တွင် ရပ်လျက်ရှိကြသည့် အသားနက်မနှင့် သိမ်းငှက်တို့အား တစ်ဆက်တည်းဆိုပင် "ကဲ. . . သွားကြစို့. . . အရေးကြီးတဲ့လမ်းကြောင်းဖြစ်တယ်ဆိုတာ သိကြတယ်နော်. . . တိမ်းစောင်းမှုလုံးဝမဖြစ်စေနဲ့. . . "ဆိုကာ ကျွန်တော့်ကို မျက်ရိပ်ပြကာ ထိုနေရာမှ လှမ်းထွက်သွားလေသည်ကြောင့် ကျွန်တော်သည်လည်း သူမယှဉ်၍ လိုက်သွားလေတော့၏။

လင်းမြင့်လှိုင်နှင့် စောရွှီးသည်လည်း ကျွန်တော့်နောက်ပါးမှ ကပ်ပါလာကြတော့သည်။ စံအိမ်ကြီးအောက်ရောက်သည်တွင် ကျွန်တော်တို့ နေထိုင်ခွင့်ရသော ဂူနံဘေးရှိ လမ်းမြောင်းကလေးမှနေ၍ ရွှေကြောလိုဏ်ဂူပေါက်တွင်း တွားသွားဝပ်သွားကြသည်။

ထိုဂူပေါက်မှဝင်လိုက်ပြီးသည်နှင့် ရွှေကြောနံရံကြီးတွင်ရှိနေပြီး ဖြစ်သည့် ဆတ်ဖိုကြီးသည် ရွှေသားနံရံကြီးကို သူ့ဦးချိုဖြင့် ပွတ်တိုက်နေလေ၏။ ကျွန်တော်တို့အတွက် မထူးဆန်းပါ။ ဝတ္ထုပြောစကားတွင် ထိုဆတ်ကြီးအကြောင်း ပါခဲ့ပြီးမဟုတ်ပါလား။ စောရွှီးကတော့ အံ့သြနေသည်။

ဆတ်ဖိုကြီးနားရောက်သည်တွင် သခင်မကြီးဒေဝီက လည်တိုင်ကို ပွတ်သပ်လိုက်ပြီး "လိမ္မာလိုက်တာ. . . ကဲ. . . ညီမတော် ရွှေမှုန်တွေ ရသလောက်ကော်ထည့်ခဲ့ပါ. . . "ရယ်လို့ ပြောလိုက်သည်။ အသားနက်မသည် မြေပြင်ရှိ ရွှေမှုန်တို့ကို သူ့တွင်အသင့်ပါလာသော အိတ်ရှုံ့လေး





အတွင်းကျုံးထည့်လေတော့သည်။

သခင်မကြီးဒေဝီသည် ကျွန်တော့်နောက်နားတွင်ရှိနေသည်။ လင်းမြင့်လှိုင်ကိုလှည့်ကြည့်ပြီး ပြုံးရွှင်သောလေသံဖြင့်

"အမောင့်လက်ထဲရှိ သေနတ်ဒင်နဲ့ ရွှေသားနံရံကို ထုလိုက်ပါ" ရယ်လို့ အမိန့်ပေးသည်နှင့် ပြောလိုက်၏။ ဤသည်တွင် လင်းမြင့်လှိုင်က သူ့လက်တွင်းရှိ သေနတ်ဒင်ဖြင့် ရွှေသားနံရံကို ခပ်ဆတ်ဆတ်လေး ထုလိုက်၏။

"ဒုံး. . . "

ရွှေသားအပိုင်းအစလေးများ ပဲ့ကျလာ၏။ သခင်မကြီးဒေဝီက ပြုံးလျက် "ဟင်း. . . . ဟင်း. . . ဟင်း. . . အားနာပါးနာ ဖြစ်မနေနဲ့ အမောင်ရယ်. . . ကြည့်ရတာ လောဘမရှိသလိုဘဲ. . . အစ်မတော်တော့ သဘောကျသွားပြီ. . . ကဲ. . . ကဲ. . . ခပ်ပြင်းပြင်းလေး ထုလိုက်ပါဦး" ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က အံတစ်ချက်ကြိတ်ကာ မကျေမနပ် ဟန်ဖြင့် အားရပါးရ ထုချလိုက်သည်။

"ဒုံး. . . "

ရွှေသားအတုံးများ ပဲ့ကျလာတော့၏။ သခင်မကြီးဒေဝီသည် ပြုံးလျက် လင်းမြင့်လှိုင်ကိုကြည့်ပြီး မြေပြင်ပေါ်သို့ ပဲ့ကျနေသော ရွှေသားအတုံးကလေးများမှ ခပ်ကြီးကြီးအတုံးနှစ်တုံးကို ကောက်ယူလိုက်သည်။ ပြီးလျှင် လင်းမြင့်လှိုင်နောက်တွင် ရပ်နေသော စောရွှီးအား တစ်တုံး လှမ်း၍ပေးလိုက်၏။

"ဒါ အစ်မတော်ရဲ့ မွေးနေ့အကြို အထိမ်းအမှတ်လက်ဆောင်"

စောရွှီးသည် အားရဝမ်းသာဖြင့် သူ့တွင်ရှိ တစ်ဖက်တည်းသော



www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးဖြင့် လှမ်းယူကာ ဦးညွှတ်ဂါရဝပြုလိုက်သည်။ သူ့အမူအရာ သခင်မကြီးဒေဝီက သဘောကျစွာဖြင့်ကြည့်ရင်း "အစ်မတော်ရဲ့ အသ ဆက်ပွဲ အောင်အောင်မြင်မြင်ဖြစ်ပြီးလျှင်ဖြင့် ပြောထားတဲ့အတိုင်းပတ္တမြား တွေပေးပါဦးမယ်"

"ကျေးဇူးတင်ပါတယ် သခင်မကြီးဒေဝီ. ."

ဝမ်းမြောက်ဝမ်းသာဖြစ်နေသော စော်ရွှန်းကိုကြည့်၍ ပြုံးနေ မင့်လင်းမြင့်လှိုင်က မဲ့ပြုံးမျက်နှာပေးနှင့် ဖြစ်နေခြင်းကြောင့် သခင်မကြီး ဒေဝီသည် မျက်နှာတစ်ချက်ပျက်သွား၏။ သို့ပေမင့် ကပျာကသီ မျက် ထားကို ပြင်လိုက်သည်။

"အမောင်လုလင်က လောဘမရှိပေမင့် အစ်မတော်ရဲ့မွေး ကြီးအထိမ်းအမှတ်ကို အသိအမှတ်ပြုတဲ့အနေနဲ့ လက်ခံစေချင်တယ်" ချိုသာစွာပြောရင်း သူမလက်တွင်းရှိရွှေသားတစ်တုံးကို လှမ်းပေးလိုက်သည်

လင်းမြင့်လှိုင်သည် သူမကမ်းပေးလာသော ရွှေသားတုံး လှမ်းယူခြင်းမပြုလေဘဲ ခေါင်းကိုခါယမ်းပြလိုက်၏။

သခင်မကြီးဒေဝီ မျက်နှာပျက်သွားသည်ကြောင့် လင်းမြင့်လှိုင် သည် ယုံ့ယုံ့ပြုံးလျက်. . .

"တစ်မျိုးမထင်ပါနဲ့ သခင်မကြီးဒေဝီ. . . မွေးနေ့အမှတ်တ ဖြစ်အောင် ကိုပိုက်နှင့်အတူ သခင်မကြီးဒေဝီရဲ့ နှစ် ၁၀၀ပြည့် မွေးနေ့ အသက်ဆက်ပွဲကို အောင်အောင်မြင်မြင် ပြီးမြောက်ရေးအတွက် အ ကြီးမာန်တက် ဆောင်ရွက်ပေးမယ်ဆိုလျှင်ဖြင့် သခင်မကြီးဒေဝီကျေ လောက်ပါတယ်နော်. . "ဟု ပြောလေတော့မှ သခင်မကြီးဒေဝီ မျက် ပြုံးရွှင်လာတော့၏။





"ရွှေမှုန်တွေ သိမ်းဆည်းပြီးပါပြီ. . . "ရယ်ဟု အသားနက်တော ကြားဖြတ်ပြောလာသည်။

"ကောင်းပြီလေ. . . ကဲ. . . သွားကြစို့. . ." သို့နှုတ် ပြောရင်း သခင်မကြီးဒေဝီသည် အတွင်းပိုင်းသို့ဆက်ဝင်သွားတော့၏။

အတွင်းပိုင်းသို့လျှောက်ဝင်လေ ဂူတွင်းလမ်းသည် ကျယ်လာ လေသည်။ အလင်းရောင်ပိုလာလေခြင်းကြောင့် ဤဂူပေါက်နီးချေပြီဟု သိရ၏။ သို့လမ်းတစ်လျှောက် မည်သူမျှ စကားမပြောဖြစ်ကြတော့ချေ။

ဂူပေါက်ဝရောက်နီးနီး လျှောက်ခဲ့ကြရာ နာရီဝက်ခန့်ကြာသွား သည်ဟု ထင်ရ၏။ တစ်ဖြောင့်တည်းလမ်းကို သွားရခြင်းမဟုတ်၊ တွေ့ တောက် သွားရခြင်းဖြစ်၏။

သို့သွားနေရာမှ တစ်ခုသတိထားလိုက်မိသည်မှာ ကျွန်တော်တို့ နှင့်အတူ အသားနက်မနှင့် သိမ်းငှက်ပါမလာတော့ခြင်းဖြစ်သည်။ သို့ သတိထားမိချိန်မှာ အနားသို့ အသားနက်မအပြေးအလွှား ရောက်လာကာ

"အစ်မတော် ပြောစရာရှိတယ်. . . စိတ်ခိုင်ခိုင်လေးထား ပါ. . ." ရယ်လို့ သခင်မကြီးဒေဝီနားလာလျက် စကားစလိုက်သည်တွင် "အင်း"ပြောပါ ဆိုလျှင် သခင်မကြီးဒေဝီသည် ရပ်လိုက်၏။

"ရန်သူရှိနေပြီ သတိထားပါ. . ."

"ရန်သူရှိနေတာ သိတာပေါ့. . . ဘာဆန်းမှတ်လို့ကွယ်. . ."

"နို့ကြောင့် မဟုတ်သေးဘူး. . . အစ်မတော်ရဲ့ဖွားဖက်တော် ဆတ်ပိုကြီးကို ရန်သူသတ်သွားပြီ. . . "

"ဘာ. . . "

သခင်မကြီးဒေဝီ အတော်ထိတ်လန့်တုန်လှုပ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်ပြင် ဓါးသအမျက်လည်း ထွက်သွားသည်ကြောင့် "မိုက်ရိုင်းလိုက်တာကွယ်" တစ်ဖက်သို့ မျက်နှာမူလိုက်သည်။

အတော်ကလေး ဝမ်းနည်းပူဆွေးသွားပုံရ၏။ သူမ၏မျက်ဝန်းဘွင် မျက်ရည်တို့ တွဲလွဲခိုနေတော့၏။

ကျွန်တော်လည်း စိတ်မကောင်းဖြစ်မိသည်။ ဝဏ္ဏတို့ ညီအစ်ကိုအား မျက်စိတွင်ပြေးမြင်လိုက်၏။ သူတို့ညီအစ်ကို၏လက်ချက်ဖြစ်ချေလိမ့်မည်။ ဘာကြောင့် မဆီမဆိုင် ဆတ်ဖိုကြီးကို သတ်ပစ်ပါလိမ့်၊ စဉ်းစားမိတာတစ်ခုတော့ရှိသည်။ အကြောင်းကိစ္စမရှိဘဲလျက်တော့ဖြင့် သတ်ပစ်ဖွယ် အကြောင်းမရှိနိုင်။

"ကဲ. . . သွားကြစို့. . . "ရယ်လို့ပြောကာ သခင်မကြီးဒေဝီက ရှေ့မှဦးဆောင်၍ ထွက်သွားပြန်သည်။ ကျွန်တော်လည်း သူ့နောက်ပါးမှ လိုက်သွားတော့သည်။

သို့လျှောက်လာခဲ့ကြရာမှ ဂူလမ်းကွေ့အချိုးလေးတစ်ခုရောက်လာသည်နှင့် အံ့ဩဖွယ်ရာ မြင်ကွင်းတစ်ခု တွေ့လိုက်ရသည်။

ဂူထွက်ပေါက်ရောက်ချေပြီကော။ အို. . . ဂူပေါက်ဝအထော်လှမ်းလှမ်းတွင် ရေအိုင်ကြီးရှိနေ၏။ ထိုရေအိုင်ကြီး၏နောက်ဘက်တောင်နံရံကြီးမှာ ရေတံခွန်ဖြစ်နေ၏။ ရေကျရှိန်ပြင်းလွန်းသဖြင့် တဝေါဝေါအသံတို့ပင် ကြားနေရ၏။

ထိုရေတံခွန်ကြီးကို ရောက်ဖူးသလို ခံစားလိုက်ရသည်ကြောင့် စိတ်များဗွီဟဖြစ်သွားရ၏။

သခင်မကြီးဒေဝီသည် ရေတံခွန်ရှိရာသို့ တန်ကြီးကိုဝတ်၍ ကျောက်ဆောင်ကျောက်တုံးများပေါ်မှ ချော်လဲမကျစေရန် ဟန်ချက်ညီညီ





တိမ်းရှောင်သွားလေ၏။ ကျွန်တော်သည် သူ့အဝင်ဘယ်သူ့ထံ သို့ဆင်းသွား၏။ လင်းမြင့်လှိုင်၊ စောရွှေတို့နောက်မှတစ်ဖန် သိမ်းငှက်နှင့် အသားနှုတ်မ သို့ကြည့်ခြင်းအားဖြင့် ရန်သူသည် အနောက်ဘက်မှ ရောက်လာနိုင်သည့် အကြောင်းသာရှိ၏။ သို့ကြောင့် အသားနှုတ်မနှင့် သိမ်းငှက်တို့ ရှောင်တိမ်းလိုက်ခဲ့ကြခြင်းဖြစ်သည်။

သို့အစဉ်လိုက်လျှောက်ခဲ့ကြရာမှ တဝေါဝေါကျနေသည့် ရေတံခွန်အနားအရောက်တွင် ရေတံခွန်နောက်ကွယ်တွင် လိုဏ်ဂူတစ်ခုရှိနေမှန်းသိလိုက်ရသည်။ ဟုတ်ပြီ။ ကျွန်တော် မှတ်မိပြီ၊ သခင်မကြီးဒေဝီ စံအိမ်ပေါ်ရှိ ဘုရားဆင်းတုနောက်ကွယ်တွင်ရှိသည့် သစ်ထွင်းပန်းချီတွင်ပါသည့် ရေတံခွန်ကြီးပင်ဖြစ်ချေတော့သည်။ တကယ်တော့ ထိုသစ်ထွင်းပန်းချီကားသည် ရေတံခွန်ရှိရာ နေရာပြမြေပုံပင် ဖြစ်ချေတော့သည်။

သခင်မကြီးဒေဝီသည် ရေတံခွန်နံဘေးမှပတ်၍ ဂူတွင်းသို့ဝင်လိုက်သည်။ လိုဏ်ဂူတွင်း အနည်းငယ်လျှောက်ဝင်သွားသည်နှင့် လိုဏ်ဂူကျယ်သို့ ရောက်လာ၏။ လိုဏ်ဂူအတွင်းရှိ ကျောက်ပန်းဆွဲများမှ တောက်ရေစက်တို့ တစ်စက်ချင်းကျနေကြသည်။ လိုဏ်ဂူ၏အလယ်ကျကျနေရာလောက်တွင် ကျောက်အိုင်တစ်ခုရှိနေသည်။

ကျွန်တော်တို့ ထိုကျောက်အိုင်နားအရောက်လုတွင် သခင်မကြီးဒေဝီ က လျှောက်လှမ်းနေရာမှ ရပ်လိုက်ပြီး နောက်ဘက်ရှိ သိမ်းငှက်နှင့် အသားနှုတ်မတို့အား လှမ်းကြည့်လိုက်ကာ. . .

"သိန်းငှက်က ဂူပေါက်ဝကနေပြီး အသာအယာစောင့်ကြည့် ဂူပေါက်ဝ လုံခြုံလျှင်ဖြင့် အစ်မတော်ရဲ့ ကိစ္စအောင်မြင်ပေမည်။ ညီမတော်က နှစ် ၁၀၀ပြည့် အထိမ်းအမှတ်အဖြစ် အစောင့်ယင်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခံ့ကျွေးမွေးဖို့ တစ်ခုခုစီစဉ်ပေးပါ၊ အစ်မတော်လည်း ဆာလေပြီ"

သို့နှယ် ပြောလိုက်သည်နှင့် အသားနက်မသည်

"အရင်ဆုံး လုပ်ငန်းကိစ္စလေးကို အစပျိုးထားရအောင် အစ်မတော်" ဆိုကာ ကြိုတင်ယူလာဟန်ဖြစ်သော ပုရပိုက်တစ်ခုကို ခါးကြားတွင်းမှ ဆွဲထုတ်လိုက်ကာ သခင်မကြီးဒေဝီကို ပေးလိုက်၏။

ထိုပေစာပုရပိုက်ကို ယူ၍ဖတ်လိုက်ပြီး ပတ်ဝန်းကျင်တစ်ခွင်သို့ လှည့်ပတ်ကြည့်လိုက်ပြီး ကျွန်တော်တို့ မျက်နှာမူရာကျောက်အိုင်လေး၏ ညာဘက် တွဲလွဲကျနေသည့် ကျောက်ပန်းစွဲအောက်သို့ အသားနက်မကို သွားရမိစေ၏။ အသားနက်မသည် သခင်မကြီးဒေဝီ၏ အမိန့်အတိုင်း သွားရပ် လိုက်၏။

"လက်နှစ်ဖက် ဆန့်ဆန့်ထားရပ်" ရယ်လို့ ပြောလိုက်သည်နှင့် အသားနက်မသည် သူမပြောသည့်အတိုင်း တသွေမတိမ်းလုပ်လေတော့၏။

"တဲ . . . အစ်မတော်က ဒီပုရပိုက်အတွင်းမှာ ညွှန်းတဲ့အတိုင်း ဖတ်ပြမယ် တသွေမတိမ်း အမှားအယွင်းမရှိ လုပ်ဆောင်ဖို့တော့ အရေးကြီးတယ်နော် နို့ကြောင့်လည်း ညီမတော်ကို တည်ငြိမ်မှုရှိအောင် တရားနာနာထိုင်ဖို့ အမြဲသွန်သင်ခဲ့တာပဲ အစ်မတော် ယုံကြည်ပါတယ် ဒီပုရပိုက်ထဲမှာ ရေးထားတာအရ ပြောရလျှင် ခုညီမတော်ရပ်နေတဲ့ အောက်ခြေကို ကြည့်လိုက်စမ်းပါ လိပ်ကျောကုန်းသဏ္ဌာန် ကျောက်ခဲလေးကိုတွေ့လား"

သူမစကားကြောင့် အသားနက်မသည် ငုံ့ကြည့်လိုက်၏။ ပြီးနောက် -

"ဟုတ် . . ရှိတယ် အစ်မတော်" ဟု ဝမ်းသာအားရပြောလေ၏။





"ဟုတ်ပြီ. . . အဲဒါကို ညီမတော်က ခြေအစုံရပ်ပြီး နင်းလိုက်
ယ်ဆိုလျှင် သတ်မှတ်ထားတဲ့ အလေးချိန်နဲ့ အံ့ဝင်ဂွင်ကျဖြစ်လို့တ
ခြုထဲကို ကျွံကျသွားလိမ့်မယ်. . . အောက်ခြေမှာ လိုဏ်ဂူရှိမယ်. . .
ဒ်ီမယ် လွှန်ခဲ့တဲ့နှစ်တစ်ရာကထားခဲ့တဲ့ ရွှေငွေကျောက်ပျောခိုင်ရှိမယ်. . .
က်ပျောခိုင်ရဲ့နံဘေးမှာ ယွန်းဘူးလေးတစ်ခု တွေ့လိမ့်မယ်. . . အဲဒါကို
ပြီး ဂလိုင်ပေါက်ထဲမှာရှိနိုင်မဲ့ ကျောက်မောင်းလေးတစ်ခုကို လိုက်ရှာပြီး
ချလိုက်လျှင်. . . ဒီအိုင်ရဲ့ ဟိုတစ်ဖက်မှာရှိတဲ့ ကျောက်ပန်းစွဲအောက်
ဂူပေါက်ကနေ ပြန်တက်လာနိုင်လိမ့်မယ်. . . "

သူမစကားကြောင့် ကျွန်တော်သည် သခင်မကြီးဒေဝီက အခုလို
ာတ်ပြောရအောင် ကိုယ်တိုင်လုပ်ခဲ့ဖူးလို့လားဟု မေးလိုက်သည်၊ သူမ
ည် ပြုံးလျက် ခေါင်းယမ်းပြီး "ဟင့်အင်း. . . နို့ပေမင့် ရေးထားခဲ့တဲ့
ပေစာဟာဆိုလျှင်ဖြင့် မှားယွင်းစရာအကြောင်း လုံးဝမရှိဘူးလို့ သိနေ
ည်"

ကျွန်တော် သူမစကားကို ယုံတစ်ဝက် မယုံတစ်ဝက်၊သို့ကြောင့်
ဆက်မပြောဘဲ တိတ်ဆိတ်စွာနေလိုက်သည်။

"ညီမတော်လေး. . . အစ်မတော်ပြောတာတွေ မှတ်မိပြီ နော်
. . သွားချေတော့. . . "ဟုပြောလိုက်သည်နှင့် အသားနက်မသည်
ကျောကုန်းသဏ္ဌာန်ရှိ ကျောက်တုံးလေးပေါ် ခြေစုံဝင်ရပ်လိုက်သည်၊

လုံးဝတုတ်တုတ်မျှ မလှုပ်။ သို့ကြောင့် သခင်မကြီးဒေဝီသည်
ဲမျက်နှာပျက်သွားသည်။ ကျွန်တော် သူမကိုကြည့်ပြီးပြုံးလိုက်မိ၏၊
လက်ထဲရှိ ပုရပိုက်သည် သူရှုတစ်ယောက်၏ မှတ်တမ်းမှတ်ရာ
ပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သခင်မကြီးဒေဝီသည် ကျွန်တော်၏ လှောင်ပြုံးမျက်နှာကြောင့် ဒေါသထွက်သွားသည်လား၊ ရှက်သွားသည်လားမသိ၊ အံလေးကိုကြိတ်လိုက်ပြီး စဉ်းစားလိုက်သည်။ သူမ ဘာဆက်လုပ်မည်ကို အသာကြည့်နေလိုက်သည်။

သူမမျက်နှာပြုံးရွှင်လာပြီး "အမောင်လုလင် ခြေထောက်နား ရှိတဲ့ ကျောက်တုံးကိုယူပြီး ညီမတော်ကို လှမ်းပေးလိုက်ပါ. . . "

သို့နှယ် လင်းမြင့်လှိုင်ကို ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က သူမကို လှောင်ပြုံးပြုံးလျက် သူခြေနားရှိ လက်သီးဆုပ်ခန့်ရှိ ကျောက်ခဲတုံးလေးကို ကောက်ယူသွားပေးလိုက်သည်။

သို့ လင်းမြင့်လှိုင်တစ်ယောက် အသားနက်မနားရောက်လုတွင် သခင်မကြီးဒေဝီက စိုးရိမ်တကြီးလေသံဖြင့် "ညီမတော် ဘေးကိုထွက်ရပ်"ဟု လှမ်းအော်လိုက်၏၊ သူမပြောသလိုပင် အသားနက်မသည် မူရင်းရပ်နေရာမှ နေရာရွှေ့ရပ်လိုက်သည်။

လင်းမြင့်လှိုင်သည် အသားနက်မကို သူကောက်ယူလာသည့် ကျောက်ခဲတုံးအားပေးလိုက်သည်။

"ဟုတ်ပြီ အမောင်လုလင်. . . ဒီနားကိုပြန်လာခဲ့. . . " ဆိုလာ ပြန်သဖြင့် လင်းမြင့်လှိုင်သည် ကျွန်တော်တို့နား ပြန်လာရပ်နေတော့၏၊

"ကဲ. . . ညီမတော်. . . အဲဒီကျောက်တုံးကိုင်ပြီး စောစော ချိန်မှတ်နေရာမှာ ပြန်ရပ်. . . "လို့ ပြောလိုက်သည်။ အသားနက်မသည် လည်း တသွေမတိမ်း လုပ်ဆောင်လိုက်၏။

"အသားနက်မ" ခန္ဓာကိုယ် လှုပ်ခါသွားသည်။ အခြားထူးခြား တာဖြင့်လုံးဝမရှိ။ သခင်မကြီးဒေဝီ၏မျက်နှာသည် ဝင်းလက်သွားလာ





ဟုတ်ပြီ. . . ဟုတ်ပြီ. . . အမောင်လုလင် ကူစမ်းပါဦး. . . နောက်ထပ် အရွယ်တူ ကျောက်ခဲတစ်လုံး ထပ်ရှာပြီးပေးလိုက်ပါ. . . " ဆိုသဖြင့် င်းမြင့်လှိုင်သည် ထပ်ရှာဖွေယူသွားပေးလိုက်၏။

"ကဲ. . . ညီမတော်. . . ဒီတစ်ခါဆိုလျှင်ဖြင့် လုံးဝ အံ့ဝှက်ပွင့် တာမှာ သေချာတယ်. . . အစ်မတော်ပြောတဲ့အတိုင်းသာ ဆက်လုပ် သွားချေ. . . သတ်မှတ်အလေးချိန်မပြည့်လို့ မောင်းတက်မပြတ်တာ. . . ဲ. . . ပြန်တက်ရပ်လိုက်တော့. . . "ဟု ပြောလိုက်သည်နှင့် အသားနက် သည် မူလချိန်မှတ်နေရာသို့ ခဲနှစ်လုံးကိုကိုင်ကာ တက်ရပ်လိုက်သည် င့် "ဂျိမ်း"ရယ်လို့ မြည်ဟီးသွားပြီး ဂလိုင်ပေါက်အံ့ဝှက်ပွင့်သွားကာ အောက်သို့ လျှောကျ သွားလေတော့၏။ အသားနက်မ ကျသွားသည်နှင့် အံ့ဝှက်အဖုံးကြီးသည် "ဂျိုင်း"ခနဲ့ ပြန်ပိတ်သွားတော့၏။

ကျွန်တော် မျက်လုံးမျက်ဆံပြူးသွားရသည်။ အတော်စွန့်စား သာ အသားနက်မဖြစ်သည်။ သခင့်အပေါ် သစ္စာရှိပြီး သတ္တိမနည်း သာ သူမကိုတော့ဖြင့် စိတ်မှာကြိတ်၍ ချီးမွမ်းမိ၏၊ အကယ်၍များ ခြအောက်လိုဏ်ဂူအတွင်းပြောသလို အံ့ဝင်ခွင်ကျ မဖြစ်လာပါမူ သူမ တွက် စိုးရိမ်ရချေပြီ။

သို့ပေမင့် ကျွန်တော်က တွက်ထားပြီးဖြစ်သည်၊ တော်တော်နှင့် မ ပြန်တက်မလာလျှင် ကျွန်တော် သူမလုပ်သလိုလုပ်၍ လိုက်သွားမည် ါ။ သို့ ကျွန်တော် စဉ်းစားလိုက်သည်ကြောင့် အသားနက်မအတွက် င်မှုလျော့ပါးသွားလေသည်ကြောင့် မူပျက်သွားသောမျက်နှာသည် းလက်လာသည်ကို သခင်မကြီးဒေဝီက ရိပ်မိလိုက်သည်ကြောင့် ပြုံး တ်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"အမောင်လုလင်. . . အဲဒီလိပ်ကျောကုန်းကျောက်တုံးလေး အပေါ် သွားရပ်ကြည့်ပါကလား"ရယ်လို့ပြောလာသည်ကြောင့် ဝမ်းသာအားရသွားရပ်လိုက်သည်။ ဘယ်အတွက်မူ အသားနက်မအတွက် အရေးကြုံလျှင် ကူညီနိုင်တော့မည်ကြောင့် ဖြစ်သည်။

သို့ ကျွန်တော်၏ပျော်ရွှင်မှုလေးသည် ရုတ်ချည်းဆိုသလို ပျက်သွားရ၏။ ကျွန်တော်၏ကိုယ်အလေးချိန်သည် အသားနက်မ၏ကိုယ်အလေးချိန်ထက် လျော့လိမ့်မည်မဟုတ်။ ဘယ်အတွက် အံ့ဝှက်မပွင့်ရပါသနည်း။ ထို့ကြောင့် သခင်မကြီးဒေဝီဘက် လှည့်ကြည့်လိုက်သည်။

သခင်မကြီးဒေဝီက ပြုံးလျက် "ညီမတော်အတွက် စိုးရိမ်ပူပန်နေတာကိုသိရတော့ ဝမ်းသာပါတယ်. . . နို့ပေမင့်အမောင်လုလင်မှ မဟုတ်. . . ဘယ်သူမှ သူ့နောက်ကို လိုက်သွားလို့ရတော့မှာ မဟုတ်ဘူး ဘာလို့လဲဆိုတော့ ဂလိုက်ထဲမှာ တစ်ယောက်ရှိနေသရွေ့ အံ့ဝှက်ကပွင့်လာမှာ မဟုတ်တော့ဘူး. . . ဟင်း. . . ဟင်း. . . ဟင်း. . ."

သူမစကားကြောင့် ကျွန်တော် ဒေါသအမျက်ထွက်သွားရကာ

"ခင်ဗျားကလေ ကိုယ်ချင်းစာတရားမရှိတဲ့သူပဲ. . ." အကယ်၍များ အသားနက်မဂလိုက်ပေါက်ထဲမှာတင် ထွက်လို့မရ ပိတ်မိနေလျှင်ဖြင့် မခက်ပေ ဘူးလား. . . "ရယ် လို့ ရင့်သီးစွာ ပြောလိုက်သည်။

သည်တွင် သူမက တည်ငြိမ်သောလေသံဖြင့် "မယ်တော်ရဲ့မှတ်တမ်းမှတ်ရာဆိုလျှင်ဖြင့် တိကျသေချာလောက်တယ်ဆိုတာ အစ်မတော်လုံးဝယုံကြည်တယ်. . . "ဟု ပြောလာ၏။

"အကယ်၍ လွဲချော်မှုရှိခဲ့လျှင် သူ့အတွက် ဘယ်လိုစဉ်းစားမှာလဲ. . . "





"လွဲချော်မှုရှိခဲ့လျှင်ဖြင့် အစ်မတော်လည်း ဘာလုပ်ရမှာလဲ. . . အမောင်လုလင်တို့အတွက်ဖြင့် မွေးနေ့အထိမ်းအမှတ်ကျော်ပြီ နှစ် ၁၀၀ ငှက်ပျောသီးမကျွေးနိုင်တော့တာကိုတော့ဖြင့် ဝမ်းနည်းစရာဆို ရုံပဲရှိတာပေါ့"

"တောက်. . . "

လင်းမြင့်လှိုင်က သို့နှယ်တောက်ခတ်လိုက်ပြီး-

"အတော်အတ္တဆန်တာပဲ. . . ကိုယ့်အပေါ် သစ္စာရှိတဲ့သူအတွက်တစိုးတစေ့လေးမှတောင် စာနာစိတ်မထားနိုင်တော့ဘူးလား. ."ရယ်လို့ မာန်မဲပြောလိုက်သည်တွင် သူမသည် အပြုံးမပျက်ချေ။

"အမျက်တော်သိပ်မရှိပါနဲ့ အမောင်လုလင်တို့ရယ် ညီမတော်အတွက် အစ်မတော်ထက်ပိုကဲပြီး စိုးရိမ်စိတ်ဖြစ်နေကြတဲ့ အမောင်လုလင်တို့ကို အများကြီးကျေးဇူးတင်ပါတယ်. . . နို့ကြောင့်လည်း အစ်မတော်ရဲ့ မွေးနေ့မှာ နှစ် ၁၀၀ ငှက်ပျောသီးနှင့် ဧည့်ခံခွင့်ရတာ ဂုဏ်ယူစရာ ပါပဲလေ . ."

"ရှိမ်း . . . "

သူမစကားဆုံးသည်နှင့် ကျောက်ရေအိုင်အတွင်းမှ ကျယ်လောင်သောအသံကြောင့် အားလုံးလှမ်းကြည့်လိုက်ကြသည်။ လှို့ဝှက်တံခါးတစ်ခုပွင့်သွားခြင်းဖြစ်သည်။ လူတစ်ကိုယ် ဝင်တွားထွက်နိုင်သည့် အပေါက်မှအသားနက်မသည် ထွက်လာတော့၏။ သူမနှင့်အတူ လွန်စွာမှ ကြီးမားလှပသော ရွှေရောင်ဝင်းမှည့်နေသည့် ငှက်ပျောတစ်ခိုင်ပါလာခဲ့ပြီးနောက် "ယွန်းဘူး"ငယ်တစ်ခု လဲပါလာချေ၏။ အံ့အားသင့်နေသော ကျွန်တော်တို့ကို သခင်မကြီးဒေဝီက အောင်နိုင်သူအပြုံးဖြင့်ကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"မယ်တော်က ဘာလုပ်လုပ်တိကျသေချာပါတယ်. . . "ရယ်လျှ သူမ၏ မိခင်ကို ချီးမွမ်းနေလေတော့၏။ ပြီးနောက် အသားနက်မထံမှ ယွန်းဘူးလေးကိုယူလိုက်ပြီး ဖွင့်ကြည့်လိုက်ကာ ကျေနပ်ပီတိဖြစ်နေပြန် သည်။

ပြီးလေမှ. . .

"ညီမတော် တာဝန်ကျေပွန်ပါပေတယ်. . . ကဲ. . . ကဲ. . . ချည့်သည်တွေကို နှစ်တစ်ရာငှက်ပျောသီး ကျွေးလိုက်ပါဦးကွယ်. . . "ဟု ပြောလေ၏။

အသားနက်မသည် အလွန်လှပပြီး အလုံးချောချော ငှက်ပျော တစ်လုံးကို အဖီးမှဖဲ့ကာ ကျွန်တော့်ကို ဦးစွာကမ်းပေးလာ၏။

ကျွန်တော်သည် လက်တွင်ကိုင်ထားဆဲဖြစ်သည့် ပတ္တမြားကြိုး ကို နံဘေးရှိ ကျောက်တုန်းကြီးကြီးတစ်ခုတွင် အသာအရာတင်လိုက်ပြီး သူမ ပေးလာသော ငှက်ပျောသီးကို လှမ်းယူပြီး စားရန်အလို့ငှာ အခွံနွှာ လိုက်၏။ သင်းပျံ့မွှေးကြိုင်သော ရနံ့ကထောင်းခနဲ ထွက်လာ၏။

အသားနက်မသည် လင်းမြင့်လှိုင်နှင့် စောရွှေအားလည်း တစ်လုံး စီပေးလိုက်ပြီးနောက် "နှစ်သက်သလောက် စားနိုင်ပါတယ်. . . "ဆိုကာ ငှက်ပျောတစ်ဖီးကိုသာ ယူသွားပြီး ကျန်တာထားခဲ့လေတော့၏။

အသားနက်မသည် ငှက်ပျောတစ်ဖီးယူကာ ဂူပေါက်ဝတွင် သတိမပြတ်စောင့်ကြည့်လျက်ရှိသော သိမ်းငှက်ထံသို့သွားလေသည်။ ကျွန်တော်သည် အခွံနွှာပြီး ငှက်ပျောသီးကိုစားရန်အလို့ငှာ ဟန်ပြင်လိုက် စဉ်မှာပင်. . .

"အင်း. . . ညီမတော်က အစ်မတော်ကို ငှက်ပျောသီးကျွေးဖို့





မေ့သွားပြီပဲကွယ်. . . "

သို့နှယ် ပြောလာသံကြောင့် ကျွန်တော်သည် မိမိစားရန် အခွံ နွှာငှက်ပျောသီးကို သူမထံ ကမ်းလှမ်းပေးလိုက်သည်။

သူမက လှမ်းယူလိုက်ပြီး ချစ်စဖွယ်အမူအရာဖြင့် ပြုံးပြလေ သည်။ တမင်လေလား၊ မတော်တဆဖြစ်ခြင်းလေလားမသိ၊ သူမ၏သွယ် လျှလျှ လက်ချောင်းလေးများက ကျွန်တော်၏လက်ဖမိုးကို လာရောက်ထိ လာလေသဖြင့် ကြက်သီးမွေးညှင်းထသွားမိသည်။ နူးညံ့လှချေ၏။

သူမ၏အသားနှင့်ထိကပ်လိုက်မိခြင်းကြောင့် ကျွန်တော့်စိတ် တွင် ဖြစ်ပေါ်နေသည့် ခံစားချက်ကို ထွင်းဖောက်သိလေသည်လား မပြော တတ်။

"အမောင်တစ်ကိုက်. . . ကိုက်လိုက်ပါဦး. . . "ဆိုကာ သူ့ လက်တွင်းရောက်သွားသည့် ငှက်ပျောသီးကို ပါးစပ်နားတိုးကပ်ပေးလာ သဖြင့် တစ်ကိုက်ဖဲ့စားလိုက်သည်။

အလို. . . ကောင်းလိုက်သည့်ဖြစ်ခြင်း၊ ကျွန်တော့် တစ်သက် စားဖူးခဲ့ခြင်းမရှိသော ငှက်ပျောသီးပင် ဖြစ်ချေ၏၊ ချို၏၊ မွှေး၏၊ စိမ့်၏၊ အေး၏၊ သူမသည်လည်း တစ်ကိုက်စားလေ၏၊ ပြီးနောက်. . .

"မယ်တော်ရဲ့ပေစာထဲမှာ ဒီငှက်ပျောက "ပင်မှည့်သီး"လို့ ဆို ထားတယ်. . . နှစ်တစ်ရာမှာ တစ်ကြိမ်. . . တစ်ကြိမ်မှာ တစ်ခိုင်. . . တစ်ခိုင်မှာ သုံးဖီးပဲသီးလေ့ရှိတယ်တဲ့. . . ဒီငှက်ပျောကို စားလိုက်တဲ့သူ တ စိတ်ရွှင်လန်းတယ်. . . ခွန်အားကိုပြည့်ဝစေတယ်. . . အနာရောဂါ ကင်းတယ်. . . အသားအရေကို စိုပြည်စေတယ်တဲ့. . . မယ်တော်က တစ်ဦးတည်းသော သမီးဖြစ်တဲ့ အစ်မတော်ကို အရမ်းချစ်တာ. . .



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်က အင်မတန်ချော မောလှပတယ်... သူ့ကိုမြင်မြင်သမျှ ယောကျ်ားသားတိုင်းလိုလို နှစ်သက်ကြတယ်... ပိုင်ဆိုင်ချင်ကြတယ်... အဲ... မယ်တော်ဟာ ဘယ်လောက်ပဲ လှပါစေ... "အို-နာ-သေ"ဆိုတဲ့ လူသားတိုင်း ရှောင်ဖယ်မရတဲ့ ဘေးဆိုးကနေ လွတ်အောင် ဘယ်လိုကြံဆောင်ရမလဲဆိုတာ အမြဲစဉ်းစားတော့တာပဲ..."

" 'အို-နာ-သေ'ဘေးကို မယ်တော် အရမ်းကြောက်နေတယ်... သည်ကြားကပဲ "အို"ခြင်းဆိုတဲ့ ကပ်ဆိုက်တော့တာပဲ... သည်အခါ ခမည်းတော်က မယ်တော့်ကိုပစ်သွားပြီး... နုပျိုတဲ့ ရံရွေတော်တို့နဲ့ ဖောက်ပြန်တော့တာ မယ်တော်က ပိုစိတ်ထိခိုက်သွားတယ်... အဲဒီအချိန်ကစပြီး သူ့အတွက်ဖြစ်မလာတောင် တစ်ဦးတည်းသောသမီးဖြစ်တဲ့ အစ်မတော်ကို သူ့လိုမဖြစ်ရလေအောင် မခံစားရလေအောင် အို-နာ-သေ ဘေးက လွတ်နိုင်မယ့် နည်းလမ်းကို ရှာတော့တာပဲ..."

သို့နှယ်ပြောရင်း သူမသည် ငှက်ပျောသီးတစ်လုံးကို အခွံနွှာပြီး ကျွန်တော့်ကိုပေးလာ၏။ ကျွန်တော်သည် သူမပေးလာသည့် ငှက်ပျောသီးကို တစ်ကိုက်စားလိုက်ပြီး ပြန်ပေးလိုက်၏။ သူမသည် ကျွန်တော်ပြန်ပေးလိုက်သည့် ငှက်ပျောသီးကိုစားလိုက်ပြီး ဆက်ပြောပြန်၏။

"မယ်တော်က ဆေးကြမ်းတွေကို ရှာဖွေတယ်... စုဆောင်းတယ်... ဖတ်တယ်... မှတ်တယ်... တရားဓမ္မတွေကို လေ့လာတယ်... ကျင့်ကြံတယ်... နက္ခတ်ပညာတွေကိုလည်း လိုက်စားတယ်... ဒီလိုနဲ့မယ်တော်က အစ်မတော်အတွက် ဒီပုရပိုက်ကိုထားခဲ့နိုင်တာပဲပေါ့..."

"မယ်တော်ဟာ သူ့အတွက်တော့ အချိန်နှောင်းခဲ့ပေမင့်...





အစ်မတော်အတွက် သူလုပ်ပေးခဲ့တာပဲပေါ့..."

"နို့ဖြင့်... အစ်မတော်ရဲ့အသက် ၁၀၀ ဆိုတာ အမှန်ပဲလား..."

"ဟုတ်တယ်... မယုံဘူးလား... ဒီနေ့အမှန်သိရတော့မှာပဲလေ" သည့်တွင် ကျွန်တော်က...

"လူ့သက်တမ်းက (၁၀၀)မကာ ရှိပါတယ်... အသက်ရှည်အနာကင်းတာလည်းရှိတာပဲ... လက်ခံပါတယ်... နို့ပေမင့် အိုခြင်းကိုတော့ မကျော်လွှားနိုင်ကြပါဘူး..." ရယ်လို့ ပြောလိုက်သည့်တွင် သူမက ရယ်မောလိုက်ပြီး...

"ဟင်း... ဟင်း... ဟင်း...၊ ဘာလို့မဖြစ်နိုင်ရမှာတုန်း... ခု အစ်မတော်အသက် (၁၀၀)ပြည့်ပြီ... အိုစာနေလို့လား..."

ကျွန်တော် သခင်မကြီးဒေဝီကို သေသေချာချာ စူးစိုက်ကြည့်မိလိုက်တော့သည်။ တကယ်ပဲ သူမပြောသလို နှစ် (၁၀၀)ရှိခဲ့ရိုးမှန်ပါက သခုမြင်တွေ့နေရသည့် သူမ၏အဆင်းသဏ္ဌာန်နှင့်လုံးဝဆန့်ကျင်ဘက်ဖြစ်ပါပြီကော။ အင်းလေ... ဖြစ်နိုင်ကောင်းတော့ ရှိပါ၏။ အနောက်နိုင်ငံတွင် "ပလတ်စတစ်ဆာဂျရီ"ဆိုသည့် သိပ္ပံနည်းကျကျ ခွဲစိတ်ပြုပြင်ပို့ရနေပြီကိုး။ နို့ပေမင့် သေချင်းတရားကိုတော့ ရှောင်လွှဲလို့ရနိုင်လိမ့်မည်ဟုတ်ပါ။ ကျွန်တော် သူမနှင့်အတိုက်အခံမလုပ်လိုပြီ။ သို့ကြောင့် ဆိတ်ငြိမ်စွာနေလိုက်တော့သည်။

"အစ်မတော် သစ်သီးစားပြီးလျှင်ဖြင့် လုပ်ငန်းစသင့်ပြီ"ရယ်လို့ သားနက်မက သူမအနားရောက်လာကာ ပြောလေ၏။

ထို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



"စက်နာရီ ဘယ်လောက်ရှိပြီလဲ "ရယ်လို့ သခင်မကြီးဒေဝီက လင်းမြင့်လှိုင်ကို လှမ်းမေးသည်၊

"မွန်းတည့် (၁၂)နာရီ ထိုးလုပြီ. . . "

လက်မှနာရီကိုကြည့်လိုက်ကာ လင်းမြင့်လှိုင်က လှမ်းပြောလိုက်သည်။

"ကဲ. . . အမောင်လုလင်. . . အစ်မတော်ရဲ့လုပ်ငန်းကို စရတော့မယ်. . . ညီမတော်နှင့် သိမ်းငှက်က ရန်သူကို စောင့်ကြပ်ကြည့်နေလိမ့်မယ်. . . အကယ်၍ ရန်သူရောက်လာခဲ့လို့ရှိလျှင်ဖြင့် အစ်မတော်ရဲ့လုပ်ငန်းပျက်စီး မသွားအောင် အမောင်လုလင်တို့ကလည်း သိမ်းငှက်နှင့်ညီမတော်ကို အကူအညီပေးစေချင်တယ်. . . "

လင်းမြင့်လှိုင်နှင့် စောရွှီးကို ပြောလေ၏။ ပြီးနောက် ကျွန်တော့်အား. . .

"အမောင်လုလင်ကတော့ ပတ္တမြားကြီးကိုပဲ ဂရုစိုက်စောင့်ရှောက်ထိန်းသိမ်းထားပါ. . . မပျက်စီး မပျောက်ပျက်စေချင်ဘူး. . . အခု အစ်မတော် ဒီယွန်းဘူးလေးထဲရှိတဲ့ သော့တံနဲ့ လျှို့ဝှက်ရေတံခါးပေါက်ကို ဖွင့်လိုက်မယ်. . . ဒီအခါ ရေတွေက ကျောက်အိုင်လေးထဲကို ဝင်လာလိမ့်မယ်. . . အစ်မတော်ကို ကျောက်အိုင်လေးထဲမယ်ရှိတဲ့ ကျောက်ခုံလေးပေါ်က ကျောက်တိုင်မယ် လှုပ်မရအောင် ကြိုးနဲ့တုတ်နှောင်ထားလိုက်ပါ. . . "

သူမစကားကြောင့် ကျွန်တော် ထိတ်လန့်သွားသည်၊

"နို့ဆိုလျှင်ဖြင့် ကျောက်အိုင်လေးထဲဝင်လာတဲ့ ရေတွေဟာ ပြည့်လျှံလာလျှင်ဖြင့် အစ်မတော် ရေနှစ်သေသွားမပေါ့. . . သည့်ထက်





ရေတွေလျှံလာလျှင်လည်း ဒီလိုဏ်ဂူပါ ရေတွေပြည့်လာလျှင် အားလုံး ရေနှစ်သေသွားမတော့မပေါ့ဗျာ. . . "

ကျွန်တော်က သို့ပြောလိုက်သည်တွင်. . .

"အမောင်လုလင်လုပ်ရမယ့်တာဝန် လွဲချော်ခဲ့လျှင်. . . နို့မှမဟုတ် ပျက်ကွက်ခဲ့လျှင်တော့ အားလုံးရေနှစ်သေကြရမှာပေါ့. . . ကံကောင်းတဲ့သူတော့ လွတ်ချင်လွတ်မှာပေါ့. . . အစ်မတော်ကတော့ ဘယ်လိုမှ မလွတ်နိုင်ဘူး. . . အင်းလေ. . . ဒါကို တွေးပူမနေပါနဲ့. . . အမောင်လုလင် လက်ထဲရှိတဲ့ ပတ္တမြားကြီးကိုသာ ညဉ့်နက်သန်းခေါင် (၁၂၀၀)နာရီတိတိမှာ ဒီနားရှိတဲ့ ဂလိုဏ်ပေါက်ထဲကို ထည့်လိုက်ပါ. . . ရေဝင်ပေါက်ကို သွားပိတ်မိပြီး ဒီ ကျောက်အိုင် ကြမ်းပြင်ရှိတဲ့ ရေလွှဲတံခါးတွေပွင့်ပြီး ရေတွေ ဖလယောပြန် စီးသွားလိမ့်မယ်. . . "

"ဟင်. . . နို့ဖြင့် အစ်မတော်ပါ ရောပါသွားမပေါ့. . . "

ကျွန်တော်၏ စိုးရိမ်စိတ်စကားသံကြောင့် သူမ ပီတိဖြစ်သွားတော့သည်။

"အစ်မတော်ကို တုပ်နှောင်ထားပါလို့. . . ဒါကြောင့် ခိုင်းရတာပေါ့. . . "

ကျွန်တော် သဘောပေါက်သွားပေပြီ ဖြစ်သည်၊

"နို့ဖြင့်. . . အစ်မတော် (၁၂)နာရီမတိုင်ခင်ကတည်းက ရေအောက်မှာရှိမှာဆိုတော့ ရေနစ်သေပြီပေါ့ဗျာ. . . ဘယ့်နှယ်ဖြစ်နိုင်ပါ့မလဲ. . . ကျွန်တော် မလုပ်ရက်ပါဘူး. . . "

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း. . . "

ကျွန်တော့်စကားကြောင့် သူမသည် ရယ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"အ,ရန်ကော အမောင်လုလင်ရယ်. . . အသက်ဆက်နေပါတယ်ဆိုမှ အချိန်အတိုင်းအတာတစ်ခုထိ ရေအောက်မှာမနေလို့ ဘယ်ဖြစ်ပါ့မတုန်း"

"ဘာရယ်. . . အသက်ဆက်နေတာ ဟုတ်လား. . ." အံ့ဩစွာ မေးလိုက်၏။ "ဟုတ်တယ်လေ. . . လက်ရှိ အစ်မတော်အသက် (၁၀၀) ကနေ နောင်နှစ် ၂၀၀ တိုင်ယူလို့ရအောင် အသက်ကိုဆွဲဆန့်ချင်တာပေါ့"

ကျွန်တော် လုံးဝစိတ်ညစ်၊ စိတ်ရှုပ်ထွေးသွားမိသည်။ လုံးဝမဖြစ်နိုင်သောကိစ္စဖြစ်သည်။ ကျွန်တော် သိရသလောက် အသက်ဆက်ခြင်း လုပ်ကြသည်မှာ "ဝိဇ္ဇာဓိုရ်"များ သူတော်စင်ပုဂ္ဂိုလ်များသာလျှင် လုပ်ကြသော ကျင့်စဉ်ဖြစ်၏။ သို့မှသာ နည်းမျိုးစုံဖြင့် အသက်ကိုဆွဲဆန့်ကြခြင်းဖြစ်၏။ သို့လုပ်ရခြင်းသည် အို-နာ-သေဘေးကို ရှောင်လွှဲလိုကြခြင်းမဟုတ်။ နောင်ပွင့်မည့် ဘုရားရှင် "အရိမေတ္တေယျ"ကို ဖူးမျှော်လို၍လည်းကောင်း၊ စောင့်ရှောက်လို၍လည်းကောင်း သိထားပေသည်။

ယခု သခင်မကြီးဒေဝီက ဝိဇ္ဇာရ်လည်းမဟုတ်၊ သူတော်စင်လည်းမဟုတ်၊ သီလလုံခြုံသူလည်း မဟုတ်။ ပြီးတော့ သူမသည် အို-နာ-သေဘေးမှ ရှောင်လွှဲလိုခြင်းသာဖြစ်၏။ ဘယ်အတွက်ဖြစ်နိုင်ပါမည်နည်း။ ပြီးတော့ သူမသည် မိန်းမသား။ မဟုတ်မှလွဲ ရှုံ့သွပ်နေသူသာ ဖြစ်ချိမ့်မည်။ သို့တွက် လိုက်မိသည်ကြောင့် သူမ၏လုပ်ရပ်ကို တားဆီးရန် စဉ်းစားလိုက်မိပေမင့် သူမသည် သူတစ်ပါး၏စိတ်ကို ထွင်းဖောက်သိနေခြင်းကြောင့်ပေလား မသိချေ။

"အမောင်လုလင် တောင်တောင်အီအီစဉ်းစားမနေနဲ့နော်. . . အစ်မတော်အတွက် အချိန်လင့်တော့မယ်. . . မင်းမှာ သစ္စာ. . . လူမှာ





ကတိဆိုသလို ယောကျ်ားကောင်းမှန်လျှင် ကတိစကားတော့ မဖျက်သင့်ပါဘူး" ဟု ပြောလာသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်နှင့် စောရွှီးအား မျက်ရိပ်ပြလိုက်သည်နှင့် သူတို့နှစ်ယောက်သည် သခင်မကြီးဒေဝီကို ကျောက်အိုင်အလယ်တွင်ရှိ ကျောက်ခုံပေါ်မှ ကျောက်တိုင်တွင် သခင်မကြီးဒေဝီကို တင်ပလ္လင်ခွေထိုင်လျက် အနေအထားအတိုင်းဖြင့် တုပ်နှောင်ချည်လိုက် ကြသည်။

ပြီးနောက် သခင်မကြီးဒေဝီမှာထားသည့်အတိုင်း သော့တံကိုယူ၍ ရေတံခါးသော့ကို ဖွင့်လိုက်သည်။

ကျောက်အိုင်နံရံများမှ ရေများ တစိမ့်စိမ့်စီးကျလာလေတော့သည်။

လင်းမြင့်လှိုင်၊ စောရွှီးနှင့် ကျွန်တော်တို့သည် ကျောက်အိုင်နံဘေးတွင် စိတ်လွတ်ကိုယ်လွတ်ထိုင်ကာ စကားစမြည်ပြောရင်း ငှက်ပျောသီးစားရင်း သခင်မကြီးဒေဝီကို ကြည့်နေကြသည်။

သခင်မကြီးဒေဝီသည် မျက်စိအစုံကို မှိတ်ကာ တရားမှတ်နေလေသည်။

ဂူပေါက်ဝတွင်ရှိကြသော အသားနက်မနှင့် သိမ်းငှက်တို့သည် ကျွန်တော်တို့သုံးရောက်ထံသို့ ကဲကဲကြည့်နေကြသဖြင့် မယုံရန်ကောဟုတွက်ကာ အမျက်ထွက်မိသေးတော့၏။

ရေတို့သည် ကျောက်အိုင်လေး၏ လေးဖက်လေးတန်ရှိရေထွက်ပေါက်များမှ စိမ့်ယိုကျနေသည်။

တစ်စတစ်စ အချိန်တွေကုန်လာသလို ကျောက်အိုင်အတွင်း စိမ့်ဝင်လာသော ရေတို့သည် များများလာတော့၏။ သခင်မကြီးဒေဝီရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကျောက်ခုံကြီးအစပ်ထိ ရောက်လာပြီဖြစ်သည်။

လင်းမြင့်လှိုင်သည် ထိုင်ရာမှထလိုက်ပြီး ဂူပေါက်ဝရှိ အသားနက်မနှင့် သိမ်းငှက်တို့ရှိရာ သွားလိုက်သည်၊ သူ့လက်တွင်းမတော့ လက်စွဲတော် ဝင်ချက်စတာသေနတ်ပါ သွား၏။

ကျွန်တော်၏ သေနတ်ကိုတော့မြင့် စောရှိန်းကိုပေးထား၏၊ သခင်မကြီးဒေဝီ၏ စီမံချက်အရ ကျွန်တော်သည် ပတ္တမြားကြီးကို ည (၁၂) နာရီ မထိုးမချင်း ထိန်းသိမ်းထားရန် ဖြစ်သည်။

စောရှိန်းသည် သူရရှိထားသော ရွှေတုံးကိုထုတ်ကြည့်၍ မဆုံးဖြစ်နေတော့သည်။

လင်းမြင့်လှိုင်သည် အသားနက်မနား ရောက်သည်နှင့် "နေပါဦး. . . ညနေစောင်းချေပြီ. . . အကယ်၍ ဂူထဲမှာ မှောင်လာလျှင်မြင့် အမှောင်ထဲမှာပဲ ထိုင်နေကြရမှာလား. . . "ရယ်လို့ မေးလိုက်သည်တွင်

အသားနက်မက "ကညင်မီးတိုင်တွေ ရှိတယ်လေ. . . "ဟု ပြောလေသည်။

အချိန်တွေ တဖြည်းဖြည်းကုန်လာသလို ကျောက်ဇိုင်တွင်းမှ ရေတို့သည်လည်း မြင့်တက်လာသည်မှာ သခင်မကြီးဒေဝီရှိနေသည့် ကျောက်ခုံပင် လုံးလုံးလျားလျားမြုပ်ချေပြီဖြစ်၏။

မှောင်လာပြီဖြစ်သည်ကြောင့် စောရှိန်းသည် ကညင်မီးတိုင်များကို လိုက်လံမီးထွန်းညှိလေတော့သည်။

လိုက်ဂူအတွင်း လင်းထိန်လာတော့၏။ သို့ဖြင့် အချိန်သည် တစ်စတစ်စဖြင့် ည၌ (၁၁)နာရီလောက်တွင် ရေတို့သည် သခင်မကြီးဒေဝီ၏ ကိုယ်ကြီးတစ်ခုလုံး နစ်မြုပ်သွားချေတော့၏။





ကျွန်တော်တို့အားလုံး သခင်မကြီးဒေဝီအတွက် ငိုရှိုက်မိကြ၏၊ သခင်မကြီးဒေဝီပြောထားသလို ရေထဲတွင် သူမတစ်နာရီတိတိ နေရမည်ဖြစ်သည်။ ည၌သန်းခေါင် (၁၂)နာရီကျော်သည်နှင့် ရေအောက်တွင် ရှိနေသော သခင်မကြီးဒေဝီသည် မူလအသက်အရွယ်ရှိ ပုံပန်းသဏ္ဌာန်ပြောင်းလဲသွားလိမ့်မည်။ သို့ကြောင့် သန်းခေါင်ယံ (၁၂)နာရီတိတိတွင် ကျွန်တော့်လက်တွင်းရှိ ပတ္တမြားကြီးကို သူမပြောထားသော ကျောက်ဆွန်းထိပ်ချိုင့်ခွက်အတွင်း ထည့်လိုက်ရမည်ဖြစ်၏၊ သို့ကြောင့် ကျွန်တော်သည် နာရီကိုတကြည့် ကြည့်ဖြင့် ရှိနေစဉ်. . .

"အား. . . "

သိမ်းငှက်၏အလန့်တကြား အော်လိုက်သံကြောင့် လင်းမြင့်လှိုင်၊ စောရှိန်းနှင့် ကျွန်တော်တို့သည် ဂူပေါက်ဝသို့ လှမ်းကြည့်လိုက်ကြသည်။

သိမ်းငှက်တစ်ယောက် ရင်ဝမြားတံစိုက်လျက် မြေပြင်သို့ ဘုန်းခနဲလဲကျသွားသည်။ လျှပ်တစ်ပြက်ဆိုသလိုပင် အသားနက်မကို လူနှစ်ယောက်က ဝင်ရောက်တိုက်ခိုက်လာတော့၏။

သို့နှယ် တိုက်ခိုက်လာသူ နှစ်ယောက်သည် ဝဏ္ဏနှင့် ရှုပ အစ္စာညီအစ်ကိုပင်ဖြစ်သည်။

အသားနက်မသည် အဆင့်မြင့်သိုင်းပညာရှင်တစ်ယောက် ဖြစ်ပေငြား မိန်းမသားဖြစ်သည့်အပြင်၊ ယောကျာ်းသားနှစ်ယောက် ပူးပေါင်းတိုက်ခိုက်နေသဖြင့် အရေးနိမ့်လာတော့၏။

ထိုသူနှစ်ယောက်ကို ဂူပေါက်ဝမှ ပိတ်ဆို့တားဆီးထားနိုင်စွမ်း သူမတွင် မရှိတော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုတိုက်ပွဲအတွင်းသို့ ကျွန်တော်တို့ သုံးယောက်စလုံး ဝင်ရောက်လှုပ်ရှားရန် မစဉ်းစားကြချေ။ ဘယ့်အတွက်မူ ဝဏ္ဏတို့ ညီအစ်ကိုနှင့်လည်း သိကျွမ်းခဲ့ရခြင်းကြောင့်လည်းကောင်း၊ ပြီးတော့ သခင်မကြီးဒေဝီအတွက် လုပ်ဆောင်ပေးရမည့်ကိစ္စများ တာဝန်ယူလုပ်ပေးရန်ရှိခြင်းကြောင့်ဖြစ်သည်၊ တိုက်ပွဲသည် ကျွန်တော်တို့နှင့် အလှမ်းဝေးနေသည်ကြောင့် သခင်မကြီးဒေဝီအတွက် ပူပင်ဖွယ်မရှိသေးဟု စိတ်မှာတွက်ထားခြင်းသည် ကျွန်တော်တို့၏အမှားပင် ဖြစ်ချေတော့၏။

သူတို့သည် သိုင်းပညာကို တစ်ဖက်ကမ်းခတ်တတ်မြောက်ထားသူများဖြစ်သောကြောင့် ရှုပသည် တိုက်ပွဲကြားမှ ဖျတ်ခနဲရှောင်ထွက်လာပြီး မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ဆိုသလို ကျွန်တော့်အနားရောက်လာပြီး ပတ္တမြားကြီးကို လုယူလေတော့၏။

သူ့လက်ထဲရောက်သွား၍မဖြစ်။ သို့ကြောင့် ကပျာကသီလက်ကို ရုတ်လိုက်၏။

"ဘုတ်. . . "

"ခွမ်း. . . "

ကျွန်တော့်လက်ကိုအရုတ် အသားနက်မက ကျွန်တော့်ကို ကွယ်ရန်ဝင်ရောက်အလာနှင့် တိုက်ဆိုင်သွားသဖြင့် ကျွန်တော့်လက်တွင်းရှိ ပတ္တမြားကြီးသည် ရှုပလက်အတွင်း ပါမသွားခဲ့ပြား အသားနက်မ၏တိုက်မိသွားသည်ကြောင့် ပတ္တမြားကြီးသည် လက်တွင်းမှ လျှောထွက်ကျောက်သားစွန်းအပေါ် အရှိန်ပြင်းလွင့်စဉ်ကျသွားသည်ကြောင့် "ခွမ်း" ခနဲမြည်ကာ တစ်စစီပဲ့ကြွေသွားတော့သည်။

"ဟင်. . . "





"ဟာ. . . "

"ဘုရားရေ. . . "

အသားနက်မတစ်ယောက်အတော်လေး ချောက်ချားသွားပုံရ၏။

"ဘုန်း. . . "

တဖင်ငေးကြောင်သွားစဲအချိန်တွင် အလစ်အငိုက်သူတော့ မှူးက အသားနက်မ၏နှလုံးသားရှိရာရင်ဝသို့ ဖြောင့်လတ်သီးတစ်လုံး ဝင်သွင်းလာခြင်းကြောင့် သူမ နောက်လန်လဲကြသွားတော့၏။

ကျွန်တော်သည် ရှုပအပေါ် လွန်မင်းစွာ အမျက်ခေါ်သွားရသည်၊ သို့ကြောင့် သိုင်းမတတ်ပေပြား ရှုပ၏ဦးခေါင်းကို သက်ပြင်းတစ်ချက် အားကုန်လွှဲရိုက်လိုက်သည်။

ရှုပသည် ဖျတ်ခနဲ ရှောင်တိမ်းလိုက်ပြီး ကျွန်တော့်အား ခြေဖြင့်မှ တုံ့ပြန်လာခြင်းမပြုဘဲ "နောင်ကြီး. . . ဒိဂူထဲက အမြန်ထွက်ပြေးတော့ တော်ကြာလိုဏ်ဂူထဲ ရေတွေဖြည့်လျှံလာလျှင် ထွက်ပေါက်ပိတ်မိသွားလိမ့်မယ်. . . "ရယ်လို့ အော်ဟစ်သတိပေးရင်း လှန်လဲကာနေသည့် အသားနက်မထံသို့ တိုက်ခိုက်ရန်အလို့ငှာ ပြေးကပ်သွားတော့သည်။

ထိုစဉ်. . .

"ဒိန်း. . . "

စောစွာပစ်လိုက်သော သေနတ်ကျည်ဖူးသည် ရှုပ၏နောက်ကျောမှဖောက်ဝင်သွားကာ နှလုံးသားကို ဖြတ်ထွက်သွားသည်ကြောင့် အရုပ်ကြိုးပျက်ပုံကျသွားတော့သည်။

"ဘုန်း. . . "

အသားနက်မသည် ကပျာကသီထလာပြီး သခင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



သို့ လှမ်း၍ကြည့်လိုက်သဖြင့် ကျွန်တော်သည်လည်း ကြည့်လိုက်သည်။

"ဟင်. . . "

ရေတို့သည် နောက်ကျိလာသည်ကြောင့် သဲကွဲစွာမမြင်ရချေ။ လက်မှနာရီကိုကြည့်လိုက်ပြန်တော့ (၁၂)နာရီကျော်သွားပြီဖြစ်၍ ကျွန်တော်လည်း ကြက်သည်းမွေးညင်းထသွားမိသည်။ အချိန်နှောင်းသွားချေပြီသာမက ပတ္တမြားကြီးပင် ကွဲကြွေသွားပြီကော။

"အမောင်လုလင်တို့ ဒီဂူထဲကနေ အမြန်ထွက်သွားကြပါတော့ နို့မဟုတ် အားလုံးသေကုန်ကြလိမ့်မယ်. . . ကျွန်မကတော့ အစ်မတော် အပေါ် တာဝန်မကျေခဲ့တဲ့အတွက် သစ္စာဆိုထားတဲ့အတိုင်း လုပ်ရတော့မှာပဲ. . "ဆိုကာ ကျောက်နံရံကို သူမ၏ဦးခေါင်းဖြင့် ပြေးသွားတိုက်လိုက်၏။

"ခွပ်. . . "

သေကြောင်းကြံသွားခြင်းဖြစ်သည်။ သို့ သူမလုပ်သွားခြင်းကို တားဆီးရန် အချိန်မရလိုက်ချေ။ စိတ်မကောင်းဖြစ်ရသည်။ စော်ရှိသည့် အသားနက်မလက်ချက်ကြောင့် ဂူပေါက်ဝတွင် လဲကျနေသော ဝဏ္ဏ [illegible] ပြေးသွားလိုက်သည်။

"နောင်ကြီးတို့. . . ကျုပ်ကို ဂရုစိုက်မနေကြပါနဲ့. . . ကျုပ်က သေလူဖြစ်နေပြီ. . . ဒီကနေသာ မြန်မြန်ထွက်သွားကြပါ. . . နို့မဟုတ် အားလုံးသေကြလိမ့်မယ်. . . "ဆိုကာ ဇက်ကျိုးကျသွားတော့သည်။

သူတို့ပြောသလိုဖြစ်လာနိုင်သည်ကြောင့် ဂူတွင်းမှထွက်ခွာ [illegible] ရန် ဆုံးဖြတ်လိုက်ပြီးလေမှ သခင်မကြီးဒေဝီရှိရာ ကျောက်ရေအိုင်အတွင်း လှမ်းကြည့်လိုက်၏။ သူမအသက်ရှင်နေသရွေ့ ရှိနေသေးသလားမရှိ [illegible]





ပြီလားမသိ၊ မည်သို့လုပ်ရမည် စဉ်းစားမရ ဖြစ်ရတော့၏။

"လာပါ ကိုပိုက်ရာ. . . သံယောဇဉ်ဖြတ်လိုက်စမ်းပါ. . . ရေတွေတစ်စတစ်စ ဝင်လာပြီဗျ. . . "ဆိုကာ ကျွန်တော့်လက်ကိုဆွဲလာသည်ကြောင့် ရုန်းထွက်လိုက်ပြီး "တစ်ခုတော့ လိုချင်သေးသဗျ"ဆိုကာ ကျွန်တော်သည် သခင်မကြီးဒေဝီမှာထားသော ပတ္တမြားကြီးထည့်ရန် ကျောက်စွန်းထိပ်ရှိ ချိုင့်ခွက်ကလေးနားတွင်ရှိသည့် သခင်မကြီးဒေဝီ၏ မိခင်ရေးသား မှတ်တမ်းပြုထားသော ပေပုရပိုက်ကို ပြေးယူလိုက်သည်။ ပေပုရပိုက်ပါစာသားများကို ကျွန်တော့်အနေဖြင့် မဖတ်တတ်ပေမင့် သမိုင်းသုတေသီဆရာကြီး ဒေါက်တာခင်မောင်ညွန့်ကို ပေးရန်အလို့ငှာ ဖြစ်သည်။

ဗလပေါစီးဆင်းနေသော ရေတို့သည် ကျွန်တော်တို့၏ခြေကျင်းဝတ်မက ဒူးဆစ်နားပင် ရောက်လာနေပြီဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော်တို့ ထိုဂူထဲမှထွက်လာခဲ့ကြသည်။ ဂူပေါက်ဝသို့ရောက်သည်တွင် သုံးယောက်သား ဖုံ့အားသင့်သွားကြရတော့သည်။

ဘယ်တွက်ကြောင့် မသိ၊ ဂူဝရှိ ရေတံခွန်မှရေများ ကျဆင်းမှုသည် ကျွန်တော်တို့ ဂူတွင် စဝင်စကနှင့် မည်သို့မှမဆိုင်၊ ရေအားကောင်းစွာ တဝေါဝေါကျဆင်းနေခြင်းကြောင့် ရေအိုင်ရှိရေများသည် ပြည့်လျှံလေသည်ကြောင့် မြေသားလမ်းမရှိပါလေတော့။

သို့ဆိုပါက ကျွန်တော်တို့ ဒုက္ခရောက်သေကိန်းဆိုက်ချေပြီပေါ့၊ မည်သို့ဆက်လုပ်ကြမည် စဉ်းစားနေခိုက်-

"ကိုပိုက်. . . ကျွန်တော်တို့မယ် ပြေးလမ်းတစ်ခုတော့ ရှိသေးတယ်. . . "



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ကိုလင်း. . . ဂူထဲမလည်း ရေတွေပြည့်လျှံလောက်ပြီ. . . သိပ်များလာလျှင် ဂူပေါက်ဝကနေ ရေတွေတိုးထွက်လာလျှင်ဖြင့် ကျွန်တော်တို့ပါ ရေထဲပါသွားကြလိမ့်မယ်. . . "

သို့ ကျွန်တော်က အရေးတကြီး ပြောလိုက်၏။

"ဟိုမယ်ကြည့်. . . ဒီရေအိုင်ကြီးရဲ့ တောင်ဘက်ခြမ်းမှာ ရေလွှဲပေါက်လို ချောင်းလေးတစ်ခုတွေ့တယ်. . . ရေတံခွန်ကနေဖြတ်ပြီး ရေထွက်ပေါက်ချောင်းလေးအတိုင်း စွန့်စွန့်စားစားစုန်ဆင်းသွားလျှင်ဖြင့် ကျွန်တော်တို့အတွက် ထွက်ပေါက်ရနိုင်လိမ့်မယ် ထင်တယ်. . . "

လင်းမြင့်လှိုင် တွက်ထားသည့်အတိုင်း ကျွန်တော်တို့သုံးယောက် ရေအိုင်ကြီးတောင်ဘက်ခြမ်းရှိ ရေထွက်ပေါက် ချောင်းဝရှိရာသို့ ရေတံခွန်ကြီးအောက်မှ စွန့်စွန့်စားစားဖြတ်သန်းသွားလိုက်ကြသည်။

တဒင်္ဂအကြာတွင် ထိုချောင်းဝသို့ရောက်သွားကြ၏။ ရေအိုင်ကြီးအတွင်း ရေများလျှံလာသည့်ကြောင့် ရေလွှဲထွက်ပေါက် ချောင်းရေစီးဆင်းမှုသည် ကြမ်းတမ်းလှ၏၊ သို့ကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ဖြစ်ပါ့မလားရယ်လို့ သံသယပွားမိကြသည်၊

ထိုနည်းလမ်းမှလွဲ၍ အခြားမရှိသည့်ကြောင့် အနီးရှိသစ်လုံးကြီး ခက်ခက်ခဲခဲ လှိမ့်ယူကာ ချောင်းတွင်းသို့ထိုးချကာ သုံးယောက်သား ထိုသစ်လုံးကို ဖက်တွယ်၍ လိုက်သွားကြတော့သည်၊

သစ်လုံးတစ်လုံးတည်းဖြစ်ခြင်း၊ ရေစီးကြမ်းခြင်းကြောင့် သစ်သားကိုရင်နှင့်အပ်ကာ လက်ဖြင့် မြဲမြဲဖက်တွယ်ထားလိုက်ကြ၏၊ သည်တော့ "ဗုံလုံ"တစ်လှည့် "ငါးဖျံ"တစ်လှည့်ဆိုသလို သစ်လုံးအောက် ရေထဲရောက်သွားလိုက်၊ သစ်လုံးအပေါ် ရေပြန်ပေါ်လာလိုက် ဖြစ်နေကြတော့၏၊





လက်နှစ်ဖက်၊ ခြေနှစ်ဖက်ကိုတော့ဖြင့် လွှတ်ထွက်မသွားစေရန် သတိထားနေရ၏။

ရေစီးသန်သန် ချောင်းမှယောက်ယက်ခတ်ကာ သစ်လုံးကြီး မျောနေရာမှ တစ်နေရာအရောက်တွင် ချောင်းမကြီးထဲသို့ ရောက်လာတော့၏။ ကျွန်တော့်အထင် "ယွန်းဇလင်း" ချောင်းမှန်လျှင် အပြန်လမ်း မခက်ချေတော့ပြီ။

ကျွန်တော်၏ ဝမ်းသာမှုသည် ခဏတာပင် ဖြစ်တော့၏။ ဘယ်အတွက်မှ ရေစီးကြမ်းကြမ်း ချောင်းရေနှင့်အတူ ဒယိမ်းဒယိုင် မျောဆင်းလာသော ကျွန်တော်တို့ပါလာသည့် သစ်လုံးကြီးသည် ချောင်းကမ်းပါးယံကို "ဒုံး"ခနဲ အရှိန်ပြင်းပြင်း ဝင်တိုက်လိုက်သည့်ကြောင့် သုံးယောက်စလုံး သစ်လုံးနှင့် လူကွဲကွာသွားကြတော့၏။

သို့ကြောင့် ရေစီးကြမ်းကြမ်းမှ ကမ်းနဖူးသို့ တွယ်ကပ်မိရန် အလို့ငှာ ရေထုတွင် ရုန်းကန်လှုပ်ရှားကြရပြန်သည်။ ကံကောင်းထောက်မစွာဖြင့် သုံးယောက်စလုံး ကမ်းပေါ်သို့ ခက်ခဲပင်ပန်းစွာ တွယ်ကပ်တက်နိုင်ခဲ့ကြတော့သည်။

အတန်ကြာ ကမ်းနဖူးတွင် နားနေကြပြီးလေမှ တောတိုး၍ လျှောက်ခဲ့ကြသည်။ သို့လျှောက်ခဲ့သည်ဆိုရာတွင် လမ်းစမပျောက်ရေး အတွက် ထိုချောင်းကို ညာဘက်ခြမ်းထားကာ လျှောက်ခဲ့ကြခြင်း ဖြစ်၏၊ သို့မှ ယွန်းဇလင်းချောင်းဟု ထင်ရသော ချောင်းမကြီးမှကွဲလွဲထွက်မသွားမည်ဖြစ်ချိမ့်မည်။

အတန်ကြာ လျှောက်ခဲ့ကြရာမှ "ဟင်. . . ကျွန်တော့်ကို သခင်မကြီးဒေဝီပေးခဲ့တဲ့ ရွှေတုံးမရှိတော့ဘူး. . . "



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီအိတ်ကပ်တွင် လက်နှိုက်ရင်း ဗေဒရှီးက အလန့်တကြား အသံဖြင့်ပြောလာသဖြင့် ကျွန်တော်သည်လည်း သခင်မကြီးဒေဝီ ရေးသားခဲ့သည့် ပုရပိုက်ကို သတိရသဖြင့် ဘောင်းဘီဘေးအိတ်အတွင်း နှိုက်ကြည့်လိုက်သည်။

BURMESE CLASSIC

"ဟာ. . . "

မရှိတော့ပါချေ။ သုံးယောက်စလုံး လက်ချည်းသက်သက်ဖြစ်ချေတော့၏။ လက်စွဲတော် သေနတ်တွေလည်း မရှိကြတော့ချေ။ ဒုက္ခတော့ဖြင့် ရောက်ချေတော့မည်။

သို့ဆိုပါလျှင် အပြင်လမ်းမှန်ရှာ၍ စခန်းသို့အရောက် ပြန်ကြရန်သာလျှင် ရှိတော့၏။ သို့ဖြစ်သည်ကြောင့် ပိုမိုသေချာရန်အလို့ငှာ ချောင်းဘက်သို့ ဆင်းလိုက်ကြ၏။

သို့လျှောက်ခဲ့ကြစဉ်. . .

"ဟာ. . . ကိုပိုက်. . . ဟိုမယ် ကြည့်စမ်း. . . ရေထဲမယ် ဘာကြီးမျောပါလာလဲ မသိဘူး. . . "

လင်းမြင့်လှိုင် လှမ်းပြရာသို့ စူးစိုက်ကြည့်လိုက်သည်။

"ဟာ. . . "

"အလို. . . "

"ဟင်. . . "

ကိုယ့်မျက်စိကိုယ် မယုံနိုင်ဖြစ်ရတော့၏။ အသက် (၉၀-၁၀၀) ရှိမည့် အဘွားအိုတစ်ယောက်၏ အလောင်းတစ်လောင်း ထိုရေစီးနှင့် မျောပါလာခြင်းဖြစ်၏။

"အလိုလေးဗျာ. . . "





သို့နှယ် ထိတ်လန့်သွားမိခြင်းသည် ထိုအဘွားအို၏ရုပ်ခန္ဓာတွင် ဝတ်ဆင်ထားသော အဝတ်အစားများသည် သခင်မကြီးဒေဝီနောက်ဆုံး ဝတ်ခဲ့သောဝတ်စုံ ဖြစ်နေခြင်းကြောင့်ဖြစ်သည်။

သို့ဆိုပါလျှင် ထိုအဘွားအိုသည် သခင်မကြီးဒေဝီမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ ဖြစ်နေလိမ့်မည် မဟုတ်ပါချေ။ တိကျသော သက်သေတစ်ခုမှာ သူ့ခန္ဓာတွင် ရစ်ပတ်ပါလာသည့် ကြိုးစပင်ဖြစ်သည်။ လင်းမြင့်လှိုင်ကိုယ်တိုင်သခင်မကြီးဒေဝီကို ကျောက်တိုင်နှင့်တွဲ၍ ချည်နှောင်ပေးခဲ့သော ကြိုးဖြစ်တော့၏။

သို့ဖြစ်ပါလျှင် ထိုအဘွားအိုသည်သခင်မကြီးဒေဝီဖြစ်ပေသည်။ သို့ဆိုပါက ဝဏ္ဏပြောစကားများသည် အဖြစ်မှန်များဖြစ်တော့၏။ အဘွားအိုတဖြစ်လည်း သခင်မကြီးဒေဝီ၏ရုပ်အလောင်းသည် ချောင်းရေနှင့်အတူ မျောပါသွားတော့၏။ ဘယ်ဆီဘယ်သောင်ကမ်းတွင် ရုပ်တန့်သောင်တင်နေမည်မသိ။

ကျွန်တော်တို့အမြင်မှ ပျောက်ကွယ်သွားသည်နှင့် သက်ပြင်းတိုယ်စီချလိုက်ကြတော့သည်။

"ဟင်း. . . "

ကျွန်တော်တို့သည် ချောင်းကမ်းနံဘေးအတိုင်း လျှောက်ခဲ့ကြရာတွင် လမ်းတစ်နေရာ၌ အမဲလိုက်မုဆိုးတစ်ဦးနှင့် ဆုံလိုက်သည်တွင် ထိုချောင်းသည် "ယွန်းဇလင်း"ချောင်းမဟုတ်မှန်း သိလိုက်သည်တွင် စိတ်ဓာတ်ကျသွားကြရတော့သည်။

သို့ပေမင့် မုဆိုး၏ကူညီမှုဖြင့် သူ၏စခန်းတွင် တစ်ညတာ လိုက်သံတည်းခိုခွင့်ရလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အာဟာရမြည့်တင်းခဲ့ရ၏။ သူသည် ဤတောတစ်ခွင် လှည့်လည်ကျက်စားနေသူဖြစ်ငှား ဤဒေသတွင် ရေတံခွန်ကြီးရှိကြောင်း၊ စံအိမ်ကြီးရှိကြောင်းကို သူ လုံးဝမသိဟု ပြောလာခြင်းကြောင့် အံ့သြကြရပြန်၏။ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့သုံးယောက် ကြုံခဲ့ရသည်များကို တစ်စုံတစ်ဦးအား ပြန်ပြောလျှင် လက်ခံယုံကြည်နိုင်သူ ရှိပေလိမ့်မည် မဟုတ်ချေ။ သက်သေပြစရာလည်း ဘာမှမရှိကြလေတော့။

ကျွန်တော်တို့ကိုယ်တိုင်တောင်မှ မဖြစ်မနေ ယုံကြည်လောက်သည့် ကျွန်တော်တို့သုံးယောက်သာ အဖြစ်မှန်သိခဲ့သော သက်သေတစ်ခုကြောင့်ပင်ဖြစ်သည်။ ထိုသက်သေကား စောရွှီး၏ ညာဘက်လက်ဝါးပြတ်နေခြင်းပင်ဖြစ်တော့၏။

ကိုပိုက်

၂ - ၆ - ၂၀၀၂

BURMESE CLASSIC

# ကိုပိုက်

# ဇာတ်သိမ်းမလှသောလူသား

စာမူခွင့်ပြုချက်အမှတ် -၉၈၁/၂၀၀၄(၉)

ထွက်ပြီ

www.burmeseclassic.com